၁၅၃၀၀

ဦးလှခင် (ဆန်းညွန့်ဦး)

ပြုစုသော

အရှင်းဆုံးနှင့် အဖတ်ရ-အမှတ်ရ အလွယ်ဆုံး

ခေတ်မီ

# ဓမ္မပဒ ဝတ္ထုတော်ကြီး

## တတိယတွဲ

ပထမအကြိမ်

အုပ်ရေ ၂၀၀၀

၁၉၇၉ ဒီဇင်ဘာလ

အဘိုး ၁၀ ကျပ်

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၄၇၀)
မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၁၀၉၃)

ထုတ်ဝေသူ

ဦးဘသောင်း (ဗ၆၀၀-မြဲ) စေတနာစာပေ
၂၅၆၊ ၂၁-ရန်ကင်းမြို့။ ရန်ကုန်တိုင်း။

ပုံနှိပ်သူ

ဦးလှခင် (၀၁၀၂၀-မြဲ) ဆန်းညွန့်ဦး ပုံနှိပ်တိုက်
အမှတ် ၁၃၅။ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

# ဝန္ဒနာ

## နမောတဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ။

ဘုရား၊တရား၊သံဃာ၊ရတနာမြတ်သုံးပါး ဦးထိပ်ထားလျက်ကျေးဇူးတော်ရှင် ဟင်္သာတမြို့ ဒုတိယ လယ်တီဆရာတော်ဘုရားကြီးနှင့် အဆင့်ဆင့်သော ဆရာအသျှင်တို့ထံမှ သင်ကြားနာယူခဲ့ရသော ဂုဏ်ကျေးဇူးတော်တို့ကိုရှင်း—

ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏထေရ်အသျှင်မြတ်၏ ညွှန်ကြားပြသ သြဝါဒ အရပ်ရပ်တို့ကို နာခံမှတ်သားခဲ့ရသော ကျေးဇူးတော်တို့ကိုရှင်း—

လောကဓာတ်ကျောင်း သညာပြောင်းသည့် အမက၊အလက၊အထကကျောင်းအသီးသီးမှ ငယ်ဆရာအပေါင်းတို့နှင့်တကွ၊ သင်ဆရာ–ကြားဆရာ—မြင်ဆရာအပေါင်းတို့ကိုရှင်း—

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ ဤလူ့မြေတွင် ရပ်တည်နိုင်ရေး၊ ပြုစုပဲ့ပြင် မွေးကျေးဇူးရှင်၊ ကျွေးကျေးဇူးရှင် မိဘများကိုရှင်း—

လေးမြတ်ဝန္ဒာ ရှိခိုးကန်တော့ပါ၏။ ။

---

## ကျေး ဇူး အ ထူး

ခလိတအရာ၊ ချွတ်ချော်တိမ်းပါးမှုတို့ကို ညွှန်ပြပေးတော်မူကြသော၊ စာပေစိစစ်ရေးနှင့် ဗုဒ္ဓသာသနာ့အဖွဲ့မှ ပုဂ္ဂိုလ်များနှင့်—

ဤ **တတိယတွဲ** ရေးသားပြုစုရာတွင် နေ့ညမဟူ၊ မညည်းမညူ၊ စေတနာ အပြည့်အဝ အကူအညီ ရရှိသာမက၊ တိုင်ပင်ညှိနှိုင်းမှုပါ ပြုခဲ့ရသော “ **မြေလတ်သိန်းလွင်** ” ( **ဦးသိန်းလွင် ဓမ္မာစရိယ** )အား ကျေးဇူးအထူးတင်ရှိပါသည်။

# မာတိကာ

(က) **နိဒါန်း**
(ခ) ဓမ္မပဝတ္တုတော်ကြီး အကြောင်းအရာများ
(ဂ) ခေတ်မီအဖြစ် စီစဉ်ရခြင်းအကြောင်း
(ဃ) **အရဟန္တဝဂ် (ရဟန္တာတရားအစု)အချီး** ၁၇
၁။ ရဟန္တာတို့မှာ ဒုက္ခဝေဒနာမရှိ။ ဇီဝကအမေးဝတ္ထု ၁၉
၂။ ရဟန္တာနှင့်ဟသ်ာငှက်။ အရှင်မဟာကဿပ မထေရ်ဝတ္ထု ၃၄
၃။ ရဟန္တာတို့၏လားရာဂတိ။ ဗေလဋ္ဌသီသ မထေရ်ဝတ္ထု ၆၅
၄။ ရဟန္တာတို့၏ကျက်စားရာ
အနုရုဒ္ဓာ မထေရ်သက်နိ်းရသော ဝတ္ထု ၆၇
၅။ နတ်တို့ချစ်သောရဟန်း
အရှင်မဟာကစ္စာယနမထေရ်ဝတ္ထု ၇၁
၆။ သံသရာမှ လွတ်မြောက်ခြင်း
အရှင်သာရိပုတ္တရာ သည်းခံသော ဝတ္ထု ၇၄
၇။ ကိလေသာမှလွတ်မြောက်သူ
တိဿမထေရ်၏တပည့်ငယ်ဝတ္ထု ၇၉
၈။ ယောကျ်ားမြတ်။ အရှင်သာရိပုတ္တရာဖြေဆိုသောဝတ္ထု ၈၅
၉။ ရဟန္တာတို့ပျော်မွေ့ရာ ရှင်ရေဝတဝတ္ထု ၈၈
၁၀။ ရဟန္တာတို့ တောရစခမ်း မထင်ရှားသောမိန်းမဝတ္ထု ၁၀၃
(င) **သဟဿဝဂ် တထောင်တရားအစု** ၁၀၆
၁။ တရားတပုဒ်ဖြင့် နတ်ပြည်ရောက်သူ
လူသတ်ယောကျ်ား တမ္ဗဒါဌိက ဝတ္ထု ၁၀၈
၂။ ဂါထာတထောင်နှင့် ဂါထာသာပုဒ်
ဗာဟိယဒါရုစီရိယ မထေရ် ဝတ္ထု ၁၁၆
၃။ ရန်သူတသန်း မိမိတယောက်
ကုဏ္ဍလကေသီ ထေရ်ရီမ ဝတ္ထု ၁၂၆
၄။ အောင်ပြီးတဖန် ရှုံးရန် မရှိသောနည်း
ပျက်စီးခြင်းအကြောင်းကိုမေးသောပုဏ္ဏားဝတ္ထု ၁၃၄

# မာတိကာ


၅။ ငွေတထောင် နှစ်တရာနှင့် တကြိမ်တခါ
အရှင်သာရိပုတ္တရာ၏ဦးရိုး မထေရ် ဝတ္ထု ၁၃၉
၆။ မြတ်သောအလှူ
ရှင်သာရိပုတ္တရာ၏တူတော်ပုဏ္ဏားဝတ္ထု ၁၄၂
၇။ လေးဖို့တဖို့ အကျိုးအမြတ်
ရှင်သာရိပုတ္တရာမထေရ်၏အဖော် ပုဏ္ဏားကြီး ဝတ္ထု ၁၄၄
၈။ အကျိုးတရားလေးပါး။ အာယုဝဍ္ဎနသတို့သမီးဝတ္ထု ၁၄၆
၉။ အသက်ရှင်လျက် ထိုဝါရက်။ သံကိစ္စသာမဏေဝတ္ထု ၁၅၁
၁၀။ အနှစ်တရာနှင့် ထိုဝါရက်။ ခါဏုကောဏ္ဍည မထေရ်ဝတ္ထု ၁၆၆
၁၁။ လုပျင်းဘဝ နှစ်တရာ။ သပ္ပဒါသမထေရ်ဝတ္ထု ၁၆၉
၁၂။ ဖြစ်ပျက်ရှုမြင် တရက်ပင်တည့်။ ပဋာစာရီထေရီမဝတ္ထု ၁၇၅
၁၃။ နိဗ္ဗာန်ရှုမြင် တရက်ပင်။ ကိသာဂေါတမီထေရီမဝတ္ထု ၁၈၇
၁၄။ သားများမိခင်တရားမြင်။ ဗဟုပုတ္တိကာမထေရ်မဝတ္ထု ၁၉၃
(၉) ပါပဝဂ်(မကောင်းမှုတရားအစု) ၁၉၆
၁။ မကောင်းစိတ်ကိုတားမြစ်ပါ
စူဠေကသာဋကပုဏ္ဏားကြီးဝတ္ထု ၁၉၈
၂။ မကောင်းမှုမှာ ဆင်းရဲစွာ၏။ သေယျသကမထေရ်ဝတ္ထု ၂၀၂
၃။ ကောင်းမှုသည်သာ ချမ်းသာရာ၏
လာဇာနတ်သမီးဝတ္ထု ၂၀၄
၄။ ကောင်းမှုကံအကျိုးပေးချိန်
အနာထပိဏ်သဌေးကြီးဝတ္ထု ၂၀၆
၅။ အကုသိုလ်ကို အထင်မသေးနှင့်
အသညတပရိက္ခာရ ရဟန်း ဝတ္ထု ၂၁၃
၆။ ကုသိုလ်ကောင်းမှုကို နည်းသည်ဟု စိတ်မပျက်နှင့်
ဗိဠာလပဒက သဌေး ဝတ္ထု ၂၁၅
၇။ မကောင်းမှုနှင့်အဆိပ်။ မဟာဓန ကုန်သည် ဝတ္ထု ၂၁၈
၈။ စေတနာကံမပါဘဲ ပြုလုပ်သူ။ ကုက္ကုဋမိတ္တမုဆိုးဝတ္ထု ၂၂၁

# မာတိကာ


၉။ သူများမကောင်းကြံ ကိုယ်သာခံရ
တောက ခွေး မှဆိုး ဝတ္ထု ၂၂၉
၁၀။ မကောင်းမှုကံ ငရဲ၌ခံ
မဏိကာရ ကုလူပကတိဿရဟန်းဝတ္ထု ၂၃၂
၁၁။ ဝဋ်မှာအမြဲ တလောဇနဝတ္ထု ၂၃၆
၁၂။ ပုန်းအောင်းရာမရှိ။ သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု ၂၄၃

(၁၀) ဒဏ္ဍဝဂ်(ဒဏ်တရားအစု) ၂၄၇
၁။ ကိုယ်နှင့်နှိုင်းစာကြင်နာပါ။ ဆဗ္ဗဂ္ဂီ ရဟန်းတို့ ဝတ္ထု ၂၄၉
၂။ ကိုယ်ချင်းစာနာစိတ်ထားပါ။ဆဗ္ဗဂ္ဂီ ရဟန်းတို့ဝတ္ထု ၂၅၁
၃။ သူတပါးကို နှိပ်စက်ပြီး ကိုယ်ချမ်းသာကျက်မရှာနှင့်
သတို့သားငယ်တို့ဝတ္ထု ၂၅၂
၄။ ဖိဖိနှိပ်နှိပ်မပြောနှင့် တိတ်တိတ်နေနိုင် နိဗ္ဗာန်ရောက်၏
ကောဏ္ဍဓာန မထေရ် ဝတ္ထု ၂၅၄
၅။ ဇာတိ ဇရာ မရဏတရားတော်။
ဥပုသ်စောင့်သော မိန်းမတို့ ဝတ္ထု ၂၆၁
၆။ ငရဲမီးကို မစမ်းနှင့်။ စပါးကြီးမြွေ ပြိတ္တာဝတ္ထု ၂၆၃
၇။ မပြစ်မှားထိုက်သူကို ပြစ်မှားလျှင်
လက်ဝဲတော်ရံ မဟာမောဂ္ဂလာန် ဝတ္ထု ၂၇၀
၈။ ဒေဝမမွတားပုးဟူသည်ကား။ ဗဟုဘဏ္ဍိက မထေရ်ဝတ္ထု ၂၇၇
၉။ သမဏဗြဟ္မဏဘာ့ကြောင့်ခေါ်။ သန္တတိအမတ်ကြီးဝတ္ထု ၂၈၅
၁၀။ မြင်းကောင်းနှင့် နှင်တံ။ ပိလောတိကတိဿမထေရ်ဝတ္ထု ၂၉၂
၁၁။ ထမင်းတနပ် သုံးနှစ်ကျွန်ခံ။ သုခသာမဏေ ဝတ္ထု ၂၉၅

(၁၁) ဇရာဝဂ်(အိုခြင်းတရားအစုံများ) ၃၀၃
၁။ ပျော်မြူးနိုင်ကြသူများ။ဝိသာခါ၏အဖော်မိန်းမတို့ဝတ္ထု ၃၀၆
၂။ ပန်းပုရုပ်နှင့်အချိုးအိမ်။ သီရိမာ ပြည့်တန်ဆာမ ဝတ္ထု ၃၁၁
၃။ သေခြင်းနောက်ဆုံး။ ဥတ္တရာ မထေရီမ ဝတ္ထု ၃၁၅
၄။ စွန့်ပစ်သောဘူးသီး။အဓိမာနိက ရဟန်း ဝတ္ထု ၃၁၇

## မာတိကာ


၅။ ဆူးကို ဆူးဖြင့် ထွင်ခြင်း
ဇနပဒကလျာဏီ ရူပနန္ဒါ မထေရီမ ဝတ္ထု ၃၁၉
၆။ မဆွေးနိုင်သောတရား။ မလ္လိကာမိဖုရား ဝတ္ထု ၂၃၆
၇။ အသားတိုးသည့် နွားလားပမာ
လာဠုဒါယီ မထေရ် ဝတ္ထု ၃၃၂
၈။ တဏှာယောကျ်ားအိုလက်သမား
အာနန္ဒာမထေရ်အမေးဝတ္ထု ၃၃၅
၉။ အတောင်ကျိုးသည့် ကြိုးကြာငှက်
မဟာဓနသဌေးသားဝတ္ထု ၃၃၀

**(၁၂) အတ္တဝဂ် (မိမိကိုယ် တရားစု) ၃၄၁**

၁။ ကိုယ့်ကိုယ်ကိုသာ ချစ်ကြပါ။ ဗောဓိမင်းသား ဝတ္ထု ၃၄၃
၂။ ကိုယ်ကိုယ်တိုင် ဆောက်တည်ပြီးမှ
ဥပနန္ဒသကျပုတ္တ မထေရ်ဝတ္ထု ၃၄၀
၃။ ကိုယ့်ကိုယ်ကို ဆုံးမပြီးမှ။ ပဓာနိကတိဿ မထေရ် ဝတ္ထု ၃၅၂
၄။ ကိုယ့်ကိုယ်ကိုသာ ကိုးကွယ်ရာ
ကုမာရကဿပမယ်တော် မထေရ် ဝတ္ထု ၃၅၆
၅။ ကိုယ့်ကိုယ်ကို ချေဖျက်သူ။ မဟာကာလဥပါသကာဝတ္ထု ၃၆၆
၆။ မှိုခိုရာကို ဖျက်ဆီးသူ။ ဒေဝဒတ်ဝတ္ထု ၃၇၀
၇။ သူတော်ကောင်းနှင့်သူယုတ်မာ
သံဃာ သင်းခွဲရန် အားထုတ်သော ဝတ္ထု ၃၇၄
၈။ ကိုယ့်ကိုယ်ကို သတ်ရန်။ ကာလ မထေရ် ဝတ္ထု ၃၇၆
၉။ ကိုယ်စင်ကြယ်မှစင်ကြယ်မည်။ စူဠကာလဥပါသကာဝတ္ထု ၃၇၉
၁၀။ ကိုယ့်အကျိုး ကိုယ်သိသူ။ အတ္တဒတ္ထ မထေရ်ဝတ္ထု ၃၈၁

# ခေတ်မီဓမ္မပဒဝတ္ထုတော်ကြီး

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တတိယတွဲ

## နိဒါန်း

ရတနာမြတ်သုံးပါးနှင့်တကွ မိဘဆရာသမားတို့၏ ဂုဏ်တော် ကျေးဇူးတော်မြတ်တို့ကို အာရုံပြုလျက် မိမိ လေ့လာ ဆည်းပူးခဲ့ရာ အရပ်ရပ်သော ပညာဗဟုသုတတို့မှ တသက်တာ စာ ဓမ္မဒါနဖြစ်စိမ့်သောငှာ မနောပုဗ္ဗင်္ဂမာ စေတနာလျှင် ရှေ့ သွားပြု၍ ဓမ္မပဒ ဝတ္ထုတော်ကြီးကို ခေတ်လူတို့ လွယ်လင့်တကူ ဖတ်ရှုကာ ကုသိုလ်စိတ်သဒ္ဓါစိတ် တိုးပွားကြစေရန် အလို့ငှာ ခေတ်အရေးအသားဖြင့် မူလအဋ္ဌကထာ ဆရာမြတ်၏ လိုရင်း အာဘော်ကိုလည်း မလွှတ်စေရ၊ အဖိုးနည်း ဝန်ပါအလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ကြစေရန် အပဘ်တကုတ် အားထုတ် ကြိုးပမ်း ခဲ့ရာမှ တတိယတွဲကို အောင်မြင်စွာ ပြီးစီး ထုတ်ဝေနိုင်ပြန်ပါပြီ၊

**ပထမတွဲထွက်ရှိစဉ်က**

အနယ်နယ် အရပ်ရပ်မှ ပထမတွဲကို အိမ်လုံးကျွတ်ပင် နှစ်ခြိုက်ဖတ်ရှုကြသဖြင့် ဒုတိယတွဲနှင့် ကျန်ရှိသော အတွဲများကို မရရှိမှာစိုး၍ တိုက်ရိုက်မှာကြား စာရင်း သွင်းကြသည်ကို များ စွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ဤတတိယတွဲတွင်**



| | | | |
|---|---|---|---|
| ၇။ | အရဟန္တဝဂ် (ရဟန္တာတရားစု) | ဂါထာပေါင်း ၁ဝ | ဝတ္ထု၊ ၁ဝ |
| ၈။ | သဟဿဝဂ် (တထောင်တရားစု) | ဂါထာပေါင်း ၁၆ | ဝတ္ထု၊ ၁၄ |
| ၉။ | ပါပဝဂ် (မကောင်းမှုတရားစု) | ဂါထာပေါင်း ၁၃ | ဝတ္ထု၊ ၁၂ |
| ၁ဝ။ | ဒဏ္ဍဝဂ် (ဒဏ်တရားစု) | ဂါထာပေါင်း ၁၇ | ဝတ္ထု၊ ၁၁ |
| ၁၁။ | ဇရာဝဂ် (အိုခြင်းတရားစု) | ဂါထာပေါင်း ၁၁ | ဝတ္ထု၊ ၉ |
| ၁၂။ | အတ္တဝဂ် (မိမိကိုယ်တရားစု) | ဂါထာပေါင်း ၁၁ | ဝတ္ထု၊ ၁ဝ |

စုစုပေါင်း ဂါထာတော် ၇၈၊ ဝတ္ထုပေါင်း ၆၆ ပုဒ်နှင့် အတိတ်ဇာတ် ဝတ္ထုပေါင်း များစွာတို့ ပါရှိပါသည်။

ဤနိဒါန်းတွင် ရှည်လျားခြင်း မဖြစ်စေရန် သက်ဆိုင်ရာ ဝဂ်တိုင်း၏ အစတွင် ထိုတရားစုများနှင့် ဇာတ်ကြောင်းတို့ကို ရှင်းလင်းဖော်ပြထားပါသည်။

ဗုဒ္ဓခေတ် လေး ဆယ့်ငါး ဝါ မျှသော ကာလအတွင်း တကယ့်အဖြစ်အပျက်များ ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ရာ ဗဟုသုတ ပွားများဖွယ်ရာ ကုသိုလ်တရား တိုးပွား၍ နိဗ္ဗာန် သို့တိုင် ပေါက်မြောက် နိုင်သော လမ်းညွှန်တရား စုများ ဖြစ်ပါ၍ ဓမ္မပဒကျမ်းကြီးကို အတိုးနည်းဝန်ပါ ရေးသား ပြုစုနိုင်ခြင်းဖြင့် ဤ ဘဝ ဤ ခန္ဓာ ဖြင့် မြတ်သော ကုသိုလ်အမှုကို ပြုနိုင်ခဲ့ပေပြီဟု ကျေနပ်အားရ ဝမ်းမြောက်မိပါသည်။

စာရှုသူတို့ အနေဖြင့်လည်း ဤ (ခေတ်မီ ဓမ္မပဒဝတ္ထုတော်ကြီး) ကို ဖတ်ရှုဆဲ ဖတ်ရှုပြီး ကာလများတွင် ဗဟုသုတ အရာမျှသာမက၊ ကုသိုလ်စိတ်တို့ အဖန်ဖန် ပွားများ၍ လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာ နှစ်ပါးစလုံး ရရှိနိုင်ကြပါလိမ့်မည်။

## ဆုတောင်းပတ္တနာ

ဤသို့ စေတနာလျှင် ရှေ့သွားပြု၍ လုံ့လဝီရိယဖြင့် ပြုစုရသော ကုသိုလ်ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ရက်တိုတိုနှင့် လျင်မြန် ထုတ်ချောက်ကူးမြောက်နိုင်ရပါလို၏။ ။

လှခင် (ဆန်းညွန့်ဦး)

**တတိယတွဲ**

ကျမ်းပြုနှစ် ၁၉၇၈ ခု၊ ဒီဇင်ဘာ

ကျမ်းပြီးနှစ် ၁၉၇၉ ခု၊ ဖေဖော်ဝါရီလ။

# (၇) အရဟန္တဝဂ် (ရဟန္တာတို့တရားအစု)

ဂါထာ ၁၀ ဝတ္ထု ၁၀

## အချီး

ဤအရဟန္တဝဂ်သည် ရဟန္တာတို့၏ မြင့်မြတ်သော အကြောင်းတို့ကို ဖော်ပြထားပါသည်။ အရဟန္တဝဂ်ကို ဖတ်ရှုခြင်းဖြင့် ဘုရားရဟန္တာတို့ အပေါ်တွင် ကြည်လင်သဒ္ဒါပွားများပြီး ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေပါလိမ့်မည်။ ဗဟုသုတ အရာ၊ ဘုရားရှင်လက်ထက်တကယ့် အဖြစ်အပျက် ဝတ္ထုဇာတ်လမ်းများကို စိတ်ဝင်စားစွာဖတ်ရှုနိုင်ကြပါမည်။

အရဟန္တဝဂ်၏အစ ဇီဝကပဉှာ (ဇီဝကအမေး) ဝတ္ထုမှာ ဘုရားသခင်ကို ဒေဝဒတ်လုပ်ကြံသဖြင့် ခြေမတော်တွင်သွေးစိမ်းရှင်ရှင်ကျ၍ ဇီဝကဆရာကုသရာတွင် ဘုရားရှင်က (ရဟန္တာတို့မှာ ဒုက္ခဝေဒနာချုပ်ငြိမ်းကြောင်း) ကို ဟောကြားတော်မူသော တရားပင်ဖြစ်ပေသည်။

ဤဝတ္ထုတွင် ဆရာဇီဝကဝတ္ထုရှည်ကြီးကို တခမ်းတနား တအံ့တသြဖတ်ရှု ဗဟုသုတ ပွားများနိုင်ကြပါလိမ့်မည်။

**ရှင်မဟာကဿပမထေရ်** ဝတ္ထုတွင် ရှင်မဟာကဿပ အလောင်းတော်၏ ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့ရသော အတိတ်ဇာတ်တော်ဝတ္ထုရှည်ကြီးကိုလည်း မပျင်းမရိ၊ စိတ်ပါဝင်စားစွာ ဖတ်ရှုကြရပါမည်။

**အတိတ်ဝတ္ထု** ၆ ပုဒ် နှင့် ပစ္စုပ္ပန်ဝတ္ထုတွင် ပိပ္ပလိနှင့် မယ်ဘဒ္ဒါ (ဘဒ္ဒ ကာပိလာနီထေရီမ)တို့ ပန်းကုန်းကို အလယ်ခြား၍ အိပ်ရာမှ မြောက်မြားစွာသော ပစ္စည်းဥစ္စာတို့ကိုစွန့်၍ အရှင်မဟာကဿပအဖြစ် ဘုရားသာသနာတော်၌ အထူးခြားဆုံးသော ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ် ကြည်ညိုဖွယ်ရာဖတ်ရှုနိုင်ကြပါသည်။

**ဗေဠလသီသမထေရ်ဝတ္ထုနှင့်** ရှင်အနုရုဒ္ဓါ အတွက် ဇာလိနီနတ်သမီး ပံ့သုကူသင်္ကန်းလှူပုံ၊ ဘုရားရှင်နှင့် သာဝကကြီးများကိုယ်တော်တိုင် သင်္ကန်းချုပ်ပေးကြပုံတို့ကို ဖတ်ရှုရပါမည်။

**နတ်တို့ချစ်သော အရှင်မဟာကစ္စည်းရဟန္တာမထေရ်**
**ရှင်သာရိပုတ္တရာမထေရ်၏ သီးခံမှု**
**ခုနစ်နှစ်သား သာမဏေငယ် တိဿမထေရ်၏တပည့် သီးခံမှု**

ရှင်သာရိပုတ္တရာဖြေဆိုသော ပြဿနာ၊

ရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး **အရှင်ရေဝတ** ခုနစ်နှစ်သား ရဟန္တာမထေရ်၏ အံ့ဘွယ်စွန့်စားမှုဝတ္ထုရှည် (ရှင်သီဝလိ၏ **အတိတ်ဇာတ်ဝတ္ထုရှည်**)၊

ရဟန္တာကို ဖျားယောင်းသော မိန်းမ။

စသည်တို့ဖြင့် ကြည်ညိုရှုပွား၊ ဗဟုသုတပွားများကြပါစေသတည်း။

# (၇) အရဟန္တဝဂ်

## ၁။ ရဟန္တာတို့မှာ ဒုက္ခဝေဒနာမရှိ

(ဇီဝကအမေးဝတ္ထု)

သံသရာဝဋ်မှ ကင်းလွတ်ပြီးသော၊

ရဟန္တာပုဂ္ဂိုလ်အား

ဒုက္ခဝေဒနာမရှိ။

(ဂတဒ္ဓိနော)အစရှိသော ဒေသနာတော်ကို ရာဇဂြိုဟ်ပြည်၏ အနီး ဇီဝက သရက်ဥယျာဉ်တွင် ဆောက်သောကြောင့်၊ (ဇီဝကမ္ဗဝန) အမည်ရသော ကျောင်းတော်၌ ဇီဝကဆရာ မေးလျှောက်သည်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

လိစ္ဆဝီမင်းတို့၏ ဝေသာလီပြည်ကြီးသည် ပေါကြွယ်ဝ၏၊ အနယ်နယ်မှကုယ်သွယ်သူတို့ ဝင်ထွက်သွားလာ ရောင်းဝယ်ရာ ဌာနလည်း ဖြစ်၏၊ အိမ်ကြီး အိမ်ကောင်း စုလစ်မွမ်းချွန်တပ် ပြာသာဒ်တို့နှင့်လည်း တင့်တယ်ပေါများလှ၏။

ထို့ထက်ကား "အမ္ဗပါလိကာ" အမည်ရှိသော ပြည့်တန်ဆာမကြောင့် ပိုမိုစည်ကား တင့်တယ်သည်ဟု အဆိုရှိကြ၏၊ လှုမကနတ်မတန်အဆင်းကြန်အင် အလွန်လှ၏၊ အဆိုကောင်း၏၊

အကကောင်း၏၊ အပြုအစုအယုအယကောင်း၏၊ ပျော်ပါးလို သူတို့တည တွက်တာ ငါးဆယ်သောအသပြာတို့ကိုယူ၍သွားလာ ကြရ၏။

ရာဇဂြိုဟ်ပြည်မှ ကုန်သွယ်သူကြွယ်တို့သည်ထိုအတွေ့အကြုံများ ကြောင့် ဘုရင်ဗိမ္ဗိသာရထံ ရာဇဂြိုဟ်ပြည်တွင် "အမ္ဗပါလိကာ" လို ပြည့်တန်ဆာမတယောက်ရှိသင့်ကြောင်း တင်ပြ၏၊ မင်းကြီး ကလည်း သဘောတူ၍ ပြည့်တန်ဆာတင်မြှောက်ရန် အမျိုးသမီး ကလေးကိုရှာကြစေ၏။

"သာလဝတီ" အမည်ရှိသော အမျိုးသမီးကလေးသည် အမ္ဗပါလိကာလိုပင် လှပ၏၊ အဆိုအက အယုအယ၌ ကျွမ်းကျင် သော သူတို့နှင့်သင်ကြားစေသဖြင့် မကြာမြင့်မီပင် ပြည့်တန် ဆာမအဖြစ် ကျော်ကြားလာ၏။ မင်းကြီးက အသပြာတသိန်း မှတည်၍ မြို့ပေါ်မှ သဋ္ဌေးသူကြွယ်တို့က နှစ်သိန်းစုဆောင်းပြီး စုစုပေါင်း အသပြာသုံးသိန်းဖြင့် ဥယျာဉ်ခြံမြေ တိုက်တာ အိမ်ခြေ အခြွေအရံ အစောင့်အရှောက်တို့ဖြင့်ထား၏၊ တညဉ့် လျှင် အသပြာတရာနှုန်းနှင့် သွားရောက်ရ၏။

## ဇီဝကကို ဖွားမြင်ခြင်း

သာလဝတီပြည့်တန်ဆာမသည် အခကြေးငွေဖြင့် ဖျော်ဖြေ ရင်းက ကိုယ်ဝန်စွဲတည်လေ၏၊ အနည်းငယ်မျှ ကိုယ်ဝန်ရင့်လေ လျှင် ကိုယ်ဝန်ရှိသည်ကိုမသိကြစေရန် မကျန်းမာဟန်ဆောင်၍ မည်သူ့ကိုမျှ အတွေ့မခံဘဲနေလေ၏။ ဆယ်လစေ့လျှင် သား ယောကျ်ားကလေးဖွား၏၊ မိုးမလင်းမီပင် စကောစုတ်၌ထည့်၍ လူယုံကျွန်မတဦးအားခေါ်ပြီး အမှိုက်ပုံတွင် စွန့်ပစ်စေ၏။

## အဘယမင်းသား၏ မွေးစားသား

အဘယမင်းသားသည် နံနက်စောစောလျှင် မင်းကြီးထံ အခစားဝင်ရန်သွားရာ အမှိုက်ပုံတွင် ကျီးများဝိုင်းအုံနေသည်ကို မြင်သဖြင့် မင်းစေတယောက်အားကြည့်ခိုင်းရာမှ-

"အရှင်မင်းမြတ်-သူငယ်ပါတည်း"

"အသက်ရှိသေး၏လော"

"အရှင်မင်းမြတ်၊ အသက်ရှိပါသေး၏"

"သို့ဖြစ်လျှင် ငါ၏အိမ်တော်သို့ ယူဆောင်သွားပြီး နို့ထိန်းတို့လက်အပ်၍ မွေးမြူစေလော့"ဟု မိန့်၏။

အဘယမင်းသားကြီးက(အသက်ရှိသေး၏လော)ဟုမေးသော စကားကို အစွဲပြု၍ (ဇီဝက)ဟု အမည်တွင်၏။

ဇီဝကသည် သိတတ်သော အရွယ်သို့ရောက်လျှင် အဘယမင်းသား၏ မွေးစားသားဖြစ်ကြောင်းကို သိလေ၏၊ မွေးစားဖခင်ထံ မိရင်းဖရင်းကိုမေးရာ အဘယမင်းသားလည်း မသိသဖြင့် "ငါမသိ"ဟုပင် ပြော၏။

ထိုအခါ ဇီဝကသည် စဉ်းစားမိ၏၊ ဤမင်းမျိုးတို့၏အလယ်၌ အတတ်ပညာမရှိပဲ နေရန်မှာမလွယ်၊ အတတ်ပညာသင်ကြားမှ တော်ချေမည်၊ အတတ်ပညာတို့အနက် မေတ္တာရှေ့ရှု၍ ကုသရသော ဆေးအတတ်ပညာသည်သာသင့်၏၊ ငါသည် ဆေးအတတ်ကို သင်ယူအံ့ဟုအကြံဖြစ်၏။

၁၄၃၀၀

## ရှေးကဆုတောင်း

ဇီဝကသတို့သား ဤသို့ အကြံဖြစ်သည်မှာ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်တွင် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် ထင်ရှားကျော်ကြားသော ဆေးဆရာတယောက်ကို မြင်၍ ခုနစ်ရက် ပတ်လုံးအလှူပေးပြီး "ဤဆေးဆရာကဲ့သို့ နောင်အနာဂတ်၌ မြတ်စွာဘုရား၏ အလုပ်အကျွေး ဆေးဆရာ ဖြစ်ရပါလို၏"ဟု ဆုတောင်း၏၊ ထိုရှေးဆုတောင်းကြောင့်ပင် ဤသို့သော အကြံ ဖြစ်လာ၏။

## တက္ကသိုလ်သို့ သွားရောက်ခြင်း

တနေ့တွင် တက္ကသိုလ်ပြည်မှ ကုန်သည်တို့သည် အဘယ မင်းသားထံလာ၏၊ ဇီဝကသည် ချဉ်းကပ်၍စုံစမ်း၏၊ တက္ကသိုလ် ပြည်၌ ဒိသာပါမောက္ခ ဆေးဆရာကြီးရှိကြောင်းသိ၍ အသင်တို့ ပြန်လျှင် ငါ့ကိုအကြောင်းကြားပါဟုမှာထားပြီး ခမည်းတော် အဘယမင်းသားကိုပင် မပန်ကြားပဲ လိုက်ပါသွားလေ၏။

## ခုနစ်လနှင့်အပြီးတိုင် တတ်မြောက်ခြင်း

အခြားသော မင်းသား သဌေးသားတို့သည် အခကြေးငွေ ပေး၍ သင်ကြားကြ၏၊ ဇီဝကသည်ကား ပစ္စည်းဥစ္စာမပေးနိုင်ပဲ သင်ရသော အတွင်းနေတပည့်ဖြစ်၍ ဆရာ၏အလုပ်ကိုနေ့တဝက် ဆောင်ရွက်ရပြီး နေ့တဝက်ဘွင်သာ ပညာသင်ယူရ၏။ သို့သော် ပါရမီဓါတ်ခံကြောင့် သူတပါး ဆယ့်ခြောက်နှစ် ရောက်အောင် သင်ယူရသောပညာကို ခုနစ်လဖြင့်သင်ယူနိုင်ခဲ့၏၊ကမ္မဝိပါကဖြစ်

ခဲသာကံနာဝင်နာတို့ကိုထား၍ ကျန်ရောဂါတို့ကို ဆေးတကြိမ်တိုက်ရုံနှင့် ပျောက်နိုင်စွမ်းရှိ၏၊ ဒိသာပါမောက္ခဆရာကြီးသည် ဇီဝက၏အစွမ်းကိုသိ၍ တနေ့တွင် ဇီဝကကိုခေါ်ပြီး-

"ချစ်တပည့် - ဤတက္ကသိုလ်ပြည်နှင့် တကွ တယူဇနာပတ်လည်အတွင်းသို့ လေးရက်တိုင်လှည့်လည်၍ ဆေးဖက်မဝင်သောသစ်ပင်များကို ဆောင်ယူခဲ့လော့"

ဟု မိန့်ကြား၏၊ ဇီဝကလည်း ဆရာမြတ်၏ အမိန့်အတိုင်း တူရွင်းပေါက်ပြားတို့ကိုယူ၍ ဆေးဖက်မဝင်သော သစ်ပင်တို့ကိုရှာဖွေ၏၊ လေးရက်မြောက်သောနေ့၌ပြန်လာပြီး

"ဆရာအရှင် ဤလောက၌ ဆေးဖက်မဝင်သောအပင်အရွက်အမြစ်အသီးအခေါက်တို့သည် မရှိပါလေကုန်"

ဟု လျှောက်ထား၏။

ဒိသာပါမောက္ခဆရာကြီးသည် ဇီဝကအား ပညာပြည့်ဝကုန်လုံးပေပြီဟု ပြန်၍လွှတ်လိုက်၏။

## သဌေးကတော်ကြီးအား ကုသခြင်း။

ဇီ ဝ က သည် ဆရာ ပေးသနားအပ်သော ရိက္ခာ အနည်းငယ်မျှဖြင့် ထွက်လာရ၏၊ လမ်းခရီးအကြား သာကေတမြို့သို့အရောက်တွင် ရိက္ခာကုန်လေ၏၊ ဤမြို့တွင်ပင် ဆေးကုသ၍ ရိက္ခာရှာအံ့ဟုကြံ၍ စုံစမ်း၏၊ သဌေးကတော်ကြီးတဦးသည် ခုနစ်နှစ်ကြာမျှ ဦးခေါင်းခဲသော ဝေဒနာစွဲကပ်နေ၏၊ ဆရာအကျော်အမော်တို့နှင့်ကုသ၏၊ ငွေကြေးအများအပြားကုန်၏၊ မပျောက်ဟူသော သတင်းကိုရ၏။

သဋ္ဌေးကတော်၏အိမ်ဝသို့ ဇီဝကရောက်၏၊ တံခါးစောင့်ကို ဆေးကုသရန် သဋ္ဌေးကတော်ကိုကြည့်လိုပါသည်ဟုပြောစေ၏။ သဋ္ဌေးကတော်က အရွယ်ကိုမေး၏၊ ငယ်သေးကြောင်းသိလျှင် ဤသူငယ်သည် အဘယ်သို့ကုသနိုင်အံ့နည်း၊ ဒိသာပါမောက္ခ ဆရာကြီးတို့ပင် မကုနိုင်ပဲ ရွှေငွေတို့သာ ကုန်ခန်းလှပြီဟုပြော ဆိုလိုက်၏၊ တံခါးစောင့်သည် သဋ္ဌေးကတော်ပြောတိုင်း ဇီဝက အား ပြန်၍ပြော၏၊ ဇီဝက က တဖန်သွား၍ ပြောပါချေဦး၊ ဆေးကုသ၍အဘိုးအခ တပြားတချပ်မျှမပေးရပါ၊ပျောက်ကင်း သည့်အခါမှ ပေးလိုလျှင် ပေးပါဟု မှာထားစေလွှတ်လိုက် ပြန်၏။

သဋ္ဌေးကတော်လည်း ကျေနပ်၍ ဆေးကုသရန် ဇီဝကအား ပင့်ဖိတ်၏၊ ရောဂါကို စစ်ဆေးကြည့်ရှုပြီးသော် ထောပတ်ကို တောင်း၍ ဆေးတို့ဖြင့်ကြိတ်နယ်ပြီး နှာနှပ်တံဖြင့် နှာခေါင်းမှ သွင်း၍ မှုတ်သော် ထောပတ်သည် ပါးစပ်မှထွက်၏၊ သဋ္ဌေး ကတော်သည် ကြမ်းပြင်ပေါ်၌ကျသော ထောပတ်ကို ဝါဂွမ်း နှင့်တို့၍ယူပြီး သိမ်းဆည်းစေ၏၊ ဇီဝကသည် မျက်နှာပျက် သွား၏၊ ဆေးဘိုးဝါးခ မရပဲ ရှိတော့မည်ဟု စိုးရိမ်၏။

သဋ္ဌေးကတော်သည် ဇီဝက မျက်နှာ ပျက်သွားသည်ကို မြင်၍-

"ဆရာ....မစိုးရိမ်လင့် ထိုက်တန်သောဆေးဘိုးဝါးခကိုရပါ စေမည်၊ဤထောပတ်ကို ဂွမ်းဖြင့်တို့ယူစေသည်မှာကျွန်တို့၏ရှင်း အမှုလုပ်တို့၏ရှင်း ခြေနယ်ဆီ ဆီမီးထွန်းခြင်းတို့၌ အသုံးပြုရပါ သေးသည် ဤကား အိမ်ရှင်မတို့စောင့်စည်းအပ်သောအရာဌာန ဖြစ်ပါသည်"ဟု ပြောဆို၏။

## အသပြာ တသောင်းခြောက်ထောင် ရခြင်း။

သဌေးကတော်၌ ခုနစ်နှစ်စွဲကပ်သောဝေဒနာသည် ဆဲရာ ဇီဝက၏ နှာတချက်မှုတ်ရုံဖြင့် ပျောက်ကင်းလေသဖြင့် ဝမ်းသာ အားရ သဌေးကတော်က အသပြာလေးထောင်ပေး၏။

ချွေးမကဝမ်းသာလွန်း၍ အသပြာလေးထောင် ပေးပြန်၏။

သဌေးကတော်၏သားက ကျေးဇူးကြီးလှပါပေ၏ဟုဆိုကာ အသပြာလေးထောင်ပေးပြန်၏။

သဌေးကြီးကလည်း ခုနစ်နှစ်မျှ စိတ်မချမ်းသာရသည့် ရောဂါ ကင်းရှင်းချမ်းသာ၍ အသပြာလေးထောင်နှင့် ကျွန် ယောကျ်ား၊ ကျွန်မိန်းမ မြင်း ရထားတို့ကိုပေး၏။

ဇီဝကသည် အသပြာ တသောင်းခြောက်ထောင်နှင့် ကျွန် ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်း၊ ရထားတို့ကိုယူ၍ ရာဇဂြိုဟ် ပြည်သို့ရောက်လျှင် ခမည်းတော် အဘယမင်းသားကြီးအား အကြောင်းစုံလျှောက်ထားပြီး ပေးအပ်လေ၏။

အဘယမင်းသားလည်း ဤပစ္စည်းဥစ္စာတို့ကို သင်ပင်ယူ၍ ငါ၏အိမ်တော်ဝင်းအတွင်း၌ ကောင်းစွာသောအိမ်ကိုဆောက်၍ နေလော့ဟု ခွင့်ပေး၏။

## ဘိုးတော်ဗိမ္ဗိသာရမင်းကြီးနှင့်ဇီဝက

ဗိမ္ဗိသာရ မင်းကြီးတွင် ဒူလာမြင်းသရိုက်နာ စွဲ၍ ပုဆိုး တို့တွင် သွေးများ ပေကျံသော် မိဖုရားမောင်းမတို့က ပျက်ရယ် ပြုကြ၏၊ မင်းကြီးလည်း ရှက်လှ၍ သားတော်အဘယမင်းသား

အား ရောဂါကိုပြောပြ၍ ဆေးဆရာကိုအရှာခိုင်း၏၊ အဘယ မင်းသားသည် ဇီဝကကို ကုစေ၏၊ တကြိမ် ကုခြင်းဖြင့်ပင် ရောဂါ ပျောက်ကင်းလေ၏။

မင်းကြီးသည် မိန်းမပျို ငါးရာအား တန်ဆာဆင်စေပြီး ဇီဝကအားပေး၏၊ ဇီဝကလည်း

"ဘိုးတော်မင်းမြတ်။ ။ကျွန်ုပ်အလိုမရှိပါ၊ပြုဘူးသည်ကိုသာ အမှတ်ရပါလေ"ဟုလျှောက်တင်လေ၏၊ မင်းကြီးက-

"အချင်းဇီဝက။ ။ထိုသို့ဆိုလျှင် ငါ့အားရင်း၊နန်းတွင်းသူ အပေါင်းအားရင်း၊ဘုရားအမှူးရှိသော သံဃာတော်အပေါင်း အားရင်း၊ ဆေးဖြင့် လုပ်ကျွေးပြုစုလေ" ဟု မိန့်တော်မူပြီး ပစ္စည်းအစုံနှင့်ပြည့်သော အိမ်ကိုရင်း၊ သရက်ဥယျာဉ်ကိုရင်း၊ တနှစ်လျှင် အခွန်တသိန်းထွက်သော ကျေးရွာငါးရာကိုရင်း၊ ပေးလေ၏။

## သဌေးကြီးနှင့်ဇီဝက

ထိုစဉ်အတွင်း ရာဇဂြိုဟ်သဌေးကြီးတွင် ဦးခေါင်း၌ထိုးကျင့် ကိုက်ခဲသော ရောဂါ ဖြစ်နေသည်မှာ ခုနစ်နှစ် ရှိပြီဖြစ်၏။ ထိပ်တန်းဆေးဆရာကြီးတို့က ငါးရက်ကြာလျှင်သေမည်၊ အချို့ကမူ နှစ်ရက်ကြာလျှင် သေမည်ဟု(အမှန်အားဖြင့်သိကြသဖြင့်) သောကရောက်ကြကုန်၏၊

ဤသို့ သာရမင်းကြီးတွင် ဇီဝက ဆေးဆရာရှိကြောင်းသိ၍ ပြည်ရှင်မင်းထံတောင်းပန်၍ ခွင့်တောင်းကြ၏၊ မင်းကြီးသည် ဇီဝကကိုစေလွှတ်၏၊ ရောဂါအခြေအနေကို စစ်ဆေးကြည့်ရှုပြီး

ဤရောဂါပျောက်လျှင် အဘယ်မျှ ပူဇော်မည်နည်းဟု မေး၏၊ အသက်ချမ်းသာရာရရှိလျှင် ရှိသမျှစည်းစိမ်ကို ပေးအပ်မည့် အပြင် ကျွန်ခံပါမည်ဟုဝန်ခံ၏။

သို့ဖြစ်လျှင် သဌေးမင်းသည် ဗယ်ဖက်နံပါးဖြင့်ခုနစ်လ၊ ယာဖက်နံပါးဖြင့် ခုနစ်လ၊-ပက်လက်အိပ်၍ ခုနစ်လစီနေနိုင် ပါမည်လောဟု မေး၏။ နေနိုင်ပါမည်ဟု ဖြေ၏၊ ထိုအခါ ဇီဝကသည် သဌေးကြီးကို ညောင်းစောင်း၌ အိပ်စေပြီး ဦးခေါင်းခွံကိုခွာ၍ ဦးနှောက်ထဲမှ ပိုးနှစ်ကောင်ကိုထုတ်ယူပြီး လူများအားပြ၏။

ဆရာတဦးက ခုနှစ်ရက်ကြာလျှင် သေမည်ဟု ပြောသည်မှာ ဤသေးငယ်သောပိုးငယ်ကိုမြင်၍ ပြောခြင်းဖြစ်၏၊ ဤပိုးသည် ဦးနှောက်ကို ခုနှစ်ရက်နှင့် စားနိုင်၏။

ငါးရက်နှင့် သေမည်ဟူသော ဆရာသည်လည်း မှန်၏၊ ကြီးသောပိုးသည် ဦးနှောက်ကို ငါးရက်နှင့် စားနိုင်၏ဟု ပြောပြီးဦးခေါင်းခွံကိုပြန်၍ချုပ်ခါ ဆေးများလိမ်းကျံပေး၏။

ခုနှစ်ရက်ကြာလျှင် ဗယ်ဖက်သို့ စောင်းအိပ်နေရသည်မှာ မတတ်နိုင်ပါ၊ သေရပါလိမ့်မည်ဟုပြော၏။

ဤသို့ဆိုလျှင် ယာဖက်နံပါးဖြင့် ပြောင်း၍အိပ်လောဟု ဆို၏၊ ခုနှစ်ရက်ကြာလျှင် ဆက်၍မအိပ်နိုင်ပါ၊ သေရပါလိမ့် မည်ဟုပြောပြန်၏။

သို့ဖြစ်လျှင် ပက်လက် ခုနစ်လ အိပ်ပါဦးဟုပြောလေ၏၊ ပက်လက်အိပ်၍ ခုနစ်ရက်မြောက်လျှင် ရှေးနည်းအတိုင်း မအိပ် နိုင်ပါဟုပြောပြန်၏၊

ဆရာဇီဝက က

"အသင်သဌေးကြီးကို ခုနစ်လသုံးလီအိပ်ရန်ကြိုတင်မပြောခဲ့လျှင် ခုနစ်ရက်သုံးလီကိုပင် အိပ်နိုင်မည်မဟုတ်ပေ၊ သဌေးကြီး၏ရောဂါကို ခုနှစ်ရက်သုံးလီဖြင့် ပျောက်ကင်းမည်ကို သိပြီးဖြစ်သောကြောင့် ခုနှစ်လသုံးလီ တောင်းဆိုထားခြင်းဖြစ်သည်၊ ထပါလော့ သဌေးကြီးရောဂါပျောက်ပါပြီ" ဟုဆို၏၊

သဌေးကြီးသည်ဝမ်းသာအားရထ၍ ဥစ္စာပစ္စည်းအားလုံးနှင့်ကျွန်အဖြစ်ကိုအပ်၏။

ဆရာဇီဝက က"မလိုအင်ပါ၊မင်းကြီးအားအသပြာတသိန်းငါ့အားအသပြာတသိန်းသာပေးပါလော့"ဟုပြော၏၊ သဌေးကြီးလည်း ဝမ်းသာအားရ အသပြာနှစ်သိန်းကိုပေးပို့၏။

## အူထုံးသောသဌေးသား

ဗာရာဏသီပြည်မှသဌေးသားတယောက်သည် ယာဂုထမင်းများ စားသည့်အခါမကျေကျက် ဆီဝမ်းတို့လည်းမဖြောင့်တဖြေးဖြေးပိန်းချုံး၍သာလာသဖြင့် အရိုးပြိုင်းပြိုင်းပင်ဖြစ်နေ၏။

ဗိမ္ဗိသာရမင်းကြီးထံလျှောက်ထား၍ ဆရာဇီဝက ကုသရပေ၏။

ဆရာဇီဝကသည် တင်းတိမ်ကိုကာရံ၍ သဌေးသား၏ဇနီးကိုရှေ့မှာနေစေပြီး သဌေးသား၏ဝမ်းပိုက်ကိုခွဲ၍ထုံးနေသောအူကိုပြ၏။

ဤအူထုံးသောရောဂါကြောင့် ဤသို့ဖြစ်နေရသည်ဟု ထုံးသောအူကိုဖြေပြီး၊ဝမ်းပိုက်တွင်းသို့သွင်းခါဝမ်းပိုက်ကိုပြန်၍ချုပ်

ပြီးဆေးများလိမ်းကျံပေး၏၊ ထိုအခါ အနာရောဂါပျောက်ကင်းချမ်းသာ၏။ ဆရာဇီဝကအား တသောင်းခြောက်ထောင် ကုန်သော အသပြာတို့ကိုပေး၏။ ဆရာဇီဝကကည် ရာဇဂြိုဟ်သို့ ပြန်လာ၏။

## စန္ဒပဇ္ဇောတမင်းကိုကုခြင်း။

ဥဇ္ဇေနီပြည် စန္ဒပဇ္ဇောတမင်း၌ကြီးစွာသော ရောဂါတခုစွဲကပ်၏၊ အနိုင်နိုင်ငံမှသမားတော်တို့လက်လျော့ရ၏၊ ဆရာဇီဝက၏ သတင်းကိုကြား၍ ဗိမ္ဗိသာရမင်းကြီးထံ တမန် စေလွှတ်၍ တောင်းပန်၏၊ ဗိမ္ဗိသာရမင်းကြီးအမိန့်ဖြင့် ဆရာဇီဝက က ဥဇ္ဇေနီပြည်သို့ရောက်ရ၏၊ စန္ဒပဇ္ဇောတမင်းအား ဆေးကုရန် ထောပတ်ကိုတောင်း၏။ စန္ဒပဇ္ဇောတမင်းသည် ထောပတ်ကို အလွန်ရွံရှာ၏၊ ဤရောဂါမှာလည်း ထောပတ်မပါဘဲမကုနိုင်။

သို့ဖြင့် ထောပတ်၏အနံ့နှင့် အရသာတို့ကိုပါ ပျောက်သွားအောင် ဆေးစီရင်၍ တိုက်ရမည်။ ထိုဆေးသည် ဝမ်းတွင်းသို့ ရောက်ပြီး ပျို့အံသောအခါ ထောပတ်၏ အနံ့အရသာတို့သည် ပေါ်ပေလိမ့်မည်၊ ထိုအခါမင်းကြီးသည် ငါ့ကို သတ်ကောင်း သတ်ပေလိမ့်မည်ဟု စဉ်းစားမိ၏။

ထို့ကြောင့်ပင် မင်းကြီးအား ဆေးဆရာတို့မည်သည် ဆေးမြစ် ဆေးဥတို့ကိုလတ်လတ်ဆတ်ဆတ် ရှာဖွေနှုတ်ယူဖော်စပ်ရပါသည်၊ သို့ဖြစ်ပါ၍ ဆင်တင်းကုပ် မြင်းတင်းကုပ်တို့၌၎င်း၊ မြို့တံခါး၌၎င်း အလိုရှိရာ ဆင်မြင်းတို့ကိုယူနိုင်ခွင့်နှင့် အချိန်မရွေး မြို့တံခါးမှ ဝင်ခွင့်ထွက်ခွင့်တို့ကို တောင်းဆို၏။

မင်းကြီးလည်း ထိုအခွင့်အမိန့်အာဏာတို့ကို ပေးတော်မူ၏။ ထို့နောက် စန္ဒပဇ္ဇောတမင်းအား ထောပတ်ကို အနံ့အရသာ ဖျက်ထားသည့်ဆေးဖြင့် တိုက်လေ၏။

## ဇီဝကအား လိုက်၍ဖမ်းစေခြင်း

ဇီဝကသည် ချက်ချင်းပင် ဆင်တင်းကုပ်သို့သွားပြီး တနေ့ကို ယူဇနာ ငါးဆယ် ပေါက်အောင် သွားနိုင်သော "ဘဒ္ဒဝတီ" အမည်ရှိ ဆင်မကိုစီး၍ မြို့မှထွက်ပြေးလေ၏။ မင်းကြီးသည် ထောပတ်အဖျော်ဆေးကိုသောက်ပြီး ပျို့အံ့ခြင်းဖြစ်၍ အမျက်ဒေါသပြင်းစွာထွက်ပြီး ဇီဝကကို ဖမ်းဆီးစေ၏။ ဘဒ္ဒဝတီ ဆင်မကိုစီးပြီး ထွက်ပြေးကြောင်းသိလျှင် တနေ့ ယူဇနာ ခြောက်ဆယ်ပေါက်အောင် သွားနိုင်စွမ်းရှိသော "ကာက" အမည်ရှိသော ခြေမြန်ကိုခေါ်၍ ဇီဝကကို ဖမ်းဆီးခေါ်ဆောင်စေ၏၊ ထို့နောက် (ဇီဝကပေးသည်ကို ဘာကိုမျှမစားနှင့်)ဟု မှာထားလိုက်သည်။

(စန္ဒပဇ္ဇောတကမင်းသည် ရှေးဆုတောင်းကြောင့် ယာဉ်လျှင်ငါးမျိုးပိုင်ဆိုင်ကြောင်း ဤစာအုပ်ပထမတွဲ စာမျက်နှာ ၂၂၈-တွင် ရှုပါ)

ကျွန်လျှင် "ကာက"သည် ခရီးအကြား ကောသမ္ဗီပြည်၌ နံနက်စာစားနေသော ဆရာဇီဝကကိုမီ၏၊ မင်းကြီးအမိန့်ဖြင့် ပြန်ခဲ့ရန်ပြော၏။ ဆရာဇီဝကက စားပြီးအောင် စောင့်ပါဦးဟု ဆို၏၊ သင်လည်းဝင်၍ စားပါဟုပြော၏။

ကာက က မင်းကြီး၏အာဏာကို ငြင်းဆန်ခြင်းငှာ မဝံ့ပါဟု ပြော၏။

ထိုအခါ ဆရာဇီဝကသည် လက်သည်းဖြင့် ဆေးကိုယူ၍ သျှစ်သျှားသီးကိုစား၏။ ရေလည်းသောက်၏။ ကာကကိုလည်း သျှစ်သျှားသီးနှင့်ရေကို စားပါသောက်ပါဟုဖိတ်၏။

ကာကလည်း မောပမ်းဆာလောင်နေသဖြင့် ဆရာဇီဝက စားသည့် သျှစ်သျှားသီးတခြမ်းနှင့် ရေကိုသောက်၏၊ မျက်စိအောက်တွင် စားသောအရာဖြစ်၍ သံသယကင်းစွာ စားသော်လည်း ခဏ၌ပင် ဝမ်းလျှောပျို့အံ ပြင်းထန်ဦးစောက်ကျလေ၏။

ထိုအခါ ကာက က "ကျွန်ုပ်အသက်ကို ပေးပါလော့-ပေးပါလော့"ဟု တောင်းပန်၏၊ ဆရာဇီဝက က "မကြောက်ပါလင့်-မကြောခင် ချမ်းသာလိမ့်မည်၊ သင်တို့ မင်းကြီးသည် ငါ့ကိုသတ်ရန်ခေါ်သည်ဖြစ်၍ ငါမလိုက်တော့၊ ဘဒ္ဒဝတီဆင်မကိုယူ၍ ပြန်လေလော့"ဟုဆိုခါ ရာဇဂြိုဟ်ပြည်သို့ ပြန်လေ၏၊ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီးထံ အကြောင်းစုံပြန်ကြားလျှောက်ထား၏။

ထိုနောက် စန္ဒပဇ္ဇောတမင်းကြီးသည် ရောဂါပျောက်ကင်းသဖြင့် ဆရာဇီဝကလာခဲ့ပါရန် တမန် စေလွှတ်၏၊ မလာဝံ့ကြောင်း ပြန်ကြား လျှောက်ထားသောအခါ အဘိုးမဖြတ်နိုင်သော သိဝေယျကပုဆိုးအစုံကို အဘိုးအခပြု၍ ဆရာဇီဝကထံ ပေးပို့စေ၏၊ အလွန်ထူးမြတ်သောပုဆိုးဖြစ်၍ မြတ်စွာဘုရားနှင့် ဗိမ္ဗိသာရမင်းကြီးတို့သာ ထိုက်တန်၏ဟု စဉ်းစားမိ၏။

## မြတ်စွာဘုရားခြေတော် သွေးစိမ်းတည်ခြင်း

မြတ်စွာဘုရား၏ခယောက်ဖဒေဝဒတ်က တောင်ထိပ်မှ ကျောက်လုံးကိုလိမ့်ချလိုက်စဉ် အောက်မှ တောင်ထွတ်နှစ်ခုတို့က ဆီး၍ခံကြကုန်၏။ ခံသောတောင်ထွတ်နှင့် ထိခိုက်မိ၍ ကွဲထွက်လွင့်စင်သော ကျောက်စွန်းငယ်တခုသည် ခြေတော်ကိုထိမှန်၍ သွေးတော်တို့ကျဆင်း၏၊ ဝေဒနာပြင်းပြ၍ ဆရာဇီဝက၏သရက်ဥယျာဉ်သို့ ကြွတော်မူပြီး ဆေးကုခံတော်မူ၏၊ ဇီဝကသည် အမြန်ပျောက်နိုင်ရန် ထက်မြက်လွန်ကဲသော ဆေးဖြင့် အနာကို ပတ်တီးစည်းပြီးနောက်

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တပည့်တော်သည် မြို့တွင်း၌ လူနာတယောက်ကို ဆေးကုသရန် ရှိပါသည်၊ ချက်ချင်းပြန်လာခဲ့ပါမည်၊ တပည့်တော်ပြန်ရောက်မှ စည်းထားသည့် ဆေးကိုဖြေပါမည်၊ သည်းခံတော်မူပါ"

ဟု လျှောက်ကြား၍ မြို့တွင်းသို့သွားပြီး လူနာကို ကုသခါ သရက်ဥယျာဉ်သို့ပြန်အလာတွင် မြို့တံခါးပိတ်သွား၍ မထွက်နိုင် မသွားနိုင်ဖြစ်ရလေ၏၊ ဇီဝကသည် အလွန်စိတ်ပူပန်မိ၏။

ငါသည် မြတ်စွာဘုရား ခြေတော်၌ အလွန်ထက်လှသော ဆေးကိုစည်းပြီး ငါလာခဲ့မိချေပြီ၊ ဖြေအံ့သော အချိန်သို့ရောက်ပါလျက် မဖြေရသည်ရှိသော် တည့်ပတ်လုံး မြတ်စွာဘုရား၏ကိုယ်တော်၌ အလွန်ပူလောင်ခြင်း ဖြစ်ပေလိမ့်မည်ဟုစဉ်းစားပြီး ကြီးစွာသော စိတ်မကောင်းခြင်း ဖြစ်နေရ၏။

ထိုခဏ၌ ဘုရားသခင်သည်အရှင်အာနန္ဒာကိုခေါ်တော်မူပြီး ဇီဝကဆေးဆရာသည် မြို့တံခါးကိုမပိတ်လိုက်၊ ယခု ဆေးစည်းကို ဖြေရန် အချိန်ရောက်ချေပြီဟု မိန့်တော်မူ၍ ဆေးစည်းကို ဖြေစေ၏။ အနာသည် သစ်ပင်မှ သစ်ခွံကွဲသို့ ပျောက်ကင်းချမ်းသာလေ၏။

ဆရာဇီဝကသည် နံနက်အရုဏ်ကပင် ဘုရားထံသို့ လျင်စွာသော အဟုန်ဖြင့် လာရောက်၍–

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်၏ကိုယ်၌ပူလောင်ခြင်းဖြစ်ပါသလော" ဟု မေးလျှောက်၏။

ဘုရားသခင်က–

"အသင်ဇီဝက ငါ့အား ဗောဓိမဏ္ဍိုင်၌သာလျှင် အလုံးစုံသော ပူပန်ခပ်သိမ်းကင်းငြိမ်းလေပြီ"

ဟု မိန့်တော်မူပြီး အနုသန္ဓေစပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်–

**(၉၀) ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။ သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။ ။**

(၉၀) သံသရာ ခရီးအဆုံးသို့ ရောက်ပြီးထသော စိုးရိမ်ခြင်းမှ ကင်းလွတ်ထသော အလုံးစုံသော တရားတို့၌ ဝဋ်အပေါင်းမှ လွတ်မြောက်ပြီးထသော အလုံးစုံသော အနှောင်အဖွဲ့အပေါင်းကို ပယ်ချပြီးထသော ရဟန္တာ ပုဂ္ဂိုလ်အား ဒုက္ခဝေဒနာ, နာကျင်ပူလောင်ခြင်းသည် မရှိလေ။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**(ဓမ္မပဒ အရဟန္တဝဂ် ပထမဦးစွာသော ဇီဝကပဥ္စာဝတ္ထုပြီး၏)**

(၇) အရဟန္တဝဂ်

## ၂ ရဟန္တာနှင့် ဟင်္သာငှက်

(အရှင်မဟာကဿပမထေရ်ဝတ္ထု)

ဟင်္သာတို့သည် ရွှံ့ညွှန်၌ပေါက်သော
ကြာတို့ကိုစွန့်၍သွား၊ ကြသကဲ့သို့၊
ရဟန္တာပုဂ္ဂိုလ်တို့သည်
ရပ်နားရာဟူသမျှကို
စွန့်ကြကုန်၏။

(ဥယျုဉ္ဇန္တိ) အစရှိသော ဒေသနာတော်ကို (ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌) "မ ဟာ က ဿ ပ မထေရ်ကြီး"ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူပြီး နောက် လခွဲအကြာတွင် ဒေသစာရီ ကြွချီမည့်အကြောင်းကို ရဟန်းတို့အား ကြိုတင်အကြောင်းကြား၏။ ဤသို့ကြိုတင် အကြောင်းကြားခြင်းမှာ လိုက်ပါလိုသော ရဟန်းတို့သည် ကြိုတင်၍သပိတ်ဖုတ်ခြင်း၊သင်္ကန်းဆိုးခြင်းတို့ပြုလုပ်ချိန်ရအောင် ကြိုတင်မိန့်ကြားခြင်းပင်ဖြစ်သည်။

အရှင်မဟာကဿပမထေရ်သည်လည်းသက်န်းကိုဖွတ်လျှော်၏။ ထိုသည်ကိုမြင်သောအခါ ရဟန်းတို့က အရှင်မဟာကဿပသည် မြတ်စွာဘုရားနှင့် လိုက်မည့်ဟန်ပြင်နေ၏၊ ဤရာဇဂြိုဟ်မြို့တွင်း မြို့ပြင်တို့တွင် အရှင်မဟာကဿပမထေရ်သည် ဆွေမျိုးတို့များကုန်၏၊ ဆွေမျိုးမရှိသောအရပ်၌–ဒါယကာရင်း၊ ဒါယိကာမရင်းတို့သည်ရှိကုန်၏၊ ထိုဆွေမျိုးများနှင့် ဒါယကာ၊ဒါယိကာမတို့သည် ပစ္စည်းလေးပါးဖြင့် မထေရ်အား ထောက်ပံ့ လှူဒါန်းနေကြ၏၊ ဤသည်ကိုပစ်ပယ်၍ မထေရ်သည် အဘယ်သို့ကြွနိုင်မည်နည်း၊ အကယ်၍ကြွမည်ဟုလိုက်လာသော်လည်းဘုရားသခင်က ပြန်၍လွှတ်မည်သာဟုနောက်ကွယ်၌ ပြောဆိုနေကြ၏။

မြတ်စွာဘုရား ကြွတော်မူသည့်နေ့တွင် သံဃာအား လုံးနောက်တော်မှ လိုက်ပါကြကုန်၏။ မြတ်စွာဘုရားသခင်က ကျောင်းချည့်ထား၍မသင့်၊ မြို့ပေါ်ရပ်ပေါ်တွင် မင်္ဂလာကိစ္စ အမင်္ဂလာကိစ္စရှိ၍ဘုန်းကြီးရဟန်းမှမရှိလျှင်မဖြစ်ဟုကြံတော်မူ၍ မည်သည့်ပုဂ္ဂိုလ်သည် ကျောင်း၌ ရှိနေရန်အသင့်တော်ဆုံးနည်းဟုကြည့်ရှုတော်မူသော် အရှင်မဟာကဿပမထေရ်သာလျှင် ဖြစ်သည်ဟု မြင်တော်မူ၍– အရှင်မဟာကဿပအား တပည့်တပန်းများနှင့်နေခဲ့စေရန် မိန့် ကြား တော် မူ ၏။ မ ထေရ် လည်း ဝန်ခံ၍မိမိတပည့်တပန်းများနှင့် ကျောင်းသို့ပြန်လေ၏။

ရဟန်းတို့က"ငါ့ရှင်တို့၊ငါတို့ပြော၍မှမဆုံးသေးမီငါတို့ထင်သည့်အတိုင်းပင်ဖြစ်သည် မဟုတ်လော" ဟု ပြောဆိုကြသံကို မြတ်စွာဘုရားကြားတော်မူလျှင် ရပ်တံ့တော်မူပြီး

"ချစ်သားရဟန်းတို့။ ။အသင်တို့အဘယ်စကားကိုပြောကြသနည်း" ဟုမေးတော်မူ၏၊ ရဟန်းတို့က မိမိတို့ပြောဆိုသောစကားကိုပြန်၍လျှောက်ထားကြ၏။

"ချစ်သားတို့။ ။ ငါ၏သားတော်ကဿပကို၊အဆွေအမျိုးတို့၌ ၄င်းပစ္စည်းလာဘ်လာဘ၌ရင်း၊ ကပ်ငြိသည်ဟု သင်တို့ဆိုကြ၏၊ ငါဘုရား၏ စကားကိုလိုက်နာ၍ ပြန် လည် သွား ခြင်း သာဖြစ်သည်၊ကျွဲကဿပသည်ရှေးဆုတောင်း၌ပင်(ပစ္စည်းလေးပါး၌ မကပ်ငြိသည့် ကိုယ်ဖြစ်ရပါလို၏) ဟု ဆုတောင်းပတ္ထနာပြုခဲ့သည်"ဟုမိန့်တော်မူ၏၊ရဟန်းတို့က

"အရှင်ဘုရား။ ။အဘယ်အခါ၌ ဆု တောင်း ခဲ့ ဘူး ပါသနည်း"ဟုလျှောက်ကြလေသော်-

"ချစ်သားတို့။ ။နာလိုကနာကြကုန်လော့"ဟုဘာဝများစွာသော အတိတ်ဇာတ်လမ်းကို ပြောကြားတော်မူ၏။

## (၁)

## ပဒုမုတ္တရဘုရားလက်ထက်အတိတ်ဇာတ်

အရှင်မဟာကဿပမထေရ်လောင်းသည်-

ရှေးလွန်လေပြီးသော ကမ္ဘာတသိန်းထက်၌-ပဒုမုတ္တရအမည်ရှိသော ဘုရားသခင်သည် ဟံသာဝတီမြို့ကြီးကိုအမှီပြု၍ ခေမာမိဂဒါဝ အမည် ရသော ကျောင်း၌ သီတင်းသုံးတော်မူ၏၊ ဟံသာဝတီမြို့၌ ကဿပမထေရ်လောင်းသည် ချမ်း သာ သော

သူကြွယ်ဖြစ်၏၊ ထိုသူကြွယ်သည် နံနက်စောစောပင် ဥပုသ်စောင့်ပြီးပန်းနံ့သာတို့ကိုယူဆောင်လျက်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားသခင်ကို ပူဇော်ပြီး သော် သင့်တော်ရာနေရာ၌ထိုင်နေ၏။

ထိုခဏ၌ မြတ်စွာဘုရားသည်- "နိသဘ" အမည်ရှိသော တတိယသာဝကကိုဇေတဒဂ်အရာ၌ထားတော်မူ၏။

သူကြွယ်သည် ထိုတေဂ်ထားသည်ကို ကြည်ညိုသောစိတ်ရှိလှ သဖြင့် လူအများထသွားကြသော်လည်း မပြန်သေးဘဲ မြတ်စွာ ဘုရားထံ နက်ဖြန်အတွက် ဆွမ်းပင့်လျှောက်၏။ ဘုရားရှင်က သံဃာမှာခြောက်သောင်းမျှလောက်ရှိသည် အဘယ်မျှလောက် အလိုရှိသနည်းဟုမေးလျှင်၊သံဃာတော်အားလုံးသာမကောတပါး သော်မှ မကျန် အောင် ကြွတော်မူပါဟု လျှောက်၏။ ဘုရားရှင်လည်း သည်းခံတော်မူ၏။

နောက်တနေ့၌ သူကြွယ်အိမ်သို့ ဘုရားသခင်နှင့် သံဃာတော်များ ကြွသွားတော်မူကြပြီး ကပ်လှူသော ခဲဘွယ် ဘောဇဉ်တို့ကိုဘုဉ်းပေးတော်မူစဉ်၊ သူကြွယ်သည် ဘုရားသခင် အနီး၌သာထိုင်ခါကြည်ညိုစိတ်ပွား၍နေရှာ၏။

ထိုအခိုက်တွင် နိသဘမထေရ် ဆွမ်းခံကြွလာသည်ကိုသူကြွယ် မြင်သောကြောင့် လျင်မြန်စွာထပြီး မထေရ်ကို ရှိခိုး၍ "သပိတ်တော်ကိုပေးသနားတော်မူပါဟု" လျှောက် ထား၏။ သပိတ်တော်ကိုရလျှင်"ဤအရပ်၌ သီတင်းသုံးနေထိုင်တော်မူပါ မြတ်စွာဘုရားလည်းဤအိမ်၌ရှိပါသည်" ဟု လျှောက်၏။

"ဥပသကာ။ ။ငါတို့မအေပ်ပေလတံ့"ဟုမိန့်တော်မူ၏။

သူကြွယ်လည်း သပိတ်၌ ဆွမ်းဖြင့်ပြည့်စေ၍ ကပ်လှူပြီး မထေရ်ကို အနည်းငယ်လိုက်ပို့ပြီးမှ မြတ်စွာဘုရားထံ ပြန်လာ ထိုင်နေပြီး–

"အရှင်မြတ်ဘုရား။ ။နိဿဘမထေရ်သည် မြတ်စွာဘုရား သခင် ဤအိမ်၌ သီတင်းသုံးလျက်ရှိပါသည်ဟု လျှောက်ကြား ပါသော်လည်း အိမ်သို့ကြွဝင်တော်မူခြင်းငှာ အလိုမရှိ၊အဘယ် အကြောင်းကြောင့်ပါနည်း အရှင်မြတ်ဘုရား။"

ထိုအခါ မြတ်စွာဘုရားက

"ဒါယကာ။ ။ငါတို့သည် ဆွမ်းအတွက်အိမ်၌ထိုင်နေကြ ကုန်၏။ ထိုရဟန်းကား ဤသို့ထိုင်နေခြင်းသည်မရှိ။

ဒါယကာ။ ။ငါတို့သည် ရွာ၏အနီးဖြစ်သော ကျောင်း၌ နေကြကုန်၏၊ ထိုရဟန်းကား တောကျောင်း၌သာနေ၏။

ဒါယကာ။ ။ငါတို့သည် အမိုးမိုးအပ်သောကျောင်း၌သာ နေကြကုန်၏၊ ထိုရဟန်းကား လွင်တီးခေါင်၌သာနေ၏။

ဤသည်လျှင် ထိုရဟန်းသည် ငါတို့ထက်လွန်ကဲသော ဂုဏ် ကျေးဇူးပေတည်း"ဟု ဓုတင်ဆောင်ပုဂ္ဂိုလ်၏ မွန်မြတ်လှသော ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်မြွက်တော်မူ၏။

## လွန်ကဲထူးမြတ်သည့် ဓုတင်ဆောင်ဆု

ဤသို့သိရလျှင် သူကြွယ်၏ သဒ္ဓါအဟုန်သည် တောက်ပ ထွန်းလင်းနေသောဆီမီးကို တဖန်ထပ်ခါ ဆီသွန်းလောင်းဘိသို့ တဆင့်တက်ကာ မြတ်နိုးစွာဖြင့် မြတ်စွာဘုရားအား ထပ်မံပင့်

ဖိတ်၍ ခုနစ်ရက်တိုင်တိုင် ကြီးစွာသောအလှူကိုပေးပြီး ခုနစ်ရက်မြောက်၌ ဘုရားအမှူးရှိသော သံဃာတော်မြတ်များအား တိစီဝရိတ်သက်န်းတို့ကို ပေးလှူပြီးသော် မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်းရှိခိုးပြီး

"ဘုန်းတော်ရှင်သခင်မြတ်ဘုရား။ ။တပည့်တော်သည် ခုနစ်ရက်တိုင်အလှူကြီးကိုပေးခဲ့ပါ၏။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာကိုကောင်းစွာဆောက်တည်ပါ၏။ ဤကောင်းမှုကြောင့် တပည့်တော်သည် မည်သည့်စည်းစိမ်ချမ်းသာကိုမျှ မတောင့်တ မပန်ဆင်လိုပါ။

ဤကောင်းမှုကြောင့် နောင်လာလတ့်သော ဘုရားရှင်တဆူဆူ၏ အထံတော်တွင် (မဟာနိသဘမထေရ်ကဲ့သို့)ရောက်အပ်ရအပ်သောရာထူးကို ပြည့်စေခြင်းငှာ၊ ဓုတင်ကိုဆောင်ကြကုန်သော ပုဂ္ဂိုလ်တို့ထက် ထူးကဲစွာဆောင်နိုင်ခြင်းအဖြစ်၏ အထောက်အပံ့ ဖြစ်ပါစေသတည်း"ဟု ဆုတောင်းပတ္တနာ၏။

မြတ်စွာဘုရားသခင်သည် အနာဂတ်ကို လှမ်းမျှော်ကြည့်ရှုအပ်သည်ရှိသော် ထိုသူကြွယ်၏ တောင်းဆုသည် ပြည့်စုံအပ်သည်၏အကြောင်းကို မြင်တော်မူ၍=

"အသင်၏ ကြီးစွာသောတောင်းအပ်သည့်ဆုသည်၊ အနာဂတ် ကမ္ဘာတသိန်း၏ အဆုံးတွင် ပွင့်တော်မူမည့် ဂေါတမဘုရားရှင် လက်ထက်၌ (တတိယ သာဝက မဟာကဿပ)အမည်ဖြင့် မထေရ်ဖြစ်လတ့်"

ဟု ဗျာဒိတ် စကား မိန့်ကြားတော်မူ၏။ သူကြွယ်သည် နက်ဖြန်ပင်ရတော့မည်ကဲ့သို့ ရှင်လန်းတက်ကြွ အသက်ရှည်သမျှ ကာလပတ်လုံး သီလကိုစောင့်ရှောက်ပြီး ကောင်းမှုတရားကိုသာ ကြိုးစားအားထုတ်ပြီးမှ သေခြင်းကိုပြု၍ နတ်ပြည်၌ဖြစ်လေ၏။

(၂)

## ဝိပဿီဘုရားလက်ထက် အတိတ်ဇာတ်

အရှင်မဟာကဿပမထေရ်လောင်းသည်=

ထိုအခါမှစ၍ နတ်ပြည်လူ့ပြည်တို့၌ စည်းစိမ် ချမ်းသာကို ခံစားလျက် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ် ကမ္ဘာထက်၌ ဝိပဿီ အမည်ရှိသော မြတ်စွာဘုရားသည် "ဗန္ဓုမတီပြည်" ခေမာ မိဂဒါယ အမည်ရသော ဥယျာဉ်၏ကျောင်းတော်ဝယ် သီတင်း သုံးတော်မူစဉ်=

ထိုသူကြွယ်သည် ပစ္စည်းဥစ္စာ ပျက်စီးရှာသော ပုဏ္ဏား၏ အမျိုး၌ဖြစ်၏၊ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်မြောက် ခုနစ် နှစ်မြောက်တို့၌ တရားဟောတော်မူ၏၊ ထိုအကြောင်းကို ထိုပုဏ္ဏားကြီး ကြားသိလေ၏။ ထိုပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမ နှစ်ယောက်ပေါင်းမှ အပေါ်ရုံပုဆိုးတထည်သာရှိ၏။ ထိုကြောင့် "ဧကသာဋကပုဏ္ဏား" ဟု အမည်တွင်၏။

## လင်မယားနှစ်ယောက်ခြုံထည်တခု

တထည်တည်းသာအပေါ်ရုံရှိသောကြောင့် မြတ်စွာဘုရားထံ တရားနာသွားကြရာ၌ ပုဏ္ဏေးမသည် နေ့ဘက်၌ တရားနာ၍ ပုဏ္ဏားသည် ညဘက်၌သာ တရားနာရရှာ၏။

ပုဏ္ဏားကြီးသည့် တရားတော်ကို နာကြားရသဖြင့် ပထမ ယာမ်၌ပင် တရားတော်၌ ပီတိဖြာဝေ သဒ္ဓါ ဖြိုးမောက်လျက် ရှိသဖြင့် ဝတ်ရုံအပ်သောတထည်တည်းသောအဝတ်ကို လှူဒါန်း လိုက်တော့အံ့ဟုကြံ၏။ ထိုနောက်တဖန် စဉ်းစားပြန်သည်မှာ=

"ပုဏ္ဏေးမနှင့်ငါ နှစ်ယောက်ပေါင်းမှ တထည်သာရှိသော ဝတ်ရုံပုဆိုးကို လှူလိုက်လျှင် ဝတ်ရုံမရှိပဲ အပြင်သို့ထွက်၍မရ" ဟု မစ္ဆေရစိတ်ဖြစ်ခါ မပေးလှူပဲ နေလိုက်ပြန်၏။

မဇ္ဈိမယာမ် ရောက်ပြန်လေလျှင် ရှေးနည်းအတူ သဒ္ဓါစိတ် ထားပွားများလာပြန်ခါ လှူမည်ဟုကြံမိပြီးမှ မစ္ဆေရစိတ်ထား ကြောင့် မလှူပဲရှိရပြန်၏။

နောက်ဆုံးဖြစ်သော မစ္ဆိမယာမ်ရောက်ပြန်သောအခါ ပီတိ လျှမ်းဖြာ သဒ္ဓါယိုဖိတ်လှူလိုစိတ်တို့ တားမရအောင် ပွားများ လာပြန်၏။

ဤတကြိမ်တွင်မူ ဖြစ်လိုရာ ဖြစ်စေတော့ နောင်ခါလာ နောင်ခါချေးဟု ယတိပြတ်ဆုံးဖြတ်၍ ဝတ်ရုံကို ကိုယ်မှခွာပြီး မြတ်စွာဘုရားခြေတော်ရင်း၌ ထားခါ လှူဒါန်းလိုက်လေ၏။ ထိုနောက်မှ လက်ဝဲလက်ကိုခွေပိုက်ပြီး လကျာ်လက်ဖြင့်သုံးကြိမ် တိုင် လက်ပန်းပေါက်ခတ်ပြီး

"ဇိတံ-မေ။ ဇိတံ-မေ"
"ငါအောင်ပြီ၊ ငါအောင်ပြီ"
ဟု သုံးကြိမ်တိုင်တိုင်ကြွေးကြော်လိုက်၏။

ထိုအခါ၌ "ဗန္ဓုမတီ မင်းကြီး "သည် တင်းတိမ်အရံ၏ အတွင်းမှ တရားနာလျက် ရှိရာ ထိုအသံကို ကြားသဖြင့် "ငါအောင်ပြီ"ဟူသော အသံကို အဘယ်ကြောင့် ကြွေးကြော် ရသနည်းဟု မင်းချင်းယောကျ်ားတယောက်အား စုံစမ်းစေ၏။ မင်းချင်းယောကျ်ားမေးလေလျှင်-

**အောင်ခြင်းအစစ်**

ကေသာဠကပုဏ္ဏားက=

"စစ်လက်နက်စွဲကိုင်ပြိုင်ဆိုင်တိုက်ခိုက်၍ရအပ်သော အောင်ခြင်းကား တကယ့် အောင်ခြင်း မဟုတ်ပါ၊ ငါသည် နောက်မှ ပြေးလိုက်လာသော နွားရိုင်း၏ ဦးခေါင်းကို ဆောက်ပုတ်ဖြင့် ရိုက်ခွဲ ထွက်ပြေးစေဘိ သကဲ့သို့၊ လှူဒါန်းလိုစိတ်၊ ယိုဖိတ်သဒ္ဓါပျက်ပြားလာ အောင်လိုက်၍ ဖျက်ဆီးနေသော စိတ်ရိုင်းစိတ်ယုတ်၊ မစ္ဆေရကို အောင်မြင်နှိမ်နင်းပြီး ဝတ်ရုံအပ်သော အဝတ်ကို ပေးလှူနိုင်ခဲ့သဖြင့် အောင်ပြီဟုကြွေးကြော် ခြင်းဖြစ်သည်"ဟု မင်းချင်းအားပြောကြားလေ၏။

မင်းချင်းက ထိုအကြောင်းကို မင်းကြီးအား ပြောကြား လေလျှင် "ငါတို့သည်ဘုရားအတွက်သင့်လျော်သောလုံ့ဘွယ်ကို မသိခဲ့၊ ပုဏ္ဏားကပင် သိပေသေးသည်"ဟု အဝတ်ပုဆိုးတစုံကို ပေး၏။

ကောသာဋ္ဌက က ဤအဝတ်ပုဆိုးသည် ဘုရားသခင်၏ ဂုဏ်ကျေးဇူးကို မှီ၍သာရခြင်းဖြစ်လည်း၊ ဘုရားနှင့်သာ ထိုက် သည်ဟုကြံဆ၍ ထိုအဝတ်စုံကို ဘုရားအားပင်ပေးလှူလိုက်၏။

မင်းကြီးသိလျှင် ထပ်၍ နှစ်စုံပေးစေပြန်၏။

ပုဏ္ဏားကြီးကဘုရားသို့လှူဒါန်းပြန်၏။

ဤသို့ဖြင့် ဆထက်တိုး၍တိုး၍ သုံးဆယ့်နှစ်စုံအသိ ဖြစ်လာ သောအခါ ပုဏ္ဏားက "ဤပုဆိုးတို့ကို တိုး၍ယူရန်ပြုနေသကဲ့သို့ ဖြစ်နေသည်"ဟု စဉ်းစားမိပြန်သောအခါ မိမိအတွက်တစုံ၊ ပုဏ္ဏေးမအတွက်တစုံ ၂ စုံယူ၍ ကျန်သုံးဆယ်တို့ကို ဘုရားအား အကုန်လှူလိုက်၏။

## ပုရောဟိတ်ရာထူး ပေးအပ်ခြင်း

ထိုအချိန်မှစ၍ ကောသာဋ္ဌကပုဏ္ဏားသည် ဘုရားသခင်နှင့် ၎င်း၊ မင်းကြီးနှင့်၎င်း ချစ်ကျွမ်းဝင်ခဲ့၏။

တနေ့သော ချမ်းလှသည့်နေ့တွင် မင်းကြီးသည် ဘုရားထံ တရားနာသွားရောက်စဉ် ကောသာဋ္ဌကပုဏ္ဏားအား အဖိုးတသိန်း ထိုက်သောကမ္ဗလာကို "ယနေ့မှစ၍ တရားနာလျှင် ဤကမ္ဗလာ ကိုရုံလော့"ဟုဆို၍ ပေးပေ၏။

ပုဏ္ဏားသည် "ခန္ဓာကိုယ်အပုပ်ကောင်ကို တန်ဆာဆင်ခြင်း ဖြင့် အကျိုးမရှိချေ"ဟု ကြံပြီး ဘုရားသခင်၏ ညောင်စောင်း ထက်တွင် ဗိတာန်ကြက်၍ လှူခဲ့၏။

မင်းကြီးသည် ဘုရားသခင်ထံ လာသောနေ့တွင် ကမ္ဗလာ ဗိတာန်ကိုမြင်လျှင် ဤပုဏ္ဏား ငါ့ထက်ပင်တော်ပေ၏ဟုကြည်ညို လှသဖြင့် (သဗ္ဗဋ္ဌက)ခည်သော လူတို့အသုံးအဆောင် တချိုး

တမျိုးလျှင် ရှစ်ခု ရှစ်ခုတို့ကိုပြု၍ ပုဏ္ဏားအား ပေးလှူပြီး ပုရောဟိတ်အရာ၌ ခန့်ထား၏။

ကောသလ္လက ပုဏ္ဏားကြီးသည် "အဌ အဌက" မှာ ခြောက်ဆယ့်လေးခုသော ဆုရသည်ကိုရည်ရွယ်ပြီး ခြောက်ဆယ့်လေးပါးကုန်သော သလာကဘတ်တို့ကို အမြဲမပြတ် လုပ်ကျွေး၏၊ အသက်ရှည်သမျှ ဒါနသီလမပျက်စေပဲ စုတိသည် ရှိသော် နတ်ပြည်၌ဖြစ်ရပြန်၏။

(၃)

## ၃။ ကောဏာဂုံနှင့် ကဿပဘုရားနှစ်ဆူအကြား အတိတ်ဇာတ်

အရှင်မဟာကဿပမထေရ်လောင်းသည် နတ်ပြည်မှစုတိ၍=

ဘုရားနှစ်ဆူအကြားတွင် ဗာရာဏသီပြည်၌ "သူကြွယ်" ဖြစ်ပြန်၏။ တနေ့၌ တောသို့ ခရီးထွက်စဉ် ပစ္စေကဗုဒ္ဓါအရှင်တပါး မြစ်ကမ်းနား၌ သင်္ကန်းချုပ်နေရာမှ အပေါ်ထပ် အနားပတ် မလောက်သဖြင့် မချုပ်သေးပဲ ပုံထားသည်ကို သူကြွယ်မြင်၍ အပေါ်ရုံပုဆိုးကို အနားပတ်အတွက် ပေးလှူပြီး

"အရှင်ဘုရား။ ။ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ တပည့်တော်အား တစုံတခုသော ဆုတ်ယုတ်ခြင်းသည် မဖြစ်ပါစေသတည်း" ဟု ဆုတောင်းပတ္တနာပြု၏။

## သမီးယောက်မ မတည့်ကြ

သူကြွယ်၏အိမ်၌ သူကြွယ်၏မယားနှင့်နှမတို့သည်မတည့်ကြ၊ ရန်ဖြစ်နေစဉ် ပစ္စေကဗုဒ္ဓါ အရှင်တပါး ဆွမ်းခံကြွလာခိုက် သူကြွယ်၏နှမသည် ဆွမ်းကိုလောင်း၍=

"ဤလိုမိန်းမမျိုးနှင့် ယူဇနာတရာအကွာက ရှောင်ကြဉ်ရပါလို၏"ဟု ဆုတောင်းလိုက်၏။

သူကြွယ်၏မယားသည် ထိုဆုတောင်းကို ကြား၍ အရှင်မြတ်၏သပိတ်ကိုယူပြီး ဆွမ်းတို့ကိုသွန်ပစ်၍ ရွှံ့နှံ့အပြည့်ထည့်ကာ အရှင်မြတ်အား သပိတ်ကိုပေး၏။

သူကြွယ်၏နှမမြင်၍"ဟယ် ...အမိုက်မ ငါနှင့်ရန်ဖြစ်သည့်ကို ငါ့ကိုသာဆဲပါ၊ အရှင်မြတ်၏ ဆွမ်းကို သွန်ပစ်ပြီး ရွှံ့ညွှန်များ ထည့်ပေးခြင်းမှာ မသင့်"ဟု ပြော၏။ သူကြွယ်၏ မယားသည် ချက်ချင်းပင် သတိတရားရပြီး-

"အရှင်ဘုရား၊ တခဏမျှ ရပ်တော်မူပါဦး"

ဟု ရိုသေစွာ လျှောက်ကြား၍ သပိတ်ကိုယူကာ ရွှံ့တို့ကို သွန်ပြီး သပိတ်ကိုဆေးကြော၍ နံ့သာမှုန့်တို့ဖြင့် လိမ်းကျံပြီး စတုမဓုကိုသပိတ်အပြည့်လောင်း၏။ အထက်၌ ပဒုမာကြာရွက် အဆင်းဖြင့် တဝင်းဝင်းတောက်ပသော ထောပတ်ကို သွန်းလောင်း၍ ပေးလှူ၏။

"ဤဆွမ်းအရောင်သည် ပြောင်ပြောင်တောက်ပဘိ
သကဲ့သို့ တပည့်တော်မ၏ ကိုယ်မှ အရောင်သည်လည်း
ပြောင်ပြောင်တောက်ပ ထွန်းလင်းပါစေသတည်း"

ဟု ဆုတောင်း၏၊ အရှင်မြတ်လည်း အနုမောဒနာပြု၍ ကောင်းကင်သို့ ကြွတော်မူ၏၊ သူကြွယ် လင်မယားတို့သည် အသက်ရှည်သမျှတည်ပြီးမှ သေလွန်လျှင် နတ်ပြည်၌ဖြစ်လေ၏။

(၄)

## ကဿပဘုရားရှင်လက်ထက် အတိတ်ဇာတ်

အရှင်မဟာကဿပမထေရ်အလောင်းတော်သည်-

နတ်ပြည်မှုတဖန် စုတိပြန်သော် သူကြွယ်သည် ကဿပ ဘုရားရှင် ပွင့်တော်မူရာ ဗာရာဏသီပြည်၌ "ကုဋေရှစ်ဆယ် သဌေးသားဖြစ်၏၊ သူကြွယ်၏မယားသည်လည်း အခြားသော သဌေးသမီး"ဖြစ်လာ၏၊ အရွယ်ရောက်သောအခါ ထိုသဌေး သမီးနှင့် ထိမ်းမြား၏။

ရှေးကပြုဘူးသော မကောင်းမှုကံကြောင့်

သဌေးသား၏ အိမ်သို့ရောက်၍ လှေကားခုံ၏ အတွင်းသို့ဝင်လျှင် သဌေးသမီးတကိုယ်လုံး၌ ကျင်ကြီး တွင်းကဲ့သို့ စက်ဆုတ်ရွံရှာဖွယ် မကောင်းသော အနံ့ ရှိသည်ဖြစ်၍ သဌေးသားက နှင်ထုတ်သဖြင့် အိမ်သို့ ပြန်ပို့လိုက်ရ၏၊ ထိုသဌေးသမီးသည် ခုနစ်ဦးသော သဌေးသားတို့နှင့် ထိမ်းမြားရာ၌လည်း ဤသို့ ပြန်ပို့ ကြသည်သာတည်း။

## ရွှေအုတ်ချပ်လှူဒါန်းခြင်း

ထိုအချိန်၌ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်၍ ကြွင်းကျန်သော ဓာတ်တော်တို့ကို အဘိုးတသိန်းထိုက်သောရွှေအုတ်တို့ဖြင့် ယူဇနာအမြင့် အစောက်ရှိသောစေတီကြီးကိုတည်ကြကုန်၏။

သဌေးသမီးသည် ငါ၌ကား ခုနစ်ဦးကုန်သော သဌေးသားတို့က လက်မခံပြန်ပို့ခြင်းခံရသည်၊ အသက်ရှည်၍ နေရသဖြင့် အဘယ်အကျိုးရှိတော့အံ့ဟုစဉ်းစားပြီး မိမိ၏လက်ဝတ်တန်ဆာတို့ကို ဖျက်ဆီး၍ ရွှေအုတ်ကိုလုပ်စေ၏၊ အလျားတတောင်၊ အနံအပြန့်တထွာ၊ အထု လက်လေးသစ်ရှိ၏၊ ရှစ်ခုကုန်သော ကြာလက်တို့နှင့်တကွ ဆေးဒန်းမြင်းသီလာကျောက်မြေမှုန့်တို့ကို ယူ၍ စေတီတည်ရာအရပ်သို့ သွား၏။

စေတီ၌အုပ်တချပ်သည်လင်၍ လိုအပ်လျက်ရှိသဖြင့် ပန်းရန်တို့က "ကိုယ်တိုင်ပင် ထည့်သွင်းစီထားပါလော့" ဟုဆို၏။ သဌေးသမီးသည်ကိုယ်တိုင်ပင်အုတ်ကိုစီ၍ အထက်၌ကြာပန်းရှစ်လက်တို့ဖြင့် ပူဇော်၍ ကြည်လင်ညွတ်လျှိုးရှိခိုးပြီးသော်–

> "ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတို့၌တပည့်တော် မ ၏ ကိုယ်မှစန္ဒကူးနံ့သည် သင်းပျံ့ကြိုင်လှိုင်ပါစေသတည်း။ ခံတွင်းမှလည်း ကြာညိုပန်း အနံ့သင်းပျံ့ မွှေးထုံပါစေသတည်း"

ဟု ဆုတောင်း၍ ဦးတိုက်ကာ လကျာ်ရစ်လှည့်၍ ပြန်လာခဲ့၏။

## ဆုတောင်းတိုင်းသာပြည့်လေရာ

ထိုခဏ၌ပင် ပထမဦးစွာ ထိမ်းမြားသည့် သူကြွယ်သားသည် နက္ခတ်ပွဲသဘင်တွဲယှဉ်ရန်သဌေးသမီးကိုသတိရ၍ သဌေးသမီး

ကိုဆောင်ယူစေ၏။ သဌေးသမီးက "အမောင်တို့ကျွန်ုပ်၌လက်ဝတ်တန်ဆာမရှိတော့ပါ၊ စေတီတော်၌ပူဇော်လိုက်ပါပြီ" ဟုပြော၏။ သဌေးသားအား အကြောင်းပြန်ကြားသောအခါ "လက်ဝတ်တန်ဆာတို့ ရပါစေမည်၊ ခေါ်ဆောင်၍သာ လာခဲ့ပါ" ဟု ဆိုသဖြင့် ဆောင်ယူခဲ့ကြ၏။

အိမ်သို့ရောက်သည်နှင့် စန္ဒကူးနံ့နှင့် ကြာညိုပန်းနံ့တို့သည် လှိုင်လေ၏။

သဌေးသားက အံ့သြ၍ မေးသဖြင့် သဌေးသမီးသည် မိမိ၏ ကောင်းမှုနှင့် ဆုတောင်းပတ္တနာကိုပြောကြားသဖြင့် သဌေးသားသည် ဝမ်းမြောက်ကြည်ညိုလှသောကြောင့် တယူဇနာရှိသော ကမ္ဗလာဖြင့် ဖုံးလွှမ်းဝန်းရံ၍ လှည်းဘီးစက်မျှ ရှိကုန်သော ရွှေပဒုမာကြာတို့ဖြင့် တန်ဆာဆင်၏။ ကြာလက်တို့ သည် တဆယ့်နှစ်တောင်ပမာဏရှိကုန်၏၊ ဤသို့ဖြင့် အသက်ရှည်စွာနေကြပြီးသေလွန်သော်နတ်ပြည်၌ဖြစ်ကြ၏။

(၅)

## ရှူးဘုန်းရှူးကံပွင့်လန်းပြန်

### (ဘုရားနှစ်ဆူအကြားမှအတိတ်ဇာတ်)

နတ်ပြည်မှတဖန်စုတိပြန်သော် ဗာရာဏသီပြည်မှတယူဇနာဝေးသောရွာတရွာ၌ "မထင်ရှားသော အမတ်မျိုး" ၌ဖြစ်၏။ ထိုသဌေးသမီးသည်ကား "ဗာရာဏသီမင်းကြီး၏ သမီးတော်အကြီး" ဖြစ်လေ၏။

အရှယ်သို့ရောက်ကြသော် သတိုသားသည် နက္ခတ်ပွဲသဘင်ကို ကြုံကြိုက်၍ မိခင်ထံ၌ပုဆိုးကိုတောင်း၏၊ ဖွတ် လျှော်ပြီး သော ပုဆိုးကိုပေး၏။ ဤပုဆိုးကား ကြမ်းလှပါသည်၊ နူးညံ့သော ပုဆိုးကိုပေးပါဟုဆို၏။

မိခင်သည် တပါးသော ပုဆိုးကိုပေး၏၊ သတိုသားကပယ် ပြန်၏၊ မိခင်က ဤအိမ်၌ ဤထက်နူးညံ့သော ပုဆိုးမရှိပါဟု ပြော၏၊ဤသို့ဆိုလျှင်ကောင်းမြတ်သောပုဆိုးရှာရန်သွားပါမည် ဟု မိခင်ကိုခွင့်ပန်၏၊ မိခင်ကခွင့်ပြု၏၊ သတိုသားသည် မည်သည့် အရပ်သို့ သွားမည်ဟု ရည်ရွယ်ချက်မရှိ၊ ရှေးဘုန်းရှေးကံကို ယုံကြည်၍ ထွက်ခဲ့ပြီး ဗာရာဏသီပြည်အနီး ဥယျာဉ်ကြီး၌ တခုသောကျောက်ဖျာထက်တွင် ဦးခေါင်းကိုပုဆိုးဖြင့် ရုံကာ အိပ်နေ၏။

ထိုအချိန်၌ ဗာရာဏသီမင်းကြီးနတ်ရွာစံ၍ သမီးတော်တပါး သာကျန်ခဲ့သဖြင့် မှူးမတ်တို့သည်ပုရောဟိတ်ပုဏ္ဏားနှင့်တိုင်ပင်ပြီး ဖုတ်သွင်းရထားကို စီရင်၍ လွှတ်၏၊ ဖုတ် သွင်း ရ ထား သည် ဥယျာဉ်သို့ရွေ့ရှုသွား၍ ကျောက်ဖျာထက်၌ အိပ်၍နေသော သတိုသားကိုလက်ျာရစ်လှည့်ပြီးခြေရင်း၌ရပ်၏၊

ပုရောဟိတ်ပုဏ္ဏားသည်အနီးသို့သွားရောက်ပြီးရုံ၍ထားသော ပုဆိုးကိုလှစ်၍ ခြေဖဝါးအပြင်ကိုကြည့်ရှုပြီး—

"အိုအချင်းတို့....ဤသူကား ဇမ္ဗူဒိပ်ကျွန်းသာမက ကျွန်း ငယ်နှစ်ထောင်နှင့်တကွ ကျွန်းကြီးလေးကျွန်းတို့၌ပင် မင်းပြုခြင်း ငှာ စွမ်းနိုင်လတံ့" ဟု ပြောပြီး တူရိယာတို့ကို တီးမှုတ်စေ၏။

သတိုသားသည် ပုဆိုးခြုံမှ မျက်နှာကိုဖွင့်၍ ကြည့်ရှုပြီးသော် အကြောင်းကိုမေး၏၊ ပုရောဟိတ်ပုဏ္ဏားက

"ဘုရင်မင်းမြတ်နတ်ရွာစံ၍ သမီးတော်တပါးသာ ကျန်ခဲ့သဖြင့် မင်းလောင်းကိုရှာဖွေကြရာ အရှင်မင်းမြတ်ကိုနန်းအပ်ရန် ရောက်လာကြပါသည်"

ဟု လျှောက်ကြား၏၊ သတို့သားလည်း အကြောင်းစုံ နာကြားပြီး မင်းအဖြစ်ပြုရန်ဝန်ခံ၏။

ထိုခဏ၌ ဥယျာဉ်တွင်းမှာပင် အဘိသိက်သွန်းရန် မဏ္ဍာပ်ကို ဆောက်ကြပြီး မင်းသမီးကိုတန်ဆာဆင်၍ ဥယျာဉ်သို့အဘိသိက် သွန်းရန်ဆောင်ယူလာကြ၏။

သတို့သားအတွက် အဘိုး တသိန်း ထိုက်သော အဝတ်ကို ဆောင်ယူလာကြ၏။ သတို့သားက ဤအဝတ်သည်ကြမ်းလှ၏၊ အခြားသော ပို၍နူးညံ့သိမ်မွေ့သည့် အဝတ်တို့ မရှိပြီလောဟု မေး၏၊ လူတို့သုံးဆောင်သော အဝတ်တို့တွင် ဤအဝတ်ထက် ပို၍နူးညံ့သော အဝတ်တို့မရှိပါဟုလျှောက်၏။

**ပဒေသာပင်များ မြေကြီးကိုခွဲ၍ ပေါက်လာခြင်း**

ထိုသို့ဖြစ်လျှင် ရွှေကရားကိုဆောင်ယူခဲ့ကြလော့ဟုဆို၏။

ရွှေကရားကိုဆက်လျှင် ရွှေကရားဖြင့် အရှေ့မျက်နှာအရပ်၌ ရေကိုသွန်းလောင်း၏၊ ထိုခဏ၌မဟာပထဝီမြေကြီးကိုဖေါက်ခွဲ၍ ပဒေသာပင်ရှစ်ပင်တို့သည် ပေါက်လာကုန်၏။

တဖန် တောင်မျက်နှာ၊ အနောက်မျက်နှာ၊ မြောက်မျက်နှာတို့၌ သွန်းလောင်းပြန်သော် ရှစ်ခုစီသော ပဒေသာပင်တို့ ပေါက်၍ အရပ်လေးမျက်နှာတို့တွင် ပဒေသာပင် သုံးဆယ့်နှစ်ပင်တို့သည် ပေါက်ကုန်၏။

မင်းကြီးသည် နတ်၌ဖြစ်သော ပုဆိုးတထည်ကို ဝတ်၍ တထည်ကိုရုံ၏။

"နန္ဒမင်း၏နိုင်ငံအတွင်း၌နေကြသော သူအပေါင်းတို့သည် ချည်ကိုင်၍ပုဆိုးရက်ခြင်းမပြုကြပဲ ပဒေသာပင်၌ပေါလာသော နတ်၌ဖြစ်သော ပုဆိုးတို့ကိုသာ သုံးဆောင်ကြစေသတည်း"ဟု တိုင်းပြည်တွင် စည်လှည့်ကြေငြာစေ၏။

## မိဖုရားက သတိပေးခြင်း

ဤသို့ မင်းစည်းစိမ်ကို ခံစားလျက် ကာလကြာမြင့်သော် မိဖုရားကြီးက မင်းကြီး၏စည်းစိမ်ချမ်းသာကိုကြည့်၍ သံဝေဂရသဖြင့် သနားကြင်နာသော စကားကိုဆို၏။ မင်းကြီးက မေးသော်

"အရှင်သည် ရှေးဘဝကုသိုလ်ကိုသာ ခံစားစံစား၍နေ၏၊ အနာဂတ်ဘဝ၌ ခံစားရမည့် ကုသိုလ်ကောင်းမှုကို မပြုသော ကြောင့် ပြောဆိုပါသည်"ဟု လျှောက်၏။

"ရှင်မိဖုရား အဘယ်သူအား လှူရအံ့နည်း၊ သီလရှိသော ပုဂ္ဂိုလ်များမရှိချေ"ဟု မိန့်တော်မူသော်

"အရှင်မင်းမြတ်၊ ဇမ္ဗူဒိပ်ကျွန်းသည် ရဟန္တာတို့ မဆိတ်သုဉ်းပါ၊ အရှင်မင်းမြတ်သာ အလှူအတွက်စီစဉ်ပါ၊ကျွန်တော်မသည် ရဟန္တာများ ရအောင် ပင့်ဆောင်ပေးပါမည်"ဟု လျှောက်၏။

နောက်တနေ့တွင် မင်းကြီးသည် အရှေ့မျက်နှာတံခါး၌ အလှူအတွက်စီစဉ်၏၊ မိဖုရားသည်ရှစ်ပါးသီလဆောက်တည်၍ ပြာသာဒ်အပြင်ဘက်၌ အရှေ့မျက်နှာသို့ ရှေ့ရှုပြီး

"ဤအရှေ့အရပ်၌ ရဟန္တာတို့ရှိသည်ဖြစ်ပါအံ့ နက်ဖြန်ခါ ကြွတော်မူလာ၍ တပည့်တော်မတို့၏ဆွမ်းကိုခံယူတော်မူလော့"

ဟု လျှောက်ထား၏၊ ထိုအရှေ့မျက်နှာ၌ ရဟန္တာတပါးမျှ မရှိကြ၍ ကြွမလာကြသဖြင့် ၎င်းဥပါသကာတို့ကိုမရှိဆင်းရဲသားနှင့် ဖုန်းတောင်းယာစကာတို့အား လှူဒါန်းလိုက်ရ၏။

ဒုတိယနေ့တွင် ဤသို့ပင်စီစဉ်၍ တောင်မျက်နှာတံခါးမှ ပင့်၏၊ တတိယနေ့တွင်လည်း အနောက်တံခါး၌ အလှူဝတ်ကို စီရင်၍ ထို့အတူသာပြု၏၊ ရဟန္တာတပါးမျှမရှိ၍ ကြွလာခြင်း မပြုကြပေ။

## ပဒုမဒေဝီ၏ သားတော် ပစ္စေကဗုဒ္ဓါငါးရာ

စတုတ္ထနေ့တွင် မြောက်မျက်နှာတံခါး၌စီစဉ်၍ မိဖုရားသည် လျှောက်ကြားပင့်ဖိတ်သည်ရှိသော်ဟိမဝန္တာ၌ သီတင်းသုံးတော်မူကြကုန်သော ပဒုမဒေဝီမိဖုရား၏ သားတော်အကြီး မဟာပဒုမပစ္စေကဗုဒ္ဓါသည် ညီတော်ပစ္စေကဗုဒ္ဓါငါးရာတို့ကို ခေါ်တော်မူ၍ "နန္ဒမင်း"၏ ပင့်ဖိတ်သော အလှူတော်အတွက် ကောင်းကင်ခရီးမှ ကြွရောက်ကြကုန်၏၊ မင်းမိဖုရားတို့လည်း အားရဝမ်းသာ အလှူဒါနကို ပေးလှူကြပြီးပစ္စေကဗုဒ္ဓါအရှင် တို့အား ပစ္စည်းလေးပါးကို လျှောက်ထား၍ အသက်ထက်ဆုံး ဤအရပ်၌ သီတင်းသုံးခြင်းအခွင့်ကို ပေးသနားတော်မူပါဟု လျှောက်ထားကြ၏၊ ပဋိညာဉ်ရလျှင် ဥယျာဉ်တော်၌ သစ်ရွက်မိုးကျောင်းငါးရာ စင်္ကြန်ငါးရာတို့နှင့်တကွ လိုအပ်သောအရာ တို့ကို စီမံပေးပြီး ပစ္စေကဗုဒ္ဓါတို့အား နေ့စဉ်ဝတ်ကိုပြုစုကြ၏။

## ရသေ့ရဟန်းပြုကြခြင်း

ကာလကြာသော် နယ်စွန်နယ်ဖျား၌ ခိုးသားဒမြတို့ ထကြွသည်ကို မင်းကြီးနှိမ်နင်းရန်အသွား ပစ္စေကဗုဒ္ဓါအရှင်တို့သည်

အာယုသင်္ခါရ ကုန်လေသဖြင့် အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် ား၊ရာကုန်သော ပစ္စေကဗုဒ္ဓါတို့သည် တပြိုင်နက်ပင် ပရိနိဗ္ဗာန် ံဝင်တော်မူကြကုန်၏။

မိဖုရားလည်း ပြင်းစွာပူဆွေးငိုကြွေးပြီးမှ သာဓုကိုဠနပူဇာ ဖြင့်ပူဇော်ပြီး ဓာတ်တော်တို့ကို စေတီတည်ထား၏။ မင်းကြီး ပြန်ရောက်သော် ပရိနိဗ္ဗာန်စံဝင်ကြောင်းသိရလေလျှင်-

"ဤသို့တန်ခိုးအာဘိညာဉ် ပညာဉာဏ်အမြင်ရှိကြကုန်သော အရှင်မြတ်တို့သည်ပင် စုတိချုပ်ကြွေ သေလွန်ခြင်း ဖြစ်ကြကုန် ်သေး၏၊ ငါတို့ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း"

ဟု မြို့သို့မဝင်တော့ပဲ ဥယျာဉ်တော်၌ပင်နေ၍ သားတော် အကြီးအား ထီးနန်းလွှဲအပ်၍ ရသေ့ရဟန်းပြုလေ၏၊ မိဖုရား သည်လည်း ရသေ့ရဟန်းပြုလေ၏၊ ထိုမင်းမိဖုရား ရသေ့ရဟန်း နှစ်ပါးသည် ဈာန်ကိုပွားများ၍ စုတိကြသည်ရှိသော် ဗြဟ္မာ့ ပြည်၌ဖြစ်ကြကုန်၏။

(၆)

## ဂေါတမဘုရားလက်ထက် ပဉ္စုပ္ပန်ဇာတ်

### (ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနိ)

အရှင်မဟာကဿပမထေရ်အလောင်းတော်သည်

ဗြဟ္မာ့ဘုံ၌ရှိစဉ်ပင် ဂေါတမမြတ်စွာဘုရားသည် ပွင့်တော် မူ၍ ရာဇဂြိုဟ်ပြည်၌ စံနေတော်မူ၏။

"ပိပ္ပလိလုလင်"သည် ဗြဟ္မာ့ပြည်မှစုတိ၍ မာဂဓရာဇ်တိုင်း၌ မဟာတိတ္ထပုဏ္ဏားမ ဝမ်းတွင်ဖြစ်လေ၏။

"ဘဒ္ဒကာပိလာနီ" သည် ဗြဟ္မာ့ပြည်မှ စုတ်လာခဲ့၍မဒ္ဒရာဇ်တိုင်း သာဂလပြည်မှ ကောသိယဒနွယ်အဂ္ဂမဟေသီပုဏ္ဏေးမ၏ ဂမ်းဝယ်ဖြစ်လေ၏။

ပိပ္ပလိလုလင်သည်အ သက် နှစ် ဆယ် တွင် မယ်ဘဒ္ဒါသည် တဆယ့်ခြောက်နှစ်ရောက်၏။ ပိပ္ပလိ၏မိဘတို့သည် သားကို အိမ်ထောင်ပြုစေလိုကြ၏၊ ပိပ္ပလိလုလင်ကလည်း မိဘတို့အသက် ထင်ရှားရှိသမျှ လုပ်ကျွေးပြုစုပါရစေ၊ အရှင်တို့မရှိလျှင် ရဟန်းပြုပါအံ့ဟုဆို၏၊ မိဘတို့သည် နှစ်ရက် သုံးရက် ရောက်တိုင်း ထပ်ခါထပ်ခါပြော၏။ အမိသည်အမြဲမပြတ် တတွတ်တွတ်သာ ပြောနေ၏။

## ရွှေရုပ်ထက် ပို၍လှသော မယ်ဘဒ္ဒါ

ထိုအခါ လုလင်သည် မိခင်၏ နားအပူ သက်သာစေခြင်းငှာ နီမြန်းသော ရွှေစင်နိက္ခတထောင်ကို ရွှေပန်းတိမ်သည်တို့အား ပေးအပ်၍ မိန်းမရုပ်ကိုသွန်းလုပ်စေ၏။ ကျစ်လစ်ကောင်းမွန်စွာ ပြုလုပ်ပြီးနောက်၊ နီသောအဝတ်နှင့် အထူးထူးသော တန်ဆာတို့ကိုဆင်၍ မိခင်အား ဤရွှေရုပ်နှင့်တူသော မိန်းမကိုရလျှင် အိမ်ထောင်ပြုပါအံ့၊ မရလျှင် မယူပါဟုဆို၏။

မိခင်လည်း ရှစ်ယောက်သော ပုဏ္ဏားတို့ကိုခေါ်ပြီး ရွှေငွေတို့ကိုပေး၍ ဤရွှေရုပ်ကို ရထားတွင်တင်ပြီး ငါတို့နှင့် အမျိုးအနွယ်တူသော သတို့သမီးကိုရှာပါချေဟု စေလွှတ်၏။ ပုဏ္ဏားတို့လည်း မဒ္ဒရာဇ်ပြည်သည်အချောအလှပေါများ၏ဟုသာဂလမြို့သို့ သွားကြ၏။ သာဂလမြို့ ရေချိုးဆိပ်တွင် ရွှေရုပ်ကိုထား၍ မနီးမဝေး၌ နေကြ၏။

## မီးမထွန်းပဲ လင်းသော အဆင်းရှင်

ဘဒ္ဒါ၏ အထိန်းတော်တို့သည် ဘဒ္ဒါကို ရေချိုးပြီး တန်ဆာဆင်၍ တိုက်ခန်း၌ထားခဲ့ပြီး မိမိတို့ရေချိုးခြင်းငှာ မြစ်ဆိပ်သို့ ဆင်းကြ၏။ ရွှေရုပ်ကိုမြင်သော်“အရှင်မသမီးသည် ဤအရပ်သို့ အဘယ်ကြောင့်လာသနည်း”ဟု နောက်မှနေ၍ လက်ဝါးဖြင့် ပုတ်ခတ်သော် နာကျင်သည်ဖြစ်၍ အရုပ်မှန်းသိပြီး....

“ငါက အရှင်မသမီးဟုထင်ခဲ့သည် အမှန်မှာ နှိုင်းယှဉ်ခြင်း ပင် မသင့်”ဟု ပြောဆို၏။

ပုဏ္ဏားတို့ကြားလျှင် အထိန်းတော်မိန်းမကို ဝိုင်းဝန်း မေးကြ၏။

“သင်တို့ အရှင်တွင် ဤမျှလှပသော သမီး ရှိသလော”ဟု မေးကြ၏။

“ဤရွှေရုပ်ထက်မက အဆထောင်သောင်း ပို၍ လှသည်။ တဆယ့်နှစ်တောင်ရှိသော တိုက်ခန်း၌ ဆီမီးမထွန်းရပဲ ကိုယ်ရောင်ဖြင့်သာ လင်းစေသည်”

ဟု ပြောလေလျှင်၊ ပုဏ္ဏားတို့လည်း ထိုအထိန်းမိန်းမကြီးနှင့် အတူ ရွှေရုပ်ကို ရထားသို့တင်ပြီး ကောသိယ ပုဏ္ဏား၏အိမ်သို့ လာခဲ့ကြ၏။

ပုဏ္ဏားကြီးလည်းအကျိုးအကြောင်းကိုမေးကြည့်သိရှိရလျှင် အနွယ်တူ၊ အမျိုးတူ၊ စည်းစိမ်ချမ်းသာရှိသော ပုဏ္ဏားလုလင်အား သတို့သမီးနှင့်ထိမ်းမြားပေးပါအံ့ဟုသဘောတူညီလိုက်၏။

ထိုသတင်းကို ပိပ္ပလိလုလင်ကြားလျှင်

"ငါသည် မရနိုင်သည်ကိုကြံ၍ပြောမိသည်၊ ယခုရှာရချေပြီ၊ ထပ်၍ကြံဦးမည်"ဟု ဘဒ္ဒကာပိလာနီထံ တိတ်တဆိတ်စာရေး၍ လူလွှတ်လိုက်၏။

မယ်ဘဒ္ဒါလည်း မိမိအား မင်္ဂလာ ဆောင်းနှင်းတော့မည်ကို သိလျှင် ပိပ္ပလိလုလင်ထံ တိတ်တဆိတ် စာရေး၍စေလွှတ်၏။

"အရှင့်သား၊သင့်လျော်သော သတို့သမီးတယောက်
ကို ရှာ၍ယူတော်မူပါ၊ ကျွန်တော်မသည် ရဟန်းပြုမည်
ဖြစ်၍ နောင်၌ နှလုံးမသာမယာ ဖြစ်ပါလိမ့်မည်"

ဤစာနှစ်စောင်သည် လမ်းတွင်ဆုံမိကြ၏။ စာကိုဖြေ၍ဖတ်ကြည့်ကြလျှင် သတို့သား သတို့သမီး နှစ်ဦးစလုံး၏ အံ့ဩဖွယ်ရာ တသဘောတည်း ဖြစ်နေသောစာကို တအံ့တဩ ဖြစ်ကြပြီး ဆုတ်ဖျက်၍ နှစ်ဦးသားတို့ မေတ္တာစကားပါးလေဟန် ပြုပြင်ရေးသားပြီးပေးလိုက်ကြ၏။ဤသို့ဖြင့် မင်္ဂလာပွဲကြီးဖြစ်မြောက်ပြီးစီးသွားတော့၏။

## ပန်းကုံးအလယ်၌ ပိပ္ပလိနှင့် မယ်ဘဒ္ဒ

မင်္ဂလာဆောင်သော နေ့၌ပင် ပိပ္ပလိ လုလင်သည် ပန်းကုံးတခုကို မယ်ဘဒ္ဒါထံပို့စေ၏။ မယ်ဘဒ္ဒါလည်း ပန်းကုံးကို အိပ်ယာ၏ အလယ်တည့်တည့်၌ထား၏။

ညဉ့်အိပ်ရာဝင်လျှင် ပိပ္ပလိလုလင်က ပန်းကုံးကိုမထိဘဲ အိပ်ကြစို့၊ ပန်းကုံးညှိုးသည့်ဘက်၌ ရာဂစိတ်ဖြစ်သည်ကို သိလိမ့်မည်ဟု ပြောဆို၏။

မယ်ဘဒ္ဒါကလည်း ဤသို့ပင်ပြောဆို၍ နှစ်ဦးသား ကျော ခိုင်း၍အိပ်ကြရာ အချင်းချင်း ထိခိုက်မိမည်စိုးသဖြင့် တညလုံး အိပ်မပျော်ဘဲ မိုးလင်းရ၏။

နေ့အခါ၌လည်း တယောက်ကိုတယောက်ကြည့်၍ပြုံးရယ် ခြင်းမှုကို မပြုကြကုန်။

ဤသို့ဖြင့် နှစ်ဦးသောသူတို့သည် စိတ်ဖြင့်ပင်မပြစ်မှားကြပဲ အမိအဖတို့ ရှိသမျှကာလပတ်လုံး နေကြကုန်၏။

အမိအဖတို့ လွန်မြောက်ကြလျှင် ပိပ္ပလိလုလင်သည် အလုပ် အမှုတို့ကို စီစစ်ကြည့်ရှုရ၏။

## မြင်မြင်သမျှ သံဝေဂ

ပိပ္ပလိလုလင်သည် တနေ့၌ လယ်လုပ်ရာတွင် ထွန်ယက်ရာ အရပ်သို့သွား၍ ကြည့်ရှုနေစဉ် တီအစရှိသော ပိုးမွှားတို့ကို ကျီး ငှက်တို့သည် ချီယူ၍ စားသောက်ကြသည်ကိုမြင်လျှင်

“ငါ့ကလယ်ထွန်စေ၍ ဤတီအစရှိသော ပိုးမွှားတို့သေကြ ရသည်၊ ဤမကောင်းမှုသည် ငါ့အားသာလျှင် ဖြစ်ပေမည်၊ မယ်ဘဒ္ဒါအား ပစ္စည်းအစုစု အပ်နှင်း၍ ရဟန်းပြုတော့အံ့”ဟု ကြံစီမိ၏။

ဘဒ္ဒကာပိလာနီသည် အိမ်၌ နှမ်းတို့ကိုဖြန့်၍ နေလှမ်းသည် ရှိသော်၊ ကျီးတို့သည် နှမ်းပိုးတို့ကို စားသောက်ကြသည်ကိုမြင် သဖြင့် သံဝေဂဖြစ်ခါ အလုံးစုံသော စည်းစိမ်တို့ကို အရှင်သား အား လွှဲအပ်၍ ရဟန်းပြုတော့မည်ဟု ကြံ၏။

ပိပ္ပလိသတို့သား၏ ပစ္စည်းဥစ္စာတို့သည်ရှစ်ဆယ့်ခုနစ်ကုဋေရှိ၏။ တနေ့တနေ့၌ ကိုယ်ကို ပွတ်သပ်သုတ်သင်၍ စွန့်ပစ်အပ်သော ရွှေသည် မာဂဓရာဇ်ကွမ်းစား တဆယ့်နှစ်ကွမ်းစားမျှရှိ၏။

ယန္တရားစက်ဖြင့်လှည့်အပ်သောလက်ဆည်ကန်ကြီးများသည် ခြောက်ဆယ်မျှရှိ၏။

အနုရာမမြို့လောက်ရှိသော ကျွန် အ မှု လုပ် တို့၏ နေ ရာ တဆယ့်လေးရွာရှိ၏။ ဆင် ထိန်း မြင်း ထိန်း တို့ သည် လည်း တဆယ့်လေးရွာစီရှိ၏။

ပိပ္ပလိလုလင်သည် အိမ်သို့ပြန်၍ မွန်မြတ်သောဘောဇဉ်တို့ကို စားသောက်ပြီး ဆိတ်ငြိမ်ရာ၌ နှစ်ယောက်တည်းထိုင်နေ၏။

ပိပ္ပလိက ''ရှင်မဘဒ္ဒါ ဤအိမ်သို့လာစဉ်က အဘယ်မျှလောက်သော ပစ္စည်းဥစ္စာတို့ ဆောင်ယူခဲ့ပါသနည်း'' ဟု မေး၏။ မယ်ဘဒ္ဒါက-

''အရှင့်သား။ ။လှည်းအစီးပေါင်းငါးသောင်းငါးထောင် တိုက်မျှရှိပါသည်''ဟုပြော၏။

''ဤအိမ်၌ရှိသော ပစ္စည်းဥစ္စာတို့ကိုရင်း၊ အသင်နှင့်ပါလာသောပစ္စည်းဥစ္စာတို့ကိုရင်း၊အသင့်အားအလုံးစုံလွှဲအပ်၏၊ငါသည် ရဟန်းပြုတော့အံ့'' ဟုဆို၏။

''အရှင့်သား။ ။ကျွန်တော်မသည် အရှင့်အားစောင့်ဆိုင်းနေပါသည်။ကျွန်တော်မသည်လည်းရဟန်းပြုပါတော့အံ့''ဟုဆို၏။

ဤသို့ဖြင့် နှစ်ဦးကုန်သောသူတို့သည် ဖန် ရည် စွန်း သော အဝတ်ကိုရင်း၊ သပိတ်ကိုရင်း ဆောင်ယူ၍ အချင်းချင်းဆံတို့ကို ပယ်ချပြီးသောအခါ-

"ဤလောက၌ အကြင်ရဟန္တာတို့သည်ရှိကုန်၏၊ထိုရဟန်းတို့ကို ရည်မှန်းပြီး ငါတို့ရဟန်းပြုပါကုန်သည်"

ဟုအဓိဋ္ဌာန်၍သပိတ်အိတ်၌သပိတ်တို့ကိုထည့်သွင်းလျက်ပခုံး၌ဆွဲပြီးပြာသာဒ်ထက်မှဆင်းသက်ကြကုန်၏။အိမ်၌နေသော သူတို့သည်တစုံတယောက်မျှမမှတ်မိကြကုန်၊ အမှုလုပ်တို့၏ ရွာသို့ဖြတ်သန်းသွားသည်ရှိသော် မှတ်မိကြ၍ ငိုကြွေးမြည်တမ်းခါ ခြေကိုဖက်ပြီးတောင်းပန်ကြ၏၊ ထိုသူတို့အား တရားဖြင့်နှစ်သိမ့်စေ၍ ငိုကြွေးမြည်တမ်းနေစဉ်ပင် ထွက်ခွာသွားကြကုန်၏။

## နောက်ဆုံးခွဲခွါမှုကြောင့် ပထဝီမြေကြီးတုန်လှုပ်ခြင်း

အရှင်မဟာကဿပအလောင်းတော်ဖြစ်သော---

ပ်ပ္ပလိမထေရ်သည် ရှေ့မှသွားလျက်အနောက်သို့လှည့်ကြည့်သော် ဘဒ္ဒကာပိလာနီကိုမြင်၍ "ဤမိန်းမသည် ထူးမြတ်သော မိန်းမရတနာဖြစ်ပေသည်၊ ငါ၏နောက်မှ အစဉ်တစိုက်လိုက်၍လာ၏၊ တစုံတယောက်က ငါတို့နှစ်ယောက်အားအထင်းမှားပြီး စိတ်၌ပြစ်မှားသော် အပယ်သို့ကျရာ၏၊ မယ်ဘဒ္ဒနှင့်ငါလမ်းခွဲမှ သင့်မည်"ဟုကြံ၏။

လမ်းနှစ်ခွ ဆုံရာရောက်သည့်အခါ ပိ ပ္ပ လိ သည် ရပ် ၏။ မယ်ဘဒ္ဒါသည်ရပ်လျက်ရှိခိုး၍ နေ၏။

"အသင်မယ်သဒ္ဒ။ ။ငါတို့ဤသို့အတူတူသွားကြ၍မသိသော သူတို့က ရဟန်းဝတ်လျက်ပင် မခွဲနိုင်ရှိကြသည်ဟု ကဲ့ရဲ့ ပြောဆိုသော်ထိုသူတို့တွင်အပြစ်ကျရောက်ပေလိမ့်မည်၊သို့ဖြစ်၍ ဤလမ်း

နှစ်သွယ်အနက် သင်ကြိုက်ရာလမ်းကိုရွေးချယ်၍ သွားလေလော့၊ ငါသည်တဖက်လမ်းမှသွားအံ့”ဟုပြော၏။ မယ်ဘဒ္ဒါက–

“ဟုတ်မှန်ပါ၏အရှင်။ ။ရဟန်းတို့အား မာတုဂါမသည် အညစ် အကြေး ပေတည်း။ အရှင်သည် တခုသော လမ်းယူ၍ ကျွန်တော်မသည် တခုသောလမ်းဖြင့် သွားပါအံ့”

ဟုပြောဆိုကာသုံးကြိမ်တိုင်တိုင်လကျ်ာရစ်ရှိခိုး၍ လှည့်လည်ပြီး အရပ်လေးမျက်နှာတို့၌ငါးပါးကုန်သောတည်ရာထိခြင်းဖြင့် တပြောင်ပြောင်တောက်ပသော ဆယ်ချောင်းသော လက်ဖြင့် လက်အုပ်ချီ၍

“ကမ္ဘာတသိန်းမျှလောက်ကာလ၌ ချစ် ခင် ပေါင်း သင်း ဆက်ဆံခဲ့သော မိတ္တသန္ထဝသည် ယနေ့ယခုကွဲပျက်လေပြီ” ဟု ပြောဆို၍–

“အရှင်ယောကျ်ားတို့မည်သည်လကျ်ာဖြစ်၍လကျ်ာဘက်ခရီးကိုယူတော်မူပါ၊ကျွန်ုပ်ကားလက်ဝဲဘက်ခရီးဖြင့်သွားပါအံ့”

ဟု နှစ်ခုသောခရီးတွင်ခွဲခွာ၍ သွားကြစဉ်၌ မဟာပထဝီမြေကြီး သည် ထိုနှစ်ဦးတို့၏ ဂုဏ်ကိုချီးကျူးခြင်းဖြင့် တုန်လှုပ်လေ၏။ ကောင်းကင်၌ မိုးကြိုးသံကဲ့သို့မြည်၏။ စကြဝဠာတောင်သည် ပဲ့တင်ထပ်၏။

## ဘုရားသခင်ကြို ဆိုတော်မူခြင်း

ဝေဠုဝန်ကျောင်းတော်၌ ဘုရားသခင်သည် သီတင်းသုံးတော်မူစဉ် မြေတုန်လှုပ်ခြင်းအကြောင်းကို စူးစမ်းသည်ရှိသော် ပိပ္ပလိလုလင်နှင့်မယ်ဘဒ္ဒါတို့သည် ငါ့ကိုရည်ညွှန်းပြီးမရေမတွက်နိုင်သော စည်းစိမ်ချမ်းသာကို ပယ်စွန့်၍ ရဟန်းပြုကြကုန်၏။

မဟာပထဝီမြေကြီးပင်ထိုသူနှစ်ဦးကိုကွေကွင်းသောအရာ၌ နှစ်ဦးသောသူတို့၏ ဂုဏ်အစွမ်းဖြင့်တုန်လှုပ်လေ၏၊ ငါဘုရားသည်လည်း ချီးမြှင့်ခြင်းပြုအပ်၏ဟု ဆင်ခြင်တော်မူ၍ ကိုယ်တော်တိုင် ပင်သပိတ်သကန်းကို ယူတော်မူ၍ မည်သည့်မဟာထေရ် တဦးမျှ မကြားမသိစေပဲ တပါးတည်းကြွသွားတော်မူ၏။

ဘုရားသခင်သည် **ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒရွာအကြား ဗဟုပုတ္တကအမည်ရှိသော ညောင်ပင်ရင်း၌** ပလ္လင်ဖွဲ့ ထိုင်နေတော်မူယင်း တခဲနက်သော ရောင်ခြည်တော်ကွန်ရက်ကိုလွှတ်တော်မူ၏၊ တောအုပ်တခုလုံးတခဲနက်သောအရောင်ကိုဖြစ်စေ၏။

ပိပ္ပလိလုလင်ဘဝမှ ကူးပြောင်းခဲ့သော မဟာကဿပမထေရ်သည်လည်း ဘုရားရှင်ကိုမြင်ရာအရပ်မှစ၍ ရှိခိုးပြီးသော်-

''အရှင်မြတ်သည် တပည့်တော်၏ ဆရာဖြစ်တော်မူပါလော့၊ တပည့်တော်သည်အရှင်မြတ်၏တပည့်ဖြစ်ပါပြီ''ဟု လျှောက်၏။

မြတ်စွာဘုရားသခင်က-

''ချစ်သားကဿပ။ ။သင်ချစ်သား၏ ရိုသေတုပ်ကွခြင်းသည်၊ ဤမဟာပထဝီမြေကြီးအား ပြုခဲ့ငြားအံ့၊ ထိုမဟာပထဝီမြေကြီးသည် ဆောင်ရွက်ခြင်းငှာမစွမ်း .... ငါဘုရားအားသာလျှင် သည်းခံဆောင်ရွက်နိုင်ပေသည်၊ သင်၏ ရိုသေတုံ့ဝပ်ခြင်းသည် ငါဘုရားအားမွေးညှင်းမျှတုန်လှုပ်ခြင်းငှာမစွမ်းနိုင်၊ ငါဘုရားသည် သင့်အားအမွေပေးအံ့''

ဟု မိန့်တော်မူ၏၊ ထို့နောက်၊ မဟာကဿပအား သုံးပါးသော ဩဝါဒဖြင့် ရဟန်းပြုပေးတော်မူပြီးနောက် ဗဟုပုတ္တကညောင်ပင်ရင်းမှ ဖဲကြွတော်မူ၍ ကဿပအား နောက်တော်ပါးက လိုက်စေတော်မူ၏။

ဘုရားရှင်သည် သုံးဆယ့်နှစ်ပါးသော လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့်ဆန်းကြယ်ကွန့်မြူးလျက်မြင့်မြတ်တော်မူလှ၏

မဟာကဿပမထေရ်သည်လည်း ခုနစ်ပါးသောယောကျ်ား မြတ်လက္ခဏာတို့ဖြင့် တင့်တယ်၏။

ကဿပမထေရ်သည် ရွှေအတိပြီးသော လှေကြီးနောက်မှ ဖွဲ့ချီအပ်သည့် လှေငယ်ကဲ့သို့ ဘုရားရှင်၏ နောက်တော်ပါးက အစဉ်တစိုက်လိုက်၍ ကြွပေ၏။

## ဒုကုဋ်သင်္ကန်းချင်း လဲလှယ်တော်မူပုံ

ဘုရားရှင်သည် အစဉ်အတိုင်း ကြွသွားတော် မူပြီးနောက် လမ်းခရီးမှဖဲ၍ တခုသောသစ်ပင်ရင်းတွင် ထိုင်တော်မူအံ့သော အချင်းအရာကိုပြတော်မူ၏၊ ဘုရားရှင်ထိုင်တော်မူမည့် အချင်း အရာကိုသိသော ကဿပမထေရ်သည် ဒုကုဋ်ကို လေးပိုင်း လေးခေါက်ပြု၍ ခင်းပေးတော်မူ၏၊ ဘုရားရှင်သည် ကဿပ မထေရ်ခင်းပေးတော်မူသည့် ဒုကုဋ်အခင်းပေါ်တွင် သီတင်းသုံး တော်မူပြီးနောက် အခင်းကိုလက်ဖြင့်သုံးသပ်တော်မူလျက်–

"အချင်းကဿပ။ ။သင်၏ ပုဆိုးဒုကုဋ်သည် နူးညံ့လှချေ တကား" ဟု မိန့်တော်မူသည်။

ထိုအခါ မဟာကဿပသည် ဘုရားရှင်အားကြည်ညိုလှသည် ဖြစ်၍=

"ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ။ တပည့်တော်၏ ဒုကုဋ်ကိုအလှူခံတော်မူပါ၊ ရုံတော်မူပါဘုရား"

"သင်၏ဒုကုဋ် ငါဘုရားသို့ လှူလိုက်လျှင် သင့်မှာ ဘာကို ရုံမည်နည်း"

"အရှင်ဘုရားတို့သုံးဆောင်တော်မူပြီးသော ဒုကုဋ်ပေ့ဟောင်းကို ရသည်ရှိသော် ရပါအံ့"

"ချစ်သားကဿပ။ ။ငါဘုရား၏ ဟောင်းနွမ်းလှသည့် ဒုကုဋ်ကို သင်ရုံခြင်းငှာ စွမ်းနိုင်ပါမည်လော၊ မြေမှုန့် အလိမ်းလိမ်းကပ်ပြီး ကောက်ယူဖွပ်လျော်ချုပ်ဆိုးထားရသည့် ဤငါဘုရား၏ ဒုကုဋ်သက်နှင်းသည် သာမန်အကျင့်တရားရှိသူတို့ ဝတ်ရုံခြင်းငှာမစွမ်းနိုင်ပေ။ ငါဘုရား၏ ဘဝါဘဝဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သည့် သီလရနံ့တို့ဖြင့် မွှမ်းထုံထားသည့် ဤဒုကုဋ်သက်နှင်းကို သင်ချစ်သားယူလော့"

ဟု မိန့်တော်မူပြီး ဘုရားရှင်နှင့် မဟာကဿပမထေရ်တို့ ဒုကုဋ်ချင်းလဲလှယ်တော်မူ၏။ ထိုသို့လဲလှယ်တော်မူသောအထိမ်း အမှတ်ကို အသက်မဲ့ အဝိညာဏက မဟာပထဝီမြေကြီးသည် တုန်ဟီးရိုက်ခတ်၍ ကောင်းချီးပြုတော်မူ၏၊ အရှင်မဟာကဿပ မထေရ်သည် ကြည်နူးနှစ်သိမ့်လှပြီး ခန္ဓာကိုယ်တခုလုံးပီတိလှိုင်း ဖုံးအုပ်နေတော့သည်။

## တေဒဂ်ရတော်မူခြင်း

အရှင်ကဿပမထေရ်သည် ဘုရားရှင်ဝတ်ရုံသုံးဆောင်တော်မူသည့် ဒုကုဋ်သက်နှင်းတော်ကိုရရှိသည်ဖြစ်၍– "ငါလိုလူဇမ္ဗူ ရှိအံ့လော"ဟူသော ဝင့်ဝါမှုမျိုးမသက်ရောက်သည့်ပြင် ဘုရားရှင်၏ သာသနာတော်တွင် ဓုတင်တဆယ့်သုံးပါးလုံးကိုဖြည့်ကျင့် ဆောင်ရွက်တော်မူလေသည်။

နောက် ရှစ်ရက်မြောက်နေ့တွင် ပဋိသမ္ဘိဒါပတ္တ – ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော်မူလေသည်။

ဘုရားရှင်သည် မူတင်ဆောက် တပည့်သာဝက အပေါင်းတို့တွင် ငါ၏သားတော် ကဿပမထေရ်သည် ထူးကဲလွန်မြတ်ဆုံးသော တပည့်ကြီးပေတည်းဟု ချီးကျူးဂုဏ်ပြု၍ တေဒဂ်ရာထူးဖြင့်ထားတော်မူ၏။

ဘုရားရှင်သည် အရှင်မဟာကဿပမထေရ်၏ ရှေး၌ပြုခဲ့သော ကုသိုလ် အကျင့်တို့ကို အကျယ်အားဖြင့် ဟောတော်မူပြီး "ချစ်သားတို့ စန္ဒောပမပဋိပဒါကိုရင်း၊ အရိယာဝံသကိုရင်း၊ ငါဘုရား ဟောကြားတော်မူလျှင် ကဿပမထေရ်ကိုသာလျှင် အစထား၍ ဟောကြားရိုးဖြစ်လေသည်။

ကဿပမထေရ်သည် ပစ္စည်း၊ အမျိုးအနွယ်၊ ပရိဂုဏ် ကျောင်းတို့၌ ကပ်ငြိတွယ်တာခြင်းမရှိ ရွံ့ညှာ တို့၌ အစာရှာပြီးသော ဝမ်းဘဲဟင်္သာတို့သည် ရွံ့ညှာ တို့ကို အလွတ်ရန်း ပျံသန်းသွားကြသကဲ့သို့ဖြစ်သည်" စသည်ဖြင့် အနုသန္ဓေကို စပ်တော်မူပြီး အောက်ပါဒေသနာတော်ကိုဟောကြားတော်မူလေသည်။

(၉၁) **ဥယျုဉ္ဇန္တိ သတိမန္တော၊**
**န နိကေတေ ရမန္တိတေ။**
**ဟံသာဝ ပလ္လလံ ဟိတွာ။**
**ဩကမောကံ ဇဟန္တိတေ။ ။**

(၉၁) သတိရှိသော သူတို့သည် တရား၌ လုံ့လ ပြုကြကုန်၏။
ထိုပုဂ္ဂိုလ်တို့သည် ကာမဂုဏ်တို့၌ မမွေ့လျော်ကြကုန်။
ဟင်္သာတို့သည် ညွှံ ကိုစွန့်၍ ပျံလေကုန်သကဲ့သို့ ထိုပုဂ္ဂိုလ်တို့သည် တဏှာဟူသမျှကို စွန့်ကုန်၏။

**(ဓမ္မပဒ အရဟန္တဝဂ် ရှစ်ခုမြောက် မဟာကဿပမထေရ်ဝတ္ထု ပြီး၏)**

※ ※ ※

## (၇) အရဟန္တဝဂ်

# ၃။ ရဟန္တာတို့၏ လားရာဂတိ

(ဗေလဋ္ဌသီသမထေရ်ဝတ္ထု)

ကောင်းကင်ပျံသွား
ငှက်အများတို့၏
သွားသည့်ခြေရာ
မမြင်သာသကဲ့သို
ရဟန္တာအရှင်မြတ်တို့၏
လားရာဂတိကို
သိနိုင်ခဲလှ၏။

(ယေသံသန္နိစယောနတ္ထိ) အစရှိသည့် ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဗေလဋ္ဌသီသ သာဝကမထေရ်တပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်ဗေလဋ္ဌသီသမထေရ်သည်ကား ဉရုဝေလရှင်တထောင် အပါအဝင်ဖြစ်၍ အရှင်အာနန္ဒာမထေရ်၏ ဥပဇ္ဈာယ် ဆရာလည်းဖြစ်၏၊ တရားတော်၌လွန်စွာသော ဝိရိယဖြင့် အားထုတ်တော်မူ၏။ ထိုသို့အားထုတ်နိုင်ရန် ဆွမ်းကို သိုမှီးသိမ်းဆည်း၍ ထားလေ့ရှိ၏။ နှစ်ရက်သုံးရက်မျှ စျာန်ချမ်းသာမှ ထမြောက်သောအခါ အာဟာရအတွက်သိုမှီးထားသော ထမင်းခြောက်ကို

ရေစိမ်၍သုံးဆောင်၏၊ ရဟန်းတို့သည် ထိုအကြောင်းကို ကဲ့ရဲ့ ရှုံ့ချကြပြီး မြတ်စွာဘုရားသခင်အား လျှောက်ကြားကြကုန်၏။

ဘုရားသခင်သည် အနာဂတ်ကာလ၀ယ် သိုမှီးသိမ်းဆည်း ခြင်းကို ပြုတတ်သော သန္နိဓိကာရမှ ရှောင်ကြဉ်ကြရန် သိက္ခာ ပုဒ်တော်ကို ပညတ်တော်မူ၏။

အရှင်ဗေလဋ္ဌသီသမထေရ်ကား သိက္ခာပုဒ်တော် မပညတ်မီ အလိုနည်းသည်၏အဖြစ်ကိုမှီ၍ ပြုသောကြောင့် ထိုမထေရ်အား အပြစ်မရှိသည်ကိုပြတော်မူပြီး တရားဟောကြားတော်မူလိုသော ကြောင့်=

(၉၂) ယေသံ သန္နိစယော နတ္ထိ၊
ယေ ပရိညာတဘောဇနာ။
သုညတော အနိမိတ္တော စ၊
ဝိမောက္ခော ယေသံဂေါစရော။
အာကာသေဝ သကုန္တာနံ၊
ဂတိ တေသံ ဒုရန္နယာ။

(၉၂) အကြင်ပုဂ္ဂိုလ်တို့အား ပစ္စည်းဥစ္စာ၌ တပ်မက်သိုမှီးခြင်း မရှိ၊ အကြင်ပုဂ္ဂိုလ်တို့သည် ပိုင်းခြားဆင်ခြင် မှီဝဲအပ်သော အစားအစာရှိကုန်၏။ ရာဂစသည်တို့မှဆိတ်သော နိဗ္ဗာန်သည် ၎င်း၊ သုဘနိမိတ်စသည်တို့မှ ကင်းသော နိဗ္ဗာန်သည်၎င်း။ အကြင်ပုဂ္ဂိုလ်တို့၏ ကျက်စားရာ အာရုံသည် ဖြစ်၏။ ကောင်းကင်၌ ငှက်တို့၏ သွားသည့် ခြေရာမမြင်သာသကဲ့သို့ ထိုရဟန္တာအရှင်မြတ်တို့၏ လားရာဂတိကို သိနိုင်ခဲလှ၏။

(ဓမ္မပဒ အရဟန္တဝဂ် သုံးခုမြောက် အရှင်ဗေလဋ္ဌသီသမထေရ် ဝတ္ထုပြီး)

(၇) အရဟန္တဝဂ်

## ၄။ ရဟန္တာတို့၏ ကျက်စားရာ

(အနုရုဒ္ဓါမထေရ် သက်န်းရသော ဝတ္ထု)

အာသဝေါတရားကုန်ခမ်းပြီးသော၊
အာဟာရ၌ တပ်မက်ခြင်းဖြင့် မမှီဝဲသော
သံသရာမှလွတ်မြောက်ရာ
နိဗ္ဗာန်၌ ကျက်စားခြင်းရှိကုန်၏။
ထိုပုဂ္ဂိုလ်တို့သည်
ငှက်တို့၏ ခရီးသွားခြေရာမမြင်သာသကဲ့သို့
ထိုပုဂ္ဂိုလ်တို့၏
လားရာဂတိကို သိနိုင်ခဲလှ၏။

(ယဿာ သဝါ) အစပြုသော ဒေသနာတော်ကို ရာဇဂြိုဟ် အစွန် ဝေဠုဝန်ကျောင်းတော်၌ အနုရုဒ္ဓါအရှင်ကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

မြတ်စွာဘုရားသခင်သည် ဝေဠုဝန် မင်းကျောင်း၌ စံမြန်းတော်မူစဉ် အနုရုဒ္ဓါ မထေရ်သည် ဝတ်ရုံတော် သင်္ကန်းဟောင်းနွမ်းဆွေးမြေ့သဖြင့် ဆွမ်းခံရန်အသွား အမှိုက်ပုံတို့၌ ပံ့သုကူအဝတ်ပုဆိုးတို့ကို ကြည့်ရှုတော်မူ၏။

## ဇာလိနီနတ်သမီး

ထိုအခါ လွန်ခဲ့သော သုံးဘဝက မယားဟောင်းသည် တာဝတိံသာနတ်ပြည်၌ဇာလိနီအမည်ရှိသောနတ်သမီးဖြစ်နေ၏

ဘုန်းကံကြီးမား မရှိစကားကို နားဝလေသံမကြားဘူးသော အရှင်အနုရုဒ္ဓါအဖို့ သိမ်မွေ့ နူးညံ့သော အဝတ်ပုဆိုးတို့ကို ပယ်ထားလျက် လေးသစ်တဝါး အမှိုက်ကြား၌ ပစ်ထားသော အဝတ်စုတ်ကိုသာ စိတ်ညွတ်ဖွေရှာနေသော မထေရ်ကိုမြင်လျှင် အလျားတဆယ့်သုံးတောင်၊ အနံလေးတောင်ရှိသော နတ်ပုဆိုး သုံးထည်ကိုယူခဲ့၏။

ဇာလိနီနတ်သမီးက စဉ်းစားမိသည်မှာ နတ်သမီးအသွင်ဖြင့် အရှင်မြတ်ကိုဆက်ကပ်လျှင် ငါ၏အလှူကို ခံယူတော်မမူပဲ ရှိပေလိမ့်မည်ဟု=

မထေရ်၏ သွားရာခရီး ရှေ့တည့်တည့်မှ အမှိုက်ပုံတခု အကြားဝယ် ပုဆိုး၏ အစွန်းအစ ထင်သာရုံမြင်သာရုံဖော်ပြီး အမှိုက်တို့ဖြင့် ဖုံးအုပ်ထား၏။

မထေရ်သည် ထိုအမှိုက်ပုံမှ ပုဆိုးအစကိုဆွဲယူ၍ကြည့်လျှင် သုံးထည်သောပုဆိုးကိုမြင်၍ မြင့်မြတ်ကောင်းမွန်သော ပံ့သုကူ ပင်တည်းဟု ကျောင်းတော်သို့ ဆောင်ယူသွားလေ၏။

## သင်္ကန်းချုပ်သောနေ့

ထိုနောက် မထေရ်သည် သင်္ကန်းချုပ်ရန် ပြင်ဆင်ရာ=

မြတ်စွာဘုရားသည် မထေရ်၏ကျောင်းသို့ ကြွရောက်၏။

ရှစ်ကျိပ်သော မဟာသာဝကတို့သည်လည်း ကြွရောက်လာကြ၏။

အရှင်မဟာကဿပမထေရ်သည် အရှင်း၌ ထိုင်တော်မူ၏၊ အရှင်သာရိပုတ္တရာမထေရ်သည် အလယ်၌ထိုင်တော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည် အဖျား၌ထိုင်တော်မူ၏။

ရဟန်းသံဃာအပေါင်းသည် ချည်ကိုင်၍ လုံး၏။

မြတ်စွာဘုရားသခင်သည် အပ်နဖားအတွင်း၌ အပ်ကြိုးကို ထိုးငင်၍ပေးတော်မူ၏။

အရှင်မဟာမောဂ္ဂလာန်သည် လိုအပ်သမျှ ယူငင်ပေးရန် လှည့်ပတ်စီစစ်၍ နေတော်မူ၏။

သိကြားမင်းသည် သင်္ကန်းချုပ်ရာ အရပ်၌ မြေကြီးကို ချောမွေ့ကောင်းမွန်စေ၏။

## မြတ်စွာဘုရားသခင်နှင့် မဟာသာဝကကြီးများ

သင်္ကန်းချုပ်လုပ်နေကြသဖြင့် ဆွမ်းခံမကြွနိုင်ပဲရှိ၍ အရှင်မဟာ မောဂ္ဂလာန်သည် ဆွမ်းစားချိန်၌ ဇမ္ဗူ့သပြေသီးကို ဆောင်ယူခဲ့၏။ ရဟန်းငါးရာတို့ ဘုဉ်းပေး၍ မကုန်နိုင်ကြ။

ဇာလိနီနတ်သမီးသည် အရှင်မောဂ္ဂလာန် ဇမ္ဗူ့သပြေသီး ဆောင်ယူအံ့သည်ကိုမသိ၍ ရွာတွင်းသို့ဝင်ကာ ယာဂုခဲဘွယ် စသည်တို့ယူဆောင်၍ သွားကြရန် ကြွေးကြော်ပေ၏၊ ရဟန်းတို့သည်ယာဂုခဲဘွယ်တို့ကိုစားသုံး၍ မကုန်၊ ကြီးစွာသော အစုအပုံသည်ဖြစ်၏။

ရဟန်းတို့က ဆွမ်းခဲဘွယ်ဘောဇဉ်တို့ ဤမျှလောက်သာယူခဲ့စေရန် ဆွေမျိုးတို့ကိုဖိတ်ကြားသင့်၏။ ယခုမူ အတိုင်းအဆမရှိဖြစ်ဘိ၏။ အရှင်အနုရုဒ္ဓါမထေရ်သည် ဆွေမျိုး အလုပ်အကျွေး ဒါယကာ ဒါယိကာမများသည်ကိုထင်ရှားဝါကြွားလို၍ ပြုလုပ်သည်တကားဟု ကဲ့ရဲ့ရှုတ်ချကြကုန်၏။

## သောတာပန် တည်ကြခြင်း

ထိုစကားတို့ကို မြတ်စွာဘုရားကြားလေလျှင်-

"ချစ်သားရဟန်းတို့။ ။ဤဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကို အနုရုဒ္ဓါသည် ဆောင်ယူစေခဲ့သည်မဟုတ်၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာနှင့်စပ်သောစကားကို မြွက်ကြားခြင်းမပြုကြကုန်၊ ဤဆွမ်းခဲဘွယ် ဘောဇဉ်တို့ကား နတ်တို့၏ အာနုဘော်ဖြင့် ဖြစ်လေဘိသည်"

ဟု မိန့်တော်မူပြီး အနုသန္ဓေကို စပ်၍ဟောတော်မူရာ

(၉၃) **ယဿာ သဝါ ပရိက္ခီဏာ၊**
**အာဟာရေစ အနိဿိတော၊**
**သုညတော အနိမိတ္တော စ၊**
**ဝိမောက္ခော ယဿဂေါစရော။ ။**
**အာကာသေဝ သကုန္တာနံ၊**
**ပဒံ တဿ ဒုရန္နယံ။**

(၉၃) အကြင်ပုဂ္ဂိုလ်အား အာသဝေါတရားတို့သည် ကုန်ခမ်း၏။ အစားအစာ၌လည်း ကပ်ငြိတွယ်တာခြင်း မရှိသည်ဖြစ်၏။ ရာဂစသည်တို့မှဆိတ်သော နိဗ္ဗာန်သည်ရင်း သုဘနိမိတ်စသည်တို့မှ ကင်းသော နိဗ္ဗာန်သည်ရင်း၊ အကြင်ပုဂ္ဂိုလ်၏ ကျက်စားရာ အာရုံသည်ဖြစ်၏၊ ကောင်းကင်၌ငှက်တို့၏ ခြေရာကို သိနိုင်ခဲသကဲ့သို့ထိုရဟန္တာပုဂ္ဂိုလ်တို့၏ ခြေရာသဖွယ်ဖြစ်သော လားရာဂတိကို သိနိုင်ခဲ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်၏။

(ဓမ္မပဒ အရဟန္တဝဂ် လေးခုမြောက် အရှင်အနုရုဒ္ဓါမထေရ်ဝတ္ထု ပြီး၏။)

✲ ✲ ✲

## (၇) အရဟန္တဝဂ်

### ၅။ နတ်တို့ချစ်သောရဟန်း

(အရှင်မဟာကစ္စာယနမထေရ်ဝတ္ထု)

ငြိမ်သက်တည်ကြည်သော
ဣန္ဒြေရှိထသော
မာနကိုပယ်ပြီးထသော
အာသဝေါကုန်ခမ်းပြီးသော
ဖေါက်ပြန်ခြင်းမရှိသော
ရဟန်းအား
နတ်တို့သည် ချစ်မြတ်နိုးကြကုန်၏။

(ယဿိန္ဒြိယာနိ) အစရှိသောဒေသနာတော်ကို သာဝတ္ထိပြည်ပုဗ္ဗါရုံကျောင်းတော်၌ ကစ္စာယနမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အခါတပါး၌ မြတ်စွာဘုရားသည် ပဝါရဏာနေ့ ကြုံသည့်အခါ ဝိသာခါ ဒါယိကာမ ဆောက်လုပ်အပ်သော ပြာသာဒ်အောက်၌ မဟာသာဝကအပေါင်း ခြံရံလျက် သီတင်းသုံး ထိုင်နေတော်မူ၏။

ထိုအခါ ဇမ္ဗူရာဇ် ရွှေစင်ကဲ့သို့ ကိုယ်ရောင်ထွန်းပ အဆင်းလှသော ရှင်ကစ္စည်းခေါ် ကစ္စာယန မထေရ်ကျော်သည်ဝေးကွာလှသော "အဝန္တီတိုင်း"၌ သီတင်းသုံးနေထိုင်တော်မူသော်လည်း မြတ်စွာဘုရား စံတော်မူရာ သာဝတ္ထိပြည်သို့ လာရောက်၍တရားနာလေ့ရှိ၏။ ထို့ကြောင့် သာဝကမထေရ်တို့ အစဉ်အတိုင်း ထိုင်နေကြသည့် ကာလ "မဟာကစ္စာယနမထေရ်"၏ နေရာကို ချန်လှပ်လျက် ထားကြကုန်၏။

## သိကြားနတ်မင်း ပူဇော်ခြင်း

သိကြားမင်းသည် စတုမဟာရာဇ်၊ တာဝတိံသာ များစွာသော နတ်တို့သည် ပန်းနံ့သာ စသည်တို့ကို မြတ်စွာဘုရားသခင်အား လှူဒါန်းပူဇော်ရန် ရပ်တည်ကြလျက်နေရင်းက အရှင်မဟာကစ္စည်းကို မဖူးမမြင်ရ၍ တောင့်တမိလေ၏။ ထိုခဏ၌ပင် အရှင်မဟာကစ္စည်းသည် အဝန္တီတိုင်းမှ "တန်ခိုးဖြင့်ကြွလာပြီး" မိမိနေရာ၌ကိုယ်ကိုပြတော်မူ၏။ သိကြားမင်းသည်မထေရ်ကိုမြင်လျှင်ကြည်လင်စွာ ရှိခိုးပြီး ခြေဖမိုးတော်ကို လက်ဖြင့်ကိုင်၍

"တပည့်တော်သည် အရှင်မြတ်ကြွလာတော်မူခြင်းကို အဖန်ဖန် အထပ်ထပ် မျှော်လင့်၍သာနေပါသည်ဘုရား"

ဟု လျှောက်ထားပြီးနောက် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ပြီး သင့်ရာအရပ်၌ ရပ်တည်ရှိခိုး၍ နေကြကုန်၏။

ရဟန်းအပေါင်းတို့က သိကြားမင်းသည် မျက်နှာကြီးငယ်လိုက်သည်ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

## သောတာပန်တည်ခြင်း

ဘုရားသခင်သည် ကဲ့ရဲ့ရှုတ်ချသော စကားကို ကြားတော်မူ၍-

(၉၄) ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊
အဿာ ယထာ သာရထိနာ သုဒန္တာ။
ပဟီနမာနဿ အနာသဝဿ၊
ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

(၉၄) အကြင်ရဟန်း၏ ဣန္ဒြေတို့သည် ရထားထိန်းဖြင့် ကောင်းစွာ သွန်သင်ဆုံးမအပ်သော မြင်းတို့ကဲ့သို့ ငြိမ်သက်တည်ကြည်ခြင်းသို့ ရောက်ကုန်၏။ မာန်မာနကို ပယ်ဖြတ်အပ်ပြီးသော အာသဝေါ ကုန်ခမ်းပြီးသော ဖေါက်ပြန်ခြင်း မရှိသော ထိုရဟန်းအား နတ်တို့သည် ချစ်မြတ်နိုးကြကုန်၏။

ဒေသနာတော်၏ အဆုံး၌ သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ အရဟန္တဝဂ် ငါးခုမြောက် အရှင်ကစ္စာယနမထေရ် ဝတ္ထုပြီး၏။)

(၇) အရဟန္တဝဂ်

## ၆။ သံသရာမှ လွတ်မြောက်ခြင်း

(အရှင်သာရိပုတ္တရာ သည်းခံသောဝတ္ထု)

အကြင်ပုဂ္ဂိုလ်သည်
မြေကြီးကဲ့သို့ သည်းခံ၏။
ရွံ့ညွှံကင်းသော ရေကန်ကဲ့သို့
ကြည်လင်သောစိတ်ရှိ၏။
တံခါးတိုင်ကဲ့သို့
ခိုင်မာသော အကျင့်ရှိ၏။
ထိုသို့သော ပုဂ္ဂိုလ်အား
သံသရာ၌ ကျင်လည်ခြင်းတို့သည်
မဖြစ်တော့ပေ။

(ပထဝီသမော)အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သာရိပုတ္တရာ မဟာထေရ်မြတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အခါတပါး၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဝါကျွတ် မြောက်သည်ဖြစ်၍ ဒေသစာရီ လှည့်လည်လို၍ ဘုရားသခင် သို့ လျှောက်ထားပြီးသော်၊ တပည့်တပန်း ရဟန်းတို့နှင့် ထွက် တော်မူ၏၊ များစွာသော ရဟန်းတို့ လိုက်ကြ၏၊ အရှင်သာရိ ပုတ္တရာ မထေရ်သည် အမည်အနွယ်ဖြင့် ထင်ရှားကုန်သောရဟန်း တို့ကို အမည်အနွယ်ဖော်ပြခေါ်ဆိုလျက် ပြန်လည်စေတော်မူ၏။

## ရန်ညှိုးဖွဲ့ခြင်း

ထိုသို့ပြန်စေသော ရဟန်းတို့တွင် အမည်အနွယ် မထင်ရှားသော ရဟန်းတပါးက ငါ့အားအမျိုးအနွယ်ဖြင့် မချီးမြှောက်ပဲ ပြန်စေသည်ဟု ရန်ညှိုးဖွဲ့၏၊မထေရ်၏ဒုကုဋ်စွန်းသည် ထိုရဟန်း၏ ကိုယ်ကို ထိခိုက်မိ၏၊ ထို့ကြောင့်လည်း ရန်ညှိုးဖွဲ့ခြင်းဖြစ်၏။

ထိုရဟန်းသည် ရှင်သာရိပုတ္တရာ ကျောင်းဥပစာမှ ထွက်ချိန်တွင် ဘုရားရှင်ထံ ချဉ်းကပ်၍

"အရှင်မြတ်ဘုရား။ ။အရှင်သာရိပုတ္တာသည် အဂ္ဂသာဝကရာထူးရ၍ မာန်မာန တက်ကြွလျက် တပည့်တော်၏ နားရင်းကို ခွဲဖျက်သကဲ့သို့ ထိပါးပုတ်ခတ်ပြီး တပည့်တော်အား သည်းမခံစေဘဲ ဒေသစာရီ ကြွချီ၍သွားပါသည် ဘုရား"

ဟု လျှောက်ကြားသည့်ကာလ ဘုရားသခင်က- အရှင်သာရိပုတ္တရာ မထေရ်ကို လိုက်၍ခေါ်စေ၏။

## ရဟန်းတော်တို့ စည်းဝေးကြခြင်း

အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ မထေရ်တို့သည် နောင်တော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်အား မြတ်စွာဘုရားသခင်က ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ကြုံးဝါးစေလိုသည် ဖြစ်ပေလတံ့ဟု စဉ်းစားမိသည့် အလျောက်၊ ပရိဝုဏ်တံခါးစသည်တို့ကို ဖွင့်ပြီးသော်၊ များစွာသော ရဟန်း သံဃာတို့ကို စုဝေးစေကုန်၏။

ရှင်သာရိပုတ္တရာ မထေရ် ရောက်ရှိလာပြီး ဘုရားသခင်အား ရှိခိုးဦးချ၍ ထိုင်နေ၏။ဘုရားသခင်က ရဟန်းငယ်လျှောက်ကြားသ ည့်အတိုင်း မေးမြန်းစိစစ်တော်မူ၏။

## အရှင်သာရိပုတ္တရာ လျှောက်ထားချက်

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။အကြင်ပုဂ္ဂိုလ်အား ကာယဂတာသတိမထင်မြင်၊ ထိုပုဂ္ဂိုလ်သည် တစုံတယောက်သော မြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်ကို ထိပါးပုတ်ခတ်တိုက်ခိုက်မိခြင်း ဖြစ်ပေရာ၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။ဤမဟာပထဝီမြေကြီးပေါ်၌ စင်ကြယ်သောဝတ္ထုတို့ကိုလည်း စွန့်ပစ်ကြကုန်၏၊ မစင်ကြယ် မကောင်းမြတ်သော ဝတ္ထုတို့ကိုလည်း စွန့်ပစ်ကြကုန်၏၊ ဤမဟာပထဝီမြေကြီးသည် ငါ၏အပေါ်သို့ ကောင်းသောအရာ၊ မကောင်းသောအရာ ရွေးချယ်ကာအမျက်ပွားခြင်းမရှိ၊ ပကတိသည်းခံခြင်းသဘောရှိ၏။"

ဤသို့အစရှိသော မိမိ၏ မြေကြီးနှင့်တူသော သည်းခံခြင်းစိတ်ရှိသည့်အဖြစ်ကိုရင်း=

ရေမီးလေနှင့်တူသော စိတ်ရှိသည်၏ အဖြစ်ကိုရင်း၊ အညစ်အကြေး ပေကျံစွာ ဆောင်ရွက်ရသော စဏ္ဍာလ ဒွန်းစဏ္ဍားသတို့သားကဲ့သို့ရင်း၊

ဦးချိုပြတ်သော နွားဥသဘကဲ့သို့ရင်း၊

မလွှားမပ ညီမျှသော စိတ်ရှိသည်၏ အဖြစ်ကိုပြပြီးမှ ရွံရှာစက်ဆုတ် မြေကောင်ပုပ်ကဲ့သို့ မိမိ၏ကိုယ်ကို ရှက်နိုးငြီးငွေ့သည့်အဖြစ်ကိုရင်း၊ အညစ်အကြေး ယှက်ထွေးသိုးပုပ် ဆီသုတ်ပုဆိုးအပုပ်အိုးကဲ့သို့ မိမိ၏ကိုယ်ကို ဆောင်ရွက်ခြင်းကိုရင်း ပြတော်မူ၏။

## မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း

ဤသို့ ကိုးပါးသော ဥပမာတို့ဖြင့် မိမိ၏ဂုဏ်ကိုမြွက်ဆိုသည် ရှိသော် မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်လေ၏။

မိမိ၏ကိုယ်ကို စဏ္ဍာလ ဒွန်းစဏ္ဍားဥပမာ ခြေသုတ်ပုဆိုး ဥပမာကိုဆောင်၍ လျှောက်ကြားသောကာလ၌ ပုထုဇဉ်ရဟန်း တို့သည် မျက်ရည်မဆည်နိုင် ဖြစ်ကြရကုန်၏၊ ရဟန္တာပုဂ္ဂိုလ်တို့ အားတရားသံဝေဂဟူသောထိတ်လန့်တုန်လှုပ်ခြင်းပြင်းစွာဖြစ်၏။

## ကန်တော့ဝန်ချခြင်း

အရှင်သာရိပုတ္တရာသည် ဂုဏ်ကျေးဇူးစကားလျှောက်ကြား စဉ်ကပင် စွပ်စွဲသော ရဟန်းအားတကိုယ်လုံး ၌ပူလောင်ခြင်းဖြစ် လေ၏။ ထိုခဏ၌ပင် ဘုရားရှင်၏ခြေတော်ရင်း၌ ဝပ်စင်းပြီး အပြစ်ကို သည်းခံပါရန်လျှောက်ကြား၏။ မြတ်စွာဘုရားသည်–

"ချစ်သားသာရိပုတ္တရာ။ ။မဂ်ဖိုလ်မှအချည်းနှီးဖြစ်သော ဘောကြီးရောက်အောင် မိုက်လှသော ဤရဟန်း၏ ကန်တော့ ဝန်ချသည်ကို သည်းမခံခဲ့လျှင် ထိုရဟန်း၏ ဦးခေါင်းသည် ခုနစ်စိပ် ခုနစ်မွှာကွဲကာ မြေသို့ ကျပေလတ္တံ့၊ သို့ဖြစ်၍ သင် ချစ်သားသည် သည်းခံပါလော့"ဟု မိန့်တော်မူ၏။

သာရိပုတ္တရာမထေရ်သည်လည်း ဆောင့်ကြောင့်ထိုင်၍ ရှိခိုး ပြီးသော်=

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာ ဘုရား။ ။ထိုရဟန်း၏အပြစ်ဟူသမျှကို တပည့်တော် သည်းခံ ပါ၏၊ တပည့်တော်အား အကယ်၍ အပြစ်အာစာရရှိခဲ့ပါမူ ထိုအရှင်သည်လည်း သည်းခံပါစေသတည်း"ဟု ကန်တော့ဝန်ချ လျှောက်ကြား၏။

ရဟန်းတို့သည် "ငါ့ရှင်တို့ ကြည့်ကြပါကုန်လော့၊ လိမ်လည်လှည့်ဖျား ပြောကြားစွပ်စွဲသော ရဟန်းငယ်၏အပေါ်၌အမျက်ဒေါသကို အနည်းငယ်မျှမပြုမူ၍ မိမိကိုယ်ကို ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ချီမိုး ရှိခိုးပြီးသော် ထိုရဟန်းသည်သာ သည်းခံစေဘိသည်"ဟူ၍ ရှင်သာရိပုတ္တရာမထေရ်မြတ်၏ မနှိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူးတို့ကို ပြောကြားကြကုန်၏။

## ရဟန်းကိုးထောင် အရဟတ္တဖိုလ် တည်ခြင်း

မြတ်စွာဘုရားသခင်သည် ထိုစကားကို ကြားသိတော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၉၅) **ပထဝိသမော နော ဝိရုဇ္ဈတိ၊**
**ဣန္ဒခိလုပမော တာဒိ သုဗ္ဗတော။**
**ရဟဒေါဝ အပေတကဒ္ဒမော၊**
**သံသာရာ န ဘဝန္တိ တာဒိနော။ ။**

(၉၅) အကြင် ပုဂ္ဂိုလ်သည် မြေကြီးနှင့်တူစွာ သည်းခံခြင်းဖြစ်၍ မဆန့်ကျင်။ 'တံခါးတိုင်ကဲ့သို့ ခိုင်မာသောအကျင့်ရှိ၏။မဖေါက်ပြန်ခြင်းသဘောရှိ၏။ ကောင်းသော အကျင့်ရှိ၏။ ရွှံ့ညွှကင်းသော ရေကန်ကဲ့သို့ ကိလေသာမယှဉ် ကြည်လင်သော စိတ်ရှိ၏။
ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား သံသရာ၌ ကျင်လည်ခြင်းသည် မဖြစ်ကုန်။

ဂါထာ၏အဆုံး၌ ကိုးထောင်မျှလောက်သောရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

**(ဓမ္မပဒ အရဟန္တဝဂ် ခြောက်ခုမြောက် ရှင်သာရိပုတ္တရာမထေရ်သည်းခံသောဝတ္ထု ပြီး၏)**

❋ ❋ ❋

## (၇) အရဟန္တဝဂ်

# ကိလေသာမှ လွတ်မြောက်သူ

## (တိဿမထေရ်၏တပည့်ငယ် ဝတ္ထု)

**ကိလေသာမှ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်၏ "စိတ်" "စကား" လုပ်ဆောင်ချက်တို့သည် ငြိမ်သက်သည်သာဖြစ်၏။**

(သန္တံ တဿ မနံ ဟောတိ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သာမဏေတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

ကောသမ္ဗီပြည်၌နေသော "ကောသမ္ဗိဝါသီ တိဿမထေရ်သည်" ဝါကျွတ်မြောက်သောအခါ ဒါယကာတယောက်သည် တိစီစရိတ်သင်္ကန်းကိုရင်း၊ ထောပတ်တင်လဲကိုရင်း၊ မထေရ်၏ ခြေရင်း၌ထား၍-

"တပည့်တော်၏ကျောင်း၌ ဝါကပ်ဆို၍ ဝါမှ ထမြောက်ကုန်သောအရှင်တို့အား ဤဝတ္ထုတို့ကို လှူအပ်ပါသည်ဘုရား" ဟု လျှောက်ထား၏။

မဒထေရ်က ဤအသူဝတ္ထုတို့ကို ငါ့အား အလိုမရှိ”ဟု မိန့်တော်မူလျှင် “အဘယ်အကြောင်း ကြောင့် ပါနည်း”ဟု မေးလျှောက်၏။

“ငါ၏အထံ၌ ကပ္ပိယကာရက ဖြစ်သော သာမဏေ တစုံ တယောက်မျှမရှိ”ဟု မိန့်တော်မူလျှင်

“တပည့်တော်၏သားငယ်သည် အရှင်မြတ်၏ထံ၌ သာမဏေ ဖြစ်ပါလတ့်”ဟု လျှောက်ထားသဖြင့် သည်းခံတော်မူ၏။

## ခုနစ်နှစ်သား သာမဏေ

ဒါယကာသည် ခုနစ်နှစ်မျှသာရှိသောသားငယ်ကို မထေရ်ထံ အပ်နှင်း၍ ရှင်ပြုပေးပါရန် အပ်နှံ၏။ မထေရ်သည်သူငယ်အား ဆံတို့ကိုဆုပ်နယ်သုံးသပ်ပြီး “တစပဉ္စက” ကမ္မဋ္ဌာန်းကို ပေး၍ ဆံကိုရိတ်ခါ ရှင်သာမဏေပြု၏။ ထိုသာမဏေသည် သင်ဓုန်း၏ အဆုံး၌သာ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏။

သူငယ်ကိုရှင်ပြုပြီး လခွဲမျှကြာသော် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်သို့ မြတ်စွာဘုရားအား ဖူးမြှော်အံ့ဟု သာမဏေ ငယ်အား ဘဏ္ဍာထုပ်ကိုယူစေပြီးလျှင် သွား၏။ လမ်းခရီး၌ ကျောင်းတခုတွင် ဝင်ရောက်တည်းခို၏။ သာမဏေငယ်သည် ဥပဇ္ဈာယ်ဆရာ၏ အိပ်ရာနေရာတို့ကို ကောင်းစွာပြုပြင်သုတ်သင် နေစဉ်ပင် ညအခါရောက်၍ မိမိအတွက် အိပ်ရာနေရာခင်းချိန် မရလိုက်ပေ။

ထိုအခါ အနီး၌ ခစားထိုင်နေသော သာမဏေငယ်ကို သင့်အတွက် အိပ်ရာနေရာ စီစဉ်ပြီးပြီလားဟု မေး၏၊ စီစဉ်ချိန် မရခဲ့ပါ ဟု လျှောက်ထားသောအခါ ဤအရပ်သို့ မရောက်

ဖူးသောသင့်အတွက် အပြင်ဖက်၌နေရခြင်းသည် ဆင်းရဲခြင်း ဖြစ်ပေလိမ့်မည်၊ ငါ၏ အိပ်ရာအနားတွင်သာလျှင် နေလေ တော့ဟု မထေရ်သည် အိပ်ရာသို့ဝင်၏၊ပုထုဇဉ်ဖြစ်သောကြောင့် လျောင်းခါမျှဖြင့်သာ အိပ်ပျော်လေ၏။

သာမဏေက ဆင်ခြင်သည်မှာ ဥပဇ္ဈာယ်ဆရာနှင့် ညဥ့် သုံး ယံ ပတ် လုံး တ မိုး တ ရံ တည်း သော ကျောင်းအိပ်ရာ တိုက်ခန်း၌ နေရသော ငါသည် အကယ်၍ လျောင်းအိပ်ခဲ့သည် ဖြစ်အံ့ ငါ၏ ဥပဇ္ဈာယ်ဆရာသည် "သဟသေယျ" အာပတ်သို့ ရောက်ပေရာသည်။ ယခုညဥ့်၌ ငါသည် ထိုင်နေ၍သာ ညဥ့် သုံးယံကို လွန်စေတော့အံ့ဟု ညောင်စောင်းအနီး၌ ပလ္လင်ဖွဲ့ ခွေထိုင်နေပြီး ညဥ့်ကိုလွန်မြောက်စေ၏။

နံနက်မိုးသောက်သော် မထေရ်သည် သာမဏေယ်အား နှိုးရန် ညောင်စောင်းဘေးရှိ ယပ်ကိုယူ၍ ယပ်ရွက်အဖျားကို ကိုင်ပြီး ဖျာကို ပုတ်၍ နှိုးကာ ယပ်ရွက်မှအထက်သို့ မ တင် လိုက်လျှင် ယပ်၏အရိုးဖျားသည် ထိုင်နေသော သာမဏေ၏ မျက်စိကို စူး ဝင် ခိုက်မိပြီး သာမဏေ၏ မျက်စိ ကွဲ ပျက် လေ၏။

သာမဏေသည် မျက်စိကွဲပျက်ပါပြီဟု မလျှောက်ထားပဲ တဖက်သောလက်ဖြင့် မျက်စိကိုဖုံးအုပ်ပြီး အပြင်သို့ ထွက်၍ ဝတ်ကြီးဝတ်ငယ်တို့ကိုပြု၏။ မျက်စိတဖက်ကို လက်ဖြင့်ပိတ်ပြီး ကျန်တဖက်ဖြင့် တံမြက်စည်းကိုယူ၍ ဝစ္စကုဋိ မျက်နှာသစ်ရာ

အရေပ်၊ လုပ်ဆေးရေးအရေင်တို့ကို တံမြက်လှည်းပြီးမှ မျက်နှာသစ်ရေ၊ လုပ်ဆေးရေတို့ကို တည်ထားပြီးနောက် ပရဝုဏ်ကိုတံမြက်လှည်း၏။ ဆရာအား တံပူပေးချိန်၌ တဘက်သောလက်ဖြင့်ပေးသည်ကို ဆရာကမကျေနပ်၍ မေးတော့မှ မအားလပ်သောတဖက်သောလက်ကို ပြ၍ မျက်စိ ကွဲ ပျက် ကြောင်း လျှောက်ထား၏။

တိဿမထေရ်သည် ပြင်းစွာ ထိတ်လန့်တုန်လှုပ်ပြီး ခုနစ်နှစ်သားသာမဏေငယ်၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်ပြီးလက်အုပ်ချီမိုး ရှိခိုးခါ

“အို–သူတော်ကောင်း ငါ့အား, သည်းခံပါလော့၊ ငါသည်အသင်၏မျက်စိ ကွဲပျက်သော အကြောင်းကိုမသိပါ၊ သူတော်ကောင်းဖြစ်သော မောင် ရှင် သာ မ ဏေ၊ သင် သည် ငါ၏ဆောက်တည်မှီခိုရာ ဖြစ်ပါစေလော့”ဟု ဝန်ချတောင်းပန်၏။

## သာမဏေ၏ လျှောက်ထားချက်

“အရှင်ဘုရား။ ။တပည့်တော်၏ မျက်စိ ကွဲပျက်ခြင်းအကြောင်းကို လျှောက် ကြား ခြင်း မှာ ကန် တော့ ဝန် ချတောင်းပန် စေလိုသောကြောင့် မဟုတ်ပါ၊ အရှင်ဘုရားတို့၏စိတ်ကို အမျက်ထွက်ခြင်းမှ အစဉ် စောင့်ရှောက်လိုသဖြင့်တပည့်တော် လျှောက်ထားခြင်း ဖြစ်ပါသည်၊ တပည့်တော်မျက်စိကွဲပျက်ရခြင်း၌ အရှင်ဘုရားအား အပြစ်ရှိမည်မဟုတ်ပါ၊

ဘပည့်တော်အားလည်း အပြစ်ရှိမည်မဟုတ်ပါ၊ စင်စစ်သံသရာ ၁င်္ဂ၏အပြစ်သာလျှင် ဖြစ်ပါသည်၊ အရှင်ဘုရားအား နှလုံး ၁သက်မသာမဖြစ်စေလို၍ အစဦးက မလျှောက်ကြားပဲ တိတ်တ ဆိတ်နေခဲ့ပါသည်''ဟု လျှောက်ကြား၏။

သာမဏေက တရားပြခါသက်သာရာကို ရစေပါသော်လည်း ခထေရ်သည် သက်သာရာကိုမရပဲ သာမဏေငယ်၏ ထမ်းပိုး ခွက်ဆောင်ရသော ဘဏ္ဍာထုပ်ကို ကိုယ်တိုင်ယူငင်၍ မြတ်စွာ ဘုရားထံသွား၏။

## ဘုရားသခင်ထံ လျှောက်ထားခြင်း

ဘုရားသခင်သည် ဆရာတပည့်နှစ်ဦးတို့ လာရောက်ခြင်းကို ကြည့်ရှုတော်မူလျက် သာလျှင် ထိုင်နေ သီတင်းသုံးတော်မူ၏၊ မထေရ်သည် မြတ်စွာဘုရားကို ရှိခိုးပြီး ပဋိသန္ထာရကိုပြုပြီး နောက်–

"အရှင်မြတ်ဘုရား။ ။ဤသာမဏေငယ်ကဲ့သို့ ကြီးကျယ် မြင့်မြတ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောသူကို တပည့်တော် မတွေ့မြင်ဘူးပါ''ဟု လျှောက်ကြားပြီး အလုံးစုံသော အဖြစ် အပျက်တို့ကို ပြန်ကြားလျှောက်ထား၏။

"သာမဏေငယ်က တပည့်တော်အား သက်သာရာ ရစေ ရန်သာ လျှောက်ထားပြောဆိုပါသည်၊ အမျက်ဒေါသဖြစ်ပွား ခြင်းကိုမပြုပါ''ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူလို၍-

(၉၆) သန္တံ တဿ မနံ ဟောတိ၊
သန္တာ ဝါစာ စ ကမ္မ စ။
သမ္မ ဒညာ ဝိမုတ္တဿ၊
ဥပသန္တဿ တာဒိနော။

(၉၆) တရားတော်ကို ကောင်းစွာသိမြင်သဖြင့် (သံသရာမှ လွတ်မြောက်ပြီးထသော) ငြိမ်သက် တည်ကြည်ထသော မဖောက်မပြန်နိုင်မြဲထသော ထိုသူ၏စိတ်သည် ငြိမ်သက်သည်ဖြစ်၏၊ စကားသည်ရင်း လုပ်ဆောင်ချက်တို့သည်ရင်း ငြိမ်သက်သည်သာလျှင်ဖြစ်၏။

ဒေသနာတော်၏အဆုံး၌ တိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ အရဟန္တဝဂ် ခုနစ်ခုမြောက် ကောသမ္ဗီပြည်မှ တိဿမထေရ်၏ တပည့်ငယ် ဝတ္ထုပြီး၏)

## (၇) အရဟန္တဝဂ်

# ၈။ ယောက်ျားမြတ်

(ရှင်သာရိပုတ္တရာမြေဆိုသော ဝတ္ထု)

အကြင်သူသည်သူတပါးပြောတိုင်း မယုံတတ်၊
ကိုယ်တိုင်သိ၏။ သံသရာ အနှောင်အဖွဲ့ကို နှဲဖြတ်
တတ်၏။

လိုချင်တောင့်တမှု ကင်းသော ပုဂ္ဂိုလ်သည်
အမြတ်ဆုံးယောက်ျားဖြစ်၏။

(အဿဒ္ဓေါ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် အနာထပိဏ်သဌေး၏ ဇေတဝန်ကျောင်းတော်၌ သာရိပုတ္တရာ မထေရ်အား မေးမြန်းအပ်သော ပုစ္ဆာ၏ အဖြေစကားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

အခါတပါး၌ သုံးကျိပ်မျှလောက်သော တောကျောင်းနေ ရဟန်းတို့သည်ဘုရားသခင်ရှေ့တော်သို့ လာရောက်ဦးချထိုင်နေကြကုန်၏။ ဘုရားသခင်သည်ထိုရဟန်းတို့အား ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်၏ ဥပနိဿယ ပြည့်စုံသည့်အဖြစ်ကိုမြင်တော်မူသောကြောင့် အရှင်သာရိပုတ္တရာမထေရ်ကို ခေါ်တော်မူပြီးလျှင်....

"ချစ်သားသာရိပုတ္တရာ။ ။အကြင်ပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေကို မပွားများပဲ၊ အကြိမ်များစွာ အလေ့အလာမပြုပဲ အမြိုက်နိဗ္ဗာန်ကိုရ၏၊ အမြိုက်နိဗ္ဗာန်အဆုံးရှိသည်ကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် ထင်ရှားတိတိရှိပေ၏ဟု ပြောဆို၏၊ ထိုစကားကို အသင်ယုံကြည်အံ့လော"ဟု မိန့်တော်မူပြီး တဖန်-

ဤနည်းအတူ "ဝိရိယိန္ဒြေ" "သတိန္ဒြေ" "သမာဓိန္ဒြေ" "ပညိန္ဒြေ"ဟုဆိုအပ်သော ဣန္ဒြေငါးပါးတို့ကို အကြောင်းပြုသောအားဖြင့် ပြဿနာကိုမေးတော်မူ၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။ဣန္ဒြေငါးပါးကို မပွားများပဲ အမြိုက်နိဗ္ဗာန်ကို ထင်ရှားသိရှိသော ဤအရာ၌တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်သောအားဖြင့် သွားရောက်အပ်သည် မဟုတ်ပါ၊ အကြင်ပုဂ္ဂိုလ်တို့အား ထိုတရားကိုသိမြင်တတ်သော ဉာဏ်ပညာဖြင့် ကိုယ်တိုင်မသိမမြင် မျက်မှောက်မပြု မသွားရောက်ရ။ ထိုသူတို့သည်သာလျှင် ဤသို့သောအရာဌာန၌ သူတပါးကို ယုံကြည်ရည်ညွှန်းပြီးသောကာလ သွားရောက်ခြင်းဖြစ်ရပါကုန်လိမ့်မည်"

ဟု ဤသို့သော အချင်းအရာအကျယ်ဝိတ္ထာရဖြင့် ပြဿနာကိုဖြေဆို၏။

ထိုဖြေဆိုသောစကားကိုကြား၍ ရဟန်းတို့သည် "ရှင်သာရိပုတ္တရာမထေရ်ကား ရှေးကမိမိယူခဲ့ဘူးသော မိစ္ဆာအယူကို မစွန့်မြတ်စွာဘုရားအား ယခုတိုင်ယုံကြည်မှု မရှိသေး"ဟု ပြောဆိုကြကုန်၏။

## ပဋိသမ္ဘိဒါပတ္တ အရဟတ္တဖိုလ်ရခြင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ပြောဆိုကြသော စကားကို ကြားသိတော်မူ၍=

"ချစ်သားရဟန်းတို့။ ။အဘယ်သို့သောစကားကို ပြောဆိုကြကုန်သနည်း။

ငါဘုရားက ဣန္ဒြေငါးပါးကို မပွားများပဲ သမထ ဝိပဿနာကိုမပွားများပဲ မဂ်ဖိုလ်တို့ကို မျက်မှောက် ပြုခြင်းငှာ စွမ်းနိုင်သောသူ မည်သည်ရှိ၏။ ချစ်သား သာရိပုတ္တရာ ထိုစကားကို အသင်ယုံကြည်ပါ၏လောဟု မေးတော်မူခဲ့၏။

ထိုသာရိပုတ္တရာသည် ဤသို့သော အချင်းအရာ အားဖြင့်မျက်မှောက်ပြုခဲ့သောကြောင့် ထင်ရှားရှိသော ပုဂ္ဂိုလ်မည်၏။

သို့ဖြစ်၍ သာရိပုတ္တရာက ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား၊ တပည့်တော် မယုံကြည်ပါဟု ပြန်၍ လျှောက်ထားခြင်းဖြစ်လေသည်။

ပေးလှူခြင်း၏ရင်း၊ ပူဇော်သက္ကာ၏ရင်း၊ အကျိုး ရှိပါက မရရှိဟု ပြောဆိုသည်ကိုသာ မယုံကြည်ခြင်း ဖြစ်၏။ ဘုရားအစရှိသော ရတနာသုံးပါးတို့၏ ဂုဏ်ကို မယုံကြည်၍ မဟုတ်ပေ။

စင်စစ်မှာမူကား၊ထိုသာရိပုတ္တရာသည် မိမိရအပ်သော ဈာန်၊ ဝိပဿနာ မဂ်ဖိုလ်တရားတို့၌ သူတပါးတို့အား ရည်ညွှန်းယုံကြည်သောအားဖြင့် မသွားမရောက်ရလေ။

ထို့ကြောင့် သာရိပုတ္တရာကို ခက်ဲ့ရဲ့ ရှုတ်ချအပ်''ဟုမိန့်တော်မူပြီး၍ အနုသန္ဓေကို စပ်တော်မူပြီးသော်-

(၉၇) အဿဒ္ဓေါ အကတညူ စ၊
သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာ ဝကာသော ဝန္တာသော၊
သ ဝေ ဥတ္တမ ပေါရိသော။ ။

(၉၇) အကြင်သူသည် သူတပါးပြောတိုင်းမယုံ ကိုယ်တိုင် သိ၏။ သံသရာအနှောင်အဖွဲ့ကို ခွဲဖြတ်တတ်၏။ ကုသိုလ် အကုသိုလ်တို့၏ အကျိုးပေးခွင့်ကို ဖြတ်တောက်ပြီးသည်လည်း ဖြစ်၏။ လိုချင်တောင့်တမှု အားလုံးကို ပျို့အန်ပြီးသည်လည်း ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် စင်စစ် မြတ်လှစွာသော ယောကျာ်းတည်း။

ဒေသနာတော်၏အဆုံး၌ သုံးကျိပ်ကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါပတ္တတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

(ဓမ္မပဒအရဟန္တဝဂ် ရှစ်ခုမြောက်ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်၏ အပြေဝတ္ထု ပြီး၏)

(၇) အရဟန္တဝဂ်

## ၉။ ရဟန္တာတို့ ပျော်မွေ့ရာ

(ရှင်ရေဝတ ဝတ္ထု)

**ရဟန္တာအရှင်မြတ်တို့သည်**
**မည်သည့်အရပ်မှာ သီတင်းသုံးရသည်ဖြစ်စေ**
**မွေ့လျော်သည်သာဖြစ်၏။**

(ဂါမေ ဝါ ယဒိဝါရညေ) အစရှိသော ဒေသနာကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရှင်သာရိပုတ္တရာ၏ ညီတော် အရှင်ရေဝတကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

"အရှင်သာရိပုတ္တရာ၏ မယ်တော် "သာရိပုဏ္ဏေးမကြီး" သည် များစွာသော ပစ္စည်းဥစ္စာသားသမီးရတနာတို့ ထွန်းကားသည်မှန်သော်လည်း သားတော်အကြီး ရှင်သာရိပုတ္တရာမှအစ နှမတော် "စာလာ", "ဥပစာလာ", "သိသူပစာလာ" ညီအမ သုံးယောက်နှင့် "စုန္ဒ", "ဥပသေန" ညီတော်နှစ်ယောက် ဤသို့ အားဖြင့် (ခြောက်ယောက်သော သားသမီးတို့သည်) ဂေါတမ ဘုရားရှင်သာသနာတော်တွင် ထင်ရှား ကျော်ကြားကြသော ရဟန္တာ၊ ရဟန္တာမကြီးများဖြစ်ကြသည့်တိုင် သာရိပုဏ္ဏေးမကြီး သည်ကား ဗြဟ္မာမင်းကိုသာကိုးကွယ်ရာဟု အစဉ်အလာစွဲ ဒိဋ္ဌိစွဲ

မပြုတ်ရှာသေးသည့်အလျောက် သားအထွေးဆုံး "ရေဝတ" တယောက် အရှေ့ယ်သို့ရောက်ပါက ဂေါတမဘုရားထံမှောက် ရောက်လေဦးမည်ကို စိတ်တထင့်ထင့် ရင်တနင့်နင့်နှင့် ဖြစ်နေရလေ၏။

ရှင်သာရိပုတ္တရာမထေရ်ကလည်း ညီအထွေးဆုံး ရေဝတသည် မုချပင် သာသနာတော်တွင်းသို့ သက်ဆင်းရောက်ရှိလိမ့်မည်ကို သိရှိသည့်အလျောက် ရဟန်း အပေါင်းတို့အား မှာကြား၍ ထားသည်မှာ ငါ၏မိဘတို့သည် ဒိဋ္ဌိများဖြစ်ကြသည်၊ ရေဝတ သံတို့သားရောက်လာ၍ ရဟန်းပြုပေးပါဟုဆိုလာလျှင်မိဘတို့ထံ ခွင့်ပန်ရန်မလို၊ ငါသာလျှင် အမိ၊ ငါသာလျှင် အဖ ဖြစ်ပေသည်၊ ရှင်ရဟန်းပြု၍ ပေးနိုင်ကြပေသည်ဟု ကြိုတင်၍ မှာထားခဲ့သည်။

## ခုနှစ်နှစ်သား သတို့သား

သာရိပုဏ္ဏားမကြီးသည် သား ငယ် ရေ ဝ တ ကို စိတ်ချရလေအောင် စောစီးစွာ မင်္ဂလာဆောင်နှင်းထားလျှင် သင့်ပေမည်ဟု အရပ်တပါးမှ မျိုးနွယ်တူသော ချမ်းသာကြွယ်ဝသည့် သတို့သမီးတယောက်ကို ရှာဖွေစေ့စပ် ထိမ်းမြားပေးရန် စီစဉ်ထားလေသည်။ မင်္ဂလာနေ့တွင်သတို့သမီးရှိရာမြို့ရွာသို့သတို့သား ရေဝတနှင့် ဆွေမျိုးအများ လှည်းရထားတို့ဖြင့် သွားရောက်ခါ မင်္ဂလာပွဲ ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြလေသည်။

လက်ထပ်မင်္ဂလာပြီးစီးသောအခါ ပုဏ္ဏားတို့ဘာဝအသက် အကြီးဆုံးပုဂ္ဂိုလ်ကို ကန့်တော့ကြရာတွင် သတို့သမီး၏အဖွား အသက်တရာ့နှစ်ဆယ် ရှည်လျားသောပုဏ္ဏေးမကြီးကိုကန်တော့ ကြ၏။ သွားကျိုးဆံဖြူအရေရှုံ့တွ အရိုးများငေါထလျက်ရှိသော

တုန်တုန်ချိချိ အဖွားအိုကို ရေတဝတွေ့မြင်ရလျှင် တုန်လှုပ်သောစိတ်သည်ဖြစ်လေ၏။ မင်္ဂလာအကြီးအကဲတို့က "ဤသတို့သမီးသတို့သားတို့သည် ဤ အဖွား ကဲ့ သို့ ပင် အသက်တရာ့နှစ်ဆယ်မျှရှည်လျားစွာပေါင်းဖက်နိုင်ကြစေသတည်း" ဟု ဆုမြွက်အမှန်ကိုပေးသည့်ကာလ သတို့သားရေတဝက

"ဤသတို့သမီးသည်ပင် ဤသို့အသက်ရှည်ပါကဤအဖွားကဲ့သို့ပင် ဖြစ်လာမည်လော" ဟု အနီးရှိ အဆွေအမျိုးတို့အားမေးမြန်းကြည့်မိ၏။

"အိုမင်းလာလျှင် ဤသို့ပင်ဖြစ်မည်မှာ လောက၏ဓမ္မတာ" ဟု ရိုးသားစွာဖြေကြားကြ၏။

ရေတဝသတို့သားမှာ ဇရာ၏ဘေးပြေး၍မြင်လျက် "ဤသို့ဆိုလျှင် ဤလူ့ဘောင်သည် အဘယ်မှာ ပျော်မွေ့ဘွယ်ရာ ရှိတော့မည်နည်း" ဟု ဆင်ခြင် စဉ်းစားမိကာ ဤလူ့ဘောင်မှ ရုန်း၍ထွက်တော့အံ့ဟု ဆုံးဖြတ်ချက် ချမိလေ၏။

မင်္ဂလာပွဲပြီးစီး၍ သတို့သမီး ကို သတို့သား အိမ် သို့ ခေါ်ဆောင်၍ လာကြရာ သတို့သားနှင့် သတို့သမီးတို့အတွက် ခန်းနားထယ်ဝါယာဉ်ရိပ်သာတွင် လုံခြုံအောင် တန်ဆာဆင်၍ သတို့သားနှင့် သတို့သမီး နှစ်ယောက်တည်းသာ စီးစေပြီး အဆွေအမျိုးတို့က အခြားအခြားသော ယာဉ်ရထားများဖြင့် ဝန်းရံ၍ ခန်းနားသိုက်မြိုက်စွာ ပြန်လာကြလေသတည်း။

ခရီးအတန်ငယ်ရောက်လျှင် သတို့သားက လှည်းယာဉ်ကိုရပ်စေပြီး "ကိုယ်လက်သုတ်သင်ပါအံ့သွားနှင့်ကြပါလိုက်ခဲ့ပါမည်" ဟု ချုံကွယ်ရာတခုသို့ဝင်ပြီး အတန်ကြာလျှင် ပြန်ထွက်လာ၍ လှည်းယဉ်သာကိုအမှီလိုက်ခါ တက်စီး၍လာပြန်သည်။

အတန်ကြာသော် ထိုနည်းအတူ လှည်းယာဉ်ပေါ်မှဆင်းကာ ကိုယ်လက်သုတ်သင်ရန်အဟန်ဖြင့် ချုံကွယ် သို့ ဝင်၍ ကျန် ခဲ့ပြန်၏။

အကြိမ်ကြိမ်အဖန်ဖန် ဤသို့လုပ်ဖန်များလေသော် အစောင့်အရှောက်တို့မှာ အမြင်အတွေ့ပင်ရိုး၍နေလေတော့သည်။

နောက်ဆုံးအကြိမ်၌ကား ရေဝတသတို့သားသည် ချုံကွယ်သို့ ဝင်ဟန်ပြုပြီး မျက်ခြေပြတ်အောင် တောတောင် လျှိုမြောင်အကြားတအားပင် ထွက်ပြေးတော့သည်။

အဆွေအမျိုးများကား မကြာမီပင် အခါတိုင်းကဲ့သို့လိုက်လာလိမ့်မည်ဟု စိတ်ချယုံကြည်စွာ ခရီးကိုဆက်၍ နှင်သွားကြလေသည်။

## သာမဏေပြုပေးခြင်း

အတန်ငယ် ပြေးလွှားသွားမိလေလျှင် တခုသော ကျောင်းသခ်န်းကိုမြင်ရ၍ ရဟန်းတော်တို့အား ရှင်သာမဏေပြုပေးပါရန် တောင်းပန်လျှောက်ထား၏။ အဘိုးတန်ရတနာများဆင်ယင်ထားသဖြင့် မင်းညီမင်းသား သဌေးသူကြွယ်သား ခန့်မှန်း၍ မရသည့်အလျောက် ရဟန်းပြုပေးခွင့်မရှိဟု ရဟန်းတော်တို့က ငြင်းပယ်လေလျှင် အရှင်သာရိပုတ္တရာ၏ ညီငယ်ဖြစ်ကြောင်း ပြောဆိုလေမှ ရှေးယခင်ကအမှာစကားအရ ရဟန်းပြုပေးကြပြီး ရှင်သာရိပုတ္တရာအား အကြောင်းကြားကြ၏။

## ရှားတော၌သီတင်းသုံးခြင်း

သာရိပုတ္တရာမထေရ်သည်ထိုသတင်းစကားကြား၍ ရေဝတတံကြည့်ရှုရန်သွားပါမည်ဟု ဘုရားသခင်အားလျှောက်ထားလေ

လျှင်“ချစ်သားသာရိပုတ္တရာ၊သည်းခံဦးလော့”ဟု ခွင့်ပြုတော်မမူပေ။

နှစ်ရက် သုံးရက် အကြာ ထပ်မံ၍ လျှောက်ထားပြန်သော အခါလည်းခွင့်ပြုတော်မမူပဲ၊

“ချစ်သားသာရိပုတ္တရာ၊သည်းခံဦးလော့၊ ငါဘုရားသည်ပင် ထိုအရပ် သို့လိုက်ပါအံ့”

ဟု မိန့်ကြားတော်မူပြီးသွားရန်ကို အခွင့်ပေးတော်မမူ။

သာမဏေ ရေဝတသည်လည်း ဤအရပ်၌ ဆက်လက်နေခဲ့သော် အဆွေအမျိုးတို့ လိုက်ရှာရာမှ တွေ့ရှိ သွားလိမ့်မည်ဟု စဉ်စား၍ကမ္မဋ္ဌာန် တရားကိုသင်ယူပြီး သပိတ်သင်္ကန်းကိုလွယ်ခါ ထိုအရပ်မှ ယူဇနာသုံးဆယ်ဝေးသော ရွာတောသို့ဝင်လေ၏။

ဝါတွင်းသုံးလအတွင်း၌ပင် ပဋိသမ္ဘိဒါတို့နှင့် တကွအရဟတ္တဖိုလ်သို့ ရောက်လေ၏။

## ဘုရားသခင် ကြွတော်မူခြင်း

ဝါကျွတ်လျှင် ပဝါရဏာပြုပြီးသော် ရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံခွင့်တောင်း၏။ ဘုရားသခင်က ငါတို့လည်း သွားပေအံ့ဟု မိန့်တော်မူ၍ ငါးရာသော ရဟန်းတို့နှင့်အတူ ကြွတော်မူ၏။

ခရီးသွားလမ်းဆုံသို့ရောက်သော် အ ရှင် အာနန္ဒာ သည် ရပ်တန့်တော်မူပြီး–

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။လမ်းနှစ်သွယ်အနက် ဤလမ်းသည်ကွေးကောက်၍ ယူဇနာခြောက်ဆယ်ဝေးပါသည်၊ လူတို့နေရာပါတည်း။ အခြားလမ်းသည်ကားဖြောင့်မတ်၍ယူဇနာသုံးဆယ်သာ ဝေးပါသည်၊ ဘီလူးတို့နေရာပါတည်း"ဟု လျှောက်၏။

"ချစ်သားအာနန္ဒာ။ ။ငါ၏သားတော်"သီလဝိ" ပါလာလျှင် ဖြောင့်မတ်သော ခရီးကိုသာ ယူလေလော့"ဟု မိန့်တော်မူ၏။

## နတ်တို့က လှူဒါန်းကြခြင်း

ဘီလူးတို့စောင့်ရှောက်သော ထိုတောအုပ်သို့ မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွသွားလျှင် နတ်တို့က ငါတို့၏အရှင်သီဝလိမထေရ်အား ပူဇော်ကြအံ့ဟု တယူဇနာ တယူဇနာအထက်၌ကျောင်းတဆောင်စီဆောက်၍ တညဉ့်တညဉ့်စီတည်းခိုကျိန်းဝပ်စေပြီးမှ နံနက်၌ ယာဂုဆွမ်းတို့ကိုအရှင်သီဝလိမထေရ်အား ရှေ့ရှု၍ ကပ်လှူကြကုန်၏။အရှင်သီဝလိသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပေးပို့လှူဒါန်းစေ၏။ ဤသို့ဖြင့်မြတ်စွာဘုရားသည် အခြံအရံနှင့်တကွသီဝလိမထေရ်၏ကောင်းမှုဘုန်းကံကို ခံစားတော်မူလျက်၊ ယူဇနာသုံးဆယ်ခရီးကို ကြွသွားတော်မူ၏။

## ရှင်ရေဝတ၏ တန်ခိုးတော်

ရှင်ရေဝတသည် မြတ်စွာဘုရား ကြွလာတော်မူသည်ကိုသိ၍မြေအပြင်ကို ပြန့်ပြူးစေပြီး ဂန္ဓကုဋိကို ဘုရားသခင်အတွက်

ဖန်ဆင်း၏၊ ကျောင်းငါးရာကိုရှင်း၊ စင်္ကြံနှင့်ငါးရာကိုရှင်း၊ ညဉ့်သန့်နေ့သန့် နေရာတို့ကိုရှင်း ဖန်ဆင်း၍ထား၏။ ဘုရားသခင်သည် ရှင်ရေဝတထံ၌ တလမျှ သီတင်းသုံးတော်မူရာ၊ ရှင်သီဝလိ၏ ရှေးဘုန်းရှေးကံဖြင့်သာ ခံစား၍ သီတင်းသုံးတော်မူ၏။

## ရဟန်းကြီးနှစ်ပါး စိတ်အကြံ

ထိုရဟန်းငါးရာတို့တွင် အသက်ကြီးမှ ရဟန်းပြုသောရဟန်းကြီးနှစ်ပါး ပါလာ၏။ ထိုရဟန်းကြီး နှစ်ပါးက ရှင်ရေဝတဖန်ဆင်းအပ်သော ကျောင်းပရဝုဏ်သို့ဝင်မိလျှင် ဤမျှသာယာတင့်တယ် ချမ်းမြေ့ဘွယ်သော ကျောင်း၌နေသောပုဂ္ဂိုလ်အား အဘယ်မှာလျှင် တရားကိုကောင်းစွာအားထုတ်နိုင်ပါမည်နည်း၊ ဘုရားသခင်က ရှင်သာရိပုတ္တရာ၏ညီဖြစ်၍ မျက်နှာလိုက်ပြီး ကြွလာတော်မူပေသည်ဟု ကြံစည်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ဤရဟန်းကြီး နှစ်ပါး၏ စိတ်အကြံကို သိတော်မူ၏၊ တောကျောင်း၌ တလမျှသီတင်းသုံးပြီး ပြန်ကြွတော်မူသောနေ့၌ အဓိဋ္ဌာန်တော်မူသဖြင့် ရဟန်း ကြီးနှစ်ပါးတို့သည် မိမိတို့၏ ရေဗူး,ဖိနပ်တို့ကို မေ့လျော့ကျန်ခဲ့၏၊ ကျောင်းဥပစာကို လွန်မြောက်မှ ဓိဋ္ဌာန်တော်မူအပ်သောတန်ခိုးတော်ကို ဖြေဖျောက်တော်မူပေ၏၊ ထိုအခါမှ ရဟန်းကြီးနှစ်ပါးတို့သည် မိမိတို့ကျန်ခဲ့သော ပစ္စည်းများကို သတိရ၍ယူရန် ပြန်သွားကြသော်၊ ကျောင်းနေရာကို မမှတ်မိသောကြောင့် ရှားငုတ်သစ်ငုတ်တို့ စူးသည်ကိုခံရပြီး၊ တခုသောရှားပင်၌ တွဲလည်းဆွဲထားသော မိမိတို့၏ ပစ္စည်းများကို တွေ့မြင်ရသဖြင့် ယူငင်၍ ပုဗ္ဗာရုံကျောင်းတော်သို့ အစဉ်တစိုက် ကြွသွားကြကုန်၏။

## ဝိသာခါ၏ လျှောက်ထားချက်

နောက်တနေ့စောစောတွင်ရဟန်းကြီးနှစ်ပါးတို့သည်သံဃာတော်တို့အား အစဉ်မပြတ် ပင့်လျှောက်ထားအပ်သော ဝိသာခါ ဒါယိကာမ အိမ်သို့ကြွ၍ ယာဂုဆွမ်း ဘုဉ်းပေးပြီး ထိုင်နေကြကုန်၏။

ထိုအခါ ဝိသာခါ ဒါယကာမကြီးက "အရှင်ဘုရားတို့ အရှင်ရေဝတ၏ သီတင်းသုံးရာဌာနသည် မွေ့လျော်သွယ်ရာ ကောင်းပါ၏လော"ဟု မေးလျှောက်၏။

"ဒါယိကာမကြီး။ ။ထိုတောကျောင်းသည် အလွန်ပင်မနှစ်သက်စရာ ပြိတ္တာတို့နေရာနှင့်သာတူလေသည်။ ရှားဆူးငုတ်သက်သက်တို့ဖြင့် ရှုပ်ထွေးလှသော နေရာဌာနပေတည်း"ဟု မိန့်ကြား၍ ကြွသွားတော်မူ၏။

ထိုနောက် ရဟန်းငယ်နှစ်ပါး ရောက်လာပြန်လျှင် ဝိသာခါ ဒါယကာမကြီးသည် ယာဂုဆွမ်းတို့ကို ကပ်လှူပြီးနောက် မေးလျှောက်ကြည့်ပြန်၏။ ထိုရဟန်းငယ်နှစ်ပါးတို့က....

"ဒါယိကာမကြီး။ ။အရှင်ရေဝတ သီတင်းသုံးရာနေရာဌာနသည်ကား ချီးမွမ်းပြောပြဘွယ်ရာပင် မရှိအောင် တင့်တယ်လှပေ၏၊ တန်ခိုးကြီးသော နတ်များကဖန်ဆင်းထားသလားပင်ထင်ရပေ၏"ဟု ပြောကြား၍ ကြွသွားကြကုန်၏။

ဤသို့ ရဟန်းကြီး ရဟန်းငယ်တို့သည် အတူတကွ ကြွသွားကြပါလျက် စကားမတူကွဲပြားခြားနားသည့်အကြောင်းရင်းကို ဝိသာခါ ဒါယိကာမကြီးသည် မိမိ၏ဉာဏ်ဖြင့် အမှန်ကိုစဉ်းစားမိသော်လည်း မြတ်စွာဘုရားသခင်ကြွလာမှ လျှောက်ထားအံ့ဟု လမ်းခရီးကို ငံ့မျှော်စောင့်ဆိုင်း၍ နေ၏။

မကြာမီပင် ဘုရားသခင်သည် သံဃာတော်အပေါင်း ခြံရံ လျက် ကြွလာ၏။ ယာဂုဆွမ်းတို့ကိုကပ်လှူပြီးနောက် ဘုရားသခင် အား အရှင်ရေဝတ၏ နေရာဌာန နှစ်မျိုးနှစ်စားစကားကွဲပြား သည်ကို လျှောက်ထားမေးမြန်း၏။

မြတ်စွာဘုရားသည် ဝိသာခါ လျှောက်ထားသောစကား ကို ကြားသိတော်မူ၍ တရားဟောကြားတော်မူလိုသဖြင့်=

**(၉၈) ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။**
**ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။ ။**

(၉၈) ရွာ၌ရင်း၊ တော၌ရင်း၊ ချိုင့်ဝှမ်းတို့၌ရင်း ကုန်းမြင့်၌ရင်း အကြင်တစုံတခုသောအရပ်၌ ရဟန္တာအရှင်မြတ်တို့သည် နေထိုင်ကြကုန်၏။ ထိုအရပ် ထိုမြေကြီးတို့သည် ပျော်မွေ့ဘွယ်ရာသာတည်း။

ဒေသနာတော်၏အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

## အရှင်သီဝလိ၏ အတိတ်ဇာတ်

တနေ့သောအခါ ရဟန်းတော်တို့က "ရှင်သီဝလိမထေရ် သည် အဘယ့်ကြောင့် ခုနစ်နှစ်နှင့် ခုနစ်လ ခုနစ်ရက်တို့ပတ်လုံး အမိဝမ်းပိုက်၌ကိန်းအောင်း၍နေရပါသနည်း၊ အဘယ့်ကြောင့် ငရဲ၌ခံစားရပါသနည်း၊ အဘယ် အကျိုးဆက်ကြောင့် ဤမျှ လာဘ်လာဘ ပြန့်ပြူးသည့် တေဒဂ်အရာကို ရောက်ရှိရပါ သနည်း"ဟု အချင်းချင်းပြောဆိုကြသည်ရှိသော် မြတ်စွာဘုရား သခင်ကြားတော်မူ၍ အရှင်သီဝလိမထေရ်၏ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

ဤဘဒ္ဒကမ္ဘာမှအထက် ကိုးဆယ့်တကမ္ဘာကာလ၌ ဝိပဿီ ဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူခဲ့ရာ ဖခမည်းတော် မင်းကြီး၏ အုပ်ချုပ်ရာမြို့သို့ ရောက်တော်မူ၏၊ မင်းကြီးသည် ဘုရားသခင်အတွက် လှူဘွယ်ဝတ္ထု အစုစုကို မြို့သူ မြို့သား ယောကျ်ားမိန်းမ မကျန်ရအောင် ငါနှင့်အတူ ပေးလှူနိုင်ကြ၏ဟု အကြောင်းကြားစေ၏၊ မြို့သူမြို့သားတို့ကလည်းမင်းကြီး၏ လှူဘွယ်ဝတ္ထုတို့ထက် သာအောင်စုပေါင်းပေးလှူကြကုန်အံ့ဟု ဘုရားသခင်ကိုပင့်ကြပြီး နက်ဖြန်၌ ဘုရင်မင်းမြတ်သည် မြို့သူ မြို့သားတို့၏ စုပေါင်းအလှူကို ကြွရောက်ကြည့်ရှုတော်မူပါဟု သတင်းစကား ကြားလျှောက်ကြကုန်၏။

ပြည့်ရှင်မင်းလည်း မြို့သူမြို့သားတို့၏ စုပေါင်းအလှူကို ကြည့်ရှုပြီးသော် ထို့ထက်သာအောင်ငါလှူအံ့ဟု နောက်တနေ့ အတွက် ဘုရားကိုပင့်ကာ လှူဒါန်းပြန်၏။ မြို့သူမြို့သားတို့က လည်း မင်းကြီး၏အလှူကိုကြည့်ရှုပြန်ပြီး ထို့ထက်သာအောင် လှူဒါန်းအံ့ ဟု ဘုရားသခင်ကို ပင့်၍ လှူဘွယ် တို့ကို စီရင် ပြန်၏။

ဤသို့ပင် သူ့ထက်ငါသာအောင် အပြိုင်အဆိုင် လှူဒါန်း ကြသည်မှာ ခြောက်ကြိမ်တိုင်ရောက်သော်လည်း ဘုရင့် အလှူ ကလည်း သာသည်မဆိုနိုင်၊ မြို့သူမြို့သားတို့၏ အလှူကလည်း သာသည်မဆိုနိုင်ဖြစ်နေ၏၊ ဘုရင်သည်ရင်း၊ မြို့သူမြို့သားတို့သည် ရင်း၊ အလှူဝတ္ထုတို့တွင် မည်သည့်အရာ မပါသည်ဟု မရှိ ရအောင် စီစဉ်ပေးလှူကြသည်ဖြစ်၍ အရှုံးအနိုင် မပေါ်နိုင်ပဲ ရှိနေခြင်းဖြစ်၏။

မြို့သူမြို့သားတို့သည် ဘုရင့်အလှူနှင့် မိမိတို့အလှူတွင် မပါရှိသေးသော လှူဘွယ်ကိုကြံဆသည်ရှိသော် လတ်လတ်ဆတ်ဆတ်ပျားလဘို့မှရသော ပျားရည်ကိုလှူရလျှင် ထူးမြတ်ကောင်းမွန်ပေအံ့ဟု တိုင်ပင်ကြပြီး မြို့တံခါးလေးရပ်သို့ လူလေးယောက်ကို အသပြာတထောင်စီပေးကာ ပျားလဘို့နှင့်တကွသော ပျားရည်လတ်လတ်ဆတ်ဆတ်ကို ရှာကြ၏။

## ကုသိုလ်ထူးသည့် တောတွင်းသား

ထိုနေ့စောစောဌ် တောတွင်းသား တယောက်သည် မိမိ၏ ရွာစားထံအလည်သွားအံ့ဟု လတ်လတ်ဆတ်ဆတ် နို့ ခမ်းအိုးကို ထမ်း၍လာခဲ့ရာ လမ်းခရီး၌ ကြီးမားသော ပျားအုံကြီးတခုကို တွေ့သဖြင့် ပျားတို့ကိုပြေးစေပြီး သစ်ကိုင်းနှင့်တကွပျားလဘို့ကို ချိုး၍ယူခဲ့လေ၏။

မြို့တံခါးသို့ရောက်လျှင် စောင့်စားနေသူက ပျားလဘို့ကို မြင်၍ အားရဝမ်းသာ ချည်းကပ်ကာ "ဤပျားလဘို့ကို ရောင်းပါ၊ အသပြာတကျပ်ပေးပါမည်"ဟု ဆို၏၊ တောတွင်းသားက စဉ်းစားမိသည်မှာ တမတ်မျှပင် မတန်သော ဤပျားလဘို့ကို တကျပ်ပေး၍ ဝယ်သည်မှာ အကြောင်းထူးရှိတန်ရာသည်၊ ဈေးကောင်းရအောင် ကြံဆောင်ဦးမှဟု ကြံ၍ ဤပျားလဘို့မှာ ရောင်းရန်မဟုတ်ပါဟုဆိုသော် နှစ်ကျပ်တက်၍ ပေး၏၊ ဤသို့ဖြင့် တောတွင်းသားက ဈေးကိုဆွဲရင်း ဝယ်သူက လက်လွှတ်မခံနိုင်၍ တိုးပေးရင်းဖြင့် အသပြာ တထောင်သို့

တိုင်အောင်ရောက်လေ၏၊ ဝယ်သူကလည်း အသပြာ တထောင် တိုင်အောင်ပေး၍ ဝယ်၏။

ထိုအခါ တောတွင်းသားက စဉ်းစားလာ၏။

''အိုမိတ်ဆွေ။ ။တမတ်မျှပင် မတန်သော ဤပျားလဘ်ို ကို အသပြာတထောင်ပေး၍ ဝယ်သည်မှာ သင်တို့၌ သုံး၍ ဖြုန်း၍မကုန်နိုင်သော ပစ္စည်းဥစ္စာ ပေါများလွန်းလှ၍လော၊ သို့တည်းမဟုတ်အခြားသောထူးခြားသောအကြောင်းရှိ၍လော ဟုမေး၏၊ မြို့သားက ဘုရင်နှင့် မြို့သူမြို့သားတို့၏ အပြိုင်အဆိုင် အလှူတော်အကြောင်းကို ပြောပြ၍ အခြားသော လှူဖွယ်တို့မှာ လိုအပ်သည်မရှိ ပြည့်စုံ၏၊ လတ်ဆတ်သော ပျားရည်ချိုအလှူ သာလျှင် ကြွင်းကျန်၍ မရမနေ ဝယ်ယူရခြင်း ဖြစ်ကြောင်း ရှင်းပြလျှင် တောတွင်းသားက စေတနာသဒ္ဓါပေါက်ပြီး=

''ဤသို့ဆိုလျှင် ဤအလှူသည် ကျွန်ုပ်၏အလှူသာ ဖြစ်ပါ စေတော့၊ ကျွန်ုပ်သည် မြို့သူမြို့သားတို့နှင့်အတူ ကျွန်ုပ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် လှူဒါန်းခွင့်ပြုပါက အသပြာကို မယူပဲ ပေးလှူပါမည်ဟုဆို၏၊ ထိုအခါ မြို့သူမြို့သားတို့ကိုယ်စားလည် လည်း အားရဝမ်းသာ ပေးလှူခွင့်ပြုပါမည်ဟု အလှူမဏ္ဍပ်သို့ ခေါ်ဆောင်၍ သွားလေ၏။

မြတ်စွာဘုရား ရှေ့တော်မှောက်ရောက်သောအခါ ခွက်တခု ဖြင့် ပျားရည်ကို ညှစ်၍ပါလာသော နို့ဓမ်းဖြင့်ရောစပ်ဖျော်ပြီး ဘုရားသခင်မှ အစပြု၍ အစဉ်အတိုင်း ကပ်လှူခဲ့ရာ ခြောက်သောင်းရှစ်ထောင်မျှသော ရဟန်းတော်တို့ လောက်ငှ ရုံမျှမက ပိုလျှံ၍ပင် နေသေးတော့၏။

## ဘုရင်အဖြစ်နှင့်

ထိုတောတွင်းသား ယောကျ်ားသည် အသက်ထက်ဆုံးနေ၍ သေလွန်သော် နတ်ပြည်သို့ လားရောက်၏၊ နတ်ပြည်မှတဖန် စုတိပြန်သော် ဗာရာဏသီမင်း၏ သားတော်ကြီး ဖြစ်၏၊ ဖခင် ဗာရာဏသီမင်း နတ်ရွာစံလျှင် ထို သားတော်ကြီးပင် ဖခမည်းတော်၏ အရိုက်အရာကို ခံယူ၍ မင်းအဖြစ်ကို ရရှိလေ၏။

ထိုအခါ တခုသောမြို့ကို သိမ်းယူရန် ဗိုလ်ပါအလုံးအရင်းဖြင့် ချီတက်လေ၏၊ မြို့၏အနီးသို့ရောက်လျှင် မြို့သူမြို့သားတို့ထံ စေလွှတ်၍=

"မြို့ကိုလည်းအပ်မည်လော၊စစ်ကိုလည်းတိုက်မည်လော"ဟု မေးစေ၏။ ထိုမြို့က "စစ်ကိုလည်းမတိုက်လို မြို့ကိုလည်းမအပ်လို"ဟု ဆိုသဖြင့် မြို့တံခါးလေးပေါက်တို့ကို ပိတ်ဆို့၍ ဝိုင်းရံစေ၏။ မြို့သူမြို့သားတို့သည် တံခါးငယ်တို့မှထွက်၍ ရိက္ခာကို ရှာမှီးကြကုန်သဖြင့် ခုနစ်နှစ် ခုနစ်လတိုင် ဝိုင်းရံထား၏၊ ဘုရင့်မယ်တော်က သားတော်၏ လုပ်ဆောင်ချက်ကိုကြည့်၍ အဘယ့်ကြောင့် တံခါးငယ်တို့ကို ဖွင့်ထားဘိသနည်းဟုဆိုမှ တံခါးငယ်တို့ကိုပါ ဝိုင်းရံပိတ်ဆို့စေသော် မြို့သူမြို့သားတို့သည် အစာရေစာပြတ်၍ ခုနစ်ရက်မျှ ကြာလတ်သော် မိမိတို့၏ မင်းကို သတ်၍ မြို့ကိုအပ်လေ၏။

ထိုမင်းသည် အသက်အတိုင်းနေ၍ စုတိသော် အဝီစိငရဲ၌ မြေကြီးတယူဇနာမျှ တက်သည့်တိုင်အောင် ခံစားရ၏။

## မိခင်၏ ဝမ်းပိုက်ဝယ်

ထိုငရဲမှလွတ်မြောက်ပြီးနောက် သုဝါသာ အမည်ရှိသော သတိုးသမီး၏ ဝမ်းပိုက်ဝယ် ကိန်းအောင်း သန္ဓေတည်နေသော ကာလ ရှေးဘဝက မြို့တံခါးလေးရပ်ကို ခုနစ်နှစ် ခုနစ်လတိုင် ပိတ်ဆို့သော မကောင်းမှုကံကြောင့် အမိဝမ်းပိုက်ဝယ် ခုနစ်နှစ် ခုနစ်လ တိုင်အောင် ခံစားရပြီးနောက်၊ မြို့တံခါးငယ်တို့ကို ပိတ်ဆို့သော မကောင်းမှု ကံကြောင့် ခုနစ် ရက် မျှ သော ယောနိဝ၌ မမွေးမဖွားနိုင်ပဲ ဒုက္ခကို ခံစားခဲ့ရ၏။

လတ်ဆတ်သော ပျားရည်နှင့် နို့ဓမ်းကို ပေးလှူခဲ့သော ကောင်းမှုကံကြောင့်အရှင်သီဝလိမထေရ်အဖြစ်၌လာဘ်သပ္ပကာ ပေါများပြီး တေဒဂ်အရာ၌ ရရှိတော်မူလေသည်။

(ဓမ္မပဒ အရဟန္တဝဂ် ကိုးခုမြောက် အရှင်ရေဝတဝတ္ထု ပြီး၏)

## (၇) အရဟန္တဝဂ်

## ၁၀။ ရဟန္တာတို့ တောရစခန်း

### (မထင်ရှားသော မိန်းမ ဝတ္ထု)

အကြင်တော၌ လူတို့သည် မမွေ့လျော်နိုင်၊
ရာဂကင်းပြီးသော ရဟန္တာတို့သည်သာ မွေ့
လျော်ကုန်၏။

(ရမဏီယာနိ) အစရှိသည့် ဒေသနာကို သာဝတ္ထိပြည်
ဇေတဝန်ကျောင်းတော်၌ မထင်ရှားသော မိန်းမတယောက်ကို
အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အိမ်စဉ်မပြတ် ဆွမ်းခံရပ်လျက် ပိဏ္ဍပတ်ဓုတင်ကို ဆောက်
တည်သော ရဟန်းတပါးသည် ဘုရားသခင်အထံ၌ ကမ္မဋ္ဌာန်း
တရားကိုယူ၍ ယိုယွင်းပျက်စီးလျက်ရှိသော ဉယျာဉ်ကြီး တခု
အတွင်းသို့ဝင်ရောက်ကာ တရားအားထုတ်၍ နေပေ၏။

### ပြည့်တန်ဆာမ၏ မာယာ

ပြည့်တန်ဆာမ တယောက်သည် ယောကျ်ား တယောက်၏
ချိန်းဆိုချက်အရ ထိုဉယျာဉ်ဝ၌ လာရောက်ပြီး စောင့်နေ၏။

ချိန်းဆိုသောယောကျ်ား မရောက်လာသဖြင့် စိတ်ကောက်ပြီး ဥယျာဉ်တွင်းသို့ ဝင်လာလေလျှင် ပလ္လင်ပွဲခွေ ထိုင်နေတော်မူသော မထေရ်ကိုမြင်၍ ဟိုမှ သည်မှ လှည့်လည် ကြည့်ရှုသော် လူသူတစုံတယောက်မျှ မတွေ့ရသဖြင့် ဤရဟန်းအား အစွမ်းရှိသမျှ မာယာဖြင့် ဖျားယောင်းတော့မည်ဟုကြံစည်ပြီး–

မထေရ်၏ရှေ့တည့်တည့်တွင်ရပ်၍ ဝတ်ရုံထားသော ထမီကို ဖြေချွတ်ပြောင်းလဲ၍ဝတ်၏၊ ဆံပင်ကိုဖြေချခါ မကြာခဏ ထုံးဟန်ပြု၏။

မထေရ်ကိုကြည့်၍ လက်ခုပ်လက်ဝါးတီးကာ အသဲနှလုံးကြွေသည့်ပမာ ပြင်းစွာရယ်၏။

မထေရ်သည် ထိတ်လန့်တုန်လှုပ်၍ သံဝေဂတို့ ဖြစ်ပေါ်၏။

မြတ်စွာဘုရား သခင်သည် ငါ့ဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီး ကမ္မဋ္ဌာန်း အားထုတ်ရန် သွားသော ရဟန်းအား စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် မထေရ်အား မပြုထိုက်သော အမူအယာများဖြင့် ဖျားယောင်းနေသော ထိုမိန်းမကို မြင်၍ မထေရ်အား ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂရောက်နေသည်၏ အဖြစ်ကို မြင်တော်မူ၍ ဂန္ဓကုဋီကျောင်းတော်၌ နေတော်မူလျက်သာ ထိုမထေရ်၏ရှေ့၌ ကိုယ်တော်ရောင်ကို ပျံ့နှံ့စေတော်မူပြီး ရှေ့တွင် တိတိ ရောက်သည့်ပမာ ထိုရဟန်းအား တရားဟောတော်မူ၏။

(၉၉) ရမဏီယာနိ အရညာနိ၊
ယတ္ထ န ရမတီ ဇနော။
ဝီတရာဂါ ရမိဿန္တိ၊
န တေ ကာမဂဝေသိနော။ ။

(၉၉) တောတို့သည် မွေ့လျော်ဘွယ်ရှိလှကုန်၏။ အကြင်တောကြီး၌ လူအပေါင်းတို့သည် မမွေ့လျော်နိုင်ကြကုန်။ ရာဂ ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းငွေ အာရုံတွေ့၍ မွေ့လျော်ကုန်လတံ့။ ထိုရဟန္တာတို့သည် ကာမဂုဏ်ကို ရှာမှီးသေ မရှိကြ။

ဂါထာတော်၏အဆုံး၌ ထိုမထေရ်သည် ပလ္လင်ဖွဲ့ခွေ ထိုင်နေသော ထိုနေရာ၌ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ အထက်ကောင်းကင်ခရီးဖြင့်ကြွလာပြီး ဘုရားသခင်၏ ခြေတော်အစုံကို ဝပ်လျှိုးရှိခိုးပြီးနောက် ကြွတော်မူလေ၏။

(ဓမ္မပဒ အရဟန္တဝဂ် ဆယ်ခုမြောက် မထင်ရှားသော မိန်းမ တယောက်ဝတ္ထု ပြီး၏)

အရဟန္တဝဂ်ပြီး၏

# (၈) သဟဿဝဂ် (တထောင်တရားစု)



(ဂါထာ ၁၆-ဝတ္ထု ၁၄)

ဤသဟဿဝဂ်(တထောင်တရားစု)သည် အရည်အတွက်နှင့် အရည်အချင်း ကွာခြားမှု ဆန်းစစ်ပြသွားသည်။ အကျိုး မရှိသောစကားအခွန်းတထောင်နှင့်အကျိုးရှိတခွန်း၊လူတထောင်ကို အကြိမ် တ ထောင် အောင် မြင် သော် လည်း ကိုယ့် တ ဦး ကို အောင်သူလောက် မမြတ်၊ လူမိုက်အဖြစ် အနှစ်တရာထက်၊ လူလိမ္မာတရက်က မြတ်၏၊ စသည်ဖြင့် တရားအနှစ်များ ပါရှိပါသည်။

ဝတ္ထု ကြောင်းများ မှာ ကား။ **လူ သတ် ယော ကျ်ား အာဏာသား** နှစ်ပေါင်း ၅၀ လူများစွာ သတ်သော်လည်း နောက်ဆုံးနေ့အလှူကိုစွဲမိသဖြင့် တုသိတာနတ်ပြည်ရောက်ဝတ္ထု၊ **ဗာဟိယဒါရုစိယမထေရ်**။ ပျဉ်ပြားကို ခါးစည်း အိုးချမ်းခွက် လက်ကကိုင်၊ ရဟန္တာထင်မှတ်၍ ကိုးကွယ်ကြ၊ နောက်ဆုံးမှ အနာဂါမ်ဗြဟ္မာကြီးသတိပေး၍ ဘုရားထံရောက်၊ လမ်းတွင် တရားနာ၊ နွားဝှေ့၍ ပရိနိဗ္ဗာန်စံရသောဝတ္ထု(ရဟန်းခုနစ်ပါး အတိတ်ဇာတ်)ပါရှိပါသည်။

**ကုဏ္ဍလကေသီထေရီမ**။ ။ခိုးသူကို အသပြာ တထောင် ပေး၍ ကြိုက်၊ ခိုးသူက သတ်မည် ပြုသောအခါ ပရိယာယ်ဖြင့် ခိုးသူကိုပြန်သတ်၊ ဝါဒတထောင်တတ်မြောက်သော ပရိဗိုဇ် မဖြစ်။ အရှင်သာရိပုတ္တရာနှင့် ပညာပြိုင်၊ ရဟန္တာမအဖြစ် တေဒဂ်ရ၊ အလွန်စိတ်ဝင်စားဘွယ်ဝတ္ထုရှည်ကြီး ဖြစ်ပါသည်။ **အနတ္တပုစ္ဆကပုဏ္ဏားဝတ္ထု**။ ကြွေ အန် လောင်း က စား ဖြင့် အသက်မွေးသူဝတ္ထုနှင့် အရှင်သာရိပုတ္တရာချွတ်သော ပုဏ္ဏားတို့ အကြောင်းဝတ္ထုများ။ အသက် ၁၂၀ ရှည် **အာယုဝဍ္ဎန သတို့သားဝတ္ထု**၊ (ပရိတ်တော်တန်ခိုး။ ။မီးပုံတွင်းမှ မွေးသော **သံကိစ္စသာမဏေ** နှင့် ခိုးသားငါးရာရဟန်းဖြစ်ဝတ္ထု။

သေကြောင်းကြံရာမှ ရဟန္တာဖြစ်သော ဝတ္ထု။ **ပဋာစာရီ ထေရီမ**၏ ကြွေကွဲဘွယ်ရာ ဝတ္ထုရှည်နှင့် မှတ်သားဘွယ်ရာ တရားအနှစ်။ မီးသွေးကိုကိုင်လျှင် ရွှေဖြစ်သော **ကိသဂေါတမီ**။ သားအလောင်းပိုက်၍ အိမ်ပေါက်စေ့ မုန်ညင်းစေ့ ရှာပုံတော် နှင့် တရားအနှစ်တို့ကို စိတ်ဝင်စားစွာ ရှုစား ဗဟုသုတနှင့် ကုသိုလ်တရား ပွားများနိုင်ကြပါစေသတည်း။

# (၈) သဟာသဝဂ်

## ၁/ တရားတပုဒ်ဖြင့် နတ်ပြည်ရောက်သူ

### (လူသတ်ယောကျ်ား တမ္ဗဒါဌိကဝတ္ထု)

**အကျိုးမရှိသော စကားလုံး တထောင်ထက်**
**အကျိုးရှိသော စကားတလုံးသည်**
**မွန်မြတ်လှပေ၏။**

(သဟဿမပိစေ ဝါစာ) အစဖြာသော ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အာဃာတပါးကွက်သား တမ္ဗဒါဌိကကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တောရွာဇနပုဒ်တို့ကို ရွာလုံးကျွတ် ပျက်စီးအောင် လိုက်လံလုယက် ဖျက်ဆီးနေကြသော လူငါးရာတွင် တယောက်သျှော့အင်အားရှိသည့် ဒမြဂိုဏ်းကြီး သောင်းကျန်းနေ၏၊ ထိုဒမြဂိုဏ်းကြီးတွင် ပါဝင်လို၍ ကျင်စွယ်နီနီနှင့် တကိုယ်လုံးမွဲခြောက်ဖုံးခါအပျောက်အကြားဖြစ်နေသောလူတယောက်ကလာရောက်ဆက်သွယ်၏။ ဂိုဏ်းခေါင်းဆောင်သည် ထိုသူကို မြင်လျှင်ဤသူကား ယုတ်မာသောသူဖြစ်၏၊ အမေ၏နို့ကိုပင် လှီးဖြတ်၍ရင်း၊ အဖေ၏လည်ချောင်းသွေးကိုပင် လှီးဖြတ်၍ရင်း၊ သတ်နိုင်သူပင်တည်းဟု အကဲခတ်ခါ အလိုမရှိပါဟု ငြင်းပယ်လိုက်၏။

ထိုယောကျ်ားသည် ဂိုဏ်းခေါင်းဆောင်၏ လူယုံတော် တပည့်ရင်းထံ ချဉ်းကပ်၍ အလုပ်အကျွေးပြု၏၊ လူယုံတော် တပည့်ရင်းလည်း ထိုသူကို သဘောကျပြီး ဂိုဏ်းခေါင်းဆောင် ထံ တာဝန်ခံသဖြင့် ထိုဂိုဏ်းကြီးတွင် ပါဝင်ခွင့်ရလေသည်။

ဒမြဂိုဏ်းကြီး၏ သောင်းကျန်းမှုဒါဏ်ကို မခံရပ်နိုင်သော မြို့သူမြို့သားတို့သည် ဘုရင့်တပ်မတော်နှင့် ပူးပေါင်း၍ ဒမြဂိုဏ်း ကြီးကို ဝိုင်းဝန်းဖမ်းဆီးရာ ဂိုဏ်းသား ငါးရာစလုံး ဖမ်းမိလေ၏။ သူတို့ကို တရားစီရင်၍ သေဒါဏ်ပေးလိုက်၏။ သို့သော် ထိုသူတို့ ကို သုတ်သင်သတ်ဖြတ်မည့် အာဏာပါးကွက်သားများ မရှိ သဖြင့် ဂိုဏ်းခေါင်းဆောင်အား "ဤရာဇဝတ်သားများအား သင်ကိုယ်တိုင် သတ်ဖြတ်လေလော့၊ သင့်အား အသက်မှချမ်း သာစေပြီး ဆုလာဘ်ပကာများပင် ပေးဦးမည် ဟု မှူးမတ်တို့က ဆိုကြ၏။ ဂိုဏ်းခေါင်းဆောင်က ငြင်းပယ်၏။ ထို့နောက် တယောက်ပြီးတယောက်ကို အခွင့်အရေးကိုပေး၏။ လေးရာ ကိုးဆယ့်ကိုးယောက်စလုံးပင် ငြင်းပယ်၍ အသက်အသေခံမည် ဟုဆိုကြ၏။ နောက်ဆုံး ဝင်ရောက်လာသော သူ၏အလှည့်သို့ ရောက်သောအခါတွင်မူ အသက်ကိုလွတ်လျှင် သတ်ပေးပါမည် ဟု ဆို၏၊ ထိုသူသည် မိမိတယောက် အသက်ရှင်ရေး အတွက် ဂိုဏ်းသားအားလုံးကို တယောက်တည်းဖြင့် သတ်လိုက်၏။

ထိုနောက် အခြားအရပ်မှ ဖမ်းမိလာသော ခိုးသား ဒမြ စသော ရာဇဝတ်သားအားလုံးကို သုတ်သင်ရမည်ရှိတိုင်း ထိုသူ အား အခကြေးငွေပေး၍ သတ်စေ၏၊ သို့ဖြင့် ထိုသူသည် အာဏာပါးကွက်သား သူသတ်ယောကျ်ား "တမ္ဗဒါဌိက" ဟု နာမည်ကြီးလျက်ရှိသည်။

အသက်ပေါင်းမြောက်များစွာကို တချက်တည်းဖြင့် ဦးခေါင်းပြတ်အောင်ဖြတ်နိုင်သော ကာလသည် ရှည်ကြာလာသော်၊ တမ္ဗဒါဌိကသည် အသက်အရွယ်ကြီးမြင့်လာ၍ တချက်တည်းနှင့် လည်ကိုမဖြတ်နိုင်ဘဲ နှစ်ချက်သုံးချက်ခုတ်မှ ပြတ်သည်၏အဖြစ်ကြောင့် ရာဇဝတ်သားတို့သည် ပြင်းစွာဝေဒနာခံစား၍ သေကြရ၏၊ သို့ကြောင့် တမ္ဗဒါဌိကကို ထိုသူသတ်ယောကျ်ားအလုပ်မှ အနားယူစေ၏။

တသက်တာပတ်လုံး သွေးအလိမ်းလိမ်းဖြင့် နေခဲ့ရသော ဘဝမှအနားရသဖြင့် ဤယနေ့တွင် မွန်မြတ်သော ဘောဇဉ်ကို စီရင်စေ၍ နူးညံ့သောအဝတ်၊ မြတ်လေးပန်းနှင့် နံ့သာတို့ကို ယူဆောင်ခါ မြစ်ဆိပ်၌ ရေချိုးပြီး အဝတ်တန်ဆာ ဝတ်ဆင်၍ မြတ်လေးပန်းကို ပန်ပြီး တကိုယ်လုံး နံ့သာဖြင့် လိမ်းကျံခါ ဆိဦးထောပတ်နှင့် စီရင်အပ်သော နို့ယာဂုကို ရှေ့မှာချပြီး တအားပင် စားတော့မည်ဟု အားခဲ၍ လက်ဆေးရေကို ယူလာရန် တောင်းလေ၏။

ထိုအခိုက် ရှင်သာရိပုတ္တရာသည် သမာပတ်မှ ထတော်မူ၍ ဆွမ်းခံရာကို ကြည့်၍ ဆင်ခြင်တော်မူသော် ထို တမ္ဗဒါဌိက လူသတ်ယောကျ်ား၏အိမ်၌ စီရင်ထားသော ယာဂုကိုမြင်၏။ ငါကြွသွားသည်ရှိသော် လျှုဒါန်းခြင်းပြုအံ့လော မပြုအံ့လော ဟု ဆင်ခြင်တော်မူပြန်သော် ထိုယောကျ်ားသည် ငါ့ကို မြင်သော် လှူဒါန်းခြင်းပြုလတံ့၊ ဤသို့လှူခြင်းဖြင့် ထိုသူသည် ကြီးစွာသော စည်းစိမ်ချမ်းသာကိုရပေလတံ့ ဟု မြင်တော်မူ၍ တမ္ဗဒါဌိက၏ အိမ်တံခါးဝ၌ ဆွမ်းခံရပ်တော်မူ၏။

## ဘယ်သူ အပြစ်ရှိသလဲ

တမ္ဗဒါဌိကသည် အရှင်သာရိပုတ္တရာမထေရ်ကို မြင်လျှင် စိတ်တွင်း၌ လျှင်မြန်စွာ ဖြစ်ပေါ်လာသည်မှာ ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ရာဇဝတ်သားများစွာ တို့ကို သတ်ခဲ့၏။ ယခု ငါ၏အိမ်၌ နို့ယာဂုကို ချက်လုပ်၍ ငါ့အရှေ့တွင်ရောက်နေပေပြီ၊မထေရ်အရှင်မြတ်လည်းငါ၏အိမ်တံခါးဝ၌ ကြွရောက်တော်မူ၏။ ငါသည် ပေးလှူရန် သင့်ပေသည်ဟု စဉ်းစားပြီး သည်၏ အဆုံး၌ မထေရ်၏ရှေ့တော်သို့ သွားရောက်ခါ ရိုသေညွှတ်ကျိုး ရှိုးခိုးဦးချပြီးလျှင် အိမ်တွင်းသို့ပင့်၍ ထိုင်နေ သီတင်းသုံးစေပြီးမှ မိမိအတွက် တည်ထားအပ်သော ယာဂုံကိုပယ်ပြီး အရှင်မြတ်၏သပိတ်၌ နို့ယာဂုကိုထည့်လောင်းလှူ၍ ဆီဦးထောပတ်တို့ ထပ်၍သွန်းလောင်းပြီး အရှင်မြတ်ကို ယပ်ခတ်လျက်နေ၏။

ထိုအခါ လူသတ်ယောကျ်ားသည် နှစ်ပေါင်းများစွာ တခါမျှမသုံးဆောင်ဘူးသော နို့ယာဂုကို ယနေ့မှပင် အထူး စီရင်ထားသဖြင့် စားသောက်လိုသော အာသာဆန္ဒ ဖြစ်နေ သည်ကို အရှင်သာရိပုတ္တရာ သိတော်မူ၍-

"ဒါယကာ။ ။အသင်၏ယာဂုကို သောက်ဦးလော့" ဟု မိန့်တော်မူ၏၊ "တမ္ဗဒါဌိက" လူသတ်ယောကျ်ားအာဏာသား သည် အခြားသူတယောက်ကို ယပ်ခတ်စေပြီး ယာဂုကိုသောက် လေ၏၊ မထေရ်လည်း ယပ်ခတ်နေသူအား "ဒါယကာ=ငါ့အား ယပ်မခတ်နှင့်တော့ သွားလေလော့"ဟု မိန့်တော်မူ၏။

သူသတ်ယောကျ်ားသည်အားရအောင်စားသောက်ပြီးသော် မထေရ်၏အထံသို့လာ၍ ယပ်ခတ်လျက်နေ၏။ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ မထေရ်၏ သပိတ်ကိုယူ၏၊ မထေရ်သည် ထို ယောကျ်ားအား တရားအနုမောဒနာကို ဟော၏။ ထိုသူသတ် ယောကျ်ားသည် မထေရ်၏တရား၌ နားမဝင်ပေ၊ မထေရ်က-

"ဒါယကာ။ ။ငါ၏ တရားဒေသနာတွင် အဘယ်ကြောင့် စိတ်မဝင်စားနိုင်ပါသနည်း"ဟု မေး၏။

"အရှင်ဘုရား။ ။တပည့်တော်သည် ကြာမြင့်စွာ သော ကာလပတ်လုံးမြောက်မြားစွာသောလူတို့ကိုသတ်ဖြတ်ခဲ့ပါသည် ထို့ကြောင့် မိမိပြုအပ်သော မကောင်းမှု အကုသိုလ်ကံကိုသာ သတိရ၍ အရှင်မြတ်၏တရားတော်၌ စိတ်ဝင်စားအောင် မပြု စွမ်းနိုင်ပါ"ဟု လျှောက်၏၊ မထေရ်သည်

"ဒါယကာ။ ။ဤအမှုကို အသင်သည် မိမိဆန္ဒဖြင့် ပြုသ လော၊ သူတပါးတို့ ခိုင်းစေ၍ပြုသလော"

"အရှင်ဘုရား။ ။ပြည့်ရှင်မင်းမြတ်၏ အမိန့်အရ ပြုရ ပါသည်"

"ဒါယကာ။ ။ဤသို့ဆိုလျှင် သူတပါးခိုင်း၍လုပ်ရသော သင့်အား အကုသိုလ်ဖြစ်သလော"ဟု မိန့်တော်မူ၏။

ထိုခဏ၌ ထိုလူသတ်ယောကျ်ား၏စိတ်သည် ဝင်းထိန်ကြည် လင်ပြီး "ငါ့အား အကုသိုလ်မရှိ"ဟု ယူဆမိလေ၏။

"အရှင်ဘုရား တရားစကားကို ဟောကြားတော်မူပါလော့၊ တပည့်တော် နာယူနိုင်စွမ်း ရှိပါပြီ"ဟု လျှောက်၏၊ မထေရ်သည်

ဆွမ်းအနုမောဒနာ ဒေသနာတော်ကို ကောင်းစွာ ဟောပြတော်မူလေသော်၊ ထိုသူသတ်ယောကျ်ားသည် ကြည်လင်သော စိတ်ဖြင့် နာကြားအပ်သည် ဖြစ်၍ တရားတော်ကို နာလျက်ပင် သောတာပတ္တိမဂ်၏ အောက်ဖြစ်သော အနုလောမခန္တီကို ဖြစ်စေ၏။ ဆွမ်းအနုမောဒနာပြီးလျှင် မထေရ်သည် ကြွလေ၏။

သူသတ်ယောကျ်ားသည် အရှင်မြတ်ကို အနည်းငယ် ခရီးသို့ လိုက်ပို့ပြီး ပြန်လာစဉ်ပင် နွားမဝှေ့၍ သေလေရာ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏။

## တရားသဘင်၌ ပြဿနာတင်ခြင်း

ထိုနေ့ တရားသဘင်၌ရဟန်းတော်တို့သည်တမ္ဗဒါဌိကလူသတ်ယောကျ်ား၏ သေဆုံးခြင်းအကြောင်းကို ပြောကြားကြရင်း၊ အနှစ်ငါးဆယ်မျှ လူများကိုသတ်၍ယနေ့ပင်လျှင်လူသတ်အလုပ်မှ အနားရ၏။ ယနေ့ပင်လျှင် ရှင်သာရိပုတ္တရာကို ဆွမ်းကပ်၍ ယနေ့ပင်လျှင် တရားစကား နာကြားရ၏။ ယနေ့ပင်လျှင် နွားမဝှေ့၍ သေဆုံးရ၏။ ထိုသူ၏ လားရာဂတိသည် အဘယ်သို့ ရှိမည်နည်းဟု ဆွေးနွေး တိုင်ပင်ကြ၏။

ဘုရားသခင်သည် အစည်းအဝေးခွင်သို့ကြွလာပြီးအကြောင်း ကို မေးတော်မူသောကြောင့် တမ္ဗဒါဌိက လူသတ်သမား၏ လားရာဂတိကို ပြောကြားကြပါကြောင်း လျှောက်ထားလေလျှင် တမ္ဗဒါဌိကသည် တုသိတာနတ်ပြည်၌ ဖြစ်လေသည်ဟု မိန့်တော်မူ၏။

## မြင့်မြတ်သော အဆွေခင်ပွန်း

"အရှင်မြတ်ဘုရား။ ။အနှစ်ငါးဆယ်မျှ ကာလပတ်လုံး မရေမတွက်နိုင်အောင်ပင် လူသားတို့ကို သတ်ဖြတ်၍ တုသီတာ နတ်ပြည်၌ ဖြစ်နိုင်ပါသလော"ဟု မေးလျှောက်ကြ၏။

"ချစ်သားရဟန်းတို့။ ။ဩော် ဟုတ်လှပေ၏၊ ထိုလူသတ် ယောကျ်ားသည် ကြီးကျယ်မြင့်မြတ်လှသော အဆွေ ခင်ပွန်း ကောင်းကို ရခဲ့၏၊ ငါ၏သားတော် သာရိပုတ္တရာ၏ တရား ဒေ သနာကို ကြားနာရပြီး၊ အနုလောမဉာဏ်ကိုဖြစ်၍ ဤဘဝမှ စုတေ သေလွန်သည်ရှိသော်၊ တုသိတာနတ်ပြည်၌ ဖြစ်လေ၏" ဟု မိန့်တော်မူပြီး၍

သုဘာသိတံ သုတွာန၊ နဂရေ စောရဃာတကော။
အနုလောမခန္တိံ လဒ္ဓါန၊ မောဒတီ တိဒိဝံ ဂတော။ ။

(အနက်) မြို့တော်ကြီး၌ခိုးသူအပေါင်းကိုသတ်ဖြတ်ရသော ယောကျ်ားသည် အရှင်သာရိပုတ္တရာမထေရ်၏ ဟောကြားအပ် သော တရားတော်ကိုကြားနာရ၍အနုလောမခန္တိကိုရ၍တုသီတာ နတ်ပြည်သို့ ရောက်ရသည်ဖြစ်၍ မွေ့လျော်ရ၏။

ဤသို့ ဟောကြားတော်မူပြီးသည့်အခါ ရဟန်းတို့က....

"အရှင်မြတ်ဘုရား။ ။အနုမောဒနာ တရား ဆိုသည်မှာ အားကြီးလှသည် မဟုတ်ပါ၊ ထိုသူပြုခဲ့သော မကောင်းမှုကံက များပြားလှပါသည်၊တခဏမျှ အနည်းငယ်သောတရားကို ကြား နာရသဖြင့် အဘယ့်ကြောင့် တရားအထူးကို ဖြစ်စေနိုင်ပါသ နည်း"ဟု မေးလျှောက်ကြ၏။

ဘုရားသခင်က....

ချစ်သားတို့။ ။ငါဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို နည်းသည်ဟူ၍ဖြင်း၊ များသည်ဟူ၍ဖြင်း၊အတိုင်း အရှည် ပမာဏကို မယူကြပေကုန်လင့်၊ တခွန်းသော စကား၊ ကလုံးသော အက္ခရာ ဖြစ်လင့်ကစား၊ အကျိုးစီးပွားများကို မှီကုန်သည်ဖြစ်၍ မြတ်ကုန်သည်သာလျှင်တည်း''ဟု မိန့်တော် မူပြီးလျှင် အနုသန္ဓေကိုစပ်၍ ဟောကြားတော်မူပြန်သည်မှာ=

**(၁၀၀) သဟဿ မပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။**
**ဧကံ အတ္ထပဒ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။**

(၁၀၀) အကျိုးမရှိသောစကားသည် ပုဒ်ပေါင်း တထောင်ရှိသည်။ အကယ်၍ ဖြစေကာမူ ယုတ်မာစွာ၏။ အကြင်ပုဒ်တပုဒ်ကို ကောင်းစွာ ကြားနာရသည်ရှိသော် ငြိမ်းအေးစေ၏၊ အကျိုး စီးပွားနှင့်စပ်သော ထိုစကားသည် တလုံးတပုဒ်ပင် ဖြစ်စေ ကာမူ မြတ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ သဟဿဝဂ် ရှေးဦးစွာသော တမ္ဗဒါဌိက လူသတ်ယောကျ်ားဝတ္ထု ပြီး၏။)

(၈) သဟဿဝဂ်

## ၂။ ဂါထာတထောင်နှင့် ဂါထာတပုဒ်

(ဗာဟိယဒါရုစီရိယ မထေရ်ဝတ္ထု)

အကျိုးမရှိသော ဂါထာတထောင်ကို ကြားနာရသည်ထက်၊
အကျိုး ရှိသော ဂါထာ တပုဒ်သည် မွန်မြတ်လှ၏။

(သဟဿမပိစေ ဂါထာ) အစဖြာသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဗာဟိယဒါရုစီရိယ အမည်ရှိ ခိပ္ပာဘိညာမဟာထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း။

သစ်သားပျဉ်ချပ်ငယ်တို့ကိုကြိုးဖြင့်သီ၍ အရှက်ကိုလုံအောင် ဖုံးရုံမျှ ဝတ်ဆင်ပြီး အိုးခြမ်းခွက်ငယ်ကို လက်စွဲလျက် ရှိသော သူတယောက်အား ထိုခေတ်က လူတို့သည် ခြိုးခြံစွာကျင့်သည့် ရဟန္တာတပါးဟူ၍ ကိုးကွယ်ဆည်းကပ်လျက် ရှိကြ၏။

စင်စစ်ကား ထိုယောကျာ်းသည် အခြားသော တိုင်းပြည်တခုမှ ပင်လယ်တွင်းသို့ လှေ့သင်္ဘောဖြင့် ကူးသန်းရောင်းဝယ်နေသည့် ကုန်သည်တဦးသာ ဖြစ်ခဲ့၏။ ပင်လယ်တွင်း၌ သင်္ဘောပျက်၍ အခြားသူတို့ နစ်မြုပ်သေဆုံးကြသော်လည်း ထိုသူမှာ

ပျဉ်တချပ်ကိုတွယ်၍ ကမ်းသို့ရောက်ခဲ့၏။ ကမ်းပေါ်တွင် အဝတ်အချည်းနှီး ဗလာကိုယ်ထည်းဖြင့် သောင်တင်ရာမှ လူသူမနီး အဝတ်အစား ရနိုင်ရန် မရှိသောကြောင့် သင်္ဘောပျက် တခုမှ သစ်သားပျဉ်ချပ်တို့ကို ကြိုးဖြင့်တွဲသီ၍ အရှက်လုံအောင်ဖုံးလွှမ်ပြီး နတ်ကွန်းစင်တခုမှ အိုးခြမ်းခွက်ငယ်ကို လက်တွင်ကိုင်စွဲပြီး အစားအစာ တောင်းရမ်းစားသောက်ရန် သုပ္ပါရက သင်္ဘောဆိပ်ရွာသို့ သွားခဲ့၏၊ လူတို့က ခြိုးခြံစွာကျင့်သော ရဟန္တာတပါး ဖြစ်လိမ့်မည်ဟု ယာဂုထမင်း စသည်တို့ကို လောင်းလှူ၏၊ ထိုသူသည် လူတို့ ချီးမွမ်းပြောဆိုမှုကြောင့် သူ့ကိုယ်သူ ရဟန္တာဖြစ်သည်ဟု ထင်နေ၏၊ သို့ဖြစ်၍ အဝတ်ပုဆိုးတို့ကို သူ့အား လှူဒါန်းသော်လည်း အဝတ်ကိုဝတ်လျှင် ငါ့အားပူဇော်သက္ကာရပြုမှုတို့ ယုတ်လျော့လိမ့်မည်ဟု စဉ်းစားမိပြီး သစ်သား သက်န်းကိုသာလျှင် ဝတ်ရုံ သုံးဆောင်မည်ဟု အလိုလို ရဟန္တာစိတ် ပေါက်၍နေသူ ဖြစ်၏။

## ရဟန်း ခုနစ်ပါး၏ အတိတ်ဝတ္ထု

ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်းများစွာ ကြာမြင့်သော်၊ သာသနာတော်သည် တဖြေးဖြေးဆုတ်ယုတ်၍ ရဟန်းသာမဏေတို့သည် ဝိနည်းတော်ကို ဖေါက်ဖျက်ကြ ခါ ထင်သလို ပြုမူနေထိုင်ကြကုန်၏။ ဤသည်ကိုမြင်၍ ရဟန်းခုနစ်ပါးတို့သည် တိုင်ပင်ညီညွတ်ကြပြီး သာသနာတော်ပျောက်ကွယ်ခြင်း မဖြစ်သေးမီ ကာလအတွင်း၌ တရားတော်ကို ကြိုးစားအားထုတ်ကြမည်ဟု တိုင်ပင်၍ ကဿပဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာထားသော စေတီကြီးကို ရှိခိုး ဦးချကြပြီး

တောသို့ဝင်၍ အလွန်မြင့်မားသောတောင်တခုခြေရင်းသို့ရောက်လျှင် မိမိအသက်ကို ငဲ့ကွက်ကြကုန်သော ရဟန်းတို့ ဤနေရာမှ ပြန်နိုင်ကြသည်၊ အသက်ကို မငဲ့ကွက်ဘဲ အားထုတ်လိုသောရဟန်းတို့သည် ဤတောင်သို့တက်ကြလော့”ဟုလှေကားတခုပြုလုပ်ပြီး ရဟန်းခုနစ်ပါးလုံး တောင်ပေါ်သို့တက်ကြ၏၊ တောင်ပေါ်သို့ ရောက်လျှင် လှေကားကို ဖျက်ဆီး၍ချလိုက်ပြီး တရားကို အားထုတ်ကြကုန်၏။

အကြီးဆုံးဖြစ်သော မထေရ်သည် တညဉ့်ကိုလွန်ကာမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုမထေရ်သည် အနောတတ္တအိုင်၌ နာဂလတာ ဒန်ပူကိုခဲ၏၊ ခံတွင်းကိုဆေးကြောပြီးလျှင်ဥတ္တရကုရုကျွန်းမှ ဆွမ်းကိုဆောင်ယူခဲ့ပြီး ခြောက်ပါးကုန်သော ရဟန်းတို့အား ဒန်ပူကိုခဲ၍ ခံတွင်းကိုဆေးကြောပြီး ဤဆွမ်းကို ဘုဉ်းပေးကြပါဟု ပေးလှူ၏၊ ကျန်ခြောက်ပါးတို့က....

“အရှင်ဘုရား။ ။ဤဆွမ်းကို မသုံးဆောင်တော့ပါ၊ အရှင်ဘုရားကဲ့သို့ပင် ပေါက်မြောက်အောင် ကျင့်ကြံပြီး ကိုယ်တိုင်ယူဆောင်၍ စားသောက်ကြပါမည်” ဟု ပြောဆို၍ ဆွမ်းကိုမစားကြပေ။

နှစ်ရက်မြောက်သော နေ့၌ ဒုတိယမြောက် သံဃာထေရ်သည် အနာဂါမိဖိုလ်သို့ ရောက်၏၊ ထိုအနာဂါမိ မထေရ်သည် ဆွမ်းကိုယူဆောင်၍ ကျန်ရဟန်းငါးပါးကို ပေးလှူ၏၊ ရဟန်းငါးပါးစလုံးပင် ကိုယ်တိုင် အားထုတ်ပြီး ကိုယ်တိုင်ပင် ယူ၍ သုံးဆောင်အံ့ဟု ထိုဆွမ်းကို ငြင်းပယ်၏။

အရဟတ္တဖိုလ်သို့ရောက်သောမထေရ်သည်ပရိနိဗ္ဗာန်ပြုလေ၏။
အနာဂါမ်တည်သော မထေရ်သည် ဗြဟ္မာ့ပြည်၌ဖြစ်လေ၏။

ကျန်ငါးပါးတို့သည် ထရားထူးကို မရပဲ အာဟာရပြတ်ပြီး ခုနစ်ရက်မြောက်သော နေ့၌ သေလွန်ကြခါ နတ်ပြည်၌ ဖြစ်၍ ဂေါတမဘုရားရှင် လက်ထက်တွင် ...

(၁) တပါးသော မထေရ်သည် ပက္ကုသာတိမင်းကြီး ဖြစ်လာ၏။
(၂) တပါးသော မထေရ်သည် အရှင် ကုမာရကဿပ ဖြစ်လာ၏။
(၃) တပါးသောမထေရ်သည်ဒါရုစိရိယမထေရ်ဖြစ်လာ၏။
(၄) တပါးသော မထေရ်သည် အရှင်ဒဗ္ဗ အမည်ရသော မလ္လာမင်းသား ရဟန်း ဖြစ်လာ၏။
(၅) တပါးသောမထေရ်သည် သုပ္ပိယပရဗိုဇ် ဖြစ်လာ၏။

အနာဂါမ် ဗြဟ္မာကြီးသည် ထိုအဖြစ်တို့ကိုမြင်၍ ငါနှင့်အတူ အားထုတ်ခဲ့သော ရဟန်းတပါးသည် ယခုအခါ ဒါရုစိရိယ အဖြစ်နှင့် ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်သည်ဟု သမုတ်ပြီး လှည့် လည်နေသည်၊ မကြာမီ ပျက်စီးခြင်းကြီးစွာဖြင့် ပျက်စီးတော့ မည်ဟု စဉ်းစားမိသည့်အလျောက်၊ ဗာဟီရဒါရုစိရိယ ထံသို့ ချဉ်းကပ်၍ ကောင်းကင်မှ စကားပြော၏။

''အသင် ဒါရုစိရိယ။ ။အသင်သည်ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်သို့လည်း မရောက်၊ရဟန္တာတို့ကျင့်အပ်သောအကျင့် လည်း သင့်အားမရှိ''ဟု ပြော၏။

ကောင်းကင်၌ ရပ်တည့်လျက် စကားပြောသော အနာဂါမ်ဗြဟ္မာကြီးကိုကြည့်လျက် အံ့သြတုန်လှုပ်စွာဖြင့်-

"အို-အချင်းနတ်မင်း။ ။ယခုအခါ လောက၌ ရဟန္တာသည်ဂင်း၊ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တို့သည်ဂင်း၊ ရှိပါသေးသလော"

"အချင်း ဗာဟိယဒါရုစိရိယ။ ။ဤအရပ်မှမြောက်ဖက်တွင် သာဝတ္ထိမည်သောမြို့၌ ဘုရားသခင် ပွင့်တော်မူလေပြီ၊ ထိုမြတ်စွာဘုရားသည် ကိလေသာ အာသဝေါတရားတို့ ပယ်ရှားသုတ်သင် ကုန်စင်ပြီးသော ရဟန္တာအစစ်လည်း ဖြစ်တော်မူ၏၊ ရဟန္တာ ဖြစ်စေခြင်းငှာ တရားဒေသနာကိုလည်း ကောင်းစွာဟောကြား ပြသတော်မူပေသည်။

ဗာဟိယဒါရုစီရိယသည် အနာဂါမ်ဗြဟ္မာကြီး၏ စကားကိုကြားလျှင်ကြားခြင်းပင် တက်ကြွသောစိတ်ရှိသဖြင့် သုပ္ပါရကရွာမှထွက်၍ ယူဇနာနှစ်ရာရှိသော သာဝတ္ထိပြည်သို့ သွားလေရာ တညဉ့်ချင်းဖြင့်သာလျှင် ရောက်လေ၏။

ထိုခဏ၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တွင်းတွင် ဆွမ်းခံကြွနေပေသည်၊ ဗာဟိယသည် ရဟန်းတို့ကိုမြင်လျှင် မြတ်စွာဘုရား အဘယ်မှာ ရှိပါသနည်းဟုမေး၏၊ ဗာဟိယ၏ ပင်ပန်းနွမ်းနယ်ခြင်းကိုမြင်၍ အသင်သည် ခရီးဝေးမှ လာရပေ၏၊ ခြေတို့ကို ဆေးကြော၍ ဆီဖြင့်လိမ်းကျံပြီး ဤနေရာ၌ထိုင်၍ နားဦးလော့၊ မြတ်စွာဘုရား ပြန်ကြွလာသောအခါ ဖူးမြော်ရပါလိမ့်မည်ဟု ပြောဆို၏။

## မဆိုင်းတွေ့ တခဏ

"အရှင်ဘုရား။ ။ဤသို့ စောင့်ဆိုင်းနေစဉ်အတွင်း မြတ်စွာဘုရားကိုယ်တော်မြတ်တွင်ရင်း၊ တပည့်တော်တွင်ရင်း၊ အသက်အန္တရာယ် ငြိတွယ်သေလွန်ရမည်ကို မသိနိုင်ပါ၊ ညလုံးပေါက်ပင် မရပ်မနား ယူဇနာ နှစ်ရာခရီးကိုလာခဲ့ရပါသည်။ မြတ်စွာဘုရားကို ရှိခိုးပြီးမှ နားပါတော့မည်" ဟု ပြောဆိုပြီး အလွန် ပင်ပန်းလျက်နှင့်ပင် ဆွမ်းခံကြွရာအရပ်သို့လိုက်၍ ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုး၍ ခြေဖမိုးတော်ကို ကိုင်ပြီး=

"အရှင်မြတ်ဘုရား။ ။ယူဇနာနှစ်ရာဝေးကွာသောဌာနမှ လာရသော တပည့်တော်အား ကရုဏာရှေ့ထား တရားတော်မြတ်ကို ဟောကြားတော်မူပါဘုရား၊ ကောင်းသော စကားကို ဆိုတော်မူဟတ်သော အရှင်မြတ် ဘုရား၊ တပည့်တော်အား ကရုဏာရှေ့ထား ဟောကြားတော်မူပါ ဘုရား၊ အရှင်မြတ် ဟောကြားတော်မူသည့် တရားတော်သည် တပည့်တော်အား ညဉ့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး အကျိုးစီးပွား အလို့ငှာ ချမ်းသာခြင်းအလို့ငှာ ဖြစ်ပါလတ့်" ဟု တောင်းပန် လျှောက်ထား၏။

"အချင်း ဗာဟိယဒါရုစီရိယ။ ။ယခုအခါ ငါဘုရားသည် ဆွမ်းခံကြွဆဲအခါဖြစ်၍ တရားဟောရန် အခါကာလ မဟုတ်သေး" ဟု မိန့်ဆိုပယ်ရှားတော်မူသည်။

"အရှင်မြတ်ဘုရား။ ။သံသရာ၌ ပြေးလွှား နေကြသော သတ္တဝါတို့မည်သည်မှာ နေ့စဉ် စားသုံး နေရသော ဗဋ္ဋကာရ

အာဟာရကို မရဘူးသည်မရှိပါ၊ အရှင်ဘုရားသည်ရင်း၊ တပည့်တော်သည်ရင်း အသက်အန္တရာယ် ငြိတွယ်သေလွန်ရမည်ကို မသိနိုင်ပါ၊ တရားတော်ကို ဟောကြားတော်မူပါဘုရား”

ဟု လျှောက်ထား၏၊ ဘုရားသခင်သည် နှစ်ကြိမ်မြောက် ပယ်ရှားတော်မူပြန်၏၊ ဤသို့ပယ်ရှားတော်မူခြင်းမှာဘုရားသခင်ကိုဖူးမြင်ရချိန်မှစ၍ တကိုယ်လုံးပီတိအရှိန်အဟုန်ပြင်းပြနေသောကြောင့် တရားတော်ကို နာကြားရသော်လည်း ထိုးထွင်းသိမြင်နိုင်စွမ်းရှိမည်မဟုတ်ပေ၊ တည္ဆဘည် ဖြင့် ယူဇနာနှစ်ရာခရီးကိုလာရောက်ရသည့်အဖြစ်သည်အလွန်ပင်ပန်းနေ၏၊ထိုပင်ပန်းမှုကိုအနည်းငယ်မျှ သက်သာအေးမြစေဦးတော့ဟု အကြံဖြင့် ပယ်ရှားတော်မူခြင်းဖြစ်သည်။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ဗာဟိယဒါရုစိရိယသည် သုံးကြိမ်မြောက် ထပ်မံ လျှောက်ထားပြန်၏၊ ထိုအခါမှ မြတ်စွာဘုရားသည် လမ်းခရီးအကြား၌ရပ်တန့်တော်မူလျက်- တသ္မာတိဟတေ ဗာဟိယ ဧဝံသိက္ခိတဗ္ဗန္တိ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံဘဝိဿတိ” အစရှိသော တရားတော်ကိုဟောကြားတော်မူ၏၊ဗာဟိယသည် တရားတော်ကိုနာလျက်ပင် အာသဝေါကုန်ခန်း၍ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

အရဟတ္တဖိုလ်သို့ ရောက်သည့်ခဏ၌ပင်လျှင် ရဟန်းအဖြစ်ကိုတောင်းပန်လျှောက်ကြား၏၊ ဘုရားသခင်က “သပိတ်သင်္ကန်းကိုဘမိုး၍ခဲ့ ဦးလေ” ဟု မိန့်ဆိုပြီး ကြွသွားလေ၏။

ဤတွင် ဘုရားသခင်ထံ ရဟန်းအဖြစ်လျှောက်ထား လျှင် "ဧဟိ ဘိက္ခု" ခေါ်တော်မူ၍ ရဟန်း အဖြစ်ကို ပေးသနားခဲ့ပြီး ဗာဟိယဒါရုစိရိယကိုမူအဘယ့်ကြောင့် "ဧဟိဘိက္ခု" ခေါ်တော်မမူပါသနည်း။ "ဧဟိဘိက္ခု" ခေါ်တော်မူ၍ ရဟန်းအဖြစ် ပေးသနားတော်မူခြင်းမှာ သပိတ်သင်္ကန်း ကောင်းမှု အဆက်အညီ ရှိသော သူအားသာလျှင် ခေါ်တော်မူမြဲဖြစ်သည်၊ ထိုဗာဟိယ ဒါရုစိရိယကား အနှစ် နှစ်သောင်းမျှ ရဟန်းတရားကို အားထုတ်စဉ်၌ပင် မိမိ၌ ရရှိသော သင်္ကန်းပရိက္ခရာကို တပါးသော ရဟန်းအား ပေးကမ်းခြင်း မပြုခဲ့ဘူးသော ကြောင့် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်း ဖြစ်လာ လိမ့်မည်မဟုတ် ဟု သိတော်မူ၍ "ဧဟိဘိက္ခု" ရဟန်း အဖြစ်ကို မပေးခြင်းဖြစ်သည်။

## ပရိနိဗ္ဗာန်စံဝင်ခြင်း

ဗာဟိယဒါရုစိရိယသည် သပိတ်သင်္ကန်းကိုရှာမှီးနေစဉ်မှာပင် ဘီလူးမတယောက်က နွားမအသွင်ဖန်ဆင်း၍ဝှေ့သဖြင့်အသက် ကုန်ခြင်းသို့ရောက်၏။ မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံး၍ သံဃာအများနှင့်ထွက်ကြွတော်မူရာ အမှိုက်ပုံအနီးတွင် ဗာဟိယဒါရုစိရိယ၏ ရုပ်အလောင်းကိုတွေ့မြင်၍ ရဟန်းတို့အား ယူဆောင်စေပြီးမှ မီးသင်္ဂြိုဟ်ခါ စေတီတည်ထားစေ၏။

ရဟန်းတို့လည်း အမိန့်တော်အတိုင်းဆောင်ရွက်ပြီး၊ ကျောင်း တော်သို့ရောက်ကြလျှင် ပြီးစီးခဲ့ကြောင်း မြတ်စွာဘုရားအား လျှောက်ထား၏၊ ထို့နောက် ဗာဟိယဒါရုစိရိယ၏ လားရာ

ဂတိကို မေးလျှောက်ကြရာ၊ နိဗ္ဗာန်ယူသိမ်း ငြိမ်းပြီးသည်၏ အဖြစ်ကို မိန့်တော်မူပြီးကာလှ-

ကေဒဂ္ဂ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခုနံ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစိရိယော၊

ဟု ခိပ္ပါဘိည အရာ၌ ဧတဒဂ်ထားတော်မူ၏။ (အဓိပ္ပါယ်ကား) "ရဟန်းတို့-ငါဘုရား၏ တပည့်သာဝက ဖြစ်ကုန်သော အလျှင်အမြန် ထိုးထွင်းသိမြင်နိုင်သော အသိဉာဏ်ရှိသည့်ရဟန်း အပေါင်းတို့တွင် ဤဗာဟိယဒါရုစိရိယသည် လွန်ကဲထူးမြတ်၏" ဟု မိန့်တော်မူ၏။

## သောတာပန် တည်ကြခြင်း

ရဟန်းတို့က-

"အရှင်မြတ်ဘုရား။ ။ဗာဟိယဒါရုစိရိယသည် အဘယ် အခါက အရဟတ္တဖိုလ်သို့ ရောက်ပါသနည်း"

"ချစ်သားရဟန်းတို့။ ။ငါဘုရား၏ တရားတော်ကို နာကြားရသောကာလ၌ အရဟတ္တဖိုလ်သို့ ရောက်၏"

"အဘယ်အခါ၌ ဟောကြားတော်မူပါသနည်း"

"ဆွမ်းခံရင်းပင် တန့်နားရပ်တန့်လျက် ဟောကြားတော်မူ အပ်သည်"

"အရှင်မြတ်ဘုရား ။လမ်း ခရီး အကြား ၌ ရပ် နား ၍ ဟောကြားတော်မူသော တရားသည် အနည်းငယ်မျှဖြစ်ပါမည်၊ ထိုအနည်းငယ်မျှသောတရားသည် အရဟတ္တဖိုလ်တည်းဟူသော တရားအထူးကို ဖြစ်စေနိုင်ပါသလော"

"ချစ်သားတို့၊ ငါဘုရား၏တရားတော်ကို နည်းသည် ဟူ၍ ငင်း၊ များသည်ဟူ၍ငင်း ပမာဏမထားကုန်လင့်၊ အကျိုးစီးပွား မဲ့သော အထောင်မက များပြားလှသော ဂါထာတို့သည် လည်း မြတ်လှသည်မဟုတ်၊ အကျိုးစီးပွားနှင့်ယှဉ်သော တလုံး တပါဒ တဂါထာပင်ဖြစ်သော်လည်း မြတ်လှသည်ပင်တည်း"

ဟု မိန့်တော်မူပြီး အနုသန္ဓေကို စပ်တော်မူ၍ ဟောကြား တော်မူသည်မှာ

**(၁၀၁) ယော စ ဂါထာ သတံ ဘာသေ၊ အနတ္ထပဒသံဟိတာ။**
**ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ**
**ဥပသမ္မတိ။ ။**

(၁၀၁) အကျိုးမရှိသောဂါထာသည် တထောင်လောက်ရှိသည် အကယ်၍ ဖြစ်စေကာမူ လောကသံသရာ နှစ်ဖြာကျိုးဆုတ် ယုတ်မာစွာ၏။ အကြင်ဂါထာ တပိုဒ်တပါဒ တဂါထာကို ကြားနာရသောကြောင့် ကိလေသာမီးငြိမ်းအေး၏။ ထိုတပိုဒ် တပါဒ တဂါထာပင်ဖြစ်သော်လည်း လောကသံသရာအကျိုး စီးပွားအတွက် ကြီးကျယ်မွန်မြတ်လှပေ၏။

(ဓမ္မပဒ သဟဿဝဂ် နှစ်ခုမြောက် ဗာဟိယဒါရုစိရိယမထေရ် ဝတ္ထုပြီး၏)

(ဂ) သဟာယဝဂ်

# ၃။ ရန်သူတသန်း မိမိတယောက်

## (ကုဏ္ဍလ ကေသီ ထေရီရီမ ဝတ္ထု)

အကျိုးမရှိသော ဂါထာတရာကို ရွတ်ဆိုခြင်းထက်
အကျိုးရှိသောဂါထာတပုဒ်က မြတ်၏။
စစ်သားတသန်းကို နိုင်သောစစ်ပွဲထက်
မိမိကိုယ်ကို တကြိမ်မျှအောင်နိုင်သော
သူရဲကောင်းသည် မြတ်၏။

(ယောစ ဂါထာသတံ ဘာသေ) အစရှိသော ဂါထာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကုဏ္ဍလကေသီထေရ်ရီမကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်ပြည်မှ သဌေးကြီးတဦး၏ သမီးသည် အသွန်လှပချောမွေ့လှသဖြင့် တဆယ့်ခြောက်နှစ် အရွယ်လောက်တွင် ယင်ဖိုမှ မသန်းရလေအောင် ဘုံခုနစ်ဆင့် ပြာသာဒ်ထက်၌ ထုံကြည်ရသော အမျိုးသမီးတယောက်နှင့် အတူထားခဲ့၏။

### သမီးတကောင် နွားတထောင်သို့

တနေ့တွင် သူခိုးတယောက်ကိုဖမ်းမိ၏၊လက်ပြန်ကြိုးတုတ်ခါ လမ်းဆုံလမ်းခွတိုင်း၌ ကြိမ်ဖြင့်ရိုက်ပြီး ခိုးသားကို သတ်ရာဖြစ်သော တောင်သို့ ယူဆောင်သွား၏။

သဌေးသမီးသည် ဆူဆူညံ့ညံ့အသံကြား၍ လေသာပြူတင်းကိုဖွင့်၍ ကြည့်သော် ခိုးသူ၏ မျက်နှာကို မြင်သည်နှင့် ချစ်ခင်စွဲလန်းပြီး အစာမစား ရေမသောက် ကုတင်ပေါ်၌သာ အိပ်၍နေတော့၏၊ မိခင် သိသောအခါ နေမကောင်း၍လောဟုစမ်းသပ်ပြီး သမီးကိုမေးလေလျှင် ဤခိုးသူယောကျ်ားရာဇဝတ်သားကို စွဲလန်းနှစ်သက်ချစ်ခင်မိပါသည်၊ ထိုရာဇဝတ်သားကိုမှ မရပါလျှင် အစာငတ်ခံ၍ သေပါတော့မည်ဟုဆို၏၊ မိခင်လည်း ရင်ကိုမ,၍ သမီးကို အမျိုးမျိုးဖြောင့်ဖျပြောဆိုသော်လည်း မရတော့သည်၏အဆုံး၌ ဖခင်သဌေးကြီးအားခေါ်၍ သမီးဖြစ်ပုံအကြောင်းစုံကို ပြောပြ၏၊ သဌေးကြီးလည်း ရင်ဘတ်စည်တီး သမီးအား ချော့မော့ပြောဆို၏၊ အမျိုးတူ၊ ဇာတ်တူ၊ ဂုဏ်ရည်တူ၊ သဌေးသား တယောက်နှင့် ပေးစားပါမည်ဟု ပြော၏၊ သမီးက ဤခိုးသူယောကျ်ား ရာဇဝတ်သားမှ မရလျှင် အသေခံပါတော့မည်-ဟု ဇွတ်အတင်းပင် ပြောနေပြန်ပါသဖြင့် ချစ်လှစွာသော သမီးကလေးတယောက် မျက်စေ့အောက်က ပျောက်မသွားပဲ အသက်ရှင်လျက် မြင်နေရခြင်းက တော်သေးသည်ဟု သဘောပိုက်ပြီး မင်းချင်းယောကျ်ားတို့အား အသပြာတထောင်တံစိုးလက်ဆောင်ထိုး၍ သူခိုးတို့သတ်ရာ တောင်ထိပ်မှ တိတ်တဆိတ်ခေါ်ဆောင်ခါ သမီးနှင့် ပေးစားလိုက်ရပေ၏။

## မြတ်နိုးသူနှင့် ခိုးသူအကြံ

သဌေးသမီးသည် သူခိုးလင်ကို အလွန်ပင် ချစ်ခင် စုံမက်မြတ်နိုးလှ၍ ကိုယ်တိုင်ပင် စားကောင်းသောက်ဖွယ်တို့ကို စီမံချက်ပြုတ်ခါ လိုလေသေးမရှိရအောင် ဂရုတစိုက်ပြုစုပေ၏။

သူခိုးလင်၏စိတ်တွင်းမှမူ ဤသဌေးသမီးကို သတ်ပြီး သူ၏ လက်ဝတ်လက်စားတို့ကို ထုခွဲရောင်းချ အရက်သေစာ တပျော် တပါးသောက်စားမူးယစ်၍ နေမည်ဟုသာကြံစည်စိတ်ကူးယင်း တနေ့တွင် အကြံပြုခါ အစာမစား ရေမသောက် တမှိုင်မှိုင် တတွေတွေ အိပ်ယာထည်းတွင် ခွေ၍သာ နေတော့၏။

အရိပ် တကြည့်ကြည့် ရှိနေသော သဌေးသမီးက လင် ယောကျ်ား မှိုင်တွေ မစားမသောက်ပဲ နေသည်ကိုမြင်လျှင်–

"အမောင်ချစ်လင်။ ။တစုံတရာ ရောဂါဝေဒနာကြောင့် နေမကောင်းထိုင်မသာ ရှိလေသလား၊ ကျမ၏ မိခင်ဖခင်တို့က တစုံတရာပြောဆို၍ စိတ်မချမ်းသာ ဖြစ်ရလေသလား"ဟု မေးမြန်းရာ=

"ချစ်နှမ။ ။ငါ့ကိုဖမ်းဆီး၍ ခိုးသူတို့ကိုတွန်းချ၍ သတ် အပ်သော တောင်ထိပ်သို့ ရောက်စဉ်အခါက တောင်စောင့်နတ် အား ငါ့အသက်ကို ကယ်ပါလျှင် နတ်မင်းအား ပူဇော်ခြင်း အမှုကိုပြုပါမည်"ဟု ဝန်ခံကတိပြုခဲ့သည်၊ နတ်မင်း၏ စောင်မ ကြည့်ရှုမှုကြောင့် အသက်လည်း ချမ်းသာရ၊ ချစ်နှမကိုလည်း ပိုင်ဆိုင်ရ၊ ဤသို့ကြီးမြတ်သော အာနုဘော်ရှိသည့်တောင်စောင့် နတ်မင်းအား ပူဇော်ခြင်းအမှု မပြုရသေးသောကြောင့် စိတ် တွင်း၌ မသာမယာ ရှိနေရပါသည်"

ဟု ပြောလေလျှင် သဌေးသမီးက "ဤအတွက် မစိုးရိမ် ပါလင့်၊ လိုအပ်သမျှ စီမံပေးပါမည်"ဟု နတ်မင်းကို ပူဇော် ဖွယ်ရာ နို့အဖျော် ထမင်းပန်းနံ့ သာတို့ဖြင့် စီရင်လေ၏။

"ချစ်နှမ။ ။နတ်မင်းကိုပူဇော်ရန် သင်နှင့်ငါ နှစ်ယောက်တည်းသာ တပျော်တပါး သွားကြကုန်လော့၊လက်ဝတ်တန်ဆာ အဘိုးတန်ရတနာတို့ကို အကိုယ်လုံး ညွတ်အောင် ဝတ်ဆင်ပြီး သင်နှင့်ငါ ရွှင်ရွှင်ပျပျ နတ်မင်းအားပူဇော်ကန်တော့ကြပါစို့" ဟု ဆိုသဖြင့် သူဌေးသမီးလည်း မိမိ၏ အရှင်ခင်ပွန်းလင် ပြောတိုင်း ဆောင်ရွက်ပေ၏။

## ရက်စက်သောအကြံနှင့် မိန်းမတို့ဉာဏ်

တောင်ထိပ်သို့ ရောက်လျှင် သူခိုးလင်သည် မျက်နှာထားတင်းမာ၊ဆိတ်ဆိတ်သာလျှင်နေ၏။သဌေးသမီးကမေးလေမှ 'ငါသည် နတ်ကို ပူဇော်လိုသည်မဟုတ်၊ အသင့်ကို လှည့်ပတ် ခေါ်ဆောင်လာခြင်းသာဖြစ်သည်၊ အသင့်ကိုသတ်၍ အသင်၏ လက်ဝတ်တန်ဆာ ရတနာတို့ကို ငါယူဆောင်အံ့''ဟု ဆို၏။ သဌေးသမီးလည်း အံ့အားကြီးသင့်ခါ=

"အမောင်ချစ်လင်။ ။ဤလက်ဝတ်တန်ဆာ ပစ္စည်းတို့သည် အမောင်၏ ပစ္စည်းများသာ မဟုတ်လော၊ မိဘနှစ်ပါး ချမ်းသာကြွယ်ဝသမျှ ပစ္စည်းအားလုံးသည်လည်း အမောင်ပင် ပိုင်ဆိုင်ရမည် မဟုတ်ပါလော"

"ဒါတွေကို ငါမလိုချင်၊ ယခုပင် သင့်ကိုသတ်၍ လင့်လက်ဝတ်ရတနာတို့ကို ယူငင်ပြီး အရပ်တပါးသို့ သွားတော့အံ့"

"အမောင်ချစ်လင်။ ။ ဂျွန်မအသက်ကိုချမ်းသာပေးပါ" ဟု အတန်တန်အလဲ့လဲ တောင်းပန်သော်လည်းမရ၊ သူခိုးလင်က သတ်ရန်ပင် တကဲကဲလုပ်နေသောကြောင့် မိမိအသက်ကို ချမ်းသာရာရစိမ့်သောငှာ တခဏပွဲတွင်ဉာဏ်ဖြင့် ကြံပြီး

"ဤသို့မှ တောင်းပန်မရလျှင် ကျွန်မ၏ လက်ဝတ်တန်ဆာနှင့်တကွ အသက်ကိုပါ ပေးအပ်ပါတော့မည်၊ ကျွန်မ ချစ်ခင်မြတ်နိုးရသော အရှင်လင်အား နောက်ဆုံးအနေဖြင့် ပူဇော်ကန်တော့ခြင်း ပြုပါရစေ"ဟု ဆိုခါ သူခိုးလင်အား သုံးကြိမ်မျှ လက်ျာရစ် ရှိခိုးယင်းက....

"ကျွန်တော်မသည် အရှင်လင်အား ဤတခဏမျှပင် မြင်တွေ့ရပါတော့မည်၊ ကျွန်တော်မကိုလည်း အရှင်လင်က ဤတခဏမျှပင် မြင်တွေ့ရပါတော့မည်"ဟု တတွတ်တွတ် ပြောဆိုယင်း သူခိုးလင် မိမိ၏စကားတွင် နစ်၍ သတိလစ်ခိုက် တချက်မျှပင် အကွက်ကျကျ တောင်ချောက်သို့ တွန်းချလိုက်လေရာ၊ ခိုးသူယောကျ်ားလည်း အလစ်တွင်ခံလိုက်ရ၍ မဟန်နိုင်တော့သဖြင့် ချောက်ကမ်းပါးသို့ ကျသွားခါ ကျောက်ဆောင်ကျောက်စွန်းများဖြင့် ရိုက်ခတ်မိပြီး အပိုင်းပိုင်းပြတ်၍ သေလေ၏။

ထိုအခါ တောင်စောင့်နတ်က ဤအချင်းအရာကို မြင်၍ "အို-အချင်းတို့ နေရာတိုင်းတွင် ယောကျ်ားသည်သာ ပညာရှိသည်မဟုတ်၊ထိုသို့သောအရာ၌ စိစစ်ဆင်ခြင်တတ်သော မိန်းမသည်လည်း ပညာရှိသည်ဖြစ်၏" ဟူ၍ ချီးမွမ်းထောပနာ၏။

## ဝါဒတထောင် ပရိဗိုဇ်မ

သဌေးသမီးသည် သူခိုးလင်ကို တွန်းချ သတ်ဖြတ်ပြီးသော် တောင်ပေါ်မှ ဆင်းပြေး၍လာရာ အိမ်ကိုလည်းမပြန်ရဲ၊ ဘယ်အရပ်သို့လည်း သွားရမည်မသိ ခြေဦးတည့်ရာ တောလမ်းခရီးဖြင့်လာရင်း ယင်းအန္တရာယ်များလှသော လက်ဝတ်ရတနာ တို့

ကို သစ်ပင်တခုမှာ ချိတ်ဆွဲ၍ထားခဲ့၏။ တဖန် ဆက်လက် တော ကြီးမျက်မဲကိုလွန်မြောက်ခါ တခုသော ပရိဗိုဇ်ကျောင်းကိုတွေ့၍ ပရိဗိုဇ်ကျောင်းတွင် ခိုလှုံခါ ပရိဗိုဇ်အသွင် ဝတ်ဆင်၍ ပရိဗိုဇ် တို့၏ တရားများကို သင်ကြားလေ၏။

ဥာဏ်ပညာ ထက်မြက်သည့်အလျောက် ရက်အနည်းငယ် အတွင်းမှာပင် ပရိဗိုဇ်တို့၏ ဝါဒတထောင်ကို ကုန်စင်အောင် တတ်မြောက်လေ၏။ ပရိဗိုဇ်ဆရာကြီးက "ငါတို့၏ တရားအလုံး စုံကိုပင် ချစ်သမီး သိမြင်ပေပြီ၊ ဤဝါဒတထောင်ကိုကိုင်စွဲလျက် ဇမ္ဗူဒိပ် ကျွန်းသို့ လှည့်လည်လေလော့၊ ချစ်သမီးမေးသော ဝါဒတထောင်ကို ဖြေဆိုနိုင်သူရှိက ချစ်သမီးသည် ထိုသူ၏ထံ၌ တပည့်ခံလေလော့" ဟု ဆိုခါ လွှတ်လိုက်လေ၏။ သဒ္ဓေသမီး ပရိဗိုဇ်သည်ဇမ္ဗူဒိပ်ကျွန်း အလုံးသို့ လှည့်လည်ခါ ဝါဒတထောင် ကို ယှဉ်ကိုပြိုင်လိုသူရှိက ယှဉ်ပြိုင်လော ဟုကြေငြာ၏၊ ထိုပရိဗိုဇ်မ အား ယှဉ်ပြိုင်နိုင်သူမရှိလေ၊ အချို့သော ဂိုဏ်းဂဏ တို့သည် ပရိဗိုဇ်မ နှင့် ယှဉ်ပြိုင်ရန် မဝံ့သောကြောင့် ရှောင်ရှား ပုန်းအောင်း၍ပင် နေကြလေ၏။ အမည်အား ဖြင့်ဇမ္ဗူပရိဗိုဇ်မ ဟုတွင်၏။

## ဇမ္ဗူပရိဗိုဇ်မနှင့် ရှင်သာရိပုတ္တရာ

ဇမ္ဗူပရိဗိုဇ်မသည် ရွာတရွာသို့ ဆွမ်းခံဝင်တိုင်း ရွာအဝင်ဝ၌ သဲကိုပုံပြီး ထိုသဲပုံထက်၌ သပြေခက်ကိုစိုက်ပြီး ငါနှင့်ဝါဒချင်း ပြိုင်လိုက ဤသပြေခက်ကို နှုတ်ပယ်လေလော့ဟု ကြွေးကြော်၍ သာ ရွာတွင်းသို့ ဝင်လေ့ရှိ၏။

ဤသို့ လှည့်လည်လာရင်း သာဝတ္ထိမြို့သို့အဝင်တွင် သဲကိုစုပုံ ခါ သဲပုံထက်တွင် သပြေခက်ကိုစိုက်၍ ကြွေးကြော်ပြီး ရွာတွင်းသို့ ဆွမ်းအလို့ငှာ ဝင်သွား၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံရန် မြို့တံခါးသို့အရောက်တွင် ခလေးသူငယ်များ ဝိုင်းအုံ ခနေသည်ကိုမြင်၍ အကျိုးအကြောင်းကို မေးမြန်းတော်မူရာမှ ဇမ္ဗူပရိဗိုဇ်မသည် သူနှင့်ပညာချင်း ယှဉ်ပြိုင်ပြောဆိုလိုက သပြေခက်ကို ပယ်နှုတ်စေသတည်း ဟု ပြောဆို၍ မြို့တွင်းသို့ ဝင်သွားကြောင်း ခလေးသူငယ်များက လျှောက်ထားကြ၏။

အရှင်သာရိပုတ္တရာက ဤသပြေခက်ကိုနှုတ်ပယ်၍ ပစ်လေလော့ ဟု၊ ခလေးသူငယ်တို့အား မိန့်ကြားလျှင် သူငယ်တို့လည်း အားရဝမ်းသာ ဟစ်ကြွေးလျက် သပြေခက်ကို နှုတ်ပယ်စွန့်ပစ်ကြ၏။ အရှင်သာရိပုတ္တရာသည်လည်း မြို့တွင်းသို့ ဆွမ်းခံကြွလေ၏။

## ဝါဒတထောင် ပြိုင်ပွဲကြီး

ပရိဗိုဇ်မသည် မြို့အတွင်းမှ ပြန်ထွက်လာသော် သပြေခက်များကို ခလေးငယ်များက နှုတ်ယူပစ်သည့်ထင်မှတ်၍ သူငယ်များအား ကြိမ်းမောင်းသည့်အခါ သူငယ်များက ကြောက်ရွံ့၍ အရှင်သာရိပုတ္တရာမထေရ် စေခိုင်း၍ နှုတ်ပစ်ကြောင်း ပြောကြ၏၊ ပရိဗိုဇ်မသည် ထိုမထေရ် အဘယ်မှာရှိသနည်းဟု မေးလေလျှင် မြို့တွင်းသို့ ဆွမ်းခံကြွသွားကြောင်းသိရ၍ ပရိဗိုဇ်မသည်

ဆွမ်းခံရာသို့လိုက်သွားပြီး သပြေခက်ကို နှုတ်ပယ်ပစ်စေသည်မှာ မှန်သလောဟု မေး၏။ “နှမ၊ ဩ-ဟုတ်ပေ၏” ဟု မိန့်တော်မူခဲ့သော် “ဤသို့ဆိုလျှင် ကျွန်ုပ်နှင့်တကွ ဝါဒပြိုင်၍ ပြဿနာကို ဖြေဆိုအံ့လော” ဟု မေး၏။ အရှင်မြတ်က “နှမ၊ ကောင်းပြီ-ဖြေဆိုအံ့” ဟု ဝန်ခံတော်မူ၏။

ညနေချမ်းသို့ရောက်လျှင် တမြို့လုံး တုန်လှုပ်ခြောက်ခြား၍ နေ၏။ အရှင်သာရိပုတ္တရာနှင့် ပရိဗိုဇ်မတို့၏ ပြဿနာဖြေဆိုပွဲသို့ တမြို့လုံးရောက်လာကြ၏။

ပရိဗိုဇ်မသည် ဝါဒတထောင်ကို တခုပြီးတခု မေးမြန်း၏။ အရှင်သာရိပုတ္တရာ ကောင်းစွာဖြေဆို၏။ ပရိဗိုဇ်မသည် ဝါဒ တထောင်ကုန်လေလျှင် မထေရ်က “အသင်၏ အမေးပုစ္ဆာ များသည် ဤမျှပင်ရှိသလော၊ ကျန်သေးသလော ဟု” မေးတော်မူ၏။ “အရှင်ဘုရား ဤမျှလောက်သာပါ” ဟု လျှောက်ကြား၏ “နှမ အသင်သည် ငါ့အား များစွာသော ပုစ္ဆာတို့ကို မေးခဲ့၏၊ ယခု သင့်အား တခုသောပုစ္ဆာကို မေးမည်၊ ဖြေဆိုမည်လော ဟု မေးတော်မူ၏။

“အရှင်ဘုရား။ ။ဖြေဆိုပါအံ့ဟု လျှောက်၏။ “နှမ တခု မည်သည် အဘယ်နည်း” ဟုမေးတော်မူ၏။ ပရိဗိုဇ်မသည် မည်သို့ဖြေဆိုရမည်ကိုမသိနိုင်၍ “အရှင်ဘုရား -ဤပြဿနာသည် အဘယ်အမည်ရှိသနည်း” ဟု မေးလျှောက်၏။ “နှမ=ဗုဒ္ဓပဉှာ မည်သော ပြဿနာပေတည်း ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ။ထိုပြဿနာကို တပည့်တော်မအားလည်း ပေးတော်မူပါ"ဟု လျှောက်ကြား၏။

"ငါကဲ့သို့သော ရဟန်းအဖြစ် ဖြစ်ခဲ့လျှင် ပြဿနာပေးအံ့" ဟု မိန့်တော်မူလေ၏။

"ထိုသို့ဆိုလျှင် တပည့်တော်မကို ရဟန်း ပြုပေး ပါ" ဟု တောင်းပန်၏၊ မထေရ်သည် ရဟန်းမိန်းမတို့အား အကြောင်း ကြား၍ ရဟန်းပြုစေ၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း

ထိုပရိဗိုဇ်မသည် ရဟန်းပြုပြီး၍ ပဥ္စင်းအဖြစ်တွင် ကုဏ္ဍလ ကေသီထေရီမ အမည်သည် ဖြစ်၏။

နှစ်ရက်သုံးရက်နှင့်သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွအရဟတ္တ ဖိုလ်သို့ ရောက်လေ၏။

တရားသဘင်၌ ရဟန်းတို့သည် "ငါ့ရှင်တို့ ကုဏ္ဍလကေသီ ထေရီမသည် ဘုရားတရားတော်ကို များစွာ နာကြားရခြင်း မရှိပဲ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ချေ၏။ သူမ၏ သူခိုး လင်ကို ကြီးစွာသော စစ်ဆင်ခြင်းပြု၍ အောင်မြင်ပြီးလာခဲ့ပေ သည်"ဟူသော စကားကို ပြောကြကုန်သည်။ မြတ်စွာဘုရား ကြွလာတော်မူ၍ မေးမြန်းတော်မူလျှင် ပြောကြားနေကြသော အကြောင်းကိုလျှောက်ထားသည့်အခါ မြတ်စွာဘုရားက တရား တော်ကို ဟောကြားတော်မူလိုသောကြောင့်၊

(၁၀၂) ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထ ပဒသံဟိတာ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။ ။

(၁၀၃) ယော သဟဿံ သဟဿေန သင်္ဂါမေ မာနု
သေ ဇိနေ၊ ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမ
ဇုတ္တမော။ ။

(၁၀၂) အကြင်သူတို့သည် အကျိုးစီးပွားမဲ့ စကားဖြစ်သော ဂါထာ တရာကို ပြောဆိုငြားသော်လည်း မြင့်မြတ်သည်မဟုတ်၊ တပုဒ်သောတရားတော်ကိုကြားနာရ၍ကိလေသာမှ ငြိမ်းအေးလေ၏။ တပုဒ်သော ထိုတရားတော်သည် အထူးသဖြင့် မြင့်မြတ်၏။

(၁၀၃) အကြင်သူရဲကောင်းသည် စစ်မြေပြင်၌ တသန်းများလောက်သော လူတို့ကို အောင်နိုင်စွမ်းရာ၏။ ထိုသူရဲကောင်းသည် အောင်ခြင်းအစစ်မဟုတ်သေး၊ မိမိကိုယ်ကို တကြိမ်ဘခါ အောင်နိုင်သူသည်သာလျှင် စစ်မြေပြင်၌ အောင်သူဘကာတို့ထက် မြတ်သည်သာဖြစ်၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည်သောတာပတ္တိဖိုလ်စသည်သို့ တည်ကုန်၏။

(ဓမ္မပဒ သဟဿဝဂ် သုံးခုမြောက် ကုဏ္ဍလကေသီ ထေရီရိမဝတ္ထုပြီး၏)

(ဂ) သဟာသဝဂ်

## ၄။ အောင်ပြီးတဖန် ရှုံးရန်မရှိသောနည်း

(ပျက်စီးခြင်း အကြောင်းကို မေးသောပုဏ္ဏားဝတ္ထု)

မိမိကိုယ်ကို စောင့်စည်း၍
အမြဲဆုံးမ နှိမ်နင်းပြီးသော
ယောက်ျား၏ အောင်ခြင်းကို
နတ်ပြဗ္ဗာဂန္ဓဗ္ဗနှင့် မာရ်နတ်တို့သည်ပင်
တဖန်ပြန်၍ ရှုံးအောင်မတတ်နိုင်။

(အတ္တာ ဟဝေ) ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အနတ္ထပုစ္ဆက ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း။

ပုဏ္ဏားကြီးတယောက်သည် အကြံရ၍ ဇေတဝန်ကျောင်းတော်ရှိ ဘုရားသခင်ထံ ချဉ်းကပ်ပြီး "အရှင်မြတ်ဘုရား။ အရှင်မြတ်တို့သည်အကျိုးစီးပွားတိုးတက်ရန်အကြောင်းကောင်းမြတ်သည်ကိုသာသိပါသလော အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးခြင်းကိုလည်းသိပါသေးသလော"ဟု လျှောက်၏၊ ဘုရားရှင်က "ပုဏ္ဏားကြီး-ငါဘုရားသည် အကျိုးစီးပွား တိုးတက်မြင့်မြတ်သည်ကိုလည်း သိတော်မူ၏၊ အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်သည်ကိုလည်း သိတော်မူ၏"ဟု မိန့်တော်မူလျှင်-

"ဤသို့ဆိုလျှင် တပည့်တော်အား အကျိုးစီးပွား ပျက်ပြားစေတတ်သော အကြောင်းကို ဟောကြားတော်မူပါ" ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအား-

နေမြင့်အောင် အိပ်ခြင်းသည်ရင်း၊
ပျင်းရိခြင်းသည်ရင်း၊
ကြမ်းကြုတ်ခြင်းသည်ရင်း၊
အချိန်ကြာမြင့်စွာ သေတင်းကုပ်သို့သွား၍ သောက်စားခြင်းသည်ရင်း၊
ဝေးကွာသောခရီးကို တယောက်တည်းသွားခြင်းသည်ရင်း၊
သူတပါးသားမယားကို ပေါင်းဖော်မိခြင်းသည်ရင်း၊
ပုဏ္ဏားကြီးတို့ အလုံးစုံကိုပြုလုပ်လေလေ့ သင်ပုဏ္ဏားကြီးအား အကျိုးစီးပွား ပျက်စီးခြင်းသည်ဖြစ်လတံ့။

ပုဏ္ဏားကြီးသည် များစွာကြေနပ် ဝမ်းမြောက်၍ "အရှင်မြတ်ဘုရား။ ။ကောင်းပါပေ၏၊ ကောင်းပါပေ၏၊ အရှင်မြတ်တို့သည် အကျိုးစီးပွား တိုးတက်ရန်ကိုလည်း သိတော်မူပါ၏၊ ပျက်စီးဆုတ်ယုတ်တတ်သည့် အကြောင်းကိုလည်း သိတော်မူပါ၏"ဟု ကောင်းချီးပေး၏။

ထိုအခါ မြတ်စွာဘုရားသခင်က
"ပုဏ္ဏားကြီး။ ။အကျိုးစီးပွားဖြစ်ခြင်း၏ အကြောင်းကိုရင်း၊ ပျက်စီးတတ်သော အကြောင်းရင်း၊ သိတတ်သောအရာ၌ ငါဘုရားနှင့် တူသူသည် တစုံတယောက်မျှမရှိ"ဟုမိန့်တော်မူ၏။
ထို့နောက် ပုဏ္ဏားကြီး၏ အဇ္ဈာသယ (အဘွင်းစိတ်) ကို ဆင်ခြင်တော်မူပြီး-
"အသင်ပုဏ္ဏားကြီး ဘာများလုပ်ကိုင်စားပါသလဲ"
"ကြွေအန်လောင်းကစားမှုဖြင့် အသက်မွေးပါသည်"
"ဤသို့ လောင်းကစားရာတွင် အသင်သည် ရှုံးသလော၊ နိုင်သလော"

"ရှုံးသည့်အခါလည်း ရှိပါသည်၊ နိုင်သည့်အခါလည်းရှိပါသည်"

"ဤသို့ သူတပါးနှင့် ကြွေအန်ကစား၍ အောင်နိုင်ခြင်းသည် မြတ်လှသော အောင်ခြင်းမဟုတ်သေး၊ ကိလေသာကိုအောင်နိုင်ခြင်းဖြင့် မိမိကိုယ်ကို အောင်နိုင်သော ပုဂ္ဂိုလ်သာလျှင်မြင့်မြတ်ပေ၏"ဟု မိန့်တော်မူပြီးသော်-

(၁၀၄) အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာ စာယံ
ဣတရာ ပဇာ။ အတ္တဒန္တဿ ပေါသဿ၊
နိစ္စံ သညတစာရိနော။ ။

(၁၀၅) နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော
သဟ ဗြဟ္မုနာ။ ဇိတံ အပဇိတံ ကယိရာ၊
တထာရူပဿ ဇန္တုနော။ ။

(၁၀၄-၁၀၅) မိမိကိုယ်ကိုအောင်ခြင်းသည် အမှန်မြင့်မြတ်၏။ မိမိကိုယ်ကို အောင်နိုင်သူမှ တပါးသော အကြွင်းသတ္တဝါ အပေါင်းသည် သူတပါးကိုအောင်နိုင်ခဲ့၏၊ ထိုသူတပါးကို အောင်နိုင်သူ၏ အောင်ခြင်းသည် မမြတ်သေး။

မိမိကိုယ်ကို ဆုံးမပြီးသော အမြဲ ကိုယ်နှုတ်နှလုံး သုံးပါး စလုံးကို စောင့်စည်းချုပ်တည်းသော အကျင့်ရှိသောသတ္တဝါ ဟု ဆိုအပ်သောယောကျ်ား၏ အောင်ခြင်းကိုနတ်သည်၎င်း၊ ဂန္ဓဗ္ဗသည်၎င်း၊ ဗြဟ္မာမင်းနှင့်တကွ မာရ်နတ်မင်းသည် ပြန်၍ဘဖန် ရှုံးပြန်လေအောင် မပြုနိုင်ပေချ။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ သဟဿဝဂ် လေးခုမြောက် ဖြစ်သော ပျက်စီးခြင်း အကြောင်း မေးသည့် ပုဏ္ဏားဝတ္ထု ပြီး၏)

(၈) သဟဿဝဂ်

## ၅။ ငွေတထောင် နှစ်တရာနှင့် တကြိမ်တခဏ

(အရှင်သာရိပုတ္တရာ၏ ဦးရီး မထေရ် ဝတ္ထု)

လစဉ်လတိုင်း ငွေတထောင်စီကို
အနှစ်တရာပတ်လုံး
လူတို့ကို ပူဇော်သည်ထက်
ဘာဝနာပွားများ ရဟန်းတို့အား
တကြိမ်တမုဟုတ်မျှ
ပူဇော်ရခြင်းသည် မြတ်၏။

(မာသေ မာသေ) အစပြုသည့်ဒေသနာတော်ကို ရာဇဂြိုဟ်ဝေဠုဝန်ကျောင်း၌ အရှင်သာရိပုတ္တရာမထေရ်၏ မိခင်ဖြစ်သော သာရီပုဏ္ဏေးမ၏ မောင်တော် ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

အရှင်သာရိပုတ္တရာမထေရ်သည် ဦးရီးတော် ပုဏ္ဏားကြီးထံသို့ သွား၍—

"ကုသိုလ်ကောင်းမှု တစုံတရာပြုပါဦးလော"ဟု မေးတော်မူ၏၊ ပုဏ္ဏားကြီးက "တပည့်တော်သည်လစဉ် လစဉ် တထောင်သော အသပြာကို စွန့်ကြဲပေးကမ်း လှူဒါန်းပါ၏"

"ဒါယကာပုဏ္ဏားကြီး၊ အဘယ်သူအား ပေးလှူသနည်း"

"တပည့်တော်သည် နိဂဏ္ဌတို့အား ပေးလှူပါသည်"

"အဘယ်ဆုကိုရည်၍ ပေးလှူသနည်း"

"ဗြဟ္မာ့ပြည်ကို တောင့်တရည်သန်ပြီး လှူဒါန်းပါ၏"

"ဤသို့ပြုလုပ်ခြင်းသည် ဗြဟ္မာ့ပြည်ရောက်ရာလမ်းကြောင်းဟု ထင်မှတ်ပေသလော"

"မှန်ပါ၏၊ မှတ်ထင်မိပါသည်"

"ဤအကြောင်းကို အဘယ်သူဟောပြောသနည်း"

"တပည့်တော်ဆည်းကပ်သော ဆရာတို့က ဟောပြောပါသည်"

"ပုဏ္ဏားကြီး၊ အသင်သည် ဗြဟ္မာပြည်သို့ ရောက်ရာ လမ်းကြောင်းကို အသင်လည်းမသိ၊ အသင်၏ ဆရာတို့လည်းမသိ

ငါတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သာလျှင် ဗြဟ္မာပြည်သို့ရောက်ရာ လမ်းခရီးကို သိတော်မူ၏။ သင့်အား ဗြဟ္မာ့ပြည်၏ ခရီးလမ်းကြောင်းကို မြတ်စွာဘုရားအား ဟောကြားတော်မူစေအံ့"

ဟု ပုဏ္ဏားကြီးအား ဘုရားသခင်ထံ ခေါ်ဆောင်ခဲ့ပြီး အကြောင်းစုံကို ဘုရားရှင်အား လျှောက်ထား၍=

"အရှင်မြတ်ဘုရား။ ။ထိုပုဏ္ဏားကြီးအား ဗြဟ္မာ့ပြည်၏ ခရီးလမ်းကို ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် ပုဏ္ဏားကြီးအား မေးမြန်းတော်မူပြီးနောက် =

(၁၀၆) မာသေ မာသေ သဟဿေန၊ ယော ယဇေထ သတံ သမံ။
ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။ ။
သာယေဝ ပူဇနာ သေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ။

(၁၀၆) အကြင်ပုဂ္ဂိုလ်သည် လတိုင်းလတိုင်း တထောင်သောဥစ္စာတို့ကို အနှစ်တရာပတ်လုံး လူများအပေါင်းအား ပူဇော်၏။ အကြင်ပုဂ္ဂိုလ်သည်ကား ဘာဝနာပွားများ ရဟန်းတို့အား တကြိမ်သောလည်း တမဟုတ်မျှသော်လည်း ပူဇော်ရာ၏။ ထိုပူဇော်ကြသော ပုဂ္ဂိုလ်နှစ်ဦးတို့၏ ပူဇော်ခြင်းသည် သီလ ဘာဝနာ အားထုတ်ရာသော ရဟန်းတို့အား တခဏမျှပူဇော်ခြင် သာလျှင်မြတ်၏။ နှစ်တရာပတ်လုံး လူအပေါင်းတို့အား ပူဇော်ခြင်းသည်မမြတ်။

(ဓမ္မပဒသဟဿဝဂ်ငါးခုမြောက်ဖြစ်သော
အရှင်သာရိပုတ္တရာ၏ ဦးရီးတော် ပုဏ္ဏားကြီးဝတ္ထုပြီး၏)

(ဂ) သဟာယဝဂ်

# ၆/ မြတ်သောအလှူ

## (ရှင်သာရိပုတ္တရာ၏ တူတော်ပုဏ္ဏားဝတ္ထု)

**အနှစ်တရာမျှ မီးကိုလုပ်ကျွေးနေခြင်းထက်**
**သီလရှိသောပုဂ္ဂိုလ်အား**
**တကြိမ်တခါ ပူဇော်ခြင်းသည် မြတ်၏။**

(ယောစ ဝဿသတံ ဇန္တု) အစပြုသည့် ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တရာ၏ တူဖြစ်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်သာရိပုတ္တရာမထေရ်သည် တူဖြစ်သော ပုဏ္ဏားအထံ ကြွရောက်တော်မူ၍ အသင်သည် တစုံတခုသောကုသိုလ်ကောင်းမှုကို ပြုပါ၏လောဟုမေး၏၊ မှန်လှပါလ တိုင်းလတိုင်း ဆိတ်တကောင်တကောင်ကိုသတ်ပြီး မီးကို လုပ်ကျွေးပူဇော်ပါသည်။ ဗြဟ္မာ့ပြည်သို့ရောက်ရန် ရည်ရွယ်၍ တပည့်တော်၏ ဆရာမြတ်တို့ ဟောပြောသည့်အတိုင်း ပြုလုပ်ပါသည်ဟု လျှောက်၏။

အရှင်သာရိပုတ္တရာသည် ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း ခရီးကို သင်လည်း ကောင်းစွာမသိ၊ သင်တို့ဆရာလည်း ကောင်းစွာမသိကြ၊ လာလှည့်-ငါတို့ဆရာဖြစ်သော မြတ်စွာဘုရားထံ

သွားကြကုန်အံ့ဟု မြတ်စွာဘုရား အထံတော်သို့ ခေါ်သွား၏၊ မြတ်စွာဘုရားက မေးတော်မူပြီး=

(၁၀၇) **ယော စ ဝဿသတံ ဇန္တု၊ အဂ္ဂိံ ပရိစရေ ဝနေ။ ဧကဥ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။ သာယေဝ ပူဇနာ သေယျော၊ ယဥ္စေ ဝဿသတံ ဟုတံ။**

(၁၀၇) အကြင်သတ္တဝါသည် အနှစ်တရာပတ်လုံး တော၌မီးကို လုပ်ကျွေး၍နေ၏။ အကြင်ပုဂ္ဂိုလ်သည်ကား၊ တရား၌ပွားများ ဆောက်တည်ပြီးသော ရဟန်းတို့အား တကြိမ်ဘခါမျှပူဇော်၏။ ထိုသို့ ပူဇော်ကြသော ပုဂ္ဂိုလ်တို့၏ ပူဇော်ခြင်းတို့တွင် တရား၌ဆောက်တည်ပြီးသော ရဟန်းအား ပူဇော်ခြင်းသည်သာ မြတ်၏။ မီးကို ပူဇော်လုပ်ကျွေးခြင်းသည် မမြင့်မြတ်။

ပုဏ္ဏားသည် ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ သဟဿဝဂ် ခြောက်ခုမြောက် အရှင်သာရိပုတ္တရာ၏ တူတော်ပုဏ္ဏား ဝတ္ထုပြီး၏။

(ဂ) သဟဿဝဂ်

## ၇။ လေးဖို့တဖို့ အကျိုးအမြတ်

(ရှင်သာရိပုတ္တရာမထေရ်၏ အဖေါ်ပုဏ္ဏားကြီးဝတ္ထု)

ကောင်းကျိုးအတွက် တနှစ်ပတ်လုံး ယစ်ပူဇော်ခြင်း
မီးနတ်ပူဇော်ခြင်းပြုသည့် အကျိုးသည်
မဂ်ဖိုလ်နိဗ္ဗာန် ခရီးသို့
ဖြောင့်တန်းစွာ သွား၍နေသောသူတို့အား
ရှိခိုးခြင်းအကျိုး၏ လေးဖို့တဖို့မျှပင် မမြတ်။

(ယံကိဉ္စိ ယိဋ္ဌံဝ) အစပြုသည့် ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တရာ၏ မိတ်ဆွေဖြစ်သော ပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်သာရိပုတ္တရာ မထေရ်သည် လူဖြစ်စဉ်ဘဝက မိတ်ဆွေဖြစ်သော ပုဏ္ဏားကြီးထံသို့ ကြွရောက်၍ အသယ်သို့သောကုသိုလ်ကောင်းမှု ပြုပါသနည်းဟု မေးတော်မူရာ များစွာသောပစ္စည်းဥစ္စာတို့ကို စွန့်ကြဲ၍ ယဇ်ပူဇော်ခြင်းအမှုကို ပြုပါသည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရန် တပည့်တော်၏ ဆရာတို့ဆုံးမသည့် အတိုင်းပြုလုပ်ပါသည်''ဟု လျှောက်၏။

"အချင်းပုဏ္ဏားကြီး။ ။ဗြဟ္မာ့ပြည်သို့ သွားရာခရီးလမ်းကြောင်းကို အသင်သည်ရင်း၊ သင့်ဆရာတို့သည်ရင်း ကောင်းစွာမသိ၊ လာလှည့်၊ ငါတို့ဆရာ မြတ်စွာဘုရားထံ သွားကြကုန်အံ့" ဟု မြတ်စွာဘုရားအထံ ခေါ်၍ သွား၏၊ မြတ်စွာဘုရားက အကြောင်းကို မေးတော်မူပြီးနောက် တရားတော်ကိုဟောကြားတော်မူလို၍-

**(၁၀၈) ယံ ကိဉ္စိ ယိဋ္ဌံ ဝ ဟုတံ ဝ လောကေ၊**
**သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။**
**သဗ္ဗံပိ တံ န စတုဘာဂမေတိ၊**
**အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။ ။**

(၁၀၈) လောက၌ကောင်းကျိုးကို မြော်၍ တနှစ်ပတ်လုံး အလုံးစုံသော ယဇ်ပူဇော်ခြင်း၊ မီးနတ်ပူဇော်ခြင်းတို့၏ အကျိုးသည် နိဗ္ဗာန်မဂ်ဖိုလ်ခရီးကို ဖြောင့်တန်းစွာ သွား၍နေသော အရိယာပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်းစေတနာ၏ လေးဖို့တဖို့ကိုမမီနိုင် ထိုသို့ မမီနိုင်သောကြောင့် အရိယာပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်းသည် မြတ်၏။

ဒေသနာတော်၏အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ရောက်၏။

**(ဓမ္မပဒ သဟဿဝဂ် ခုနစ်ခုမြောက် သာရိပုတ္တာရာ၏ မိတ်ဆွေ ပုဏ္ဏားကြီးဝတ္ထုပြီး၏)**

## (၈) သဟဿဝဂ်

### ၈။ အကျိုးတရားလေးပါး

(အာယုဝဍ္ဎန သတို့သားဝတ္ထု)

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အသက်သိက္ခာဂုဏ်အားဖြင့် ကြီးသောသူတို့အား
အမြဲမပြတ်ရှိခိုးလေ့ရှိသူတို့မှာ
သက်ရှည်ဆင်းလှ ချမ်းသာရ၍
ခွန်အားကြီးမား ကျိုးလေးပါးတို့
တိုးပွားကုန်၏။

(အဘိဝါဒန သီလိဿ) အစရှိသော ဂါထာတော်ကို ဒီဃလဉ္ဇိက ရွာကို အမှီပြုလျက် တောကျောင်း၌ ဒီဃာယု သတို့သားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဒီဃလဉ္ဇိကမြို့သားပုဏ္ဏားနှစ်ယောက်တို့သည် သာသနာပ ရသေ့ရဟန်းပြုကြပြီး လေးဆယ့်ရှစ်နှစ်ပတ်လုံး ပြင်းထန်သော အကျင့်ကိုကျင့်ကြပြီးမှ တယောက်သော ပုဏ္ဏားသည် လူထွက် အံ့ဟု ကြံစည်၍ မိမိ၏ အကျင့်နည်းလမ်းကို သူတပါးတို့အား ရောင်းချသော်၊ နွားအကောင်တရာ ငွေကျပ်တရာရ၍ မိန်းမ တယောက် ယူလိုက်၏။ သားတယောက်ကို ဖွားမြင်၏။ အဖော် ရသေ့သည် ထိုမြို့သို့ရောက်လာသဖြင့် ပုဏ္ဏားသည် သားမယား

တို့ကို ခေါ်ဆောင်ခါ ဖူးမြင်ရန်လာ၏။ ပုဏ္ဏားက ရှိခိုး ဦးချသော အခါ မယားက ရှိခိုးဦးချသောအခါ အသက်ရှည်ပါစေဟု ဆုပေး၏။ သားငယ်ကို ရှိခိုးစေသောအခါ မိတ်ဆွေရသေ့က ဆုမပေးပဲနေ၏၊ ပုဏ္ဏားသည် သားငယ်အား အသက်ရှည်ပါစေဟု အဘယ့်ကြောင့် ဆုမပေးသနည်းဟု မေးလေသော်၊ "သင်၏ သားတွင် အန္တရာယ်တခုရှိ၏။ ခုနစ်ရက်သာ အသက်ရှည်အံ့" ဟု ဆိုလျှင် "အရှင်ဘုရား၊ တားမြစ်နိုင်သောအကြောင်း ရှိပါသလော"ဟု မေး၏။ "ငါသည် တားမြစ်နိုင်သော အကြောင်းကို မသိ၊ ရှင်ကြီးဂေါတမထံသွား၍ မေးလေလော့"ဟု ဆို၏။ "ရဟန်း ဂေါတမထံသွားလျှင် အကျင့်ပျက်စီး(ဇာတ်ပျက်)မည်ကို ကြောက်ပါ၏"ဟု ဆို၏။ သင့်သားကို ချစ်လျှင် အကျင့်ပျက်စီး (ဇာတ်ပျက်)မည်ကို မစဉ်းစားနှင့်၊ ယခုပင်သွား၍ မေးလေလော့"ဟု ဆို၏။

## ပရိတ်တော်၏ တန်ခိုး

ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့သွား၍ ကိုယ်တိုင် ရှိခိုး၏၊ အသက်ရှည်ပါစေဟု မိန့်တော်မူ၏။ မယားရှိခိုးသော အခါ၌လည်း ထို့အတူ မိန့်တော်မူ၍ သားငယ်ရှိခိုးသောအခါ၌ ဆိတ်ဆိတ်နေတော်မူ၏၊ ပုဏ္ဏားသည် ထိုအကြောင်းကို မြတ်စွာဘုရားအား မေးလျှောက်၏၊ သင့်သားသည် ခုနစ်ရက်သာ အသက်ရှည်မည်ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ။အန္တရာယ်ကိုတားမြစ်နိုင်ခြင်းအကြောင်း ရှိပါသလော"ဟု မေးလျှောက်လျှင် "ပုဏ္ဏား ဖြစ်နိုင်၏"ဟု မိန့်တော်မူ၏၊ "အသို့ဆောင်ရွက်ရပါမည်နည်း"ဟုမေးလျှောက်

ပြန်သဖြင့် သင်၏အိမ်တံခါးဝတွင် မလ္လာပ်ထိုး၍ မလ္လာပ်အလယ် အင်းပျဉ်၌ သားငယ်ကိုထားပြီးသော်၊ ထိုအင်းပျဉ်ကို ဝိုင်းရံလျက် ရှစ်နေရာရင်း၊ တဆယ့်ခြောက်နေရာရင်း ခင်းထားပြီးလျှင် ငါဘုရား၏ ထပည့်သာဝကတို့ကို ထိုင်စေ၍ ခုနစ်ရက်ပတ်လုံး မပြတ် ပရိတ်အရံအတားကိုပွဲရန် တတ်နိုင်လျှင် ထိုသားငယ်၏ အန္တရာယ်သည် ပျောက်ပျက်ရာ၏ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ။မလ္လာပ်စသည်တို့ကိုပွဲရန်တတ်နိုင်ပါ၏၊ အရှင်ဘုရား၏ ဟပည့်သာဝကတို့ကိုကား အဘယ်သို့ ရနိုင်ပါသနည်း"ဟုမေးလျှောက်၍ "အသင်ပုဏ္ဏား မလ္လာပ်ဆောက်လုပ်ထားလျှင် ငါဘုရား၏ တပည့်သာဝကတို့ကို လွှတ်လိုက်ပေအံ့" ဟု မိန့်တော်မူ၏။ ပုဏ္ဏားလည်း ရှိခိုး၍ ပြန်ကြလေ၏။

မလ္လာပ်ပြီးကြောင်းလျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ရဟန်းတို့အား စေလွှတ်တော်မူ၏။ ခုနစ်နေ့ ခုနစ်ည အဆက်မပြတ် ပရိတ်အရံအတားကို ရွတ်ဆိုကြကုန်၏၊ ခုနစ်ရက်မြောက်နေ့တွင် ညနေချမ်း၌ ဘုရားသခင် ကြွလာတော်မူသောအခါ စကြာဝဠာအားလုံးမှ နတ်တို့သည် စည်းဝေးရောက်လာကုန်၏၊ အဝရုဒ္ဓကမည်သော ဘီလူးတယောက်သည် ဝေဿဝဏ်နတ်မင်းကြီးကို တဆယ့်နှစ်နှစ်တိုင်တိုင် လုပ်ကျွေး၍ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဤသူငယ်ကို ယူလေလော့ဟု ဝေဿဝဏ်နတ်မင်းကြီးထံမှ ဆုကိုရခဲ့သဖြင့် အဝရုဒ္ဓက ဘီလူးလည်း လာ၍ ရပ်နေ၏။

## အသက်ဘုရား့နှစ်ဆယ် ရှည်စေသော်

မြတ်စွာဘုရား ထိုနေရာသို့ ကြွတော်မူသဖြင့် တန်ခိုးကြီးသောနတ်တို့ ရောက်လာကြ၏၊ တန်ခိုးနည်းသောနတ်တို့ ဆုတ်၍

ဆုတ်၍ ပေးကြရသဖြင့် တဆယ့်နှစ်ယူဇနာအရပ်သို့ ရောက်ကြကုန်၏၊ အဝရုဒ္ဓက ဘီလူးလည်း ထို့အတူ ဖဲခွာရလေ၏၊ မြတ်စွာဘုရားသည် တည၌လုံးပင် ပရိတ်အရံအတားကို ပြုတော်မူ၏၊ ခုနစ်ရက်လွန်လျှင် အဝရုဒ္ဓကဘီလူးသည် သူငယ်ကိုမရနိုင်တော့ပေ၊ ရှစ်ရက်မြောက်သောနေ့ အရုဏ်တက်လျှင်သူငယ်ကိုခေါ်၍ မြတ်စွာဘုရားကို ရှိခိုးစေကုန်၏။ "ဒီဃာယုကော ဟောတိ" အသက်ရှည်ပါစေသတည်းဟု ဆုပေးတော်မူ၏။ "အရှင်ဂေါတမ၊ ဤသူငယ်သည် အသက်မည်မျှရှည်ပါမည်နည်း"ဟု မေးလျှောက်သဖြင့် "ပုဏ္ဏား အသက်တရာ့နှစ်ဆယ်ရှည်လတံ့"ဟု မိန့်တော်မူ၏။ "အာယုဝဍ္ဎန" သတို့သားဟု အမည် မှည့်ကြကုန်၏။

ထိုသတို့သားသည် အရွယ်ရောက်လျှင် ဥပါသကာ ငါးရာတို့ဖြင့် ခြံရံလျက် လှည့်လည် သွားလာကြ၏။

တနေ့ တရားသဘင်တွင် ရဟန်းတို့က "ငါ့ရှင်တို့ ထိုသတို့သားသည် ခုနစ်ရက်မြောက်၌ သေခဲ့ပါမူ ဤကဲ့သို့ ဥပါသကာငါးရာတို့ဖြင့်လှည့်လည်သွားလာခြင်းမရှိနိုင်ပေရာ၊ယခု အသက်တရာ့နှစ်ဆယ် ရှည်မည်ဖြစ်၍ ဥပသကာ ငါးရာတို့နှင့်ခြံရံလျက် လှည့်လည်နေ၏၊ သတ္တဝါတို့အား အသက်ရှည်ခြင်းအကြောင်း တရားသည် ရှိလေယောင်တကားဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားသည် တရားသဘင်သို့ကြွလာ၍ "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၏၊ ဤမည်သော အကြောင်းပါတည်းဟုလျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားသည် အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသောကြောင့်=

(၁၀၉) အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ,ဝဏ္ဏော
သုခံ ဗလံ။ ။

(၁၀၉) အရိုအသေ ရှိခိုးသေ့ရှိသော အမြဲမပြတ် အသက်အားဖြင့် ကြီးသောဂုဏ်အားဖြင့် ကြီးသောသူတို့ကို အရိုအသေ ပြုလေ့ရှိသော ပုဂ္ဂိုလ်အား အသက်ရှည်ခြင်းသည်၎င်း၊ အဆင်းလှခြင်းသည်၎င်း ချမ်းသာကြီးခြင်းသည်၎င်း၊ ခွန်အားကြီးခြင်းသည်၎င်း ဤသို့ လေးပါးကုသော တရားတို့သည် တိုးပွားကုန်၏။

ဒေသနာတော်၏ အဆုံး၌ "အာယုဝဍ္ဎန" သတို့သားနှင့် ဥပသကာ ငါးရာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ သဟဿဝဂ်ရှစ်ခုမြောက် "အာယုဝဍ္ဎန" သတို့သားဝတ္ထု ဤတွင်ပြီး၏။)

(၈) သဟာဿဝဂ်

## ၉/ အသက်ရှင်လျက် ထိုတရက်

(သံကိစ္စ သာမဏေ ဝတ္ထု)

ကိုသိုလ်စိတ်ကင်း အကျင့်ယွင်းပျက်
အသက်ရှည်စွာ နှစ်တရာထက်
တရက်တည်းပင် သီလစင်က မွန်မြတ်လှ၏။

(ယော စ ဝဿသတံ ဇီဝေ) ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သံကိစ္စသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ သုံးကျိပ်မျှလောက်သော အမျိုးသားတို့သည် သာသနာတော်၌ ရဟန်းပြုကြပြီး ငါးဝါမြောက်ရောက်လျှင် အသက်ကြီးမှ ရဟန်းပြုရသဖြင့် ဂန္ထဓုရ၌ အားထုတ်ခြင်း မပြုနိုင်ဘဲ ဝိပဿနာဓုရကို ဖြည့်ခြင်းငှာ ကမ္မဋ္ဌာန်းတရားကို သင်ယူကြပြီး "တခုသော တောအုပ်သို့ သွားပါကုန်အံ့" ဟု ဘုရားသခင်အား ပန်ကြားကြ၏။

### ခုနှစ်နှစ်သား သာမဏေ

မြတ်စွာဘုရားသခင်က အဘယ်အရပ်သို့ သွားမည်နည်းဟု မေးတော်မူ၏။ "ထိုအရပ်သို့ သွားပါကုန်အံ့" ဟု လျှောက်ကြားသည်ရှိသော် ထိုအရပ်၌ စားကြွင်းစားတယောက်

ကြောင့် ရဟန်းသုံးကျိပ်တို့ ကြောက်မက်ဖွယ် ဘေးကြီးတွေ့လတံ့၊ သံကိစ္စ သာမဏေ လိုက်ပါသွားသော် ထိုဘေးကြီးကို လွန်မြောက်၍ သုံးကျိပ်သောရဟန်းတို့သည် ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်ပေလတံ့-ဟု မြင်တော်မူ၏၊ သံကိစ္စသာမဏေသည် ခုနစ်နှစ်အရွယ်သာ ရှိသေး၍ အရှင်သာရိပုတ္တရာမထေရ်၏ တပည့်ဖြစ်၏။

## သံကိစ္စသာမဏေ၏ အကြောင်း

သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ချမ်းသာသော အမျိုးသမီးတဦးသည် ကိုယ်ဝန်အရင့်အမာနှင့် ကွယ်လွန်သဖြင့် အလောင်းကို သုသာန်သို့ယူ၍ မီးရှို့ကြ၏၊ ကျန်သောအသားအရေတို့ မီးကျွမ်းသော်လည်း ဝမ်းဗိုက်သားသည် မီးမလောင်သဖြင့် တံစို့ဝါးဖြင့် ဝမ်းဗိုက်ကိုထိုးလေသော် ဝမ်းတွင်းရှိ သူငယ်၏ မျက်စိအစွန်းကို ထိုးမိလေ၏။ ဝမ်းဗိုက်သားကို ထိုးကျိတ်၍ မီးကျီးတို့ဖြင့် ဖုံးလွှမ်းပြီး ပြန်သွားကြကုန်၏။ ဝမ်းဗိုက်သားကို မီးလောင်ကျွမ်းပြီး မီးကျီးအထက်၌ ရွှေဆင်းတုနှင့်တူသော သူငယ်သည် ပဒုမ္မာကြာတိုက်၌ လျောင်းအိပ်သကဲ့သို့ ဖြစ်လေ၏။

နောက်တနေ့၌ ထင်းပုံကို မီးငြိမ်းရန်လာကြရာ လျောင်းအိပ်နေသော သူငယ်ကို မြင်၍ မိခင်၏အလောင်း ပြာကျပါလျက် သူငယ်ကို မီးမလောင်ကျွမ်း၍ အံ့သြကြပြီး သူငယ်ကို ယူ၍ နိမိတ်ဖတ်တတ်သော သူတို့ကို မေးမြန်းကြကုန်၏။ ဤသူငယ်သည် လူ့ဘောင်၌နေပါက ဆွေခုနစ်ဆက်တိုင်အောင် ဗင်ပန်းဆင်းရဲခြင်းဖြစ်လတံ့။ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ခဲ့ပါလျှင် ငါးရာကုန်သော ရဟန်းတို့ဖြင့် ခြံရံလျက် လှည့်လည်ရလတံ့ဟု နိမိတ်ဖတ်ကြ၏။

## သံကိစ္စအမည်ပေးခြင်း အကြောင်း

သူငယ်၏ မျက်စိအစွန်းထောင့်၌ ကောက်ချိတ်၍နေခြင်းဖြင့် ပျက်စီးသောကြောင့် "သံကိစ္စ" ဟု အမည်မှည့်ကြ၏၊ ဆွေမျိုးတို့သည် ခုနစ်နှစ်သား အရွယ်ရောက်လျှင် အရှင်သာရိပုတ္တရာ မထေရ်ထံသို့ အပ်နှံ၍ ရဟန်းပြုစေ၏။ "တစသဥ္စက" ကမ္မဋ္ဌာန်းကို ပေး၍ ရှင်သာမဏေပြုရာ သင်ဓုန်းရိတ်ပြီးသည်၏ အဆုံး၌ ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်၏။

## ရဟန်းသုံးကျိပ်ကို ညွှန်ကြားခြင်း

မြတ်စွာဘုရားသည် ရဟန်းသုံးကျိပ်တို့အား တောသို့ဝင်မိနေခင်တော်ကြီးဖြစ်သော "အရှင်သာရိပုတ္တရာကို ဖူးမြော်ပြီးမှ သွားကြကုန်လော့" ဟုမိန့်တော်မူသဖြင့် အရှင်သာရိပုတ္တရာထံ သွားရောက် ဖူးမြော်ကြကုန်၏။

မထေရ်သည် "မြတ်စွာဘုရားက အကြောင်း တစုံတခုကြောင့် စေလွှတ်မည် ဖြစ်ပေသည်" ဟု ဆင်ခြင်တော်မူသည်ရှိသော်မြတ်စွာဘုရားသိမြင်တော်မူသည့်အတိုင်း "မြတ်စွာဘုရားသည် အသင်တို့အား ငါ၏ထံသို့ စေလွှတ်လိုက်သည်မှာ အသင်တို့နှင့် အတူတကွ သံကိစ္စသာမဏေကို ထည့်လိုက်စေလိုသော ဆန္ဒဖြင့် စေလွှတ်လိုက်ခြင်းဖြစ်သည်၊ သို့ဖြစ်၍ ဤသာမဏေကို ခေါ်သွားကြကုန်လော့" ဟု မိန့်တော်မူ၏။

ရဟန်းသုံးကျိပ်နှင့်သာမဏေတို့သည် ယူဇနာတရာ့နှစ်ဆယ်ကျော်ဝေးသော အိမ်ခြေတထောင်ရှိသည့် ရွာတရွာသို့ရောက်ကြ၏၊ ရွာသားတို့သည် ဤရွာတွင် ဝါကပ်ဆိုရန် တောင်းပန်

ကြ၏၊ မထေရ်တို့သည်လည်း ဝန်ခံကြကုန်၏၊ လူတို့သည် သစ်ရွက်မိုးသော ကျောင်းဇရပ်တို့ကို ဆောက်လုပ်၍ ဆွမ်းကွမ်း တို့ကို အလှည့်ကျ လှူဒါန်းကြ၏၊ ဝါကပ်သောနေ့၌ မထေရ်တို့သည် တိုင်ပင်ကြကုန်၏၊ "နေ့-ညဉ့်တို့ပတ်လုံးမမေ့မလျော့ပဲကမ္မဋ္ဌာန်းတရားအားကို အားထုတ်ကြကုန်အံ့၊ နံနက်စောစော ဆွမ်းခံသောအချိန်၊ ညနေချမ်း မထေရ်အားခစားသော အချိန်မှလွဲ၍ ကျန်အချိန်တို့တွင် နှစ်ပါးသော ရဟန်းတို့သည် နေရာတခုတည်း၌ တွေ့ဆုံနေထိုင်ခြင်းကို မပြုကြကုန်အံ့၊ အကြောင်းရှိက ကျောက်စည်ကို ထိုးခတ်သော အထိမ်းအမှတ်ဖြင့် ထိုရဟန်း၏ အထံသို့သွားကြကုန်အံ့"ဟု ကတိကဝတ်ပြုကြ၏။

## ငတ်မွတ်ယောကျ်ား စားကြွင်းစား

ထိုအခါ၌ ဆင်းရဲသားတယောက်သည် သမီးကိုမှီခို၍စားနေရ၏၊ ထိုအရပ်၌ငတ်မွတ်ခြင်းဖြစ်သည်ရှိသော် သမီးတယောက်ထံမှီခိုစားသောက်ရန် တောလမ်းအတိုင်းလာခဲ့၏၊ မထေရ်သုံးကျိပ်တို့သည် ရွာ၌ ဆွမ်းခံပြီး သီတင်းသုံးရာ ခရီးအကြား မြစ်ဆိပ်၌ ရေချိုးပြီး သဲသောင်ပြင်တို့၌ ထိုင်၍ ဆွမ်းစားကြ၏၊ ထိုခဏ၌ ခရီးသွားယောကျ်ားသည် ရောက်လာပြီး လျောက်ပတ်သော အရပ်၌ထိုင်နေ၏၊ ထိုဒါယကာကို မထေရ်တို့ကအဘယ်အရပ်သို့ သွားမည်နည်းဟု မေးကုန်၏၊ ထိုယောကျ်ားသည် အကြောင်းစုံကို လျှောက်ကြား၍ ကရုဏာစိတ်ဖြစ်ပေါ်ပြီး-

"ဒါယကာ။ ။အသင်သည် အလွန် ဆာလောင်မွတ်သိပ်ဟန်ရှိပေသည်၊ သစ်ရွက်ကို ဆောင်ယူခဲ့လော့"ဟု ပြောဆို၍ သစ်ရွက်တွင် မိမိတို့သုံးဆောင် စားသောက်အပ်သော အမှတ်

ဖြင့် ဟင်းလျာတို့တင်၍ တပါးတပါးသော ရဟန်းတို့သည် တခု တခုသော ထမင်းခဲကိုပေးကုန်၏။

ဒါယကာသည် မထင်းစားပြီးသောအခါ မထေရ် တို့ကို ဦးချ၍ "အရှင်ဘုရားတို့၊ ယနေ့ တစုံတယောက်က ပင့်ဖိတ်ပါ သလော"ဟု မေးလျှောက်၏။

"ဒါယကာ။ ။လူတို့သည် နေ့တိုင်း နေ့တိုင်း ဤသို့သော အာဟာရကိုပေးလှူကုန်၏"ဟု ဆို၏။

ထိုယောကျ်ားက စဉ်းစားသည်မှ ငါတို့သည် အချိန်ရှိသရွေ့ ကြိုးစားလုပ်ကိုင်ပါသော်လည်း ဤသို့သော အစားအစာကို မရနိုင်၊ ငါသည် အခြားသို့သွား၍ အဘယ်အကျိုးရှိအံ့နည်း၊ ဤမထေရ်တို့၏ အထံ၌သာလျှင် နေတော့အံ့ ဟု "တပည့်တော် သည် ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်၍ အရှင်ဘုရားတို့ထံ၌ နေလိုပါသည်"ဟု လျှောက်၏၊ ရဟန်းတို့က ကောင်းပါပြီဟု ဝန်ခံ၏၊ ထိုယောကျ်ားသည် အရှင်မြတ်တို့အား ဝတ်ကြီး ဝယ်ငယ်ပြုလျက် ရဟန်းတို့ကို အလွန် နှစ်သက်စေလျက် နှစ်လ တို့ကို လွန်မြောက်ခဲ့ပြီးနောက် သမီးကိုအောက်မေ့ပြန်၍သွားလို စိတ်ပေါ်လာပြန်၏။ ရဟန်းတို့ထံ ခွင့်တောင်းလျှင် မလွှတ်မည် စိုး၍ အကြောင်းမကြားပဲ ထွက်သွား၏။ ဤသို့ မပန်ကြားပဲ သွားခြင်းသည် ထိုယောကျ်ား၏ အမှားပင်တည်း။

## ယင်နတ်ပူဇော်သော ခိုးသားငါးရာ

တခုသောတောအုပ်၌ ခိုးသားငါးရာတို့သည်ရင်းတို့ကိုးကွယ် သောနတ်အား ဤတောအုပ်သို့ ဝင်လာသော သူကို သတ်ပြီး

အရှင်တို့အား ပူဇော်ပါမည်ဟု တောင်းပန် လျှောက်ထား၍ ခရီးသွားခရီးလာတို့ကိုစောင့်၏၊ ထိုယောကျ်ားသည် တောအုပ်အလယ်သို့ရောက်လျှင် ဝိုင်းဝန်း ဖမ်းဆီးပြီး ကြိုးဖြင့် တုပ်၍ထားခါ ကြီးစွာသော မီးပုံကြီးကိုပြုပြီး တံစို့တို့ကို ပြုလုပ်နေကြ၏။

ထိုသူသည် ခိုးသူတို့လုပ်ကိုင်နေသော အချင်းအရာကို မြင်၍ ဤအရပ်၌ ဝက်သည်လည်း မရှိ၊ သားသမင် စသည်ကိုလည်း မမြင်၊ အဘယ်ကြောင့် မီးပုံကြီးကိုပြုပြီး တံစို့များလုပ်နေပါသနည်းဟုမေးသဖြင့် အသင့်ကိုသတ်၍ အသင်၏အသွေးအသားဖြင့် နတ်ပူဇော်ရန်ပြုလုပ်နေကြသည်ဟု ပြော၏။

ထိုယောကျ်ားသည် မိမိ၏ အသက်ဘေးကို ကြောက်လန့်၍ ရဟန်းတို့၏ကျေးဇူးကို မအောက်မေ့နိုင်ပဲ မိမိအသက်မှ လွတ်မြောက်စေခြင်းငှာ ''အရှင်တို့ ကျွန်ုပ်သည်ကား စားကြွင်းစားပါတည်း သူများစားပြီး ထမင်းကို စားရသောသူ မည်သည်သုတ်မာပါတည်း၊ ရဟန်းတော်တို့သည် မင်းမျိုးတို့မှ ရဟန်းပြုသုပ်သည်ဖြစ်သောကြောင့် ဤအမျိုးမြတ်သော ရဟန်းတို့ကို သတ်၍ပူဇော်ပါက အသင်တို့အားနတ်မင်းသည် အလွန်နှစ်သက်ပေလိမ့်မည်၊ ထိုအရပ်၌ သုံးကျိပ်တပါးသော ရဟန်းတို့ ရှိကြပါသည်''ဟု ညွှန်ကြားပြောဆို၏။

ခိုးသူတို့သည် ဤသူ၏အကြံသည် ကောင်း၏၊ ဤသူယုတ်ကို သတ်၍ ပူဇော်သဖြင့် အကျိုးမရှိ၊ မင်းမျိုးတို့ကိုသတ်ပြီး ပူဇော်ကြကုန်အံ့ဟု ထိုယောကျ်ားကို ခရီးလမ်းညွှန်ပြု၍ သွားကြ၏၊ ကျောင်းသို့ရောက်လျှင် ရဟန်းတပါးကိုမျှ မမြင်ကြရ၊ ထိုသူက ကျောက်စည်ကိုထိုးခတ်လျှင် ရောက်လာကြပါမည်ဟု ညွှန်ပြ

ပြောဆိုပြန်၏။ ခိုးသူ အကြီး အမှူးသည် ကျောက်စည်ကို ထိုးခတ်၏၊ ရဟန်းတို့သည် အကြောင်းထူး ရှိပေလိမ့်မည်ဟု ကျောင်း၏ အလယ်သို့ ကြွလာကြပြီး၊ အစဉ်အတိုင်း အားဖြင့် ထိုင်နေကြကုန်၏။ သံဃာထေရ်သည် အဘယ်သူသည် ဤ ကျောက်စည်ကို ထိုးခတ်သနည်းဟု မေး၏။ တပည့်တော်တို့ ထိုးခတ်ကြောင်း လျှောက်၏၊ အ ဘယ် အ ကြောင်း ကြောင့် ထိုးခတ်သနည်းဟု မေးပြန်လျှင်–

"တပည့်တော်တို့သည် ဤတောအုပ်ကို စောင့်ရှောက်သော နတ်အားပူဇော်ရန် ရဟန်းတပါးကို ခေါ်ဆောင်သွားလိုပါ၍ ကျောက်စည်ကိုထိုးခတ်ပါသည်"ဟု လျှောက်၏။

## စားကြွင်းစားကြောင် ဒုက္ခများကြရခြင်း

ထိုစကားကိုကြားလျှင် မထေရ်ကြီးက=

"ငါ့ရှင်တို့၊ 'ညီ' 'သား' အစ်ကိုတို့တွင် ဖြစ်ပွားလာသော ကိစ္စသည် အကြီးဆုံးနောင်တော်သာပြုလုပ် ပြီးငြိမ်းစေရာသည်၊ အသက်အန္တရာယ်အတွက် ပေါ်ပေါက်လာ၍ အားလုံးသော သူတို့အားထိုအန္တရာယ်မဖြစ်ပေါ်စေရန် ငါသည် ငါ၏အသက် ကို ခိုးသူတို့လက်၌စွန့်၍ လိုက်ပါသွားတော့မည်၊ ညီချစ်ဖြစ်ကုန် သော အသင်တို့သည် ရဟန်းတရားကို မမေ့မလျော့ပဲအားထုတ် ရစ်ကြကုန်လော့"ဟု ပြော ဆို မှာ ထား၏။ ဒုတိယမြောက် ဖြစ်သော မထေရ်က

"နောင်တော်ဘုရား၊ နောင်တော်ကြီးတို့၏ ကိစ္စတာဝန်မှာ မိမိအောက်ဝယ် ဒုတိယညီငယ်တာဝန်ဖြစ်ပါသည်၊တပည့်တော် လိုက်သွားပါအံ့"ဟု လျှောက်ထားပြန်၏။

ဤသို့လျှင် သုံးကျိပ်သောရဟန်းတို့သည် အသီးသီး ပြောဆိုကြကုန်၏။ သုံးကျိပ်သော ရဟန်းတို့သည် ညီအစ်ကို အရင်းများလည်းမဟုတ်ကြ၊ တပ်မက်ခြင်း ရာဂကင်းသော ရဟန္တာများလည်း မဟုတ်ကုန်သေး၊ ကျန်သောရဟန်းများ ရဟန်းတရားကို ကောင်းစွာအားထုတ်နိုင်ရန် မိမိအသက်ကို စွန့်လွှတ်ပေးလှူကြခြင်းဖြစ်ပေသည်။

သံကိစ္စသာမဏေသည် ထိုရဟန်းတို့စကားကိုကြားလေလျှင်–

"အရှင်ဘုရားတို့–အရှင်မြတ်တို့သည် ဤအရပ်၌ သီတင်းသုံးနေတော်မူကြပါကုန်၊ အရှင်ဘုရားတို့တရားကို အားထုတ်နိုင်ရန်အတွက် တပည့်တော်ပင် လိုက်သွားပါအံ့"ဟု လျှောက်၏၊ ထိုအခါ ရဟန်းတို့က "ငါ့ရှင်သာမဏေ၊ ငါတို့အားလုံး သေရသည့်တိုင်အောင် မောင်ရှင်သာမဏေ တယောက်ထည်းတည်း လွှတ်မည်မဟုတ်ပါ"ဟု ပြောဆိုကုန်၏။

သံကိစ္စသာမဏေက=

"အဘယ့်ကြောင့် တပည့်တော်ကို မလွှတ်ပါကုန်သနည်း" ဟု မေးလျှောက်၏။

"ငါ့ရှင်သာမဏေ၊ သင်သည် အရှင်သာရိပုတ္တရာ မထေရ်၏ တပည့်ရင်းပေတည်း၊ သင့်ကိုထည့်၍ လွှတ်လိုက်လျှင် မထေရ်ထံတွင် ငါတို့ဖြေရှင်းခြင်းငှာ မစွမ်းနိုင်၍ မောင်ရှင်သာမဏေကို ငါတို့ မလွှတ်နိုင်ပါ"

သံကိစ္စ သာမဏေက ...

"အရှင်ဘုရားတို့၊ ဘုရားသခင်သည် အရှင်တို့ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာထံ စေလွှတ်တော်မူခြင်းမှာ ဤယခု ဖြစ်

လတံ့သော အကြောင်းကို သိမြင်တော်မူသောကြောင့် ထည့်ပေးစေတော်မူလိုသည်၊ သို့ဖြစ်၍ တပည့်တော်သာ လိုက်ပါသွားပါတော့မည်''ဟု ပြောဆို၍ မထေရ်မြတ်တို့ကို ရှိခိုးဦးချပြီး-

''အရှင်ဘုရားတို့၊ တပည့်တော်တွင် အပြစ်ကြီး အပြစ်ငယ်ရှိခဲ့ပါအံ့ သည်းခံတော်မူကြပါကုန်လော့''ဟု ကန်တော့ဝန်ချတောင်းပန်ပါ၏၊ မထေရ်တို့က အတန်တန် တောင်းပန် တားမြစ်ပါသော်လည်းမရ၊ ခိုးသူတို့နှင့် လိုက်ပါသွားတော့၏။

ရဟန်းသုံးကျိပ်တို့သည် ကြီးစွာသောထိတ်လန့်တုန်လှုပ်ခြင်းနှင့် သောကတို့ကြောင့် မျက်ရည်ဖိုင်ဖိုင် ကျကုန်၏၊ ထိုအခါ မထေရ်ကြီးက ခိုးသူအကြီးအမှူးအား....

''ဒါယကာတို့၊ ခုနစ်နှစ်ရွယ် ဤသူငယ်ကလေးသည် အသင်မီးကိုပြုပြင်နေစဉ်၊ တံစို့ကိုပြုလုပ်နေစဉ် မြင်ရပါက တုန်လှုပ်ကြောက်ရွံ့ခြင်း ဖြစ်ပါလိမ့်မည်၊ ဤသူငယ်ကလေးကို မမြင်ရာအရပ်၌ထားပြီးမှ ဆောင်ရွက်ဖွယ်တို့ကို ပြုလုပ်ကြပါဟု မှာထားပြောဆို၏။

## သာမဏေကို ခုတ်သတ်ခြင်း

ခိုးသူတို့သည် သာမဏေကို ခေါ်ဆောင်သွားပြီး တနေရာ၌ထားခါ သာမဏေ မမြင်ရာအရပ်၌ ပြုလုပ်ဖွယ်ရှိသမျှ ပြုလုပ်ပြီးမှ သာမဏေထံ သံလျက်ကိုအိမ်မှချွတ်ပြီးလာ၏။ သာမဏေသည် ဈာန်ကိုဝင်စား၍သာလျှင် ထိုင်နေတော်မူ၏၊ ခိုးသူအကြီးအမှူးသည် သာမဏေ၏ ပခုံးကို တအား ပိုင်းခုတ်လိုက်၏။ သံလျက်သည် ညွတ်ခွေလိပ်၍သွား၏၊ ခိုးသူကြီးသည် သံလျက်

သွားကိုအကြိမ်ကြိမ်အဖန်ဖန်ပြန်ဖြောင့်၍ခုတ်၏၊သန်လျက်သည် ထန်းရွက်ကဲ့သို့ ရစ်ပတ်ခွေလိပ်လျက်သာသွား၏။

(ချွန်ဝင်စားသော အခိုက်အတန့်၌ မြင်းမိုရ်တောင်ကြီးဖြင့် ဖိ၍သတ်ခြင်းဖြင့် မစွမ်းနိုင်ရာ၊ ဤသံလျက်ငယ်ဖြင့် သတ်ရာ၌ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။)

## မကြောက်လန့်သော တရား

ဤသို့သော အံ့ဖွယ်သူရဲ တန်ခိုးတော်ကိုမြင်၍ ခိုးသူကြီးက စဉ်းစားသည်မှာ=

"ငါ၏သန်လျက်သည် ကျောက်တိုင်ကိုသော်လည်း သစ်ညွန့်ကဲ့သို့ အပိုင်းပိုင်း ပြတ်ခဲ့၏၊ ယခု ထန်းရွက်ကဲ့သို့ ရစ်ပတ်ခွေလိပ်သွားပေသည်၊သန်လျက်မည်သည် စိတ်တည်းဟူသော အသိဉာဏ်မရှိပဲ ဤမောင်ရှင်၏ ဂုဏ်ကျေးဇူးကို သိသေး၏။ ငါသည် စိတ်တည်းဟူသော အသိဉာဏ်ရှိပါလျက် မသိချေတကား" ဟု စဉ်းစားမိပြီးသော်သန်လျက်ကို ပစ်ချ၍ သံကိစ္စသာမဏေ၏ ခြေရင်း၌ ဝပ်စင်းလျက်–

"အရှင်ဘုရား–တပည့်တော်တို့သည် ဥစ္စာဟူသောအကြောင်းဖြင့် တောခို၍ နေကြပါသည်။ တပည့်တော်တို့ကို အဝေးမှမြင်လျှင် လူတထောင်သည်လည်း တုန်လှုပ် ကြောက်ရွံ့ကုန်၏၊ စကားသုံးခွန်းမျှပင် မပြောဆိုဝံ့ကြပါ၊ မောင်ရှင်သာမဏေငယ်သည် သေဘေးနှင့် ရင်ဆိုင်တွေ့နေသောအခါ၌ပင် တုန်လှုပ်ခြင်း ပူပန်ခြင်း ထိတ်လန့်ခြင်း ကြောက်ရွံ့ခြင်းမရှိ၊ အဆင်းသဏ္ဌာန်မှာလည်း ရှေးအခါကထက် ပိုမိုကြည်လင်၍ပင် နေဘိသည်၊ အဘယ်အကြောင်းကြောင့်ပါနည်း" ဟု မေးလျှောက်၏။

သံကိစ္စသာမဏေသည် ဈာန်မှထတော်မူပြီး

"ဒါယကာရှာသူကြီး- အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏၊ ခန္ဓာကိုယ်အတ္တဘောမှာ ဦးခေါင်း၌ ရွက်၍ထားရသော လေးစွာသောဝန်ကဲ့သို့ ဖြစ်၏၊ ထိုခန္ဓာကိုယ်သည် ကွဲသော်၎င်း၊ ပျက်စီးသော်၎င်း ဦးခေါင်းထက်၌ ရွက်ထားရသော ဝန်ကို ပစ်ချရဘိသကဲ့သို့ နှစ်သက်သည်သာလျှင်တည်း၊ ရှုံကြောက်တုန်လှုပ် ထိပ်လန့်ခြင်းမဖြစ်" ဟု မိန့်တော်မူ၏။

## ခိုးသားငါးရာ ရဟန်းပြုကြခြင်း

သံကိစ္စသာသာမဏေ၏ တရားစကားကို ကြားနာရလျှင် ခိုးသူကြီးသည် ခိုးသားငါးရာတို့အား "အို=အချင်းတို့ ငါသည် ဤသို့သော တန်ခိုးဣဒ္ဓိပါဒ်ကို မြင်ရ၍ လူ့ဘောင်၌ မနေလိုတော့ပြီ၊ အရှင်မြတ်၏ အထံ၌သာ ရဟန်းပြုတော့အံ့၊ အသင်တို့ အဘယ်အကြံရှိပါသနည်း" ဟု မေး၏၊ ခိုးသားငါးရာတို့လည်း အကျွန်ုပ်တို့ အတူတကွပင် ရဟန်းပြုကြပါကုန်အံ့" ဟု သံကိစ္စသာမဏေကို ခိုးသားငါးရာစလုံးတို့က ရှိခိုးဝန်ချတောင်းပန်ကြပြီးသော် ရဟန်းအဖြစ်ကို လျှောက်ထားကြ၏၊ သာမဏေသည် ထိုခိုးသားငါးရာတို့အား မိမိတို့သံလျက်ဖြင့်ပင် ဦးခေါင်းကိုရိတ်စေပြီး အဝတ်ပုဆိုးတို့၏ အစွန်းအမြိတ်တို့ကို ဖြတ်စေ၍ နီသော မြေညက်တို့ဖြင့် ဆိုးစေပြီး ဆယ်ပါးသော သီလကို ဆောက်တည်စေ၍ ထိုခိုးသူရဟန်းတို့ကို ခေါ်ဆောင်ပြီးသွား၏။

သံကိစ္စသာမဏေသည် ခရီးအကြား၌ စဉ်းစားဆင်ခြင်သည်မှာ "တောကျောင်း၌ ကြွင်းကျန်ခဲ့သော မထေရ်တို့ကို အသိ

မပေးပဲသွားခဲ့ပါလျှင် မထေရ်အရှင်တို့သည်တရားအားထုတ်ခြင်းငှာ မစွမ်းနိုင် ဖြစ်လိမ့်မည်။ ငါ့ကို ခိုးသူတို့ယူဆောင်ထွက်လာခဲ့သော အချိန်မှစ၍ တပါးသောအရှင်မျှ မျက်ရည်ကို သိမ်းဆည်းခြင်းငှာ မစွမ်းနိုင်ကြ၊ ငါတို့သာမဏေငယ်သည် သေရလေပြီလော၊ မသေသေးပဲပင် ရှိသေး၏လော" ဟု တွေးတောကြံစည်စိတ်မတည်ပဲ ကမ္မဋ္ဌာန်းတရား၌ ရှေ့ရှုခြင်းငှာ မရပေလတံ့" ဟုကြံစည်ဆင်ခြင်ပြီး တောကျောင်းသို့ ခိုးသားရဟန်းငါးရာတို့နှင့် အတူ သွားရောက်ပြီး မထေရ်တို့ကို သက်သာရာရစေ၏။

သံကိစ္စသာမဏေကို မထေရ်တို့ တအံ့တသြမေးကြလျှင်-

"အရှင်ဘုရားတို့၊ ဤခိုးသားတို့သည်တပည့်တော်အားသတ်ကြသော်လည်း သတ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် တပည့်တော်၏ ဂုဏ်ကျေးဇူး၌ အထူးကြည်ညိုပြီး တပည့်တော်၏ တရားကိုနာကြား ရပါ၍ ရဟန်း ပြုကြပါသည်။ တပည့်တော်သည် အရှင်ဘုရားတို့ကို တွေ့မြင်လိုသောအားဖြင့် လာရောက်ပါသည်၊ တပည့်တော်ဘုရားသခင်အထံသို့ သွားပါတော့မည်၊ အရှင်မြတ်တို့သည် မမေ့မလျော့ အားထုတ်တော်မူကြပါကုန်လော့" ဟု လျှောက်ထားပြီးသော် မထေရ်အပေါင်းတို့ကို ရှိခိုးပြီး တပည့်ငါးရာတို့နှင့် ကြွသွားလေ၏။

## ခိုးသားငါးရာ ရဟန္တာဖြစ်ကြခြင်း

သံကိစ္စသာမဏေသည် ပထမဦးစွာ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်ထံ ဝင်ရောက်ဖူးမြော်၏။

"ငါ့ရှင်သံကိစ္စ-အသင့်အား အတွင်းနေ တပည့်တို့ကို ရအပ်ပေသလော"

"ဩော်....ဟုတ်ပါ၏ အရှင်ဘုရား"ဟု ဝန်ခံ၍ အကြောင်းစုံကို လျှောက်ကြား၏။

"ငါ့ရှင်သံကိစ္စ-သွားချေ၊ မြတ်စွာဘုရားသခင်ကို ဖူးမြင်လေလော့" ဟု မိန့်တော်မူ၏။

သံကိစ္စသာမဏေသည် မြတ်စွာဘုရားအထံတော်သို့ ရဟန်းငါးရာကိုခေါ်ယူပြီး ဝင်ရောက် ဖူးမြော်၍ အကြောင်းစုံကို လျှောက်ထား၏။

မြတ်စွာဘုရားက ရဟန်းငါးရာတို့အား-

"ချစ်သားရဟန်းတို့၊ အသင်တို့သည် ခိုးသူ အမှု ကိုပြု၍ ဒုဿီလအဖြစ်၌ အနှစ်တရာ အသက်ရှည်ရသည်ထက် သီလ၌ တည်၍ တနေ့တရက်မျှ အသက်ရှင်ရခြင်းက မြတ်၏" ဟု အနုသန္ဓေကို စပ်၍-

**(၁၁၀) ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။**
**ဧကာဟံ ဇီဝိတံ သေယျော၊ သီလ ဝန္တဿ ဈာယိနော။ ။**

(၁၁၀) အကြင်ပုဂ္ဂိုလ်သည် အကျင့်ကင်းမဲ့၍ မတည်ကြည်သည်ဖြစ်၍ အနှစ်တရာပတ်လုံး အသက်ရှည်ပြားအံ့ မမြင့်မြတ်။ သီလရှိသော ဈာန်တရား၌ လေ့လာသော ပုဂ္ဂိုလ်၏ တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏။

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော ရဟန်း တို့ သည် ပဋိသမ္ဘိဒါပတ္တတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ များစွာသော လူအပေါင်းတို့အားလည်း အကျိုးရှိသော ဓမ္မဒေသနာသည်ဖြစ်၏။

## အဝိမုတ္တ သာမဏေဝတ္ထု

ဤဒေသနာ ဂါထာ၌ပင် အဓိမုတ္တ သာမဏေ၏ ဝတ္ထုကို လည်း ဟောကြားတော်မူသေး၏။

သံကိစ္စသာမဏေသည် ပဥ္စင်းအဖြစ်ကိုရ၍ ဆယ်ဝါပြည့် မြောက် မထေရ်အဖြစ်သို့ရောက်သည်ရှိသော် နှမ၏သားတူ ဖြစ် သော အဓိမုတ္တ အမည်ရှိသည့် အလုပ်အကျွေး သာမဏေကို မွေး၏၊ ထိုသာမဏေ အသက်ပြည့်သောအခါ ပဥ္စင်းအဖြစ်ကို ပေးလို၍ အဆွေအမျိုးတို့ထံ၌ နှစ်အပိုင်းအခြားကို သေချာစွာ မေးမြန်းရန်လွှတ်လိုက်၏။

အဓိမုတ္တသာမဏေသည် မိခင်ဘခင်တို့ထံသို့အသွားလမ်းခရီး၌ ခိုးသားငါးရာတို့က နတ်ကို ပူဇော်ခြင်းအလို့ငှာ ဖမ်းဆီး၏၊ ထိုခိုးသားတို့အား တရား ဟော ကြား ၏၊ ခိုးသား တို့သည် သာမဏေအပေါ် ကြည်ညို၍လွှတ်လိုက်၏။ ငါတို့ ဤနေရာ၌ ရှိကြောင်း မည်သူ့ကိုမျှ မပြောကြားရန် ကတိတောင်း၏၊ သာမဏေက ဝန်ခံသဖြင့် လွှတ်လိုက်၏။

လမ်းခရီးတွင် အမိအဘတို့ ရင်ဆိုင်လာသည်ကို မြင်၍ သာမဏေသည် မိဖတို့နှင့်အတူ နောက်ကြောင်း ပြန်လာ၏၊ ခိုးသူတို့ မှာထားသော သစ္စာစကားကို စောင့်ရှောက်သော အားဖြင့် မိဘတို့အား မပြောကြားခဲ့။ ခိုးသူတို့သည် မိခင်ဖခင် တို့ကိုဖမ်းပြီး နှိပ်စက်ညှင်းပန်းကြ၏၊ မိဖတို့က–

"ချစ်သောအဓိမုတ္တ သင်သည် ခိုးသူတို့နှင့် တိုင်ပင်ထားလေ သလော၊ ဤအရပ်ဒေသ၌ ခိုးသူတို့ရှိသည်ကို ငါတို့အား မပြော ကြား၊ အကယ်၍ ပြောကြားပါလျှင် ဤလမ်းခရီးဖြင့် ငါတို့ လာမည်မဟုတ်"ဟု ပြောဆို ငိုကြွေးမြည်တမ်းကြ၏။

ထိုစကားကို ခိုးသူတို့ကြားလျှင် သာမဏေသည် မိမိ၏ မိဖတို့အားပင် မပြောကြားပဲ ဂုဏ်တည်ပါပေသည်ဟု အတိုင်းထက်အလွန် ကြည်ညိုကြပြီး အမိမုတ္တာသာမဏေထံ၌ရဟန်းအဖြစ်ကို တောင်းပန်ကြ၏၊ ခိုးသူတို့ကို ရဟန်းပြုစေ၍ ဥပဇ္ဈာယ်ဆရာဆရာဖြစ်သော သံကိစ္စမထေရ်၏ အထံသို့ ခေါ်ဆောင်ခဲ့၏၊ သံကိစ္စမထေရ်က မြတ်စွာဘုရားအထံသို့ စေလွှတ်သဖြင့် သွားရောက်ပြီး အကြောင်းစုံကို ကြားလျှောက်၏။

## ရဟန္တာဖြစ်ကြခြင်း

မြတ်စွာဘုရားသခင်သည် ရဟန်းငါးရာတို့အား မေးတော်မူပြီးနောက် "ယောစ ဝဿသတံ ဇီဝေ" ဂါထာတော်ပင် ဟောကြားတော်မူရာ ငါးရာသော ရဟန်းတို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။

(သံကိစ္စသာမဏေဝတ္ထု ဝိသုဒ္ဓိမဂ် အ ၄ က ထာ၌ မိခင်၏အလောင်းကို မီးတိုက်သောအခါ မျက်စိထောင့်အစွန်းကို တံစို့ဖြင့်ထိုးမိသဖြင့် သူငယ်၏အသံကိုကြား၍ မီးပုံထင်းစီးထက်မှချခဲ့ယူငင်ရသည်ဟု ဆို၏။)

(ဓမ္မပဒ သဟဿဝဂ် ကိုးခုမြောက် သံကိစ္စသာမဏေဝတ္ထုပြီး၏)

(၈) သဟဿဝဂ်

# ၁၀။ အနှစ်တရာနှင့် ထိုတရက်

(ခါဏုကောဏ္ဍညမထေရ်ဝတ္ထု)

ပညာ ချို့ငဲ့၍
မတည်ကြည်ရှာသော စိတ်ဖြင့်
အနှစ်တရာနေရသည်ထက်
သီလဖြင့်ပြည့်စုံပြီး
ဈာန်အာရုံတွင် ညွတ်လေ ရှိထသော
ထိုပုဂ္ဂိုလ်၏
တရက်တာမျှ အသက်ရှည်ခြင်းသည်
မြင့်မြတ်၏။

(ယောစ ဝဿသတံ)အစခံသောဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ခါဏုကောဏ္ဍည မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ခါဏုကောဏ္ဍညမထေရ်သည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကိုသင်ယူလျက် တောကျောင်းသို့ထွက်ခွာ တရားအား ထုတ်လေရာ အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးသော် မြတ်စွာဘုရား အား လျှောက်ကြားရန် တောလမ်းမှလာခဲ့သော် ခရီးအကြား၌

ပင်ပန်းသောကြောင့် လမ်းမှခွာ၍ တောထဲရှိ ကျောက်ဖျာတခု၌ ထိုင်နေသီတင်းသုံးလျက် ဈာန်ကိုဝင်စားတော်မူ၏။

ခိုးသားငါးရာတို့သည် ရွာတရွာကိုဖျက်ဆီးလုယက်၍ မိမိတို့ ခွန်အားရှိသမျှပစ္စည်းဥစ္စာတို့ကိုထုပ်ပိုးချည်နှောင်ထမ်းဆောင်၍ လာကြ၏၊ အချိန်မဲ့လေလျှင် လမ်းခရီးမှဖဲပြီး တောထဲသို့သွားရောက် ကျောက်ဖျာတခုသို့ရောက်ကြ၏၊ မထေရ်ကို မြင်သော်လည်းအချိန်မဲ့ဖြစ်သောကြောင့် သစ်ငုတ်ဟုထင်ကြပြီး ခိုးသားတယောက်က မထေရ်၏ဦးခေါင်း၌ ပစ္စည်းထုပ်ကိုတင်ထား၏။ ခိုးသားတယောက်က ပစ္စည်းထုပ်အား မထေရ်ကို မှီထား၏၊ ဤသို့ဖြင့် ခိုးသားငါးရာတို့၏ ပစ္စည်းထုပ်တို့သည် မထေရ်ကို ဝန်းရံစုပုံထားပြီး အိပ်ကြကုန်၏၊ နံနက် မိုးသောက်သော် အိပ်ရာမှနိုးကြ၍ မိမိတို့ဘဏ္ဍာထုပ်ကိုယူကြလေသော် မထေရ်ကို မြင်သဖြင့် ဘီလူးဟုထင်ခါ ပြေးဘို့ရန် ကြံကြ၏၊ ထိုအခါ မထေရ်က ဒကာတို့ မကြောက်ရွံ့ကြလင့်၊ ငါသည် မြတ်စွာဘုရား၏ သာသနာ့ဝန်ထမ်းရဟန်းဖြစ်သည်" မိန့်တော်မူ၏။

ခိုးသူတို့သည် မထေရ်၏ခြေရင်း၌ ဝပ်စင်းဦးချ၍=

"တပည့်တော်တို့သည် သစ်ငုတ်ထင်မှတ်၍ ဤသို့ ပြုမိပါသည်၊ သည်းခံတော်မူပါလော့"ဟု တောင်းပန်ကြ၏၊ ခိုးသူအကြီးအမှူးက ကြည်ညိုစိတ်ဖြင့် ရဟန်းပြုရန် တောင်းပန်ရာ ကျန်ခိုးသားငါးရာစလုံးလည်း ရဟန်းပြုကြ၏၊ ထိုအခါမှစ၍ မထေရ်အား "ခါဏုကောဏ္ဍည" ဟူသော အမည်သည် ထင်ရှား၏။

## ခိုးသာ ငါးရာ ရဟန္တာ

ခါဏုကောဏ္ဍညမထေရ်သည် မြတ်စွာဘုရားထံသွားရောက်၍ အကြောင်းစုံကို လျှောက်ထား၏၊ မြတ်စွာဘုရားကတရားတော်ကို ဟောကြားတော်မူလိုသောကြောင့်=

(၁၁၁) ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော
အသမာဟိတော၊ ဧကာဟံ ဇီဝိတံ
သေယျော၊ ပညဝန္တဿ ဈာယိနော။

(၁၁၁) အကြင်ပုဂ္ဂိုလ်သည် ပညာကင်းမဲ့သည်ဖြစ်၍ မတည်ကြည်သောစိတ်ဖြင့် အနှစ် တရာ ပတ်လုံး အသက် ရှည်သော်လည်း မမြင့်မြတ်၊ သီလဖြင့်ပြည့်စုံသော အာရုံကို မှီ၍ဖြစ်သည့် ဈာန်တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏။

(ဓမ္မပဒ သဟဿဝဂ် ဆယ်ခုမြောက် ခါဏုကောဏ္ဍညမထေရ် ဝတ္ထုပြီး၏)

(ဂ) သဟာသာဝင်

## ၁၁။ လူပျင်းဘဝ နှစ်တရာ

(သပ္ပဒါသမထေရ်ဝတ္ထု)

ပျင်းရိသည်ဖြစ်၍
ဝီရိယမရှိဘဲ
နှစ်တရာ, နေရသည်ထက်
စွဲမြဲစွာကြိုးစားအားထုတ်၍
တရက်မျှနေရခြင်းက
မြတ်၏။

(ယော စ ဝဿသတံ ဇီဝေ) ဒေသနာတော်ကို သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ သပ္ပဒါသမထေရ်ကိုအကြောင်း ပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

သာဝတ္ထိပြည်မှ အမျိုးသားတယောက်သည် သာသနာဝယ် ပဥ္စင်းအဖြစ်၌နေ၏၊ နောက်တွင် ရဟန်းအဖြစ်၌ ငြီးငွေ့လာ၏၊ သို့သော် ပြန်၍ စဉ်းစား၏၊ ရဟန်းဖြစ်ပြီးမှ လူ့ဘဝသို့ ထွက်ရမည်ထက် အသက်သေခြင်းက မြတ်သေး၏ဟု စဉ်းစားမိသည့် အလျောက်၊ မိမိသေဘို့ရာနည်းလမ်းကိုသာ ရှာကြံနေ၏။

### အိုးဖြင့်ထည့်သောမြွေ

တနေ့၌ ရဟန်းတို့သည် ဆွမ်းစားပြီး ကျောင်းသို့ရောက်လျှင် မီးတင်းကုပ်၌ မြွေတကောင်ကို တွေ့၍ ထိုမြွေကို အိုးအလုံး၌ ထည့်ခါ အိုးကို လုံစွာပိတ်၍ ယူဆောင်လာကြ၏၊ လမ်းတွင်

သာသနာတော်၌ ငြိးငွေ့သောရဟန်းသည် မြွေလွှတ်ရန်လာကြသော ရဟန်းတို့ကိုတွေ့လျှင် မြွေလွှတ်မည့်အကြောင်းကို ပြောကြား သိရှိသဖြင့် "ငါသည် မြွေကိုက်ခံ၍ သေတော့မည်"ဟုကြံပြီး "ဤမြွေကို ငါလွှတ်ပေးပါမည်"ဟုဆိုခါ မြွေထည့်သောအိုးကိုယူခဲ့ပြီး တနေရာအရောက်တွင် အိုးကိုဖွင့်၍ လက်ကို ကိုက်စေ၏၊ မြွေကမကိုက်၊ မထေရ်သည် အိုးထဲသို့ လက်ထည့်၍ မွှေနှောက်ပြန်၏၊ မြွေကမကိုက်၊ မြွေ၏ပါးစပ်ကိုဖြဲ၍လက်ကိုသွင်း၏၊ မြွေသည် မထေရ်ကို မကိုက်ပေ၊ မထေရ်သည် ဤမြွေသည်အဆိပ်ရှိသော မြွေမဟုတ်ဟု စိတ်ပျက်ပြီး မြွေကိုလွှတ်၍ ကျောင်းသို့ပြန်လာ၏၊ ကျောင်းသို့ရောက်လျှင် ရဟန်းတို့က မြွေကိုလွှတ်ခဲ့ပြီလောဟု မေး၏။

"ငါ့ရှင်တို့ ထိုမြွေသည် ခက်ထန်သော အဆိပ်ရှိသော မြွေမဟုတ်"ဟု ဆို၏၊ ရဟန်းတို့က 'ငါ့ရှင် မည်သို့ပြောသနည်း၊ အဆိပ်ပြင်းထန်သော မြွေဖြစ်၏၊ ကြီးစွာသော ပါးပြင်းဖြင့် ရှူးရှူးရှဲရှဲလုပ်၍ ငါတို့သည် ဆင်းရဲပင်ပန်းစွာ ဖမ်းခဲ့ကြရ၏၊ အဘယ့်ကြောင့်ဤသို့ဆိုသနည်း"ဟု မေး၏၊ "ငါ့ရှင်တို့ ငါသည် မြွေအား လက်ချောင်းကို ထိုးပေး၏ မကိုက်၊ အိုးကိုလက်ဖြင့် မွှေ၏ မကိုက်၊ ပါးစပ်ကိုဖြဲ၍ လက်ကိုထည့်သော်လည်းမကိုက်"ဟု ဆိုသော် ရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။

## သင်ဓုန်းဓားဖြင့် သတ်သေရန်ကြံခြင်း

တနေ့၌ ရဟန်းတို့သည် ရေချိုးယင်း သင်ဓုန်းဓားနှစ်ခုသုံးခုကိုယူ၍ သင်ဓုန်းဓားတခုဖြင့်ရဟန်းတပါးကိုဆံရိတ်၍ပေ နေ၏၊

ကျန်သင်ဓုန်းဓားကို မြေ၌ချထား၏၊ ထိုမထေရ်သည် သင်ဓုန်းဓားဖြင့် လည်ကိုလှီးဖြတ်၍ မိမိကိုယ်ကို သတ်သေတော့အံ့ဟု ကြံပြီး မြေ၌ချထားသော သင်ဓုန်းဓားတခုကို ယူ၍ ဓားသွားကို လည်မျို၌တင်ထားယင်း ပဋ္ဌင်းဖြစ်သော ကာလမှစ၍ မိမိ၏ သီလကို ဆင်ခြင်သည်ရှိသော် အညစ်အကြေးကင်းသော မိမိ၏ သီလကို မြင်လေ၏၊ ကျိုးပေါက် ပြောက်ကြားခြင်း မရှိသော မိမိ၏ သီလကိုမြင်သဖြင့် တကိုယ်လုံး ပျံ့နှံ့သော ပီတိသည် ဖြစ်၏၊ မထေရ်သည် ပီတိကိုခွာပြီးလျှင် ဝိပဿနာကို ပွားသည်၏ ခဏ၌ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏၊ မထေရ်သည် သင်ဓုန်းကိုချပြီး ကျောင်းသို့ပြန်လာ၏။

## သင်ဓုန်းဖြင့် ဖြတ်ခဲ့ခြင်း

"ရဟန်းတို့က ငါ့ရှင်သင်ဓုန်းကိုယူ၍ သင်အဘယ်သို့ သွားသနည်း"

"ငါ့ရှင်တို့၊ ငါသည် ဤသင်ဓုန်းဖြင့် လည်ကိုဖြတ်၍ သေတော့အံ့ဟု သွားပေ၏"

"ငါ့ရှင်၊ ဤသို့သတ်သေရန်သွားပြီး အဘယ့်ကြောင့် မသေသနည်း"

"ငါ့ရှင်တို့၊ ငါသည် ယခုအခါ၌ လက်နက်ကို ဆောင်ယူခြင်းငှာ မထိုက်ပြီ ဉာဏ်တည်းဟူသော သင်ဓုန်းဖြင့် အလုံးစုံသော ကိလေသာတို့ကို ဖြတ်အပ်ပေပြီ"

ဤစကားကိုကြားလျှင် ရဟန်းတို့သည် မဟုတ်မမှန်သော စကားကို ပြောဘိသည်ဟု ဘုရားရှင်အား လျှောက်ကြားကြကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့စကားကို ကြားသိတော်မူ၍-

"ချစ်သားရဟန်းတို့၊ အာသဝေါကုန်ခန်းသော ရဟန္တာတို့သည် မိမိလက်ဖြင့် မိမိကိုယ်ကို သတ်သေခြင်း မပြုကြကုန်"ဟု မိန့်တော်မူ၏။

"အရှင်မြတ်ဘုရား။ ။ဤမထေရ်ကို ရဟန္တာဟူ၍ မိန့်တော်မူ၏၊ ရဟန္တာဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော အကြောင်းရင်းရှိပါလျက် အဘယ့်အတွက်ကြောင့် လူထွက်လိုစိတ် ဖြစ်ပေါ်ရပါသနည်း။ ထိုမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်း အကြောင်းကား အဘယ်ပါနည်း၊ ထိုမြွေသည် မထေရ်ကို အဘယ့်ကြောင့် မကိုက်ပါသနည်း"

## ကျွန်ဖြစ်ခဲ့ဘူးသော မြွေ

"ရဟန်းတို့၊ ထိုမထေရ်၏ သုံးခုမြောက်ဘဝ၌ ဤမြွေသည် မထေရ်၏ကျွန် ဖြစ်ခဲ့ဘူးသောကြောင့် မိမိအရှင် ဖြစ်သော မထေရ်ကို ကိုက်ခြင်းငှာမစွမ်းနိုင်"ဟု ဖြေကြားတော်မူ၏

(ထိုအခါမှစ၍ "သပ္ပဒါသ" မထေရ်ဟု အမည်တွင်၏)

## အတိတ်ဝတ္ထု

"ချစ်သားရဟန်းတို့။ ။ကြွင်းကုန်သော အကြောင်းနှစ်ပါးတို့၏ အတိတ်ဝတ္ထုသည်ကား ကဿပဘုရားသခင် လက်ထက်တွင် အမျိုးကောင်းသား တယောက်သည် တရားတော်ကို နာကြား၍ သံဝေဂရပြီး ရဟန်းပြု၍ ပဉ္စင်း အဖြစ်ကိုရ၏၊ ထိုရဟန်းသည် နောက်၌ မမွေ့လျော်ခြင်း ဖြစ်လာသဖြင့် အဖော်ဖြစ်သော ရဟန်းတပါးအား ဖွင့်ဟပြောကြား၏၊

အဖော်ရဟန်းသည် အစဉ်မပြတ် တရားပြ၍ ဆုံးမ၏၊ ဤဆုံးမမှု ကြောင့်ပင် ရဟန်းဘဝ၌ ပျော်မွေ့လာပြီး စိတ်ပျက်စဉ် အခါက မဆေးကြော မသုတ်သင်ပဲ ထားသော ရဟန်းပရိက္ခရာတို့ကို အနီးရှိ ထုံးအိုင်တခု၌ တရားပြ ဆုံးမသော ရဟန်းနှင့်အတူ သွားရောက်ဆေးကြော၏။

"ငါ့ရှင်=ငါသာ လူထွက်ဖြစ်ခဲ့သော် ဤပရိက္ခရာတို့ကို အသင့်အား ပေးလှူခဲ့မည်ဟု စိတ်ကူးထားခဲ့သည် ဟု ပြော၏၊ ထိုအခါ တရားချသော ရဟန်းက ဤသူရဟန်းဖြစ်၍ရင်း၊ ငါ့အား အဘယ်သို့မျှ အကျိုးသက်ရောက်မှုမရှိ၊ လူထွက်လျှင် ဤပရိက္ခရာတို့ကိုငါရနိုင်သေးသည်ဟု ပရိက္ခရာကို လိုချင်ဇောနှင့် ထိုအချိန်မှစ၍ လူ့ဘဝတွင် ကောင်းကြောင်း ရဟန်းဘဝတွင် မကောင်းကြောင်းများကို အစဉ်မပြတ် ပြောပြန်တော့၏။

အဖေါ်ရဟန်းလည်း ထပ်တလဲလဲ ကြား ဖန် များ သော် ထိုရဟန်းက စဉ်စားမိ၏၊ ယခင်က ငါ့အား လူ့ဘဝ၏အပြစ် အနာအဆာတို့ကိုပြ၍ တရားချခဲ့၏၊ ယခုတဖန် လူ့ဘဝ၏ ကောင်းကြောင်း ရဟန်းဘဝ၌မကောင်းကြောင်း ထပ်တလဲလဲ ပြောနေပြန်သည်တို့မှာ ဤသပိတ်ပရိက္ခရာ တို့ကို လိုချင်၍သာဖြစ်ရမည်ဟု စဉ်းစားမိ၍၊ မိမိကိုယ်ကို ဆုံးမ၏

"ချစ်သားရဟန်းတို့။ ။ဤရဟန်းသည် ကဿပဘုရားရှင် လက်ထက်၌ အခြားသော ရဟန်းတပါးအား သာသနာတော်မှ ဆန့်ကျင်စေသည်၏ အပြစ်ကြောင့် ယခုဘဝ၌ သာသနာတော်၌ မမွေ့လျော်သည် ဖြစ်ရပေ၏"

"ချစ်သားရဟန်းတို့။ ။ထို ရ ဟန်း သည်ပင် က ဿ ပ ဘုရားရှင်လက်ထက်၌ အနှစ်နှစ်သောင်းမျှ ရဟန်း တရားကို

အားထုတ်ခဲ့သဖြင့် သင်္ခါရတရားကိုလည်းချောင်း၌ တင်ရုံမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရပေ၏''

''အရှင်မြတ်ဘုရား။ ။တခဏမျှလောက်သော အချိန်ဖြင့် အရဟတ္တဖိုလ်ကို ရခြင်းဖြစ်နိုင်ပါသလော''

''ချစ်သားရဟန်းတို့။ ။အားထုပ်အပ်သော ဝီရိယရှိသော ရဟန်းအား ခြေကိုပင့်ကြွ၍ မြေကြီး၌ နင်းချသည်ရှိသော် ကြွသောခြေတို့သည် မြေကြီးသို့မရောက်မီပင် အရဟတ္တမဂ်သည် ဖြစ်နိုင်၏''

''ချစ်သားတို့။ ။ပျင်း ရိ ပေါ့ လျော့ သော ပုဂ္ဂိုလ်သည် အသက်တရာရှည် နေရသည်ထက် ဝီရိယဖြင့် အားထုတ်သော ပုဂ္ဂိုလ်၏ တခဏမျှ အသက်ရှည်ရခြင်းသည် မြတ်၏'' ဟူ၍ အနုသန္ဓေစပ်ခါ ဟောတော်မူလိုခြင်းကြောင့်-

**(၁၁၂) ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီန ဝီရိယော။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယံ အာရဘတော ဒဠှံ။ ။**

(၁၁၂) အကြင်ပုဂ္ဂိုလ်သည် ပျင်းရိသည်ဖြစ်၍ ဝီရိယနည်းသည်ဖြစ်၍ နှစ်တရာပတ်လုံး အသက်ရှည်၏။ ထိုအသက်ရှည်ခြင်းသည် မမြင့်မြတ်၊ မြဲမြံစွာ ဝီရိယဖြင့် အားထုတ်သောသူ၏၊ တနေ့ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။
ဒေသနာတော်၏ အဆုံး၌ သောတာပတ္တိဖိုလ်သို့ စသည်တို့ ရောက်ကုန်၏။

(ဓမ္မပဒ သဟဿဝဂ် တဆယ့်တခုမြောက်သပ္ပဒါသ မထေရ်ဝတ္ထု ပြီး၏။)

⁂ ⁂ ⁂ ⁂

(၈) သဟာယဝဂ်

## ၁၂/ ဖြစ်ပျက်ရှုမြင် တရက်ပင်တည့်

(ပဋာစာရီ ထေရ်ရီမဝတ္ထု)

**ဖြစ်ခြင်း ပျက်ခြင်းတို့ မရှုမြင်ဘဲ**
**နှစ်တရာနေရခြင်းထက်**
**ဖြစ်ပျက်ခြင်းကို**
**ရှုမြင်ဆင်ခြင်၍**
**တရက်မျှအသက်ရှင်နေရခြင်းက မြင့်မြတ်၏။**

(ယော စ ဝဿသတံ) သုတ္တံဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ပဋာစာရီထေရ်ရီမကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပဋာစာရီသည် သာဝတ္ထိပြည်မှကုဋေလေးဆယ်ကြွယ်ဝသော သဌေးသမီးဖြစ်၏၊ ချောသည်၊ လှသည်ဟု သတင်းကြီး၏၊ တဆယ့်ခြောက်နှစ်သမီးအရွယ်သို့ ရောက်သောအခါ မိဖတို့က ပြာသာဒ်ထက်၌ ခက်ခဲသော အစောင့်အရှောက်တို့နှင့် ထားပါသော်လည်း အိမ်၌ ခိုင်းစေထားသော လုလင်ငယ်နှင့် ချစ်ကြိုက်ကြပြီး လုလင်ငယ်က သဌေးသမီးသခင်မထံလက်ဆောင်ကောင်းကလေးများ ရှာကြံ၍ပေးရန်ဟု အကြောင်းပြခါ ဝင်ထွက်သွားလာခွင့်ကို ရနေ၏။

ပဋာစာရီ၏ မိဖတို့သည်အရွယ်ရောက်လာသောသမီးအဘွက် အမျိုးတူ ဇာတ်တူဂုဏ်ရည်တူသော သဌေးသား တယောက်နှင့် ပေးစားရန် စေ့စပ်ကြောင်းလမ်း၍ နေ့ရက်ကိုပင်သတ်မှတ်ထား ကြ၏၊ ပဋာစာရီသည် မိမိချစ်သူထံ အကြောင်းကြားပြီး ခိုးယူ၍ တရပ်တကျေး ပြေးကြပါစို့-ဟု ပြော၏၊ လုလင်သည် လည်း ကောင်းလှပါပြီဟု ဝန်ခံ၍ နက်ဖြန်အရုဏ်တက်တွင် သာဝတ္ထိမြို့တံခါးအနီး နေရာတခုက စောင့်နေပါမည်၊ ကြံဖန်၍ ထွက်ခဲ့ပါဟု ချိန်းချက်ပြောဆိုမှာထား၏၊ ပဋာစာရီလည်း နံနက်စောစောပင် ဟောင်းနွမ်းသော အဝတ်တို့ကိုလဲ၍ ဆံပင် တို့ကို ဖရိုဖရဲကြဲစေပြီး ဖွဲ့ဆန်ကွဲ စသည်ဖြင့် ကိုယ်ပေါ်ဘွင် အနည်းငယ်ဖွဲ့ပြီး အိုးတလုံးကိုပိုက်၍ ချိန်းချက်ထားရာနေရာသို့ ရောက်လျှင် ချစ်သူနှစ်ယောက်သည် ဝေးစွာသော အရပ်သို့ သွား၍ ရွာတရွာတွင် လင်ကအငှားလယ်ထွန် ထင်းရောင်း၍ လုပ်ကျွေး၏၊ သဌေးသမီးက ကိုယ်တိုင်ပင် ဆန်စပါးထောင်း ထမင်းချက် ရေခပ်ဖြင့် ပင်ပန်းစွာ လုပ်ကိုင်ရ၏။

## သားဒုက္ခ လင်ဒုက္ခ

ပဋာစာရီ၌ ပဋိသန္ဓေတည်လေ၏၊ လင်ယောကျ်ားအား ဤ ရပ်ရွာ၌ ကူညီစောင့်ရှောက်မည့်သူ မရှိ၊ အမိအဘတို့ မည်သည် သားသမီးတို့၌ နူးညံ့သော နှလုံးရှိသည် ဖြစ်ပါ၏၊ မိဖထံသာ ကျွန်မကိုပို့ပါ၊ မိခင်ဖခင်ထံမှာ ကိုယ်ဝန်ကို မွေးဖွားပါအံ့-ဟု တောင်းပန်ပြောဆို၏။ ထိုအခါ လင်ယောကျ်ားက

"အို-ချစ်နှမ။ ။သင့် မိဖတို့သည် ကျွန်ုပ်ကို မြင်လျှင် ချုပ်နှောင် ရိုက်ပုတ်ကြပေလိမ့်မည်၊ ငါလိုက်မပို့ဝံ့ပါ"ဟု ပြော၏၊ ပဋာစာရီသည် အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်သော်လည်း မရ၍ ခင်ပွန်းလင် တောတွင်းသို့ ထင်းခွေရန် အသွားအိမ်နီးပါးချင်းတို့ကို မှာကြားပြီး တယောက်ထည်း စွန့်စွန့်စားစား ထွက်ခွာ၍သွားလေ၏။

ခင်ပွန်းလင် တောမှပြန်လာ၍ မိမိမယား ထွက်သွားသည့်အကြောင်းကိုကြားရလျှင် ပြန်၍ခေါ်ရန် အလျင်အမြန် လိုက်သွားပြီး တောင်းပန်ပြောဆိုလေ၏။ ခြုံတခု၌ပင် သားငယ်ကို ဖွားမြင်လေ၏၊ သားဖွားရန်ကိစ္စအတွက်သာ မိဖထံသွားလိုသည်ဖြစ်ရာ သားဖွားကိစ္စပြီးလေလျှင် လင်မယားနှစ်ယောက် မိမိတို့နေရာသို့သာ ပြန်ကြလေ၏။

ဒုတိယတဖန် ကိုယ်ဝန် တည်ပြန်သောအခါလည်း ဤနည်းအတိုင်းပင် မိဖထံသွားရန် ခွင့်တောင်း၍မရသဖြင့် သားငယ်ကို ပွေ့ချီပြီး ကိုယ်ဝန်အရင့်အမာနှင့် ထွက်သွားပြန်လေရာ လင်ယောကျ်ားက လိုက်လံခေါ်ငင်ယင်းအချိန်အခါမဲ့တွင် မိုးကြီးသည်းထန်စွာရွာ၍ မိုးချုန်းသံတို့ဖြင့် မဲမှောင်ခါ နေသောအခါတွင် ကမ္ဘာလေတို့သည် လှုပ်ကုန်၏။

ပဋာစာရီက မခံမရပ်နိုင်အောင် ဝမ်းနာလာ၍ မိုးလေ လုံခြုံရန် ရှာကြံ၍ ထားပေးပါဟုဆိုသဖြင့် လင်ယောကျ်ားက ပဲခွပ်ကိုကိုင်ပြီး တောင်ပို့တခုပေါ်မှ ခြုံကို ခုတ်သည်ရှိသော် ထိုတောင်ပို့မှမြွေသည်ခဲလေ၏။ ပြင်းထန်သော အဆိပ်ကြောင့် ထိုနေရာ၌ပင် လဲလေ၏။

ပဋ္ဌာစာရီသည် မိမိ၏လင်သားပေါ်လာနိုးနှင့် ကြီးစွာသော ဆင်းရဲဒုက္ခကိုခံစားယင်း ဒုတိယသားငယ်ကို ဖွားမြင်လေ၏၊ လေကပြင်း မိုးကထန် ချမ်းတုံပြင်းပြခိုကိုးရာမရသဖြင့် သားငယ်နှစ်ယောက်သည် ဟစ်အော် ငိုကြွေးကြ၏၊ ပဋ္ဌာစာရီလည်း သွေးနုသားနု မွေးဖွားပြီးစ အချိန်မှာပင် မိမိ၏ဝေဒနာကို မေ့ပျောက်၍ထားခါ လက်နှစ်ဖက်ဒူးနှစ်ဖက်ကိုမြေ၌ထောက်ပြီး သားနှစ်ယောက်ကို ဝမ်းဗိုက်အောက်၌ ထားခါ တညလုံးပင် ကြောက်စရာသော ဒုက္ခကိုခံစား၍ နေရ၏။ တညလုံးပင် ထိုသို့ နေရာ ပဋ္ဌာစာရီ၏တကိုယ်လုံးမှာ သွေးမရှိတော့ပဲ ဖျော့တော့သော အဆင်းသည် ဖြစ်၏။

နေအရုဏ်တက် မိုးသက်ကြေပျောက် လင်းစင်ခြင်းသို့ရောက်သည်ရှိသော် မွေးစသားငယ်ကလေးကို ရင်ခွင်ပိုက်လျက် သားကြီးကို လက်ကဆွဲပြီး လင်သားသွားရာအရပ်ကိုမှန်းဆ၍ ရှာဖွေရာ၊ တောင်ပို့၏အနီးတွင် တကိုယ်လုံးညိုမဲလျက် တောင့်တင်းနေသော အလောင်းကိုသာတွေ့ရရှာတော့သဖြင့် လင့်အလောင်းကို ဖက်ခါ ပူဆွေးငိုကြွေးရရှာလေ၏။

ပူဆွေးငိုကြွေးနေခြင်းဖြင့် လူသူမနီး တောကြီး မျက်မဲ၌ ဆက်၍ နေဘို့မသင့်၊ အချိန်ကျလျှင် ကလေးက ထမင်းဆာဦးမည်၊ ဝမ်းမှကျွတ်စကလေးငယ်မှာ ထွေးရန်ပင် အနှီးမရှိသေး၊ ဤနေရာမှ စွန့်ခွာမှ တော်တော့မည်ဟု စဉ်းစား မိသည့်အလျောက် မိဘကိုပြစ်၍ အချစ်နောက်သို့လိုက်ခါ ဒုက္ခခံ၍ ပေါင်းခဲ့ရသော ချစ်လင်၏အလောင်းကို မစွန့်ရက်ရက် စွန့်ရက်ရက်နှင့် စွန့်ခွာ၍ သားကြီးကို လက်မှာဆွဲ ရင်ခွင်ထဲ၌ သားငယ်ကိုပိုက်ပြီးတစိုက်စိုက်သာမလှမ်းနိုင်လှမ်းနိုင်နှင့်သွားရရှာလေ၏

## သားငယ်နှစ်ယောက် ဆုံးရပြန်ခြင်း

တညလုံးပင် သည်းထန်စွာမိုးရွာသောကြောင့်''အစိရဝတီ'' မြစ်သည် ဒူးပမာဏ ခါးပမာဏ ရေတို့ဖြင့် ပြည့်နေ၍ သား နှစ်ယောက်နှင့် ရေကိုဖြတ်မကူးဝံ့ပဲ သားသူငယ်အကြီးကို ဤမှာ ဘက်ကမ်း၌ထားခဲ့၍ အငယ်အထွေး သားကလေးကို တဖက် ကမ်းသို့ သွားရောက်ပို့ပြီး သစ်ရွက်ကိုခင်းကာ သိပ်ထားခဲ့၏၊ ကျန်ခဲ့သော သားအကြီးကို ပြန်၍ ခေါ်ရန် မြစ်ကိုတဖန်ကူးဘို့ ဆင်းပြန်ပြီးမှ နုနယ်ကွေးလေး မွေးကင်းစ သားငယ်ကလေးကို မထားရက်ရက် ထားရက်ရက်နှင့် အဖန်ဖန် အထပ်ထပ် မပြတ် လည်ပြန်ကြည့်လျက်သာလျှင် ကူးသွားလေ၏။

မြစ်လယ်သို့အရောက်တွင် သိန်းစွန်ငှက်တကောင်သည် နုနယ် နီထွေးကလေးငယ်ကို သားတစ်ဟုထင်ခါ ကောင်းကင်မှတအား သုတ်ပြီး ထိုးသုတ်ချီဆောင်သွားလေ၏။

ပဋ္ဌာစာရီသည် သိန်းစွန်ငှက်ကို ကောင်းကင်မှ ဆင်းသက် စဉ်ကပင် လက်နှစ်ဘက်ကိုမြှောက်ခါ ရိုက်တီး ချောက်လှန့်ပြီး သော် ကျယ်စွာသော အသံဖြင့်အော်ဟစ်လေ၏။ သိန်းစွန်ငှက် အော်သံဟစ်သံလှက်ခုတ်သံကိုမကြားသယောင် သားတစ်ကောင် အမှတ်ဖြင့်သာ ကလေးကိုချီဆောင် ပျောက်ကွယ်၍ သွားလေ သတည်း။

ပဋ္ဌာစာရီသည် သိန်းစွန်ငှက်ကို လက်နှစ်ဘက်ဖြင့်မြှောက်ခါ အော်ဟစ်ချောက်လှန့်သော အသံကို တဖက်ကမ်းမှ မတ်တတ် သွားစအရွယ် သားအကြီးသူငယ်မြင်လေလျှင် ဆင်ခြင်စဉ်းစား

နိုင်သည်မဟုတ်၍ မိခင်ခေါ်သည်ဟု အထင်ရောက်ပြီး မြစ်တွင်းသို့ဆင်းသက်၍လာခဲ့ရာ ကြီးစွာသော ရေအဟုန်ဖြင့် ရေထဲသို့ မြောပါသွားပြန်လေတော့သည်။

ပဋာစာရီမှာ သားကြီးနောက် လိုက်ရမလို သားငယ်နောက် လိုက်ရမလို သားကြီး သားငယ် နှစ်ယောက်ကိုလည်း ကြည့်၍ မမြင် ပူပင်သောကကြီးစွာဖြင့် မြစ်လယ်မှတက်ခါ ခရီးလမ်းအတိုင်းဆက်၍ သွားယင်း "သားငယ်ကိုစွန်ချီ၊ သားကြီးက ရေနစ် ချစ်လင်က မြွေပေါက်ခံရ ငါ့မှာ တွယ်တာစရာမရှိဖြစ်ချေဘိ"ဟု တလမ်းလုံးပင် အော်ဟစ်ငိုယိုလျက် သာဝတ္ထိပြည်သို့ ရှေ့ရှုလျက် သွားလေ၏။

## မိဖတို့လည်း သေဆုံး

လမ်းခရီးတွင် သာဝတ္ထိပြည်မှလာနေသော လူတယောက်ကိုတွေ့မြင်၍ မိမိဖခင် သဌေးကြီးအမည်ကိုပြော၍ သတင်းကို မေးလေရာ ယမန်နေ့ညဉ့်တွင် ပြင်းထန်စွာတိုက်ခတ်သော လေပြင်း၌ သဌေးကြီးအိမ်သည် ပြိုကျခါ သဌေးကြီး၊ သဌေးကတော်နှင့် သဌေးကြီးသား ဤသုံးယောက်စလုံးပင် အိမ်ပြိုပိ၍ သေဆုံးကြလေသည်၊ ဤမှမြင်ရသော မီးခိုးသည် သုံးလောင်းပြိုင်ကို ထင်းပုံတပုံတည်း၌ မီးတိုက်သဂြိုဟ်၍ တက်လာသော မီးခိုးများပေတည်းဟုပြောကြား၍ ထွက်ခွာသွားလေ၏။

## ပဋာစာရီ ရူးသွပ်သွားခြင်း

မယ်ပဋာမှာ ကောင်းကင်မှ မီးခိုးကိုသာ စိုက်၍ကြည့်နေပြီး ဆက်လက်ငိုရန် မျက်ရည်မကျန်တော့သည့်အလား မတုန်မလှုပ်

ကျောက်ရုပ်ပမာ ရပ်နေရာမှာ အချိန်မည်မျှ ကြာသည်မသိ၊ ဝတ်ရုံထားသော အဝတ်တို့လျှောကျသည်ကို သတိမရ ရှုးသွပ်သော ဘဝသို့ရောက်ခါ မိမွေးတိုင်းဖမွေးတိုင်း ဗလာကိုယ်တည်းဖြင့် သွားသေလင်ဆုံး မိဘနှင့် မောင်ကြီးကို ဘဝပြုန်းရသော အဖြစ်ကို အော်ဟစ်ငိုကြွေးလျက် အရပ်ရပ်သို့ လှည့်လည်ပြေးသွားလေ၏။ လူတို့သည် "အရူးမ အရူးမ" ဟုသမုတ်ခေါ်ဝေါ်သူငယ်ဖော်တို့ကလည်း ကျောက်ခဲတို့ဖြင့် ပစ်ခတ်ကြလေ၏။

## မြတ်စွာဘုရားထံ ရောက်သွားခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ကြီး၌ ပရိသတ်လေးပါးကို တရားဟောကြားတော်မူလျက်နေစဉ် ရှေ့ရှုလာနေသော အရူးမ မယ်ပဋ္ဌာကိုမြင်တော်မူ၏။

ထိုသဌေးသမီးသည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တွင် ဝိနည်းဆောင် ဘိက္ခုနီမတပါးကို ဘုရားသခင်က ဧတဒဂ်အရာ၌ထားအပ်သည်ကို တွေ့မြင်ရ၍=

"တပည့်တော်မသည်လည်း တပါးသော ဘုရားသခင်၏အထံတော်၌ ဝိနည်းဆောင်ကုန်သော ရဟန်းမိန်းမတို့အကြား၌ အထွဋ်အမြတ် ရာထူးကို ရပါလို၏"

ဟု ဆုတောင်း ပတ္တနာပြုခဲ့ရာ ပဒုမုတ္တရမြတ်စွာဘုရားသည် ဗျာဒိတ်စကားကြားတော်မူခဲ့၏။

ဘုရားသခင်သည် အဝေးမှလာနေသော အရူးမ မယ်ပဋ္ဌာ၏ ပြည့်ဝသော ရှေးဆုတောင်းကို မြင်တော်မူ၍ "ဤဒါယိကာမ

အာ ငါ့ဘုရားကိုထား၍ တပါးသောကိုးကွယ်ရာမရှိဟု” ဓိဋ္ဌာန်တော်မူအပ်သည်ရှိသော် ထိုဒါယိကာမသည် မြတ်စွာဘုရားထံတော်သို့သာ ရှေ့ရှု၍ လာလေ၏။ ပရိသတ်တို့သည် ဤအရှုးမကို တားမြစ်ကြလေသော် ဘုရားကိုယ်တော်မြတ်က“ မဟန့်တားကြကုန်လင့်”ဟု မိန့်တော်မူပြီး မနီးမဝေးသို့ ရောက်လာသောအခါ

“နှမ- သတိကို ရပါစေလော့”ဟု မိန့်တော်မူ၏။

မိန့်တော်မူသောခဏ၌ပင် သဒ္ဓေးသမီးသည် ဘုရား၏ တန်ခိုးတော်ကြောင့် သတိကိုရ၏၊ သတိရသောအခါ၌ မိမိအဝတ်မရှိသည်၏ အဖြစ်ကို သိပြီး ရှက်ခြင်း ကြောက်ခြင်းကြောင့် ဆောင့်ကြောင့်ထိုင်နေ၏၊ တယောက်သော ယောကျ်ားက အပေါ်ရုံပုဆိုးကို ပစ်၍ပေးလိုက်သောအခါ ကောက်ယူဝတ်ရုံ၍ ဘုရားသခင်ထံ ချဉ်းကပ်ပြီးလျှင် ခြေတော်စုံတို့၌ ငါးပါးသော တည်ရာဖြစ်သော ရှိခိုးခြင်းဖြင့် ရှိခိုးပြီးလျှင်-

“ဘုန်းတော် အလွန်ကြီးတော်မူလှပါသော မြတ်စွာဘုရား။ အရှင်ဘုရားသည် တပည့်တော်မ၏ မှီခိုကိုးကွယ်ရာ ဆောက်တည်ရာ ဖြစ်ပါကုန်လော့၊ တပည့်တော်မ၏ ရင်သွေးငယ်ကို သိန်းစွန် ချီ၍ သွားပါသည်၊ သားအကြီးသည် မြစ်ရေ၌ မြောပါသွားပါသည်၊ ခင်ပွန်းအရှင် လင်ယောကျ်ားသည် တောလမ်းခရီး၌ သေလွန်ခဲ့ရပါသည်၊ မိခင်ဖခင်နှင့် မောင်အကြီးသည် အိမ်ပြိုကျခါ သေဆုံးရပါသည်။ ထို့ကြောင့် အရှင်ဘုရားသည် တပည့်တော်မ၏ ကိုးကွယ်ရာ ဆောက်တည်ရာ ဖြစ်ပါကုန်လော့” ဟု နားတော်လျှောက်၏။

## မျက်ရည်သမုဒ္ဒရာ

ဘုရားသခင်က

"ပဋာစာရီ။ ။အသင်သည် မစိုးရိမ် မကြောင့်ကြလင့်၊ မှီခိုကိုးကွယ်ရာ ဆောက်တည်ရာ ဖြစ်ခြင်းငှာ ဧွမ်းနိုင်သော ငါဘုရား၏ထံမှောက်သို့ ရောက်ရှိနေပေပြီ။

ပဋာစာရီ။ ။ယခုပစ္စုပ္ပန်၌ သားငယ်စွန်ချီ သားကြီးရေနစ်၊ လမ်းခရီးတွင် လင်ယောကျ်ားသေလွန်၊ မိခင်ဖခင်မောင်ကြီးတို့ တမလွန်ပြောင်းခြင်းတို့ကြောင့် မိမိစိတ်ကိုမျှ မိမိအပိုးမရလောက်အောင် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း သောကပရိဒေဝတို့ ဖြစ်ပွား တောက်လောင်ရ၏။

ချစ်သမီးပဋာစာရီ။ ။ထို့အတူသာလျှင် ရှည်ဝေးလှစွာ သံသရာ၌ ငိုကြွေးမြည်တမ်းရသော မျက်ရည်အစုသည် လေးစင်းကုံန်သော သမုဒ္ဒရာ၌ ရှိသောရေထက်ပင် များပြားလှသေး၏။

ချစ်သမီးပဋာစာရီ။ ။အဘယ့်ကြောင့် မေ့လျော့နေဘိသနည်း" ဟု မိန့်တော်မူ၏။

ပဋာစာရီအား သံသရာဝဋ္ဋဒုက္ခ အနမတဂ္ဂပရိယာယ စကားကို ဟောကြားတော်မူသည်ရှိသော် စိုးရိမ်ပူပန်ခြင်း သောကသည် လျော့ပါးလေ၏။

## အရှုးပျောက်ခါ သောတာပန်တည်ခြင်း

ဘုရားသခင်သည် ပဋာစာရီ၏ သောကနည်းပါးသည့် အဖြစ်ကို သိတော်မူပြီးသော်-

"ပဋာစာရီ။ ။ရင်၌ဖြစ်ပွား သမီးသားတို့သည် သံသရာအတွက် စိုးရိမ်ခြင်းမရှိရအောင် စောင့်ရှောက်ခြင်းငှာ တရံ

တဆစ်မျှ မရှိကုန်၊ မိခင်ဖခင်တို့သည် သံသရာအတွက် စိုးရိမ်ခြင်းမရှိရအောင် စောင့်ရှောက်ခြင်းငှာ တရံတဆစ်မျှ မရှိကုန်၊ အဆွေခင်ပွန်းတို့သည် သံသရာအတွက်စိုးရိမ်ခြင်း မရှိရအောင် စောင့်ရှောက်ခြင်းငှာ တရံတဆစ်မျှ မရှိကုန်၊ သေမင်းမိုက်ခေါ်ဆောင်ခံရသူအား ဆွေမျိုးညာတိတို့၌ ပုန်းအောင်းရာ အဖြစ်သည်မရှိ။ ဤသို့သော တရားသဘောကိုသိ၍ ပညာရှိသော သူသည်သီလကိုလုံခြုံအောင် စောင့်သိန်းလျက် လျင်မြန်စွာပင် နိဗ္ဗာန်သို့ သွားရာဖြစ်သော ခရီးလမ်းကို သုတ်သင်ရာ၏။

ပဋာစာရီ။ ။သားသမီး မိဘ မိတ်သင်္ဂဟတို့သည်ကား သေမင်းခေါ်ဆောင်ခံရသူအား ပုန်းအောင်းမှီခိုရာ ကိုးကွယ်ရာ မဖြစ်နိုင်ပေ၊ထို့ကြောင့် သားသမီး မိဘ ဆွေမျိုး သင်္ဂဟ ထင်ရှားရှိပါကုန်သော်လည်း ပုန်းအောင်းမှီခိုရာ မဟုတ်သည်သာတည်း။ ပညာရှိသောသူသည် သီလကို စင်ကြယ်စေ၍မိမိ၏ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကိုသာလျှင် ပြုစုပြင်ဆင် သုတ်သင်အပ်၏" ဟူ၍ ဟောတော်မူသည့်အဆုံး၌ ပဋာစာရီသည် မြေထုမြေမှုန့်အမျှ များပြားလှသော ကိလေသာတို့ကို လောင်ကျွမ်းစေလျက် သောတာပတ္တိဖိုလ်၌ တည်လေ၏။

တရားနာ ပရိသတ်တို့သည် သောတာပတ္တိ စသည်တို့သို့ ရောက်ကြလေ၏။

## ရဟန္တာမ-ပဋာစာရီ

သောတာပန်ဖြစ်ပြီးသော ပဋာစာရီသည် မြတ်စွာဘုရားအထံ ရဟန်းပြုပါမည့်အကြောင်း လျှောက်ကြား သဖြင့် ရဟန်းမိန်းမတို့အထံ၌ စေလွှတ်၍ ရဟန်းပြုစေ၏။

ပဋာစာရီသည် ရှောင်တခင် လျင်မြန်သော အကျင့်ရှိသည် ဖြစ်သောကြောင့် ပဋာစာရီ ဟူ၍ အမည်ထင်ရှား၏။

ပဋာစာရီဘိက္ခုနီမသည် တနေ့သောအခါ အိုးဖြင့် ရေကို ယူဆောင်ပြီး ခြေတို့ကို ဆေးလျက် ရေတို့ကို သွန်းလောင်း၏။

ထိုသွန်းလောင်းသော ရေသည် အနည်းငယ်သော အရပ်သို့ သွား၍ ပြတ်၏။

နှစ်ကြိမ်မြောက်၌ သွန်းလောင်းအပ်သောရေသည်ရှေးဦးစွာ လောင်းအပ်ရေထက် အနည်းငယ်ဝေးစွာသွားလျက်ပြတ်ပြန်၏။

သုံးကြိမ်မြောက်၌ သွန်းလောင်းအပ်သောရေသည် နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သောရေထက် အနည်းငယ် ဝေးကွာစီးသွားလျက် ပြတ်ပြန်၏။

ပဋာစာရီဘိက္ခုနီမသည် ထိုအာရုံကိုယူ၍ အရွယ်သုံးပါးကို ပိုင်းခြားပြီး–

ရှေးဦးစွာသွန်းလောင်းအပ်သော ရေကဲ့သို့ သတ္တဝါတို့သည် ပဌမအရွယ်၌ သေလွန်ရကုန်၏။

နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ရေကဲ့သို့ သတ္တဝါတို့သည် မဇ္ဈိမအရွယ်၌ သေလွန်ရကုန်၏။

သုံးကြိမ်မြောက် သွန်းလောင်းသော ရေကဲ့သို့ သတ္တဝါတို့သည် နောက်ဆုံးဖြစ်သော ပစ္ဆိမအရွယ်ကို မလွန်မြောက်နိုင်ပဲ သေလွန်ကြရကုန်၏”ဟု အောက်မေ့ကြံစည်၏။

**မြတ်စွာဘုရားကိုယ်ရောင်တော်လွှတ်ခြင်း**

ထိုအချိန်၌ မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ သီတင်းသုံး စံတော်မူလျက်သာလျှင် ကိုယ်ရောင်တော်ကို လွှတ်လျက် ပဋာစာရီဘိက္ခုနီမ၏မျက်မှောက်၌ရပ်တည်၍မိန့်ဆိုတော်မူဘိသကဲ့သို့

"ပဋာစာရီ။ ။ဤသို့သော အချင်းအရာအားဖြင့် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို မကြည့်ရှု မဆင်ခြင်သော သူတို့၏ အနှစ်တရာအသက်ရှင်ရခြင်းထက် ဖြစ်ခြင်း ပျက်ခြင်း တရားတို့ကို ဆင်ခြင်သော သူတို့၏ တနေ့ တရက် တခဏမျှ အသက်ရှင်ရခြင်းသည် မြင့်မြတ်၏"

ဟု မိန့်တော်မူပြီး တရားတော်ကို ဟောတော်မူလိုသော ကြောင့်-

**(၁၁၃) ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊ ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။**

(၁၁၃) အကြင်ပုဂ္ဂိုလ်သည် ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မရှုမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်အံ့၊ မမြင့်မြတ်သည်သာတည်း၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုမြင်သော ပုဂ္ဂိုလ်၏ တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏၊

ဒေသနာဂါထာ၏အဆုံး၌ ပဋာစာရီဘိက္ခုနီမသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏။

(နောင်အခါ၌ ပဋာစာရီ ဘိက္ခုနီမကို ဝိနည်းအရာ၌တေဒဂ် ထားတော်မူ၏)

(ဓမ္မပဒ သဟဿဝဂ် တဆယ့်နှစ်ခုမြောက် ပဋာစာရီထေရီမ ဝတ္ထုပြီး၏)

## (၈) သဟဿဝဂ်

# ၁၃။ နိဗ္ဗာန်ရှုမြင် တရက်ပင်

## (ကိသာဂေါတမီ ထေရီရိမဝတ္ထု)

**နိဗ္ဗာန်ရှုမြင် တရက်ပင်လျှင်**
**သက်ရှင်ရအပ်**
**လွန်မြင့်မြတ်၏။**

(ယော စ ဝဿသတံ)အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိသာဂေါတမီ သေရ်ရီခကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ သဌေးတဦး၏ အိမ်၌ ကုဋေလေးဆယ်ကုန်သော ငွေအသပြာတို့သည် မီးသွေးများဖြစ်၍ နေကြကုန်၏၊ သဌေးကြီးသည် မီးသွေးများဖြစ်သွားကုန်သော ငွေအသပြာတို့ကိုကြည့်၍ သောကပြင်းထန်ခါ ပူပန်လွန်း၍ အစာအာဟာရကိုပင် မစားပဲ အိပ်ရာ၌ ခွေအိပ်နေ၏၊ သဌေးကြီး၏ မိတ်ဆွေတယောက် အိမ်သို့ရောက်လာ၍ သောက ဖြစ် ပွား ရ သော အကြောင်းကိုမေးလျှင် ငွေအသပြာတို့သည် မီးသွေးများ ဖြစ်ကုန်၍ သောက ရောက်ကြောင်း သိရလေလျှင် ထိုမိတ်ဆွေက အကြံတခုပေး၏၊ အိမ်ရှေ့၌ ဖျာခင်း၍ မီးသွေးတို့ကို စုပုံပြီး ရောင်းမည့်အဟန်ဖြင့် အနီး၌ထိုင်နေပါ၊ သူတပါးတို့က အဘယ်ကြောင့်မီးသွေးကို ရောင်းနေသည်ဟုမေးလျှင် မိမိပစ္စည်းဥစ္စာကို

မိမိရောင်းချသည်ဟုပြောပါ၊ တစုံတယောက်က သင့်အားရွှေငွေ အသပြာတို့ကို အဘယ့်ကြောင့် ရောင်းချနေဘိသနည်းဟု မေးလျှင် ထိုသူအား ဤရွှေငွေတို့ကိုယူ၍ ပေးပါဟု ပြော၍ ထိုသူ ကောက်ယူပေးအပ်သည်ကို သင့်၏ လက်ဖြင့် ခံယူ၍ သင်၏ လက်ထဲ၌ ရွှေငွေဖြစ်လာလျှင် ထိုကောက်ယူပေးသောသူသည် အကယ်၍ သတို့သမီးဖြစ်ခဲ့အံ့၊ သင်၏သားနှင့် ထိမ်းမြားပေးပါ၊ အကယ်၍ သတို့သား ဖြစ်ခဲ့လျှင် သမီးငယ် တယောက်နှင့် ထိမ်းမြားပေးပါ၊ ထိုချွေးမ သို့မဟုတ်၊ သမက်အား ကုဋေ လေးဆယ်တန်သောမီးသွေးတို့ကိုအပ်နှင်းပြီးလျှင် ထိုသူတို့လက်ဖြင့်ယူ၍ ပေးသည်ကို ခံယူစားသုံးဗါလေ့ဟု ပြော၏။

## မီးသွေးမှ ရွှေငွေဖြစ်ခြင်း

သဌေးကြီးသည် ဤအကြံကောင်းလှသည်ဟုအိမ်ရှေ့၌ ဖျာခင်း၍ မီးသွေးတို့ကိုစုပုံပြီး ထိုင်နေ၏၊ လူတို့က–

“သဌေးကြီး။ ။အဘယ့်ကြောင့် မီးသွေးတို့ကို ရောင်းချနေပါသနည်း”ဟု ပြောကြ၏၊ ထိုသူတို့အား မိမိပစ္စည်းကို မရောင်းချလျှင် အဘယ်သို့ပြုရမည်နည်းဟု ပြန်ပြော၏။

မကြာမီကြုံလို့သောကိုယ်ရှိသောကြောင့် “ကိသာဂေါတမီ” ဟု ခေါ်ကြသော ပစ္စည်းပျက် သဌေးဟောင်း၏ သမီး တယောက်သည် သဌေးကိုမြင်လျှင်=

“ဖခင်–အဘယ့်ကြောင့် ရွှေငွေတို့ကိုထိုင်၍ ရောင်းချနေပါသနည်း”ဟု ပြော၏။

“ချစ်သမီး။ ။ရွှေငွေတို့အဘယ်မှာနည်း”

“ဖခင် ယခုထိုင်လျက် ကိုင်နေသည်မှာ ရွှေငွေတို့မဟုတ်ပါ လော”

“ချစ်သမီး။ ။ထိုရွှေငွေတို့ကို ငါ့အား ယူငင်၍ ပေးပါ လော့”

ကိသာဂေါတမီသည် တလက်ခုတ်မျှသော မီးသွေးတို့ကို ကြုံး၍ သဌေးကြီးလက်ထဲသို့ ထည့်လိုက်လျှင် မီးသွေးတို့သည် သဌေးကြီးလက်ထဲ၌ ရွှေငွေတို့ ဖြစ်ကုန်၏၊ သဌေးကြီးသည် အားရဝမ်းသာစွာပင် သတို့သမီးအား မိမိ၏သားနှင့် ထိမ်းမြား ၍ ကုဋေလေးဆယ်ကုန်သော ပစ္စည်းဥစ္စာတို့ကို ကိသာဂေါတမီ အား အပ်၍ ထား၏။

## သားကိုပွေ့ခါ ဆေးဝါးရှာ

မကြာမီပင် ကိသာဂေါတမီသည် သားတယောက်ရ၏၊ ထို သားငယ်လမ်းလျှောက်နိုင်သောအရွယ်တွင် သေလေ၏၊ ကိသာ ဂေါတမီသည် လူသေသည်ကိုမမြင်ဘူးသဖြင့် မိမိ၏ သားငယ် အား ရှင်အောင်ကုသပေးနိုင်မည့်ဆေး ရှိသည်ဟု ယုံကြည်လျက် သားအလောင်းကို သင်္ဂြိုဟ်ခွင့် မပေးပဲ ရင်တွင်ပွေ့ခါ ရွာစဉ် လျှောက်၍ အသက်ရှင်စေသောဆေးကို မေးမြန်းရှာလေ၏။

ပညာရှိသော ယောကျ်ားတယောက်သည် ကိသာဂေါတမီ အဖြစ်ကို မြင်လေလျှင် မြတ်စွာဘုရား အထံသို့ သွားရောက် လျှောက်ထားရန်အကြံပေး၏။ ကိသာဂေါတမီသည် သားငယ် ကိုပွေ့၍ ဘုရားရှင်ထံသွား၏။

## မသေဘူးသော အိမ်မှ မုန်ညင်းဆန်

မြတ်စွာဘုရားက "သင်၏သား အသက်ရှင်လိုလျှင် လူတယောက်မျှ မသေဘူးသောအိမ်ကမုန်ညင်းဆန်ကိုရှာခဲ့လော့" ဟု မိန့်တော်မူလျှင် ကိသာဂေါတမီသည် အားရဝမ်းသာ သားငယ်သူသေကောင်ကို ရင်ခွင်၌ ပိုက်၍ အိမ်စဉ် လျှောက်ခါ မုန်ညင်းဆန်ရှာ၏၊ တအိမ်မှပင် မသေဘူးသောအိမ်ကို မတွေ့။

ညနေစောင်းရောက်သောအခါ ကိသာဂေါတမီသည် သတိရလာ၏၊ ငါ့မှာသာ သားငယ်သေရသည်ဟု ထင်မိပေသည်၊ အကယ်စင်စစ် မသေဘူးသောအိမ် မရှိပါတကား၊ လူတို့သည် သေလွန်ရသည်ဖြစ်ကုန်၏ဟု သတိသံဝေဂရ၍ သားငယ်၏ ရုပ်အလောင်းကို တော၌စွန့်ပစ်ပြီး မြတ်စွာဘုရားထံ သွား၍ရှိခိုးပြီး ဦးချထိုင်နေ၏။

"ကိသာဂေါတမီ။ ။အသို့နည်း မုန်ညင်းဆန်ကို ရခဲ့ပါ၏လော"

"အရှင်မြတ်ဘုရား။ ။မရခဲ့ပါ"

"ကိသာဂေါတမီ။ ။အသင်သည် ငါ၌ သာလျှင် သားငယ်သေဆုံးရသည်ဟူ၍ မှတ်ထင်သလော၊ သတ္တဝါတို့အား သေခြင်းသဘောတရားသည် အမြဲအနိစ္စ ထာဝရသာတည်း"

ကိသာဂေါတမီ။ ။သမီးနှင့်သား ကျွဲနွားဥစ္စာ တပ်မက်ခါဖြင့် ယစ်မူးမေ့လျော့ထသော မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို ဘွယ်တာလွန်စွာ ကပ်ငြိသောစိတ် ရှိထသော ထိုလူကို အိပ်ပျော်နေသော တရွာလုံးအား ကြီးစွာသော ရေအလျဉ်သည် တိုက်လှန်မျှောယူ၍ သွားသကဲ့သို့ သေမင်းသည် ယူဆောင်၍ သွားလေ၏။

ထိုဒေသနာဂါထာ၏အဆုံး၌ ကိသာဂေါတမီသည်သောတာပတ္တိဖိုလ်၌တည်၍ ရဟန်း ပြုရပါမည့် အကြောင်း တောင်းပန်လျှောက်ထားသဖြင့် ဘိက္ခုနီမတို့ထံစေလွှတ်၍ ရဟန်းပြုပေး၏။

## ရဲဟန္တာမ-ဖြစ်ခြင်း

ကိသာဂေါတမီမထေရ်မသည် တနေ့တွင် ဥပုသ်အိမ်၌တာဝန်ကျ၍ သုတ်သင်ရှင်းလင်းပြီး ဆီမီးကို ထွန်းညှိထိုင်နေစဉ် ဆီမီးလျှံတို့သည်ပျက်စီးသည်တို့ကိုရင်း၊ ဖြစ်သည်တို့ကိုရင်းကြည့်ရှု၍- သတ္တဝါတို့သည်ဤမီးလျှံနှင့်အတူသာဖြစ်လည်းဖြစ်ကုန်၏၊ ချုပ်လည်း ချုပ်ကုန်၏၊ နိဗ္ဗာန်သို့ ရောက်သော သူတို့သာလျှင် မထင်ကုန်သတည်းဟူသော အာရုံတို့ကိုယူ၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်၌ ထိုင်တော်မူလျက်ပင် ကိုယ်ရောင်တော်ကိုလွှတ်၍ မထေရ်မ၏မျက်မှောက်၌ ထိုင်ပြီး တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၁၁၄။) ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

(၁၁၄) အကြင်ပုဂ္ဂိုလ်သည် သေခြင်းကင်းသော နိဗ္ဗာန်ကို မသိမမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ငြားအံ့ မမြင့်မြတ်၊ သေခြင်းကင်းသော နိဗ္ဗာန်ကို သိမြင်သောပုဂ္ဂိုလ်၏ တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏။

ဒေသနာတော်အဆုံး၌ ကိသာဂေါတမီထေရ်ရီမသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်၌တည်လေ၏။

## ပွဲ့သုကူဆောင် ထေရီမ

တနေ့သောအခါ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ထက်၌ သီတင်းသုံးတော်မူစဉ် သိကြားမင်းသည် ပထမယာမ်၏ အဆုံး၌ နတ်ပရိသတ်နှင့်တကွ တရားတော်ကို နာကြားလျက်နေ၏။

ထိုအခါ၌ ကိသဂေါတမီ ထေရီမသည် ကောင်းကင်ခရီးဖြင့် လာသော် သိကြားမင်းကို မြင်၍ ဆုတ်နစ်ပြန်လေ၏၊ သိကြားမင်းသည် ထိုထေရီမအကြောင်းကို မေးလျှောက်လေလျှင်–

"ဒါယကာ သိကြားမင်း။ ။ဤမထေရ်မသည် ပွဲ့သုကူ သင်္ကန်းကို ဆောင်ကုန်သော မထေရ်မတို့တွင် အမြတ်ဆုံးဖြစ်သော ကိသဂေါတမီ အမည်ရှိသည့် ငါဘုရား၏ သမီးတော်ပေတည်း" ဟု မိန့်တော်မူ၏။

(ဓမ္မပဒ သဟဿဝဂ် တဆယ့်သုံးခုမြောက် ကိသဂေါတမီ ဝတ္ထုပြီး၏)

(၈) သဟဿဝဂ်

## ၁၄/ သားများမိခင် တရားမြင်

(ဗဟုပုတ္တိကာ မထေရီမဝတ္ထု)

တရားအမြင် ရှုဆင်ခြင်က
တရက်မျှပင် အသက်ရှင်မှု
မြတ်သောဟူ၏။

(ယောစ ဝဿသတံ) သုတ္တံ ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဗဟုပုတ္တိကာမထေရီမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ကြွယ်ဝသော မိဘနှစ်ပါးတို့တွင် သားခုနစ်ယောက်၊ သမီးခုနစ်ယောက် ထွန်းကား၏။ ထိုတဆယ့်လေးယောက်သော သားသမီးတို့ကို အသီးသီး အိမ်ထောင်ချပေးပြီးနောက် ဖခင်ကြီး သေဆုံးခဲ့၏။

ဖခင်ကြီးမရှိလျှင် ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို ထိသိမ်း၍ ကွယ်လွန်သူ လင်ယောကျာ်း၏ လက်ငုပ်လက်ရ အလုပ်များကို ဆက်လက်လုပ်ကိုင်နေရ၏။ သားသမီးများ "မိခင်။ ။အသက်ကြီးမှ ဖခင်၏အလုပ်ကို အပင်ပန်းခံ ဆက်လက် လုပ်မနေပါနှင့်တော့၊ သားသမီး တဆယ့်ေ ယောက် ရှိပါလျက် တယောက်တည်းသော မိခင်ကို အဘကြောင့် လုပ်ကျွေး ပြုစုနိုင်ခြင်း မရှိပါမည်နည်း" ဟု ေကြား၏၊ မိခင်သည် ဆိတ်ဆိတ်နေ၏၊ သားသမီးတို့သ

တယောက်ပြီးတယောက် အဖန်ဖန် အထပ်ထပ် ပြောဆိုကြလေလျှင် မိခင်ကြီးက

"ငါလည်း အသက်ကြီးပြီ။ ဤပစ္စည်းဥစ္စာတို့ကို စောင့်ရှောက် နေရခြင်းဖြင့် ငါ့အဘွက် အကျိုးထူးလာမည်မဟုတ်၊ ငါ့မှာ သားသမီးများပေသည်၊ သားသမီးတို့သည် ငါ့ကိုပြုစုလုပ်ကျွေးရန် ခေါ်နေကြသည်" ဟု နှလုံးသွင်းပြီး ရှိသမျှ ဥစ္စာတို့ကို သားသမီးတို့အား အညီအမျှ ခွဲဝေပေးပြီး သားအကြီးအိမ်၌ လိုက်၍ နေ၏။

ရက်များမကြာမီ သားအကြီး၏ မယားက မကြားတကြား ပြောသံကို မိခင်ကြီး ကြားလိုက်သည်။

ပစ္စည်းများကို ခွဲပေးစဉ်က "ငါ့လင်သည် အကြီးဆုံးဖြစ်ပါလျက် ပို၍မပေးဘဲ ယခုမူ နှစ်စုခွဲပြီး ပေးလိုက်ရသလို ငါတို့အိမ်မှာ လာရောက်၍ အမြှိုင့်သား ထိုင်စားနေသည်" ဟူသော စကားကို ကြားရသဖြင့် ကျန်သော သားခြောက်ယောက်တို့အိမ်သို့ သွားရောက်နေပြန်ပါလည်း မယားတို့က ထိုနည်းလည်းကောင်းပင် ပြောဆိုကြကုန်၏၊ တဖန် သမီးအကြီးကိုအစပြု၍ သမီးခုနစ်ယောက်တို့ အိမ်သို့ တအိမ်ပြီးတအိမ် လှည့်လည်နေပြန်သော်လည်း ထိုနည်းရင်း၊ ထိုနည်းရင်းပင် ပြောဆိုကြကုန်၏။

## ဘိက္ခုနီမအဖြစ်နှင့် ကြိုးစားခြင်း

သားသမီးကို မထေမဲ့မြင်ပြုကြ၍ ငါသည် သားသမီးတို့ထံ၌ နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းဘောင်သို့ ဝင်တော့အံ့ဟု ဘိက္ခုနီမတို့ကျောင်းသို့ သွားရောက်၍ ရဟန်းပြု၏။ "ဗဟုပုတ္တိကာ မထေရီမ (သားများမိခင်)" ဟု ထင်ရှား၏။

ဗဟုပုတ္တိကာမထေရီမသည် အရှယ်လွန်မှ ရဟန်းပြုရသည်ဟု မမေ့မလျော့ပဲ ရဟန်းတရားကိုကြိုးစား အားထုတ်၏၊ ရဟန်းမိန်းမတို့အား ဝတ်ကြီးဝတ်ငယ်ပြုပြီး တညလုံးပင် တရားတော်ကို အောက်မေ့ဆင်ခြင်လျက် ကြိုးစားအားထုတ်၏။

**ကိုယ်ရောင်ကိုလွှတ်တော်မူခြင်း**

မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက်ပင် ကိုယ်ရောင်ကိုလွှတ်တော်မူ၍ မထေရီမ၏ ရှေ့တူရူ၌ ထိုင်နေသီတင်းသုံးတော်မူပြီး တရားတော်ကို ဟောကြားတော်မူလို၍-

(၁၁၅) **ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ၊ ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။**

(၁၁၅) အကြင်ပုဂ္ဂိုလ်သည် မြတ်သောတရားတော်ကိုမရှုမမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်အံ့၊ ထိုပုဂ္ဂိုလ်သည် မမြင့်မြတ်။ မြတ်သောတရားကို ရှုဆင်ခြင်သောပုဂ္ဂိုလ်၏ တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မွန်မြတ်လှ၏။

ဒေသနာတော်၏အဆုံး ဗဟုပုတ္တိကာ မထေရီမသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၏။

**(ဓမ္မပဒ သဟဿဝဂ် တဆယ့်လေးခုမြောက် ဗဟုပုတ္တိက မထေရီမဝတ္ထု ပြီး၏)**

**သဟဿဝဂ် ဤတွင်ပြီး၏။**

# (၉) ပါပဝဂ် (မကောင်းမှုတရားအစု)

ဂါထာ ၁၃-ဝတ္ထု ၁၂

ဤပါပဝဂ် (မကောင်းမှုတရားအစု) တွင်၊ "ငါ့မကောင်းမှု ကားမပြေပလောက်"ဟု အထင်မသေးသင့်ကြောင်း၊ ဆိုးကျိုး ကိုသာပေးတတ်သော မကောင်းမှုများအကြောင်း စသည်တို့၏ တရားအနှစ်များဖြစ်ပေသည်။

စူဠေကသာဋကပုဏ္ဏားကြီးဝတ္ထု သေယျသကမထေရ်နှင့် ကောင်းမှုပြုယင်း နတ်ပြည် ရောက်သော လာဇာနတ်သမီး။ ဆင်းရဲသွားသော အနာထပိဏ်သဌေးကြီး အလှူကို လက်မလျှော့ပုံ၊ စေးနဲသောသဌေးကြီး ဗိလာလပဒကဝတ္ထု။ ခိုးသား ငါးရာနှင့် မဟာဓနကုန်သည်ဝတ္ထု။ ဘုရားအား သား ခုနစ် ယောက်နှင့်အတူ မြားနှင့်ပစ်ကြသော ကုက္ကုဋမိတ္တမုဆိုးကို ချွတ် တော်မူသော ဝတ္ထု။ ရဟန်းကို ခွေးနှင့်ကိုက်စေသော ကောက မုဆိုး။ အိမ်ကိုကပ်၍ အစဉ်ဆွမ်းစားရာမှ ပတ္တမြားပျောက် မှုတွင် စွပ်စွဲ ရိုက်နှက်ခံရပြီး ပရိနိဗ္ဗာန်စံရသော တိဿအမည်ရ မထေရ်ဝတ္ထုနှင့် (အတိတ်ဇာတ်ပါ)။

အကြောင်းအရာတခုဝတ္ထုသုံးပုဒ်၊ နွားကို မီးရှို့သူ၊ ခွေးသတ်မိန်းမ၊ ဖွတ်ဖမ်းသူငယ်တို့ အတိတ်ဇာတ်နှင့် သုပ္ပဗုဒ္ဓ၏ ဇာတ်သိမ်းခန်း–

စသည်ဖြင့် မကောင်းမှုအပြစ်၊ ကောင်းမှုအကျိုး၊အဖိုးတန်ဗုဒ္ဓ၏ညွှန်ကြားချက်တို့ကိုအကွက်ကျကျလေ့လာယင်းဖြင့် ဖတ်ရှုသူတို့အတွက် ယခုဘဝသာမက၊ နောင်တမလွန်အတွက်ပါ အကျိုးစီးပွား တိုးပွားစေမည်ဖြစ်ပါသည်။

(၉) ပါပဝဂ်

## ၁။ မကောင်းစိတ်ကို တားမြစ်ပါ

(စူဠကေသာဠက ပုဏ္ဏားကြီး ဝတ္ထု)

စိတ်သည်
မကောင်းမှု၌ မွေ့လျော်၏၊
ကောင်းမှု၌ နှောင့်နှေးတတ်၏။
ထို့ကြောင့်
မကောင်းစိတ်ကို တားမြစ်ရာ၏။

(အဘိတ္ထ ရေထကလျာဏော) ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စူဠကေသာဠကပုဏ္ဏားကြီးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

(ကေသာဠကပုဏ္ဏားကြီးမှာ ဝိပဿီဘုရားလက်ထက်၌လည်း အမည်တူ အကြောင်းတူရှိခဲ့၍ ယခု ကေသာဠကကို စူဠကေသာဠကဟု မှတ်ယူကြပါကုန်)

### ဝတ္ထုကြောင်းကား ဤသို့တည်း။

သာဝတ္ထိပြည်မှ ဆင်းရဲလှသော ပုဏ္ဏားလင်မယားတို့သည် နှစ်ယောက်ပေါင်းမှ အပေါ်ရုံ တထည်သာရှိ၏၊ ဘုရားရှင်ထံ တရားနာသွားလျှင် နေ့၌ ပုဏ္ဏေးမက သွား၍၊ ပုဏ္ဏားကြီးက ညဘက်မှသာသွားရ၏။ ပုဏ္ဏားကြီးသည် တရားနာနေစဉ် ပီတိဖြစ်လှ၍ အပေါ်ရုံပုဆိုးကို ပေးလှူရန်ကြံ၏၊ တထည်တည်းသာရှိသော အပေါ်ရုံကိုပေးလှူက ငါ့အားရင်း၊ ပုဏ္ဏေးမအားရင်း

ဝတ်ရုံဘို့ရှိတော့မည်မဟုတ်ဟု၊ မစ္ဆေရစိတ်တထောင်သည်ဖြစ်၍၊ ထို့နောက်တဖန် သဒ္ဓါပေါက်ပြန်၍ ပေးလှူရန်ကြံသော်လည်း မစ္ဆေရစိတ်တထောင်က ပိတ်ပင်တားဆီးပြန်၏၊ ဤသို့နှင့်ညဥ့်၏ ပထမယာမ်ကုန်ခဲ့၏။

မဇ္ဈိမယာမ်သို့ ရောက်သောအခါ၌လည်း ထိုသို့ပင် ကြံစည်မိ၏။ မပေးမလှူရက်သော မစ္ဆေရစိတ်တို့က နှောင့်ယှက်ပြန်၏။

ပစ္ဆိမယာမ်သို့ရောက်လေမှ မစ္ဆေရစိတ်ကို တွန်းလှန်နိုင်၍ သဒ္ဓါစိတ်ကို ရှေ့သွားပြုလျက် မြတ်စွာဘုရား ခြေတော်ရင်း၌ စုပုံတင်ထားပြီး "ငါအောင်ပြီ-ငါအောင်ပြီ"ဟု သုံးကြိမ်တိုင်ဟစ်အော်၏၊ သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးသည် တရားတော်ကိုနာကြားယင်း ယင်းပုဏ္ဏားကြီး၏ ကြွေးကြော်သံကိုကြား၍ မင်းချင်းတို့အား အကြောင်းကို စုံစမ်းစေ၏။ ပုဏ္ဏားကြီးလည်း အကြောင်းစုံကို ပြောပြ၏။ မင်းကြီးကြားလျှင် ပြုနိုင်ခဲသောအမှုကို ပြုပေသည်ဟူ၍ ပုဏ္ဏားထံ ပုဆိုးတစုံကိုပေးပို့စေ၏၊ ပုဏ္ဏားသည် မြတ်စွာဘုရားကို ပေးလှူ၏၊ မင်းကြီးသည် တဖန် နှစ်စုံ၊ လေးစုံ၊ ရှစ်စုံ၊ တဆယ့်ခြောက်စုံ၊ စသည် နှစ်ဆတိုး၍ ပုဏ္ဏားသို့ ပေးတိုင်း ပေးတိုင်း ဘုရားအား လှူ၏၊ သုံးဆယ့်နှစ်စုံသို့ ရောက်လျှင် ပုဏ္ဏားသည် နှစ်ဆတိုးရလို၍ လှူသည်ဟု ကဲ့ရဲ့မည်ကို စိုးသဖြင့် မိမိအတွက်တစုံ၊ ပုဏ္ဏေးမအတွက်တစုံနှစ်စုံသောပုဆိုးကိုယူ၍ ကျန်သမျှကိုလှူ၏။

(ဝိပဿီဘုရားလက်ထက် ကေသာဠကသည် ခြောက်ဆယ်လေးစုံယူင်၏)

## သိန်းထိုက်ကမ္ဗလာ

မင်းကြီးလည်း နန်းတော်သို့ စေလွှတ်၍ အဖိုးတသိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကို ယူစေပြီး ပုဏ္ဏားကြီးအားပေးပြန်၏၊ ပုဏ္ဏားလည်း ဟထည်သော ကမ္ဗလာကို ဂန္ဓကုဋိတိုက် မြတ်စွာဘုရား အိပ်ရာနေရာတွင် ဗိတာန်ကြက်၏၊ တထည်ကိုမူ အိမ်၌ အမြဲဆွမ်းဘုဉ်းပေးသော ရဟန်း၏ ဆွမ်းစားရာနေရာ၌ ဗိတာန်ကြက်၏။

မင်းကြီးလည်း မြတ်စွာဘုရားအိပ်ရာထက်၌ ဗိတာန်ကိုမြင်၍ ပိုမိုနှစ်သက်ပြီး ပုဏ္ဏားကြီးကို သဗ္ဗစတုက္ကခည်သော ဆင် မြင်း လေး စီး စီ မိန်းမလေးယောက် ကျွန်မလေးယောက်၊ယောကျ်ား လေးယောက်၊ အသပြာ လေးထောင်၊ လေးခုသော ရွာမြတ်အားဖြင့် ခုနစ်ကြိမ်တိုင်တိုင် ပေးသနား၏။

## သောတာပန်တည်ခြင်း

ရဟန်းတို့သည် ဧကသာဋက ပုဏ္ဏားကြီး၏ စေတနာကြောင့် တမုဟုတ်ခြင်းရအပ်သည့်ဆုမြတ်များအကြောင်းကို ပြောကြ၏။

ဘုရားသခင်ကြားတော်မူလျှင်–

“ဧကသာဋက ပုဏ္ဏားကြီးသည် အကယ်၍ ပထမယာမ်၌ ပေးလှူခြင်းငှာ စွမ်းနိုင်ခဲ့သည်ဖြစ်အံ့၊ “သဗ္ဗသောဠသက” မည်သော တဆယ့်ခြောက်ခုအစုရှိသော ဆုကိုရပေရာ၏၊ မဇ္ဈိယာမ်၌ လှူစွမ်းနိုင်ခဲ့အံ့၊ သဗ္ဗဋ္ဌက မည်သော ရှစ်ခု အပေါင်းအစုသော ဆုကိုရပေရာ၏၊ ပစ္ဆိမယာမ်၌သာလျှင် လှူဒါန်းအပ်သည်အဖြစ်ကြောင့် သဗ္ဗစတုက္ကဆုကိုသာ ရလေ၏။

ချစ်သားတို့။ ။ကောင်းမှုကံကို ပြုလုပ်လိုသဖြင့် ဖြစ်ပေါ်လာသောစိတ်ကို ဖြစ်ပေါ်သော ခဏ၌သာပြုလုပ်အပ်၏။ နှံ့နှေးကြန့်ကြာသဖြင့် ပြုလုပ်အပ်သော ကုသိုလ်သည် အကျိုးပေး နှံ့နှေးတတ်၏" ဟု ဟောတော်မူပြီး သော် တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်=

**(၁၁၆) အဘိတ္ထရေထ ကလျာဏေ ပါပစိတ္တံ နိဝါရယေ။**
**ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော။**

(၁၁၆) အကြင်အကြောင်းကြောင့် ကုသိုလ်ကောင်းမှုကို ပြုလုပ်သောသူ၏ စိတ်သည် နှံ့နှေးတတ်၏။ ထို့ကြောင့် ကောင်းသော ကုသိုလ်တရားတို့ကို လျှင်မြန်စွာ ပြုကြကုန်လော့· မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၏၊ ထို့ကြောင့် မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပါပဝဂ် ရှေးဦးစွာသော ကေသာဋက ပုဏ္ဏားကြီးဝတ္ထု ပြီး၏)

✻ ✻ ✻ ✻

(၉) ပါပဝဂ်

## ၂။ မကောင်းမှုမှာ ဆင်းရဲစွာ၏

(သေယျသကမထေရ်ဝတ္ထု)

**မကောင်းမှုကိုပြုမိလျှင်**
**ထပ်ခါထပ်ခါမပြုရာ**
**မကောင်းမှု၏ ပွားခြင်းသည်**
**ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။**

(ပါပဥ္စေ ပုရိသော) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သေယျသက မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

လာဠုဒါယီမထေရ်၏ အတူနေတပည့် သေယျသက ရဟန်းသည် သာသနာတော်၌ မပျော်နိုင်သော အဖြစ်ကို ဆရာအား ပြောကြား၏၊ ဆရာ လာဠုဒါယီမထေရ်က ပထမသံဃာဒိသိသ် အမှုကိုပြုစေ၏၊ ရဟန်းဘဝ၌ ငြီးငွေ့တိုင်း ငြီးငွေ့တိုင်း ဤသို့ပင် ပြု၏၊ ဘုရားသခင်ကြားသိတော်မူ၍ သေယျသကကို ခေါ်စေတော်မူပြီး စစ်ဆေး၏၊ ဟုတ်မှန်ပါသည်ဟု လျှောက်ထားသော် မဂ်ဖိုလ်မှအချိးနှီးဖြစ်သော ယောကျ်ားစသည်ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီး-

(၁၁၇) ပါပဉ္စေ ပုရိသော ကယိရာ န နံ ကယိရာ
ပုနပ္ပုနံ။
န တမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ
ဥစ္စယော။

(၁၁၇) ယောကျ်ားသည် အကယ်၍ ပြုမိငြားအံ့ ထိုမကောင်းမှုကို ထပ်ခါ ထပ်ခါ မပြုလေရာ ထိုမကောင်းမှုကို ပြုကျင့်ခြင်း၌ စိတ်ပါသဖြင့်လည်း မပြုကုန်ရာ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲဒုက္ခကိုသာ ရွက်ဆောင်တတ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပါပဝဂ်-နှစ်ခုမြောက် သေယျသကမထေရ် ဝတ္ထုပြီး၏)

(၉) ပါပဝဂ်

# ၃/ ကောင်းမှုသည်သာ ချမ်းသာရာ၏။

(လာဇာနတ်သမီး ဝတ္ထု)

**ကောင်းမှုကို အဖန် ထပ်လဲလဲပင် ပြုရာ၏၊**
**လုံ့လဖြင့်လည်း ပြုရာ၏။**
**ကောင်းမှု၏ ပွားများခြင်းသည်**
**ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။**

(ပုညဉ္စေ ပုရိသော ကယိရာ) အစဖြာသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ လာဇာနတ်သမီးအကြောင်းပြု၍ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

အရှင်မဟာကဿပ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိဂူလိုဏ်၌ သီတင်းသုံးတော်မူလျက် စျာန်ကိုဝင်စားတော်မူသည်၊ ခုနစ်ရက်မြောက်သောနေ့၌ စျာန်မှ ထမြောက်တော်မူပြီး ဆွမ်းခံရာကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်တော်မူသည့်ကာလ သလေးခင်းစောင့် မိန်းမတယောက်သည် သလေးနှံကို ပေါက်ပေါက်ဖေါက်လျက် နေသည်ကို မြင်တော်မူ၍ စူးစမ်းဆင်ခြင်တော်မူသော် ထိုအမျိုးသမီး၏ သဒ္ဓါတရားရှိသည့်အဖြစ်ကိုဎင်း၊ လှူဒါန်းခြင်းငှာ စွမ်းနိုင်သည်ကိုဎင်း၊ ဤသို့ လှူဒါန်းခြင်းကြောင့် အမျိုးသမီး၌ ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာကို ရပေလတံ့ဟု မြင်တော်မူ၏၊ သင်္ကန်းကို ရုံတော်မူပြီး သပိတ်ကို ယူ၍ သလေးခင်းအနီး၌ ရပ်တော်မူ၏။

အမျိုးသမီးသည် ကြည်ညိုသော ပီတိဖြင့် ပေါက်ပေါက်တို့ကို ယူပြီး လျှင်မြန်သောအဟုန်ဖြင့် သွားရောက်၍ သပိတ်၌လောင်းလှူပြီး ရှိခိုးဦးချ၍-

"အရှင်ဘုရား။ ။ဤသို့လှူဒါန်းသော ကောင်းမှုကံကြောင့် အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူးကို သိမြင်ရပါလို၏"

ဟု ဆုတောင်း၏။ မထေရ်ကလည်း "ဆုတောင်းတိုင်းပြည့်စေလော့" ဟု အနုမောဒနာ ပြုတော်မူပြီး ကြွသွားလေ၏၊ အမျိုးသမီးသည် အလှူဒါန၌ ဝမ်းမြောက်လှသော ပီတိအဟုန်ဖြင့် ပြန်လာရင်း လယ်ကန်သင်းမှ အဆိပ်ပြင်းသော မြွေသည် အမျိုးသမီးကို ကိုက်ခဲလေ၏။

လယ်စောင့်အမျိုးသမီးသည် ကောင်းမှု၌ ရှင်ကြည်သော သဒ္ဓါစိတ်ဖြင့် သေလွန်ခဲ့ရာ အိပ်သောယောကျ်ားနိုးသောလားသို့ တာဝတိံသာနတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၀ယ်ဘယက်တန်ဆာအပြည့်အစုံ ဝတ်ဆင်လျက် သုံးဂါဝုတ်ပမာဏရှိသော ခန္ဓာကိုယ်ဖြင့် နတ်သမီးတထောင် ခြံရံလျက်ဖြစ်လေ၏။

နတ်သမီးသည် စည်းစိမ်ချမ်းသာကို ကြည့်၍ ဆင်ခြင်သော် အရှင်မဟာကဿပမထေရ်အား ပေါက်ပေါက်လှူဒါန်းရသောအကျိုးကိုမြင်လေလျှင် ဤမျှသော ကုသိုလ်ကြောင့် ဤစည်းစိမ်ကို ခံစားရသည်၊ ငါမေ့လျော့နေ၍ မသင့်ဟု ဆင်ခြင်၍ အရှင်မထေရ်မြတ်အား ဝတ်ကြီးဝတ်ငယ် ပြုရန် နံနက်စောစောကပင် ရွှေတံမြက်စည်းဖြင့်လှဲ၍ ရွှေခြင်းတောင်းဖြင့်သယ်၍ စွန့်၏၊ သောက်ရေ သုံးရေတို့ကို တည်ထား၏။

မထေရ်သည် တစုံတယောက်သော သူငယ်သာမဏေတို့ ဝတ်ကြီးဝတ်ငယ်ပြုသည်ဟု ထင်နေ၏၊ သုံးရက်မြောက်နေ့ရောက်မှ တံမြက်လှဲသံကြားပြီး တံခါးသော့ပေါက်မှ ဝင်လာသော ကိုယ်ရောင်ကိုမြင်လျှင် "အသင်မည်သူနည်း" ဟု မေးတော်မူ၏။

"တပည့်တော်သည် အရှင်ဘုရား၏ အလုပ်အကျွေးဖြစ်သော လာဇာနတ်သမီးဖြစ်ပါသည်"

"ငါ့တွင် ဤအမည်ဖြင့် အလုပ်အကျွေး ဒါယိကာမသည် မရှိချေ"

"မှန်လှပါသည်-တပည့်တော်သည် အရှင်မြတ်အား ပေါက်ပေါက်လှူဒါန်းပြီးနောက် မြွေကိုက်၍သေလွန်ခဲ့ရာ ဤစည်းစိမ်ကို ရရှိပါသည်၊ ယခုလည်း အရှင်မြတ်ကို အကြောင်းပြု၍ ရအပ်သော စည်းစိမ်ကို အမြဲထာဝရ ခိုင်ခန့်စေခြင်းငှာ ဝတ်ကြီးဝတ်ငယ်ကို ပြုအပ်ပါသည်။"

"သုံးရက်တိုင်တိုင် သင်သည် ဝတ်ကြီးဝတ်ငယ်ပြုအပ်ပေပြီ၊ ယခုမှစ၍ နောင်ကို ဤဌာနသို့ မလာခဲ့နှင့်"

"အရှင်ဘုရား တပည့်တော်မ စေတနာကို မဖျက်ဆီးပါနှင့် စည်းစိမ်ချမ်းသာ တည်မြဲစေရန် ဝတ်ကြီးဝတ်ငယ် ပြုခွင့်ကို ပေးသနားတော်မူပါ"

အရှင်မဟာကဿပမထေရ်သည် ခွင့်ပြုတော်မမူ၊ လာဇာနတ်သမီးသည် သုံးကြိမ်သုံးခါ တောင်းပန်၏၊ အရှင်မဟာကဿပသည် "ဤနတ်သမီးသည် ငါ့စကားကိုမနာယူ" ဟု လက်ဖြစ်ကို တီးလေ၏၊ နတ်သမီးသည် ဆက်လက်နေခြင်းငှာ မစွမ်းနိုင်ရကား ကောင်းကင်သို့တက်၍ လက်အုပ်ချီမိုး ရှိခိုးပြီးသော် ငိုကြွေးမြည်တမ်းလေ၏။

## နတ်သမီး သောတာပန်တည်ခြင်း

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူစဉ်ပင် နတ်သမီး၏ ငိုကြွေးသံကို ကြား၍ ကိုယ်ရောင်ကိုလွှတ်တော်မူပြီး နတ်သမီး၏ ရှေ့တူရူ၌ ထိုင်လျက်–

"နတ်သမီး။ ။ငါ၏ သားတော်ဖြစ်သော ကဿပသည် စောင့်စည်းအပ်သည်ကို ပြုခြင်းငှာ တာဝန်ပေတည်း၊ ကောင်းမှုကုသိုလ် ပြုလိုသူတို့ကား အကျိုးစီးပွား များ၏ ဟု မှတ်သား၍ ပြီး ကောင်းမှုကုသိုလ်ကို ပြုခြင်းသည်လည်း တာဝန်ပေတည်း" ဟု မိန့်တော်မူ၏၊ တရားတော်ကို ဟောကြားတော်မူလိုသော ကြောင့်–

(၁၁၈) ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

(၁၁၈) ယောက်ျားသည် ကောင်းမှုကို အကယ်၍ ပြုငြားအံ့။ ထိုကောင်းမှုကုသိုလ်ကို အဖန်ဖန် အထပ်ထပ်ပင် ပြုရာ၏။ ထိုကောင်းမှု ကုသိုလ်ပြုခြင်း၌ လုံ့လကို ပြုကုန်ရာ၏။ ကောင်းမှုကုသိုလ်ကို ဆည်းပူးခြင်းသည် ချမ်းသာခြင်း၏ အကြောင်းပေတည်း။

တရားတော်၏ အဆုံး၌ လာဇာနတ်သမီးသည် လေးဆယ့်ငါးယူဇနာမျှလောက်ရှိသော ကောင်းကင်ထက်၌ တည်လျက်သာလျှင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ ပါပဝဂ် သုံးခုမြောက် လာဇာနတ်သမီးဝတ္ထုပြီး၏)

✻ ✻ ✻ ✻

## (၉) ပါပဝဂ်

# ၄/ ကောင်းမှုကံ အကျိုးပေးချိန်

## (အနာထပိဏ် သဌေးကြီးဝတ္ထု)

မကောင်းမှုကို ပြုသူသည်
အကုသိုလ်ကံ အကျိုးပေးသော အချိန်၌
ကြီးစွာသော ဒုက္ခကို တွေ့ရ၏၊
ကောင်းမှုကိုပြုသူသည်
ကုသိုလ်ကံ အကျိုးပေးချိန်၌
ကြီးစွာသော ချမ်းသာကိုတွေ့ရ၏။

(ပါပေါပိ ပဿတိ ဘဒြံ) အစရှိသော သုတ္တံဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အနာထပိဏ်ကျောင်းဒါယကာကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကားဤသို့တည်း

အနာထပိဏ်သဌေးကြီးသည် ငါးဆယ့်လေးကုဋေသော အသပြာကို သာသနာတော်၌ လှူဒါန်းပြီး ကျောင်းတော်ကို ဆောက်၍ တနေ့လျှင် သုံးကြိမ် ဘုရားအထံတော်သို့သွားရာတွင်လည်း နံနက်စောစော၌ ယာဂု၊ နံနက်စာ စားပြီး သွားရာ၌ ထောပတ်ဆီဦးစသော ဆေးများနှင့် ညချမ်းအခါ၌ ပန်းနံ့သာ အခိုးအထုံစသည်ဖြင့် နေ့တိုင်းနေ့တိုင်း အလှူကိုပေး၍ သီလကို စောင့်ရှောက်၏။

## အနာထပိဏ်သဌေးကြီး ဆင်းရဲသွားခြင်း

ဤသို့ဖြင့် အနာထပိဏ် သဌေးကြီးသည် ဥစ္စာတို့ကုန်ခန်းလေ၏။ ကုန်သည်တို့သည် တဆယ့်ရှစ်ကုဋေသော ကြွေးမြီတို့ကို မပေးပဲနေကြ၏၊ မိဘဘိုးဘေးတို့ လက်ထက်မှ မြစ်ကမ်းနား၌ မြှုပ်နှံထားသော တဆယ့်ရှစ်ကုဋေမျှလောက်သော ငွေတို့သည် ကမ်းပါးပြို၍ ရေထဲ၌ မြောပါကြကုန်၏။

အနာထပိဏ်သဌေးကြီးက ဤသို့ပင် ပစ္စည်းကုန်ခန်းသော်လည်း လှူဒါန်းမှုကိုကား လက်မလျှော့၊ အမွန်အမြတ်ကိုမလှူနိုင်သော်လည်း ဆန်ကွဲထမင်းကိုပင် အမွန်အမြတ်ပေးလှူ၏။

## ဝေလာမသုတ်ကိုဟောကြားတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားက

''ဒါယကာသဌေးကြီး။ ။ခေါင်းပါးသောဆန်ကွဲထမင်းကို လှူရသည်ဟု စိတ်မကောင်းမဖြစ်နှင့်၊ စိတ်ထားမွန်မြတ်လျှင် ဘုရားအစရှိသော သူတော်ကောင်းတို့အား ခေါင်းပါးယုတ်ညံ့ခြင်းမည်သည်မရှိ၊ စင်စစ် သဌေးကြီးသည် ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့ကို ပေးလှူရ၏၊ ငါဘုရားသည် ဝေလာမပုဏ္ဏားဖြစ်စဉ်၌ ဇမ္ဗူဒိပ်ကျွန်းအားလုံးကို ခံုလောက်မီးဖိုချင်းစပ်၍အလှူကြီးကိုပေးစေခဲ့သော်လည်းသရဏဂုံသုံးပါးနှင့်ပြည့်စုံသော သူတယောက်မျှမရှိ၊ မြတ်သောအလှူခံပုဂ္ဂိုလ်ကို တွေ့ရခဲကြုံရခဲ၏။ ထို့ကြောင့် အသင်သည် ခေါင်းပါးသော အလှူကို ပေးလှူရသည်ဟု စိတ်မကောင်းမဖြစ်လေနှင့်''ဟု ဟောကြားတော်မူ၏။

## မုခ်စောင့်နတ်

သဌေးကြီးအိမ်တံခါး၌ စောင့်သောနတ်သည် ဘုရားသခင်နှင့် သံဃာတော်တို့ အိမ်သို့ကြွလာလျှင် နေစရာမရှိအောင်ဖြစ်၍၊ ပြည့်စုံကြွယ်ဝသောအခါ၌ တစုံတခုမျှ မပြောသာ၊ ယခုမူ ငါ့စကားကို နားထောင်လိမ့်မည်ဟု သဌေးကြီး၏အိပ်ရာခန်းသို့ဝင်၍ ကောင်းကင်၌ရပ်တည်ပြီး "သဌေးကြီး၊ သင်သည်ရဟန်းဂေါတမသာသနာ၌ များစွာသော ပစ္စည်းဥစ္စာတို့ကို ဖရိုဖရဲပေးကမ်းစွန့်ကြဲခဲ့၍ ယခု ပစ္စည်းကုန် လူပုန်း ဖြစ်သည့်တိုင်ရဟန်းဂေါတမကိုမစွန့်သေး၊ နှစ်ရက်သုံးရက် ကြာလျှင် ကိုယ့်အတွက် အာဟာရပင်ရတော့မည်မဟုတ် ကိုယ့်အလုပ်ကိုယ်လုပ်၍ရောင်းဝယ် ဖေါက်ကားခြင်းဖြင့် ဥစ္စာကို ရှာပေဦးလော့"ဟု ဆို၏။

"အသင်နတ်။　　။ပြောစရာဤမျှသာလော၊ သင်ကဲ့သို့ နတ်တရာ တထောင်၊ တသောင်း၊ တသိန်းလာ၍ ပြောသော်လည်း ငါ့ကိုတုန်လှုပ်စေလိမ့်မည်မဟုတ်၊ သင်သည် မသင့်သောစကားကိုပြော၏၊ ငါ့အိမ်၌ သင်မနေထိုက်၊ အလျင်အမြန် ထွက်ခွာသွားလေလော့"ဟု နှင်ထုတ်လိုက်၏။

## တောင်းပန်ရာကို ရှာခြင်း

သောတာပန်ပုဂ္ဂိုလ်၏စကားကို တံခါးစောင့်နတ်သားသည် မပယ်ရှားဝံ့၊ သားသမီးတို့ကိုဆွဲ၍ ထွက်ခွာသွားရပြီး မြို့စောင့်နတ်ထံ ချဉ်းကပ်၍ သဌေးကြီးကို တောင်းပန်ပေးရန် ပြော

ကြား၏၊မှိုစောင့်နတ်က "သင်မတော်သောစကားကိုပြောကြား လေဘိသည် ငါတောင်းပန်ခြင်းငှာ မစွမ်းနိုင်"ဟု ဆို၏၊ တဖန် စတုမဟာရာဇ်နတ်မင်းကြီးတို့ထံသို့ သွားပြန်၏၊ နတ်မင်းကြီး တို့က ပယ်ရှားလိုက်ပြန်၏၊ ကလေးတို့ကို လက်ဆွဲ၍ သိကြား မင်းထံ သွားပြန်၏၊ သိကြားမင်းက ငါသည်လည်းသဋ္ဌေးကြီးကို တောင်းပန်ခြင်းငှာ မစွမ်းနိုင် အကြံတခုတော့ပေးမည်၊ အသင် သည် သဋ္ဌေးကြီး၏ စာရင်းကိုင်အသွင် ဖန်ဆင်း၍ ရအပ်သော ကြွေးမြီတို့တောင်းခံ၍ ပေးလေလော့၊ သမုဒ္ဒရာ၌ မြှောပါသွား သော တဆယ့်ရှစ်ကုဋေသောဥစ္စာတို့ကိုမိမိတန်ခိုးဖြင့်ယူဆောင်၍ တိုက်ခန်း၌ ပြည့်စေပါလော့၊ ဤမည်သောအရပ်၌ အရှင် မရှိ သော တဆယ့်ရှစ်ကုဋေသော ဥစ္စာသည် ရှိ၏၊ ၎င်းတို့ကို ယူဆောင်၍ ကိုကြတိုက်ခန်းတို့၌ ပြည့်စေလော့၊ ဤသို့သော ဆောင် ရွက် မှု ကို ပြု ပြီးမှ သဋ္ဌေးကြီးကို တောင်းပန်လော့"ဟု ဆို၏။

## တောင်းပန်ဝန်ချခြင်း

ဤသို့ အလုံးစုံသောကိစ္စတို့ကို သိကြားမင်းမှာတိုင်း ဆောင် ရွက်ပြီးသော် သဋ္ဌေးမင်းအား ဝန်ချတောင်းပန်၏၊ သဋ္ဌေးကြီး လည်း ဘုရားသခင်ထံပြန်ဦးအံ့ဟုကြံပြီး ခေါ်သွား၏ နတ်လည်း ဘုရားသခင်ကို ဦးခေါင်းဖြင့် ဝပ်စင်း၍ ကန်တော့ဝန်ချပြီး သဋ္ဌေးကြီးကိုလည်း တောင်းပန်ဝန်ချ၏။ ဘုရားသခင်သည် တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်–

(၁၁၉) ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

(၁၂၀) ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

(၁၁၉) အကြင်မျှလောက် မကောင်းမှုကံသည် အကျိုးမပေးသေး။ ထိုမျှလောက် မကောင်းမှုကို ပြုလုပ်သောသူသည် ချမ်းသာမှုကို တွေ့ရသေး၏။ အကြင်အခါ၌ အကုသိုလ်ကံသည် အကျိုးပေး၏။ ထိုအကုသိုလ်ကံ အကျိုးပေးချိန်၌ သူယုတ်မာသည် ကြီးစွာသော ဆင်းရဲဒုက္ခတို့ကို တွေ့ရ၏။

(၁၂၀) အကြင်မျှလောက်ကောင်းမှုကံသည် အကျိုးမပေးသေး။ ထိုမျှလောက် ကောင်းမှုပြုလုပ်သောသူသည် ဝဋ်ဒုက္ခကို တွေ့ရသေး၏။ အကြင်အခါ၌ ကုသိုလ်ကံသည် အကျိုးပေး၏။ ထိုကုသိုလ်ကံ အကျိုးပေးချိန်၌ ကောင်းသောသူသည် ကြီးစွာသော ချမ်းသာမှုကို တွေ့ရ၏။

ထိုဒေသနာနှစ်ဂါထာတို့၏ အဆုံး၌ တံခါးစောင့်နတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ကြွင်းကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပါပဝဂ်် လေးခုမြောက် အနာထပိဏ်သဌေးကြီး ဝတ္ထု ပြီး၏)

※ ※ ※ ※

(၉) ပါပဝဂ်

## ၅။ အကုသိုလ်ကို အထင်မသေးနှင့်

(အသညတပရိက္ခာရ ရဟန်းဝတ္ထု)

**မကောင်းမှုကို**
**နည်းနည်းသာလုပ်မိ၍**
**အပြစ်မရှိဟု မထင်မှတ်ရာ။**

(မာဝ မညေတ ပါပဿ)စသည့် ဒေသနာ ဂါထာတော်ကို သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်ကြီး၌ အသညတ ပရိက္ခာရ ရဟန်းတပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

ရဟန်းတပါးသည် ညောင်စောင်းအင်ပျဉ်စသော ရဟန်းတို့ အသုံးအဆောင်ကို အပြင်သို့ထုတ်၍ ယူငင်သုံးစွဲပြီး မသိမ်း ဆည်းပဲ ပစ်ထား၏၊ ရဟန်းတို့က ထိုပစ္စည်းကို မိုးမစွတ် နေမပူ ခြမတက်သော အရပ်၌ သိမ်းဆည်း၍ ထားပါလောဟု ပြောလျှင် ငါသည် ခဏသာထိုင်၏၊ ဤနေရာ၌လည်း ခဏသာ ထား၏ဟု ပြောဆိုပြီး ရှေးနည်းအတိုင်းသာ ပြုမြဲပြုနေ၏။

ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ကြားလျှင် ခေါ်စေတော်မူပြီး မေးတော်မူ၏၊ တပည့်တော်မှာ အပြစ်မရှိ ပါဟုပင် ရှေးနည်းအတိုင်း ဆင်ခြေပေး၍ မထေမဲ့မြင်လျှောက် ထား၏။

ထိုအခါ မြတ်စွာဘုရားက

"ချစ်သားရဟန်း။ ။ရဟန်းတို့မည်သည် ဤသို့ မပြုအပ် မကောင်းမှုကို အနည်းငယ်ဟူ၍ မထေမဲ့မြင် မပြုအပ်၊ အဝ ကျယ်သော အိုးကို အပြင်၌ ထား၍ မိုးရွာသွန်းလျှင် တစ်စက် တပေါက် ကျခါမျှဖြင့် မပြည့်သော်လည်း မပြတ်ကျလာသည် ရှိသော် ကြီးစွာသော အိုးစရည်းပင်ပြည့်ရလေသကဲ့သို့ ထို့အတူ သာလျှင် မကောင်းမှု ပြုသူသည် အစဉ်အတိုင်း အားဖြင့် ကြီးစွာသော မကောင်းမှုအစုကို ပြုလုပ်သူ၏ အဖြစ်သို့ ရောက် ရလေ၏ ဟု မိန့်တော်မူပြီး-အနုသန္ဓေကို စပ်တော်မူ၍ တရား တော်ကို ဟောကြားတော်မူလိုသောကြောင့်

**(၁၂၁) မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ၊ ဥဒဗိန္ဒုနိပါတေန၊ ဥဒ ကုမ္ဘောပိ ပူရတိ၊ ဗာလော ပူရတိ ပါပဿ ထောကံ ထောကမ္ပိ အာစိနံ**

(၁၂၁) အနည်းငယ်သော မကောင်းမှုကံ၏ အကျိုးသည် မရောက်အံ့ဟု မကောင်းမှုကို မအောက်မေ့ရာ၊ မိုးရေပေါက် ကျဖန်များသဖြင့် ရေအိုးကြီးသည် ပြည့်ရသကဲ့သို့ ထို့အတူ လူမိုက်သည် အနည်းငယ် အနည်းငယ် ပြုလုပ်ဖန် များသည်ရှိသော် မကောင်းမှုဖြင့်သာ ပြည့်လေရာ၏။

မြတ်စွာဘုရားသခင်သည် လွင်တီးခေါင်၌ ညောင်စောင်း စသောအိပ်ရာနေရာခင်း၍မသိမ်းဆည်းပဲထားသော ရဟန်းအား ဤအမည်ရှိသော အာပတ်သင့်စေဟုသိက္ခာပုဒ်ပညတ်တော်မူ၏။

(ဓမ္မပဒ ပါပဝဂ် ငါးခုမြောက် အသညတပရိက္ခာရ ရဟန်း ဝတ္ထုပြီး၏)

(၉) ပါပဝင်

## ၆/ ကုသိုလ်ကောင်းမှုကို နည်းသည်ဟု စိတ်မပျက်နှင့်

(ဗိဠာလပဒက သဌေးဝတ္ထု)

**ကုသိုလ်အလုပ်ကို နည်းနည်းသာ လုပ်နိုင်၍ အကျိုးမပေးဟု မထင်မှတ်ရာ။**

(မာဝ မညေထ ပုညဿ) စသည့် ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗိဠာလပဒက အမည်ရှိသော သဌေးကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်သူတို့သည် ရဟန်းသံဃာတော်တို့အား စုပေါင်း၍ အလှူပေးကြ၏၊ မိမိကိုယ်တိုင်လှူသူသည် ပစ္စည်းဥစ္စာ ချမ်းသာနိုင်၏၊ သူတပါးအား လှူ့ဆော်တိုက်တွန်းသူသည် အခြွေအရံပေါများ၏ဟု ဟောကြားတော်မူသည်ကို အကျိုးနှစ်ပါးလုံး ပြည့်စုံအောင် တယောက်သော ယောကျ်ားသည် နက်ဖြန်အတွက် သံဃာတော်တို့အား ဆွမ်းကိုပင့်ပြီး ရွာတွင်း၌ လှူ့ဆော်၏၊အလှူခံ၏၊ စုပေါင်းချက်ပြုတ်၍ လှူဒါန်းကြကုန်အံ့ဟု ကြွေးကြော်၏။

ထိုအခါ သဌေးတယောက်က ကိုယ့်ဟာကိုလှူတာမဟုတ် သူတပါးကိုပါ ဆွဲထည့်ရမည်လားဟု အမျက်ထွက်၍ ဆန်ကို လက်သုံးချောင်းဖြင့် ယူ၍ ထည့်၏၊ ပဲနောက် ပဲကြီးကိုလည်း

အနည်းငယ် အနည်းငယ်မျှကိုသာ ထည့်၏။ ထောပတ်တင်လဲ တို့ကိုလည်း အစက်အစက် ချ၍သာ ပေးလှူ၏၊ ထို့ကြောင့် ထိုသဌေး၏အမည်သည် "ဗိဠာလပဒက" ဟု တွင်၏၊ အလှူခံ သူသည်ထိုသဌေးလှူသည် တို့ကို စုပေါင်းမထည့်ပဲ သီးခြား ပြု၍ယူသွား၏။

သဌေးကြီးသည် သီးခြားယူသွားသည်ကို မသက်သာ၍ လူ တယောက်ကို နောက်မှလိုက်ပြီး ကြည့်စေ၏၊ အလှူခံ ယောကျ်ားသည် သဌေးကြီး၏ အလှူကို ပွားများပါစေ ဟူ သော စေတနာဖြင့် ယာဂုဆွမ်းမုန့်လုပ်ရာတွင် တစေ့နှစ်စေ့ သော ဆန်တို့ကို ဝေမျှထည့်သွင်း၏၊ ပဲကြီး ပဲနောက်ကိုလည်း ထို့အတူထည့်၏၊ ထောပတ်တင်လဲတို့ကိုလည်း အစက်အစက် မျှ၍ထည့်၏၊ ချောင်းကြည့်သူက သဌေးကြီးအားပြောကြား၏။

**သတ်ရန်လိုက်သွားခြင်း**

ထိုအကြောင်းကိုသိလျှင် သဌေးကြီးသည် ဤသူသည် လူပုံ အလယ်၌ ငါ၏အရှက်ကိုခွဲလျှင်၊ ငါ့အမည်ပါသည်နှင့် ဓားနှင့် ထိုးသတ်အံ့ဟု ဝတ်ရုံအတွင်း၌ ဓားကို ဝှက်၍ ယူဆောင်ပြီး နောက်နေ့နံနက် ဆွမ်းကပ်ရာအရပ်သို့သွား၏။ ထိုယောကျ်ား သည် မြတ်စွာဘုရားအား-

"အရှင်မြတ်ဘုရား။ ။လူအများ စုပေါင်း၍ ထည့်ဝင် သည့် အလှူဒါနကို လှူဒါန်းအပ်ပါသည်၊ ဤသို့လှူဒါန်းရာ၌ မိမိတို့အစွမ်းရှိသလောက် များစွာသော ဆန်တို့ကိုဎင်း၊ အနည်း ငယ်မျှကိုဎင်း လှူဒါန်းကြပါသည်၊ အားလုံးကုန်သောထိုသူတို့ အား အကျိုးကြီးမြတ်သည် ဖြစ်ပါစေသတည်းဟု လျှောက် ထား၏။

## ဝန်ချတောင်းပန်ခြင်း

ဤသို့လျှောက်ထားသည့် စကားကိုကြားလျှင် ဤသူသည် ပညာရှိသော သူပေတည်း၊ ငါ ပြစ်မှားမိချေပြီ၊ အကယ်၍ ငါ မတောင်းပန်လျှင် နတ်တို့လက်နက် မိုးကြိုးစက်သည် ငါ၏ထိပ်ထက်၌ ကျလတံ့ဟု ထိုသူတော်ကောင်းယောကျ်ား၏ ခြေရင်း၌ ဝပ်စင်းပြီး မိမိကြံစည်မိသမျှကို ထုတ်ဖေါ် တောင်းပန်လေ၏။

## သောတာပန်တည်ခြင်း

မြတ်စွာဘုရားသခင်သည် အကြောင်းစုံကို သိမြင်တော်မူလေလျှင် သဒ္ဓေးကြီးအား အနုသန္ဓေစပ်၍ တရားဟောကြားတော်မူလိုသောကြောင့်

(၁၂၂) **မာဝ မညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။**
**ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။**
**ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ**
**အာစိနံ။ ။**

(၁၂၂) အနည်းငယ်သော ကောင်းမှုကုသိုလ်သည် အကျိုးမပေးနိုင်ဟု မထေမဲ့မြင်မအောင့်မေ့ရာ မိုးရေပေါက်တို့ ကျဖန်များသဖြင့် ရေအိုးကြီးသည် ပြည့်လေ သကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှလည်း ကောင်းမှုကို ဆည်းပူးသည်ရှိသော် ကောင်းမှုဖြင့်ပြည့်၏။

ဒေသနာတော်၏အဆုံး၌ သဒ္ဓေးကြီးသည် သောတာပတ္တိဖိုလ်၌တည်လေ၏။ များစွာကုန်သော သူတို့သည်လည်း အကျွတ်တရားရကြကုန်၏။

**(ဓမ္မပဒ ပါပဝဂ် ခြောက်ခုမြောက် ဗိဋ္ဌာလပဒက သဒ္ဓေးဝတ္ထု ပြီး၏)**

(၉) ပါပဝဂ်

## ၇။ မကောင်းမှုနှင့် အဆိပ်

(မဟာဓနကုန်သည်ဝတ္ထု)

**အပေါ်နည်း၍ ပစ္စည်းများသော ကုန်သည်သည်**
**ဘေးရှိသော ခရီးကို ရှောင်ကြဉ်သကဲ့သို့**
**အသက်ရှင်နေလိုသူသည်**
**အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့**
**မကောင်းမှုကို ရှောင်ကြဉ်ရာ၏။**

(ဝါဏိ ဇောဝ ဘယံ မဂ္ဂံ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ မဟာဓန ကုန်သည်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မဟာဓနကုန်သည်၏အိမ်၌ ခိုးသားငါးရာတို့သည် တိုက်ခိုက်ယူငင်ရန် အချက်ကိုစောင့်လျက်ရှိ၏၊ မရကုန်။ တနေ့၌ လှည်းငါးရာတွင် ကုန်ပစ္စည်းများတင်၍ ထွက်မည်ဟု စီစဉ်ပြီး ရဟန်းတော်တို့အား တပည့်တော်သည် ဤအရပ်သို့သွားပါအံ့၊ အရှင်ဘုရားတို့ကြွလိုပါလျှင် ဆွမ်းဘောဇဉ်တို့ကို တာဝန်ယူပါမည်ဟု လျှောက်ကြားလိုက်၏။ ငါးရာကုန်သောရဟန်းတို့သည်လိုက်ပါတော်မူကြကုန်၏။

### ခိုးသားငါးရာ

ခိုးသားငါးရာတို့သည် ဤသတင်းကိုကြားလျှင် လမ်းခရီးတောအုပ်၌ သွားရောက် စောင့်ဆိုင်း နေကြ၏။ ကုန်သည်သည်

ထိုတောအုပ်၏အဝ၌ရှိသော ရွာတင်ရပ်နား၍ နွားလှည်းတို့ကို ပြင်ဆင်၍နေ၏။ ခိုးသားတို့က ကုန်သည်သည် ကြာမြင့်လှသည် ရွာမှထွက်မည့်နေ့သိအောင် ခိုးသူတယောက်ကို သွားရောက် စုံစမ်းစေ၏။ ထိုခိုးသူသည် ရွာမှ တိုင်ပင်ဖေါ် တိုင်ပင်ဖက် သူငယ်ချင်းအားမေး၏။ နှစ်ရက်သုံးရက် ကြာလျှင် ထွက်ကြလိမ့်မည်ဟု ပြောသည်။

ထိုသူသည် စဉ်းစား၏။ ကုန်သည်ကို အသိပေးရလျှင် ကောင်းမည်လော၊ ခိုးသားတို့ကို အသိပေးရလျှင် ကောင်းမည်လောဟု ကြံ၏၊ ကုန်သည်သည် ရဟန်းတော်တို့အား ပင်ပန်းခြင်းမရှိ ဆွမ်းဘောဇဉ်တို့ဖြင့် မျှတတည်နေ အသက်ရှည်ရကုန်၏၊ ကုန်သည်ကို သတိပေးအံ့ဟု ခိုးသားတို့ တောအုပ်မှ စောင့်ဆိုင်းနေကြောင်းကို သတိပေးလိုက်၏။

ဤသို့ဆိုလျှင် ဆက်၍မသွားတော့၊ အိမ်သို့ ပြန်တော့မည်ဟု ပြော၏။ ကုန်သည်ကြီး ရောက်မလာ၍ ခိုးသားတို့ စုံစမ်းပြန်သော် အိမ်သို့ ပြန်မည်ဖြစ်ကြောင်း သိရသဖြင့် အိမ်သို့ပြန်ရာ ခရီးတွင် စောင့်ကြပြန်၏။ ထိုယောကျ်ားသည် ကုန်သည်အား သတိပေးပြန်၏။

"ကုန်သည်ကစဉ်းစားသည်၊ ဤအရပ်မှာနေ၍ ငါ့မှာချို့တဲ့ခြင်းမရှိ၊ ဤအရပ်မှာပင် နေဦးမည်"ဟု ရဟန်းတော်တို့အား-

"တပည့်တော်သည် ခိုးသားတို့အကြောင်းကြောင့်ဤအရပ်မှာပင် ရပ်တန့်နေရပါဦးမည်၊ အရှင်ဘုရားတို့ စောင့်ဆိုင်းလိုပါက စောင့်ဆိုင်းပါ၊ ဆွမ်းကွမ်းအတွက် တပည့်တော် တာဝန်ယူပါမည်၊ ကြွလိုကလည်း ကြွနိုင်ပါသည်"ဟု လျှောက်၏။

## ရဟန်းငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း

ရဟန်းတော်တို့သည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ကြွသွားကြကုန်၏၊ မြတ်စွာဘုရားအထံသို့ရောက်၍ အကြောင်းစုံကို လျှောက်ထားလေလျှင် ဘုရားသခင်က အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောတော်မူလိုသောကြောင့်

**(၁၂၃) ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။**
**ဝိသံ ဇီဝိတု ကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။ ။**

(၁၂၃) အပေါင်းအဖော်နည်း၍ ပစ္စည်းများသော ကုန်သည်သည် ဘေးရှိသောခရီးကို ရှောင်ကြဉ်သကဲ့သို့ အသက်ရှည်၍ နေလိုသူသည် အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ ပညာရှိသော ရဟန်းသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေ၏။

(ဓမ္မပဒ ပါပဝဂ် ခုနစ်ခုမြောက် မဟာဓနကုန်သည် ဝတ္ထုပြီး၏)

## (၉) ပါပဝဂ်

### ၈။ စေတနာကံမပါပဲပြုလုပ်သူ

(ကုက္ကုဋမိတ္တ မုဆိုးဝတ္ထု)

အဆိပ်ကိုကိုင်ရသော်လည်း
အနာမရှိသောလက်သို့
အဆိပ်သည်
မလျှောက်မသွားသကဲ့သို့
အကုသိုလ်အလုပ်ကို
စေတနာမပါဘဲ
ပြုသူအား
အကုသိုလ်သည်
မလိုက်နိုင်ချေ။

(ပါဏိမှိ စေ ဝဏော နာဿ) အစရှိသည့် ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ကုက္ကုဋမိတ္တမုဆိုးကို အကြောင်းပြု၍ ဟောတော်မူ၏။

#### ဝတ္ထုကြောင်းကားဤသို့တည်း

ရာဇဂြိုဟ်ပြည်၌ အလွန်လှပသော သဌေးသမီးတယောက်ကို မိဘတို့ကဘုံခုနစ်ဆင့်ဖြင့်ပြာသာဒ်၌ထား၏။ လေသာပြုတင်းမှ လမ်းခရီးကိုကြည့်လျှင် ကျော့ကွင်းငါးရာ တံစို့ငါးရာနှင့် သားသမင်ငါးရာ တို့ကို သတ်၍ လှည်းဖြင့် တင်ဆောင်လာပြီး လှည်းဦး၌ လိုက်ပါလာသော မုဆိုးလုလင်ကို တွေ့မြင်လေသဖြင့် ဘဝရေစက်ကြောင့် ချစ်ချင်းမေတ္တာတို့ တဖွားဖွားပေါ်ခဲ့၏။

ထိုသူပြန်လျှင် ခရီးလမ်းကိုသိအောင် စုံစမ်းစေ၏။ နောက်တနေ့ နံနက်စောစော ဤတံခါးမှ ပြန်မည်ဟု စုံစမ်းစေသူက ပြောပြလျှင် သဌေးသမီးသည် အထုပ်အပိုးကိုပြင်၍ နောက်တနေ့ နံနက်စောစောတွင် ညစ်နွမ်းသော အဝတ်ကိုဝတ်ပြီး တိတ်တဆိတ်ထွက်ခဲ့ခါ ကုက္ကုဋမိတ္တမုဆိုးလာမည့်လမ်းမှ ကြို၍ စောင့်နေ၏။

မုဆိုးလုလင် လာလေလျှင် နောက်မှ တကောက်ကောက် လိုက်၏။ မုဆိုးလုလင်လည်း အဖန်ဖန်ပင် တားမြစ်၏။ သဌေးသမီးက အတင်းလိုက်လေလျှင် "ငါ့အား မေတ္တာတိမ်းညွတ်၍ လိုက်လာသည်"ဟု သိပြီး လှည်းပေါ်သို့တင်၍ ခေါ်ဆောင်သွားလေ၏။ မိခင်ဘခင်တို့သည် သမီးကို ရှာဖွေကြကုန်၏။ မတွေ့သည့်အဆုံး၌ သေပြီဟု လက်လျှော့လိုက်ကြ၏။

သဌေးသမီးသည် ကုက္ကုဋမုဆိုးနှင့် အတူတကွနေပြီး သားခုနစ်ယောက်ပင်ဖွားမြင်သည့်အချိန်သို့ ရောက်လေသဖြင့် သားခုနစ်ယောက်ကိုပင် သင့်ရာ သတို့သမီးနှင့် လှက်ထပ်ထိမ်းမြား၍ ပေးခဲ့၏။

## မြတ်စွာဘုရား ကြွတော်မူခြင်း

တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ယံတွင် လောကကို ကြည့်ရှုတော်မူသော် ကုက္ကုဋမိတ္တမုဆိုးနှင့် သားချွေးမတို့ကို ဉာဏ်တော်ကွန်ရက်သို့ ဝင်လာသည်ကို မြင်တော်မူ၏၊ ဆင်ခြင်တော်မူသော် တကျိပ်ငါးယောက်သော ထိုသူတို့သည် သောတာပတ္တိမဂ်သို့ရောက်ရန် အကြောင်းပြည့်ဝသည်ကို မြင်တော်မူသော

ကြောင့် သပိတ်သက်န်းကို ယူတော်မူပြီး ကုက္ကုဋမိတ္တ ထောင်ထားသော ကျောက်ကွင်း၏အရင်း၌ ခြေတော်ရာကိုပြ၍ ရှေ့တည့်တည့်မှ ခြုံတခု၏အရိပ်တွင် ထိုင်နေတော်မူ၏။

မုဆိုးသည် ကျော့ကွင်းတို့ကို အစမှစ၍ ကြည့်ရှုလေသော် သားတကောင်မှ မိသည်ကိုမမြင်ပဲ ခြေတော်ရာကို မြင်လေ၏။ တစုံတယောက်သည် ငါ၏အလျှင်လာ၍ သားသမင်တို့ကို လွှတ်လိုက်သည်ဟုထင်နေ၏။ မြတ်စွာဘုရားကိုတွေ့မြင်လျှင် ဤသူပင်ဖြစ်မည်ဟု ဒေါသဖြင့် တခါတည်းသတ်ရန် လေးကို ဆွဲငင်၍ တင်လေ၏။

မြတ်စွာဘုရားသည် လေးကိုတင်ခြင်း အခွင့်ပေးတော်မူ၍ လေးညှို့ကိုချခြင်း၊ ပစ်လွှတ်ခြင်း အခွင့်ကို ပေးတော်မမူသောကြောင့် မုဆိုးသည် လေးကိုမပစ်နိုင်၊ ချလည်းမချနိုင် မတုန်မလှုပ် ရပ်တည်နေ၏။

## သားခုနစ်ယောက်

ထိုအခါ မယားက အချိန်ကြာ၍ ပြန်မလာသော ဘခင်ကိုရှာကြရန် သားတို့၏အိမ်သို့ သွား၍ပြော၏။ ခုနစ်ယောက်သော သားတို့သည် လေးတို့ကိုယူပြီး လိုက်သွားကြ၏။ လေးကိုချိန်လျက် မတုန်မလှုပ်ရပ်နေသော ဘခင်အားရင်း၊ ထိုင်နေတော်မူသော ဘုရားသခင်ကိုရင်း မြင်လျှင် ဘခင်သည် ရန်သူနှင့်တွေ့နေပြီဟု မြတ်စွာဘုရားကိုပစ်ရန် သားခုနစ်ယောက်တို့က လေးတို့ကို တင်ပြီး ချိန်ရွယ်လိုက်သည်နှင့်တပြိုင်နက် တင်၍မရ၊ ချ၍မရ၊ လှုပ်၍မရဖြင့် ကျောက်ရုပ်လိုပင် ရပ်တည် နေကြကုန်၏။

## ချွေးမမျှားနှင့်အတူ လိုက်သွားခြင်း

ဖခင်ရောသားတို့ပါ ပြန်မလာသဖြင့် သားတို့ မိခင်သည် ချွေးမခုနစ်ယောက်ကို ခေါ်၍လိုက်ကြသည်၊ လေးကို ကိုင်ခါ ဆွဲငင်လျက် မတုန်မလှုပ် ရပ်နေကြသော ဖခင်နှင့် သားတို့ကို မြင်၍ ရှေ့တူရူကို ကြည့်လေလျှင် မြတ်စွာဘုရားကို မြင်သော အခါ လက်နှစ်ဖက်ကိုမြှောက်၍ ရှိခိုးလျက်ပြေးသွားပြီး–

"ကျွန်မ၏ဖခင်ကို မ ဖျက် ဆီး ကြ ပါ ကုန် လင့်" ဟု ဟစ်အော်၏။

ကုက္ကုဋမိတ္တမုဆိုးသည် မယား၏ အော်သံကိုကြား၍–

"ဤသူသည် ငါ၏ယောက္ခမပါတကား၊ ငါမှားလေပြီ"ဟု စိတ်၌ပေါ်လာ၏၊ သားတို့ကလည်း ငါတို့၏ အဘိုးကို ကြံစည်လေမိသည်ဟု အောက်မေ့ကြ၏၊ ဤသို့ဖြင့် မေတ္တာစိတ်တို့ ဖြစ်ပေါ်ကြ၏။

## သောတာပန် တည်ကြခြင်း

ထိုအမျိုးသမီးသည် သားလင်ခင်ပွန်းတို့လက်မှ လေးတို့ကို လျင်စွာဆွဲယူစွန့်ပစ်ပြီး "ငါ၏ဖခင်ကို တောင်းပန်ကြကုန်လော" ဟု ပြော၏၊ ထိုသူသည် ဘုရားသခင်ကို ရှိခိုးဦးချ၍ သည်းခံတော်မူပါရန် လျှောက်ထားတောင်းပန်ပြီး ရိုသေစွာ ထိုင်နေကြ၏၊ မြတ်စွာဘုရားသည် တရားစကားကို ဟောကြားတော်မူသည်၏အဆုံး၌ မုဆိုးနှင့်တကွ သားခုနစ်ယောက် ချွေးမခုနစ်ယောက် တဆယ့်ငါးယောက်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။

## ရှင်အာနန္ဒာ မေးလျှောက်ခြင်း

မြတ်စွာဘုရားသည် ဆွမ်းအလို့ငှာ လှည့်လည်တော်မူ၍ ညချမ်းအခါ ကျောင်းတော်သို့ကြွတော်မူ၏၊ ထိုအခါ အာနန္ဒာမထေရ်သည် ဘုရားသခင်ထံချဉ်းကပ်၍ အဘယ်အရပ်သို့ကြွတော်မူပါသနည်းဟု မေးလျှောက်၏။ မြတ်စွာဘုရားက "ငါဘုရားသည် ကုက္ကုဋ္ဌမိတ္တမုဆိုးလျှင် တဆယ့်ငါးယောက်မြောက်သော သူတို့ကို ရတနာသုံးပါး၌ ယုံမှားခြင်းကင်းပြီး ပါဏာတိပါတာကံ ကို စွန့်လွှတ်ခြင်းဖြစ်စေအပ်ပြီ"ဟု မိန့်တော်မူ၏။

## မယား သောတာပန်

မုဆိုး၏မယားအကြောင်းကို မေးလျှောက်ကြလျှင်ထိုမယားသည် သတို့သမီးဘ၀ မိဘအိမ်၌ပင် သောတာပတ္တိဖိုလ်သို့ရောက်ခဲ့လေသည်ဟု မိန့်တော်မူ၏။

ထိုနေ့ တရားသဘင်၌ "လင်မုဆိုး မယား သောတာပန်" အကြောင်းကို ရဟန်းတို့ပြောဆိုနေကြပြီး သားခုနစ်ယောက်တို့ ရသည့်ကာလပတ်လုံး လင်မုဆိုးက လေးမြားလှံ ပိုက်ကွန်တို့ကို ဆောင်ယူခဲ့လော့"ဟု ပြောသော် ဆောင်ယူ၍ ပေးခဲ့၏၊ ထို သောတာပန်မယား ယူ၍ပေးသော လေးမြား ပိုက်ကွန်တို့ဖြင့် လင်မုဆိုးသည် သားသမင်တို့ကို ဖမ်းဆီးသတ်ဖြတ်၏၊ သောတာပန်တို့သည် သူတပါး၏အသက်ကို သတ်ဖြတ်ခြင်းတည်းဟူသော ပါဏာတိပါတာကံကို ပြုလုပ်ကြလေသလော"ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားက အဘယ်စကားကို ပြောကြားစည်းဝေးကြကုန်သနည်းဟုမေးတော်မူသည်ရှိသော် အကြောင်းကိုပြန်ပြောင်းလျှောက်ထား၍ မြတ်စွာဘုရားက=

"ချစ်သားတို့။ ။သောတာပန် ပုဂ္ဂိုလ်သည် ပါဏာတိပါတအမှုကို မပြုကြကုန်၊ ထိုမိန်းမသည် အရှင်လင်၏ စကားကို လိုက်နာ၍ ပြု၏၊ ဤလေးမြား စသည်တို့ဖြင့် ထိုအရှင် လင်ယောကျ်ားသည် သူတပါး၏အသက်ကို သတ်ဖြတ်ခြင်း ပြုစေသတည်းဟူသော စိတ်သည် ထိုမိန်းမအားမရှိ"ဟု မိန့်တော်မူ၍ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၁၂၄) **ပါဏိမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။ နာဗ္ဗဏံ ဝိသ မန္ဒေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။**

(၁၂၄) လက်ဝါးအပြင်၌ အနာသည်မရှိခဲ့သည်ဖြစ်အံ့။ လက်ဖြင့် အဆိပ်ကိုဆောင်ယူခြင်းငှာ စွမ်းနိုင်ရာ၏၊ အဆိပ်သည်အနာမရှိသောလက်ကို အစဉ်တစိုက်လိုက်ခြင်းငှာမစွမ်းနိုင်၊ ထို့အတူ တပါးသော သတ္တဝါကို သေစေလိုသော စေတနာဖြင့် မပြုသောသူအား အကုသိုလ်မှုသည်မရှိ။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

## ကုက္ကုဋမိတ္တမုဆိုး၏ အတိတ်ဇာတ်

မြတ်စွာဘုရားသခင်သည်ရဟန်းတို့လျှောက်ထား၍ ကုက္ကုဋမိတ္တမုဆိုး၏အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရား၏ ဓာတ်တော် စေတီကို ရွှေဖြင့်ပြီးသော အုတ်တို့ဖြင့်စီကြ၏၊ အုတ်တချပ်သည် အဘိုး တသိန်းထိုက်၏၊ ဓာတ်တော်ကို ဌာပနာသောအခါ များစွာ သော ပစ္စည်းဥစ္စာဖြင့် အလိုရှိကုန်၏၊ အများဆုံး လှူဒါန်းသူ အား အကြီးအမှူးခန့်ရန် အစဉ်အလာအားဖြင့် အကြီးအမှူးကို ရှာကြံကြ၏။

ရွာငယ်မှ သဌေးတဦးသည် တကုဋေသောငွေကို ထည့်လှူ၏၊ ရွာငယ်က သဌေးသည် လှူရဲပေသည်ဟု မြို့ကြီး၌ နေသော သူဌေးကို ကဲ့ရဲ့ရှုတ်ချ ကြကုန်၏၊ မြို့ကြီး၌ နေသော သဌေးသည် နှစ်ကုဋေသောငွေကိုလှူ၍ အကြီးအမှူးပြု၏၊ ရွာငယ်သဌေး သည် သုံးကုဋေပြည့်အောင် ပေးလှူ၏၊ ဤသို့ဖြင့် အပြိုင်အဆိုင် ပေးလှူကြရာ မြို့ကြီး၌ နေသော သဌေးသည် ရှစ်ကုဋေ အထိ ပေးလှူ၏။

## ဘုရားကျွန်အဖြစ် လှူကြခြင်း

ရွာ၌နေသော သဌေးသည် စုစုပေါင်း ကိုးကုဋေသာ ရှိ၏။ သို့ဖြစ်၍ မြို့၌နေသော သဌေး တိုးတက်ပေးလှူပါက မိမိက ထို့ထက်သာ၍ ပေးလှူနိုင်မည် မဟုတ်သည်ကို သိပြီး ရှစ်ကုဋေ သော ပစ္စည်းနှင့်တကွ သားခုနစ်ယောက် ချွေးမခုနစ်ယောက်၊ မယားနှင့်တကွ မိမိကိုယ်ကိုပါ အလုပ်အကျွေးအဖြစ် စေတီ တော်သို့ ပေးအပ်လှူဒါန်း၏၊ မြို့၌နေသော သဌေး သည် လက် လျှော့လိုက်ရတော့၏။

တိုင်းနေပြည်သူ ဗိုလ်လူအများတို့က ထိုလူတို့အား သနားသဖြင့် ဘုရားကျွန်မှ လွတ်ကြကုန်၏၊ သို့သော် ထိုသူတို့သည် စေတီတော်၌သာ ဝတ်ကြီးဝတ်ငယ်ကို အသက်ထက်ဆုံးပြု၍ စုတိသည်ရှိသော် နတ်ပြည်၌ဖြစ်ကြကုန်၏။

ဂေါတမဘုရားလက်ထက်၌ မယားသည်နတ်ပြည်မှ စုတိ၍ ရာဇဂြိုဟ်ပြည်၌ သဌေးသမီးဖြစ်လာ၏၊ ငယ်စဉ်ကပင် သောတာပတ္တိဖိုလ်သို့ရောက်၏၊သတ္တဝါတို့၏ ပဋိသန္ဓေသည် ကြောက်ဖွယ်ကောင်းလှ၏။ ထိုရွာသဌေးသည် နတ်ပြည်မှ စုတိသော် မုဆိုးဘဝသို့ရောက်ရ၏၊ ထို့ကြောင့် သဌေးသမီးသည် ထိုမုဆိုးကို မြင်ကာမျှဖြင့် ချစ်ချင်းမေတ္တာသည် လွှမ်းမိုး၏၊ အစဉ်အတိုင်း လင်သားချွေးမတို့သည် အဘူတကျွဖြစ်လာကြပြီး ကဿပဘုရားရှင်၏ စေတီတော်ကိုပြုခဲ့ဘူးသော ကောင်းမှုကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်လေကုန်၏။

(ဓမ္မပဒ ပါဠိဝင် ရှစ်ခုမြောက် ကုက္ကုဋမိတ္တမုဆိုး ဝတ္ထု ပြီး၏)

(၉) ပါပဝဂ်

## ၉။ သူများမကောင်းကြံ ကိုယ်သာခံ

(ကောကခွေးမုဆိုးဝတ္ထု)

လေတင်သို့ပစ်လွှတ်လိုက်သော
မြူမှုန်နုသည်
ပစ်လွှတ်သူထံသို့သာ
ပြန်လည်၍ ကျရောက်သကဲ့သို့
မပြစ်မှားထိုက်သူကို
ပြစ်မှားသော သူသို့သာလျှင်
မကောင်းမှုကံသည်
ပြန်လည်သက်ရောက်၏။

(ယော အပ္ပဒုဋ္ဌဿ) အစရှိသော ဒေသနာတော်ကိုသာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကောကခွေးမုဆိုးကိုအကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း။

မုဆိုးတယောက်သည် တနေ့နံနက် လေးကိုယူပြီး နောက်ပါခွေးတို့နှင့် တောသို့သွား၏၊ လမ်းခရီး၌ ဆွမ်းခံရန် ကြွတော်မူလာသောရဟန်းတပါးကိုတွေ့မြင်၍ဤသူယုတ်မာကိုတွေ့မြင်ရသဖြင့် ယနေ့တစုံတခုမျှ ရမည်မဟုတ်ဟု ဒေါသထွက်မိ၏။

မထေရ်သည် ရွာမှဆွမ်းခံပြန်လာရာလမ်းတွင် တောမှပြန်လာပြီး သားကောင်မရ၍ စိတ်ပျက်လာသော ခွေးမုဆိုးနှင့်

ဆုံမိပြန်သော် ဤသူယုတ်ကိုမြင်ရသောကြောင့် တစုံတခုသော သားကောင်ကိုမျှ မရဟု ခွေးတို့ကိုလွှတ်၍ ကိုက်စေ၏၊ မထေရ်သည် တောင်းပန်၏၊ မုဆိုးသည် ခွေးတို့ကိုလွှတ်၏။ မထေရ်သည် သစ်ပင်ပေါ်သို့ လျင်စွာတက်၍ ခွကြား၌ ထိုင်နေ၏၊ ခွေးတို့သည် သစ်ပင်ကိုဝိုင်းကုန်၏၊ မုဆိုးသည် မထေရ်၏ ခြေဖဝါးကို မြားသွားဖြင့်ထိုး၏၊ မထေရ်သည် မပြတ်တောင်းပန်၏။

## မုဆိုး ခွေးစာဖြစ်ခြင်း

မုဆိုးသည် ထပ်ခါထပ်ခါ မြားသွားဖြင့်ထိုး၏၊ မထေရ်၏ ကိုယ်သည် မီးဖြင့်မြိုက်သကဲ့သို့ ဖြစ်၏၊ ပြင်းထန်စွာသော ဝေဒနာ ခံစားရသဖြင့် သတိလက်လွှတ်ဖြစ်ပြီး ရုံထားသော သင်္ကန်းပျက်စီး၍ ကျွတ်ကျ၏၊ သင်္ကန်းသည် ကောကမုဆိုး၏ ဦးခေါင်းမှစ၍ လွှမ်းခြုံပြီးကျလေ၏။

ခွေးတို့သည် မထေရ်ကျလာပြီဟူသော အမှတ်ဖြင့် သင်္ကန်း၏ အတွင်းသို့ဝင်၍ မုဆိုးကိုကိုက်ခဲကြ၏၊ မုဆိုးသည် သေလေ၏၊ မထေရ်သည် သစ်ကိုင်းခြောက်ကို ချိုး၍ ခွေးတို့ကို ပစ်၏၊ ခွေးတို့သည် မထေရ်ကို မြင်၍ သခင်ကို ကိုက်ခဲ့မိပြီဟု သိရသောကြောင့် တောသို့ ပြေးဝင်ကုန်ကြ၏။

## ဘုရားသခင်ထံ လျှောက်ထားခြင်း

မထေရ်သည် မိမိသင်္ကန်းကြောင့် မုဆိုး သေကြေပျက်စီးရသည် ဖြစ်၍ မိမိ၌ သီလစင်ကြယ်၏ မစင်ကြယ်၏ကို သံသယ ဖြစ်မိ၏။ ထို့ကြောင့် မြတ်စွာဘုရားထံသွားရောက်၍အကြောင်းစုံကို လျှောက်ထား၏။

မြတ်စွာဘုရား သခင်သည်=

"ချစ်သားရဟန်း။ ။သင်၏သီလသည်ညစ်နွမ်းကျိုးပေါက် ပျက်စီးခြင်းမရှိ၊ ထိုမုဆိုးသည် မပြစ်မှားထိုက်သူအား ပြစ်မှား မိ၍ပျက်စီးခြင်းသို့ရောက်ရ၏။ထိုမုဆိုးသည်ယခုဘဝမှသာမဟုတ် သေး၊ ရှေးလွန်လေပြီးသော ဘဝကလည်း ဤသို့ပင် ဖျက်ဆီး ခြင်းကြောင့် ပျက်စီးရဘူးလေပြီ"ဟု အတိတ်ဇာတ်ကို ဟော တော်မူ၏။

## ခွေးမုဆိုး၏ အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ၌ ဆေးဆရာ တယောက်သည် ဆေးကုရန် ရွာ၌လှည့်လည်သော် ဆေးကုစရာတစုံတယောက်မျှ မရခဲ့၊ ရွာတံခါး၌ ကစားနေကြသော သူငယ်တို့ကိုတွေ့၍ ဤ သူငယ်တို့ကို မြွေကိုက်စေပြီး ဆေးကုခ ယူတော့မည်ဟု သစ်ခေါင်း၌ ဦးခေါင်းကို ဖော်၍ အိပ်နေသော မြွေဆိုး တကောင်ကိုပြပြီး သူငယ်တို့အား ထိုဆက်ရက်ငှက်တို့အား ဖမ်း ပါတော့လားဟု ပြော၏၊ သူငယ်တယောက်သည် ဆက်ရက်ငှက် မှတ်ထင်၍ မြွေ၏လည်ပင်းကို ဆုတ်ကိုင်မိလေသော် မြွေမှန်းသိ သဖြင့် ကြောက်အားလန့်အားနှင့် တအားလွှဲ၍ ပစ်လိုက်ရာ မြွေသည် ဆေးဆရာကိုထိမှန်၍ ကျောကုန်းရိုးကို ခဲအပ်သည် ဖြစ်၍ ဆေးဆရာသည် ထိုနေရာ၌ သေလေ၏။

မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဟောတော်မူပြီး အနု သန္ဓေကို စပ်တော်မူလို၍ တရားတော်ကို ဟောတော်မူလိုသော ကြောင့်-

(၁၂၅) ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

(၁၂၅) အကြင်သူ ဒိုက်သည့် မပြစ်မှားထိုက်သော စင်ကြယ်သော ကိလေသာ အညစ်အကြေးမရှိသော ပုဂ္ဂိုလ်သူမြတ်အား ပြစ်မှား၏၊ လေညာသို့ ပစ်လွှတ်သော မြူနုသည် ထိုပစ်လွှတ်သော သူတို့သာလျှင် ရှေ့ရှုလာဘိသကဲ့သို့ ပြစ်မှားတတ်သော ထိုသူသို့သာလျှင် မကောင်းမှုအကျိုးသည် ရှေ့ရှုလာ၏။

(ဓမ္မပဒ ပါပဝဂ် ကိုးခုမြောက် ကောကခေ့မှုဆိုး ဝတ္ထုပြီး၏)

## (၉) ပါပဝဂ်

## ၁၀။ မကောင်းမှုကံ ငရဲ၌ခံ

### (မဏိကာရ ကုလူပက တိဿရဟန်း ဝတ္ထု)
### အိမ်သို့ချဉ်းကပ်သော ရဟန်း

မကောင်းမှုကို ပြုသူတို့သည်
ငရဲသို့လားကြကုန်၏၊
ကောင်းမှုကို ပြုသောသူတို့သည်
နတ်ပြည်သို့ ရောက်ကုန်၏။

(ဂဗ္ဘ မေကေ) ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ တိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တိဿမထေရ်သည် ပတ္တမြားကို ကြိုးသွင်းရန် ထွင်းတတ်သောသူ၏ အိမ်၌ တဆယ့်နှစ်နှစ်တိုင်ပတ်လုံး ဆွမ်းဘုဉ်းပေးတော်မူ၏၊ လင်မယားနှစ်ယောက်တို့သည် မထေရ်၏ မိခင်ဘခင်အရာ၌ မထေရ်ကို လုပ်ကျွေးပြုစုကြ၏။

တနေ့၌ ထိုယောကျ်ားသည် ဟင်းအတွက် အသားတို့ကို ခုတ်စဉ်း၍နေစဉ် သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးထံမှ ဤပတ္တမြားကို သွေး၍ ထွင်းပြီး ငါ့ထံ ဆက်သစေဟု ပတ္တမြားတလုံးကို စေလွှတ်ပေးပို့လိုက်၏။

## ပတ္တမြား ပျောက်ဆုံးမှု

ထိုသူသည် သွေးအလိမ်းလိမ်းသော လက်ဖြင့် ပတ္တမြားကို ယူ၍ အနီး၌တင်ထားပြီး လက်ဆေးရန်အိမ်ထည်းသို့ဝင်သွား၏၊ အိမ်၌မွေးထားသော ကြိုးကြာငှက်သည် သွေးလိမ်းသော အနံ့ဖြင့် အသားတုံးဟုထင်ပြီး ပတ္တမြားတုံးကို မထေရ်၏ ရှေ့မှာပင် ကောက်ယူ၍မျိုလေ၏။

အိမ်တွင်းမှထွက်လာ၍ ပတ္တမြားတုံးကို မတွေ့လျှင် သားသမီးနှင့် သားမယားတို့ကိုမေး၏၊ မယူပါဟုဆိုလျှင် မထေရ်ပင်ခိုးလိမ့်မည်ဟု ယူဆ၍ မယားအားပြော၏၊ မယားက မဟုတ်နိုင်ကြောင်း ရှင်းပြ၏၊ထိုသူသည် မထေရ်ကိုဖွင့်၍မေး၏၊မထေရ်က မယူပါဟုပြော၏၊ဤနေရာ၌ အခြားသူမရှိ အရှင်ဘုရားသာရှိသည်ဟု ထပ်ခါတလဲလဲပင်တောင်း၏၊ မထေရ်က မယူပါဟုပင်ပြော၏။

ဘုရင်မင်းမြတ်၏ ပတ္တမြားဖြစ်၍ ပတ္တမြားပြန်မရလျှင် ရာဇဝတ်သင့်မည်ကြောင့် မထေရ်မှတပါးအခြားသူမရှိသဖြင့်မထေရ်ကို ကြိုးနှင့်တုတ်ခါ ရိုက်နှက်၍မေး၏၊မထေရ်၏ဦးခေါင်းမှရင်း၊ နား၊ နှာခေါင်းတို့မှရင်း သွေးတို့သည် ယိုစီး ထွက်ကျကုန်၏။ နာကျင်ပြင်းပြလှသဖြင့် မြေကြီး၌လဲလေ၏။

ကြိုးကြာငှက်သည် သွေးအနံ့ဖြင့် မထေရ်မှ ထွက်ကျသော သွေးကိုသောက်ရန်လာ၏၊ ဒေါသထွက်နေသော ထိုယောကျ်ားသည် ကြိုးကြာငှက်ကို တအားကန်ထုတ်လိုက်၏၊ တချက်တည်းဖြင့် ကြိုးကြာငှက်သည် သေ၍ ပက်လက်လဲနေ၏။

## ကြိုးကြာသေမှ မထေရိမိန့်တော်မူခြင်း

မထေရ်သည် ထိုကြိုးကြာငှက်သေသည်ကိုမြင်၍....

''ဒါယကာ၊ ငါ့ကို ကြိုးဖြည်ပေးပြီး ကြိုးကြာငှက် သေ မသေကို ကြည့်ပါဦးလော့''ဟု ပြော၏။

''ကြိုးကြာငှက်သေပါပြီ၊ ကြိုးကြာငှက်သေသလို အသင်လည်း သေရမည်''

''ဒါယကာ၊ ပတ္တမြားလုံးကို ဤကြိုးကြာငှက်မျို၍ထားပေသည်၊ ဤကြိုးကြာငှက်မသေလျှင် ငါသည် အသင် ရိုက်နှက်သောဒဏ်ရာကြောင့် ဤနေရာ၌ပင်သေသော်လည်း အသင့်အား ပြောကြားမည်မဟုတ်''ဟု မိန့်တော်မူ၏။

## သည်းခံတရား

ထိုသူသည် ကြိုးကြာငှက်ရင်ကို ခွဲ၍ကြည့်သော် ပတ္တမြားလုံးကိုတွေ့၍ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်၏၊ မထေရ်၏ခြေရင်း၌ ဝပ်စင်းပြီး သည်းခံတော်မူပါရန် လျှောက်၏။

“ဒါယကာ။ ။သင့်အားလည်းအပြစ်မရှိ၊ ငါ့အားလည်း အပြစ်မရှိ၊ စင်စစ်မှာကား သံသရာဝဋ်ဆင်းရဲ၏အပြစ်သာ လျှင် ဖြစ်လေသည်၊ အသင့်အားလည်း ငါသည်းခံ၏”ဟု မိန့်တော် မူ၏။

## တောင်းပန်ခြင်းကို လက်မခံ

ထိုသူသည် ယခင်ကကဲ့သို့ပင် အိမ်၌ ကြွမြဲကြွ၍ ဆွမ်းဘုဉ်း ပေးပါရန် လျှောက်ထားလေလျှင်....

“ဒါယကာ။ ။ငါသည် ယခုအခါမှစ၍ သူတပါးတို့၏ အိမ်မိုးအတွင်းသို့ မဝင်တော့အံ့၊ ယခုခံရသောအပြစ်သည် အိမ် တွင်းသို့ဝင်ခြင်း၏ အပြစ်သာလျှင်ဖြစ်သည်၊ ယနေ့မှစ၍ ငါ၏ ခြေတို့သည် ကျိုးပျက်သည့်အခါမှသာလျှင် အိမ်၏တံခါး၌ထိုင် နေ သီတင်းသုံးလျက် ဆွမ်းကို ခံယူ သုံးဆောင်တော့မည်” ဟု မိန့်ဆိုတော်မူပြီး ဓမ္မတင်ကိုဆောက်တည်၍....

“ဒါယကာ။ ။မုနိမည်သော ရဟန်းအား အမျိုးအိမ် အမျိုးအိမ်တိုင်း၌ အနည်းငယ် အနည်းငယ်သောဆွမ်းကိုချက်၏၊ အကြင်မျှလောက် ငါ့အား သလုံးမြင်းခေါင်းအား အစွမ်းသည် ရှိ၏၊ ထိုမျှလောက် ဆွမ်းအလို့ငှာ အိမ်စဉ်မပြတ် လှည့်ပတ် ပေတော့အံ့”

## ပရိနိဗ္ဗာန်ပြုခြင်း

မထေရ်သည် မကြာမီပင် ထိုဒဏ်ရာတို့ဖြင့် ပရိနိဗ္ဗာန်ပြုတော် မူ၏၊ ကြိုးကြာငှက်သည်မယား၏ဝမ်းဝယ်တည်လေ၏၊ ပတ္တမြား ထွင်းသမားသည်သေလွန်လျှင်ငရဲ၌ဖြစ်၏၊ မယားသည် မထေရ်၌ နူးညံ့သော စိတ်နှလုံးရှိခြင်းကြောင့် သေလွန်လျှင် နတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသခင်သည် ထိုအကြောင်းကို အနုသန္ဓေ စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်=

(၁၂၆) ဂဗ္ဘ မေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပ ကမ္မိနော။
သဂ္ဂ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

(၁၂၆) အချို့သူတို့သည် အမိဝမ်းသို့ဖြစ်ကြလေ၏။ မကောင်းမှုကို ပြုသော သူတို့သည် ငရဲသို့ လားကြကုန်၏။ ကောင်းမှုကို ပြုသောသူတို့သည် နတ်ပြည်သို့ ရောက်ကုန်၏။ အာသဝေါ ကင်းပြီးသော ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုကုန်၏။

(ဓမ္မပဒ ပါပဝဂ် ဆယ်ခုမြောက် မဏိကာရကုလူပကတိဿ မထေရ်ဝတ္ထုပြီး၏)

※　※　※　※

## (၉) ပါပဝဂ်

## ၁၁။ ဝဋ်မှာအမြဲ

(တယောဇန ဝတ္ထု)

မီးကွင်းလည်ဆွဲ ဂူထဲပိတ်ခါ
ရေမှာနစ်သတ် ဤဖြစ်ရပ်သည်
ရှေးဝဋ်ကြွေးမှာအကြောင်းတည်း။ ။

(နအန္တလိက္ခေ) အစထွေသော ဒေသနာတော်ကို သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ သုံးဦးသောသူတို့ကိုအကြောင်း ပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူ၏။ ရဟန်းတော်တို့သည် ဆွမ်းအလို့ငှာ ရွာသို့ကြွဝင်တော်မူကြ၏။

## မီးကွင်းလည်ဆဲ့ ကျီးမိုက်မဲ

ရွာသူတို့သည် ရဟန်းတော်တို့အား ဆွမ်း ဘောဇဉ်တို့ကို ဆက်ကပ်၏၊ ထိုစဉ်အခိုက် အိမ်တအိမ်မှ မိန်းမတယောက်သည် ဟင်းလျာချက်ပြုတ်နေစဉ် မီးတောက်သည် သက်ငယ် အမိုးကို လောင်၏၊ သက်ငယ်အခွေတခွေသည် ကောင်းကင်သို့မီးတောက်နှင့်တကွ လွင့်တက်သွား၏၊ ကျီးတကောင်သည် ပျံသန်းလာယင်း ထိုမီးကွင်းထဲသို့တိုးဝင်မိ၍တကိုယ်လုံးလောင်ကျွမ်းပြီး ကောင်းကင်မှ ကျ၍ သေလေ၏။

ရဟန်းတော်တို့က ဤကျီးမိုက်၏ ဝဋ္ဋကြွေးကို ဘုရားသခင် သာလျှင် သိတော်မူ၏၊ ကျောင်းသို့ရောက်လျှင် လျှောက်ထားအံ့ဟု ကြံ၏။

## အိုးထုပ်လည်ဆဲ့ ရေနက်ထဲသို့

အခြား ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန်အလာ လှေကြုံကိုစီး၍ လာကြ၏၊ သမုဒ္ဒရာအလည်သို့ရောက်လျှင် လှေသည် မတုန်မလှုပ် ရပ်၍နေ၏။ လှေသူကြီးသည် ဤလှေပေါ်၌ ယုတ်မာသူ ပါရှိလိမ့်မည်ဟု ပြောဆို၍စာရေးတံမဲ နှိုက်ကြစေ၏၊

ငယ်ရွယ်သေးသော လှေသူကြီး၏မယားသည် မဲကျ၏၊ သုံးကြိမ် သုံးခါတိုင်တိုင် ထိုအမျိုးသမီးငယ် ၌မဲကျသော် လှေသူကြီးက တယောက်အတွက် အများဒုက္ခမခံနိုင် ရေလည်သို့ ပစ်ချကြကုန် လော့ဟု အမိန့်ပေး၏။

အမျိုးသမီးငယ်ကို ရေ၌ပစ်ချရန် ဆွဲငင်သည်ရှိသော် သေအံ့ သော ဘေးမှ ကြောက်လန့်၍ တအားပင်အော်ဟစ်၏၊ ထိုအသံ ကိုကြားလျှင် လှေသူကြီးက အဝတ်တန်ဆာတို့သည် ရေ၌ အချည်းနှီးဖြစ်လိမ့်မည်၊ အားလုံးကို ချွတ်ယူပြီးမှ ပုဆိုးပိုင်းကို ပတ်၍ ပစ်ချကြ၊ ထိုသူငယ်မ ရေထဲမှတဖန် ပြန်ပေါ်လာသည်ကို ငါမမြင်လို၊ သဲအိုးကို လည်ပင်း၌ဆွဲပြီး တခါတည်း မြုပ်သွား အောင် ပစ်ချကြဟု အမိန့်ပေး၏၊ ဤသို့အမိန့်အတိုင်းပြုလုပ်ကြ သော် ငါးလိပ်တို့သည် လုယက်၍ စားကြကုန်၏။

ရဟန်းတို့သည် ဤအချင်းအရာကိုကြည့်၍ အဘယ်သို့ ဖြစ် လေသနည်း၊ ဘုရားသခင်သာ သိပေမည်၊ မေးမြန်းလျှောက် ထားကြကုန်အံ့ဟု စိတ်ကူးထားကြ၏။

## ဂူတွင်းပိတ်မိသော ရဟန်းခုနစ်ပါး

အခြားတနေရာ၌လည်း ရဟန်း ခုနစ်ပါးတို့သည် မြတ်စွာ ဘုရားထံ ဖူးမြင်ရန်လာကြ၏၊ ညခနေချမ်း လမ်းခရီးရှိကျောင်း တခုသို့ ဝင်၍ တည်းခိုကြ၏၊ ကျောင်းရှိရဟန်းတို့က ဂူလိုဏ်တွင် အင်းပျဉ်ကုတင် ခုနစ်လုံးရှိသည်ဖြစ်၍ ဂူလိုဏ်အတွင်း နေရာ ခင်းကျင်းပြီး အာဂန္တုက ရဟန်းတို့အား ထားပေ၏။

ညဉ့်အချိန်ရောက်လျှင် တောင်စောင်းမှ ကြီးစွာသော ကျောက်တုံးကြီး လိမ့်ကျလာပြီး ဂူဝ၌ ပိတ်ဆို့၏၊ ကျောင်းနေ ရဟန်းတို့သည် ရွာသူရွာသားများကို သွားရောက်ခေါ်ငင်ပြီး ဖယ်ရှားကြ၏၊ ကျောက်တုံးသည် ရွေ့သည်မျှမရှိပေ၊ အတွင်းမှ ရဟန်းခုနစ်ပါးတို့သည် ရှိသမျှအားနှင့်တွန်းကြ၏၊ ရွေ့သည်မျှ မရှိ၊ ခုနစ်ရက်တိုင်တိုင်ပင် ဖယ်ရှားသော်လည်း မရ၊ လိုဏ်ဂူ အတွင်းရှိ ရဟန်းခုနစ်ပါးသည် ခုနစ်ရက်တိုင်တိုင် အစာရေစာ ပြတ်၍ကြီးစွာသောဆင်းရဲဒုက္ခရောက်ကြရ၏၊ခုနစ်ရက်မြောက်မှ ကျောက်တုံးကြီးသည် အလိုလိုသာလျှင် လိမ့်၍ သွားတော့၏။ ဤသို့သော မကောင်းကျိုးသည် အဘယ်ကြောင့် ဖြစ်ရသနည်း ဟု အာဂန္တုရဟန်းတို့သည် မြတ်စွာဘုရားထံရောက်မှ လျှောက် ကြကုန်အံ့ဟု ကြံစည်၍သွား၏။

## မြတ်စွာဘုရားသခင် ဖြေကြားတော်မူခြင်း

ထိုရဟန်းသုံးဖွဲ့တို့သည် မြတ်စွာဘုရားအထံတော်၌ဆုံမိကြ၏၊ မိမိတို့တွေ့ကြုံ သိမြင်ရသမျှကို လျှောက်ထား မေးမြန်းကြ၏၊ မြတ်စွာဘုရားသခင်က အတိတ်ဇာတ်များကို ဟောကြားတော် မူ၏။

## နွားထက်မိုက်သောသူ

ထိုကျီးမိုက်သည် မိမိပြုခဲ့သောကံကို ခံစားရခြင်းဖြစ်၏။

ရှေးသရောအခါ ဗာရာဏသီပြည်မှ လယ်သမားတယောက် သည် နွားကပ်တကောင်ကိုရရှိ၏၊ နွားသည်အလုပ်ရှိ၍ခိုင်းလျှင် အနည်းငယ်သာသွား၍ လှဲအိပ်၏၊ ကြိမ်ဖြင့် ရိုက်သော်လည်း

အနည်းသာသွား၍ တဖန် အိပ်ပြန်၏၊ လယ်သမားသည် ဒေါသထွက်၍ တသက်လုံးသာ အိပ်ပေတော့ဟု နွား၏ လည်ကို ကောက်ရိုးတို့ဖြင့်ပတ်၍ မီးတိုက်၏၊ နွားသည် ထိုအရပ်၌ သေလေ၏။

"ချစ်သားရဟန်းတို့။ ။ဤကဲ့သို့ မကောင်းမှု အကုသိုလ်ကံကို ပြုခဲ့သောကြောင့် ထိုကျီးသည် အကုသိုလ်၏ အကျိုးဆက်ဖြင့် ငရဲ၌ရှည်လျားစွာ ခံရပြီး ကံကြွင်းကြောင့် ခုနစ်ကြိမ်တိုင်တိုင် ဤသို့လျှင် မီးလောင်၍ သေရဘူးပြီဟု မိန့်တော်မူ၏။

**မိန်းမ ခွေးမုဆိုး**

လှေသူကြီးမယား၏ အတိတ်ကံမှာ

ရှေး၌ ထိုမိန်းမသည် သူကြွယ်၏မယား ဖြစ်ခဲ့၏။ ကိုယ်တိုင်ပင် ရေကိုရွက် စပါးထောင်း လုပ်လေ့ရှိ၏။

အိမ်၌ မွေးမြူထားသောခွေးတကောင်သည် ထိုမိန်းမအနီး၌ အမြဲမပြတ် နေ၏။ တောသို့ ထင်းခွေလျှင်လည်း ခွေးသည် နောက်မှ တကောက်ကောက်လိုက်၏။ ထိုအခါ ရွာမှသူငယ်တို့က "ခွေးမုဆိုး တောသို့သွားလေပြီ"ဟု ပျက်ရယ်ပြုကြ၏။ မိန်းမသည် ရှက်၏။

ရေခပ်သွားလျှင် ခွေးသည် နောက်မှလိုက်မြဲလိုက်၏။ ခဲတုတ်တို့ဖြင့် ပစ်ခတ်သော်လည်း မရ၊ လိုက်မြဲပင်လိုက်၏။ အမှန်စင်စစ်မှာ ထိုခွေးသည် လွန်ခဲ့သော သုံးဘဝက ထိုမိန်းမ၏ လင်ယောကျ်ား ဖြစ်ခဲ့ဘူးသောကြောင့် ဤသို့ လိုက်နေခြင်း ဖြစ်၏။

တနေ့တွင် ထိုသူကြွယ်မသည် လယ်၌နေသော ခင်ပွန်းသည်အား ယာဂုကိုပို့ရန်အသွား ကြိုးတချောင်းကို ရင်ခွင်၌ထည့်၍ ယူဆောင်သွား၏။ ခွေးသည်လည်း လိုက်သွား၏။ယောကျ်ား

အား ယာဂုကိုကျွေးပြီးလျှင် အိုးလွတ်ကိုယူခဲ့၍ မြစ်ကမ်းပါးသို့ သွားခါ အိုးထဲ၌ သဲအပြည့်ထည့်ပြီး ကြိုးဖြင့် ချည်နှောင်၏။ ထို့နောက် ခွေးကိုခေါ်၏။ ခွေးသည် သာယာသောအသံဖြင့် ခေါ်သည်ဟု ဝမ်းမြောက်ခါ အမြီးကိုလှုပ်လျက် အနီးသို့ချဉ်း ကပ်သွား၏။ မိန်းမသည် ခွေးလည်ပင်းကို ကိုင်၍ တဖက်ကြိုးစ ဖြင့် မြဲမြံစွာချည်ပြီး အိုးကို ရေထဲသို့ ပစ်ချလိုက်ရာ၊ ခွေးပါ ရေထဲသို့ကျ၍ နစ်မြုပ် သေဆုံးလေ၏။

ထိုမိန်းမသည် ဤအကုသိုလ်၏ အကျိုးဆက်ကြောင့် နှစ်ရှည် များစွာ ငရဲ၌ခံရပြီး ယခုလို ကံကြွင်း၏ အကျိုးဆက်ကြောင့် ဤသို့ဖြစ်ရလေသည်ဟု မိန့်တော်မူ၏။

## ဖွတ်ဖမ်းသော သူငယ်ခုနစ်ယောက်

အာဂန္တုကရဟန်းခုနစ်ပါး လိုဏ်ဂူ၌ပိတ်၍ခုနစ်ရက်တိုင်တိုင် ဒုက္ခခံစားရသော အကြောင်းကား....

ရှေးသရောအခါ ဗာရာဏသီပြည်၌ နွားကျောင်းသား ခုနစ် ယောက်တို့သည် နွားကျောင်းရင်း ဖွတ်ကြီးတကောင်ကိုတွေ့၍ ဝိုင်းလိုက်ကြ၏၊ ဖွတ်သည် ရှေ့မှပြေးသွားပြီး တောင်ပို့တခုသို့ ဝင်လေ၏။ ထိုတောင်ပို့၌ အပေါက်ခုနစ်ပေါက်ရှိ၍ သူငယ် ခုနစ်ယောက်တို့သည် တယောက်တပေါက်စီ ပိတ်ကြပြီး ထွက် သွားကြ၏။ ခုနစ်ရက်ကြာမှ သတိရ၍ အပေါက်တို့ကို ဖွင့်ကြ သည်ရှိသော် ပိန်လှီ၍ အရိုးအရေမျှသာရှိသောဖွတ်သည် တုန် လှုပ်စွာ ထွက်လာ၏၊သူငယ်တို့လည်း ဖွတ်ကိုသနားကြ၍ မသတ် တော့ဘဲ လွှတ်လိုက်၏။

ထိုဖွတ်ကိုမသတ်၍ထိုသူငယ်တို့သည်ငရဲသို့မကျခဲ့ပေ၊သို့သော် ထိုကံ၏ အကျိုးဆက်ကြောင့် တဆယ့်လေးဘဝတိုင်တိုင် ခုနစ်ရက်ပတ်လုံး အစာအာဟာရပြတ်သောအဖြစ်ကိုခံခဲ့ကြရကုန်၏။

"ချစ်သားရဟန်းတို့။ ။ထိုအခါ၌ အသင်တို့သည် ခုနစ်ယောက်သော နွားကျောင်းသားသူငယ်တို့ ဖြစ်ကြကုန်၏" ဟု မိန့်တော်မူ၏။ ထိုနောက် မြတ်စွာဘုရားသခင်သည် အနုသန္ဓေ စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်....

(၁၂၇) န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ။
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော။
ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။ ။

(၁၂၇) ကောင်းကင်၌နေသော်လည်း မကောင်းမှုကံမှ မလွတ်နိုင်ရာ။ သမုဒ္ဒရာအလယ်၌နေသော်လည်း မကောင်းမှုကံမှ မလွတ်နိုင်ရာ။ တောင်လိုဏ်ခေါင်းသို့ ဝင်၍နေသော်လည်း မကောင်းမှုကံမှ မလွတ်နိုင်ရာ။ အကြင်အရပ်၌နေ၍ မကောင်းမှုကံမှလွတ်မြောက်ရာ၏။ ထိုလွတ်မြောက်ရာ အရပ်သည်မရှိ။

(ဓမ္မပဒ ပါပဝဂ် တဆယ့်တစ်ခုမြောက် တယောဇနဝတ္ထုပြီး၏)

(၉) ပါပဝဂ်

## ၁၂။ ပုန်းအောင်း၍ရာမရှိ

## (သုပ္ပဗုဒ္ဓ သာကီဝင်မင်းကြီး ဝတ္ထု)

**ကောင်းကင်မှာနေ၊ ရေလည်သို့ပြေး**
**တောင်ကြားလိုဏ်ဂူပုန်းအောင်းမူလည်း**
**သေမင်းလက်မှ မလွတ်နိုင်။**

(န အန္တလိက္ခေ) အစရှိသော ဒေသနာတော်ကို ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်၌သုပ္ပဗုဒ္ဓမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သုပ္ပဗုဒ္ဓမင်းကြီး ဟူသည်ကား ယသော်ဓရာဒေဝီ၏ ခမည်းတော်၊ မယ်တော်မာယာ၏မောင်ထွေး၊ ဒေဝဒတ်၏ ဖခင်ရင်းဖြစ်ပေ၏၊ ထိုသုပ္ပဗုဒ္ဓ မင်းကြီးက မြတ်စွာဘုရားသခင်ကိုငါ၏သမီးအား စွန့်ထား၍ တောထွက်သွားသည်။ သားတော်ဒေဝဒတ်ကို ရဟန်းပြုစေပြီးမှ ရန်သူအရာ၌ ထားလေသည် ဟူ၍နှစ်ချက်ကို အကြောင်းပြု၍ ရန်ငြိုးဖွဲ့ထား၏။

မြတ်စွာဘုရားသည် သံဃာတော်အပေါင်း ခြံရံလျက် ဒေဝဒဟပြည်သို့ ဆွမ်းခံကြွချီတော်မူသည်ဟုကြားလျှင် သုပ္ပဗုဒ္ဓသည် မြတ်စွာဘုရား ကြွချီတော်မူလာမည့်လမ်းကိုပိတ်လျက် အဖော်

အပေါင်းတို့နှင့် သေအရက်ကိုသောက်စား၍ နေ၏။ မြတ်စွာဘုရား ကြွလာတော်မူပါသည်ဟု သုပ္ပဗုဒ္ဓမင်းကြီးအား လျှောက်ထားကြလျှင်-

''ငါသည် ဤသိဒ္ဓတ္ထမင်းသားထက် အသက်အရွယ် ကြီးရင့်သည်၊ ခရီးလမ်းကို ဖယ်ရှောင်မပေးနိုင်''ဟု ပြော၏။ အဖန်တလဲလဲ တောင်းပန်ကြသော်လည်း ဤသို့ပင်ပြော၍ထိုင်နေ၏။ မြတ်စွာဘုရားသည် ဝရီးတော်ထံမှ လမ်းကိုမရသဖြင့်ထိုအရပ်မှ ဆုတ်နစ် ပြန်လည် ကြွသွားတော်မူ၏။

## မြတ်စွာဘုရား မုသားစကားဖြစ်အောင်

သုပ္ပဗုဒ္ဓသည် အလုပ်အကျွေးတယောက်ကို သိဒ္ဓတ္ထမင်းသား ပြောစကား မှတ်သား၍လာခဲ့ရန် မှာကြား၍လွှတ်လိုက်၏။

မြတ်စွာဘုရားသည် ပြုံးတော်မူ၏၊ အရှင်အာနန္ဒာမထေရ်က ပြုံးတော်မူခြင်း အကြောင်းကို လျှောက်ထားလေလျှင်-

''ချစ်သားအာနန္ဒာ။ ။ကိုသုပ္ပဗုဒ္ဓမင်းကြီးသည် ငါဘုရား ကြွသွားရာခရီးကိုတားမြစ်ပိတ်ပင်သည့်အတွက်ကြောင့် ယနေ့မှစ၍ ခုနစ်ရက်မြောက်လျှင် ပြာသာဒ်၏ အောက်လှေခါးရင်း၌ မြေတွင်းသို့ ဝင်ရလတံ့''ဟု မိန့်တော်မူ၏။

သုပ္ပဗုဒ္ဓမင်းကြီးသည် မင်းချင်းယောကျ်ားထံမှ ထိုစကားကို ကြားသော်၊ စင်စစ် သိဒ္ဓတ္ထ မင်းသားသည် ပြောကြားတိုင်း ဖြစ်တတ်၏။ သို့သော် ယခုတကြိမ်တွင် ငါ့အား မြေကြီးသို့ ဝင်ရလတ္တံ့ဟု သာမည မပြောဆိုဘဲ၊ ပြာသာဒ်၏ ခြေရင်းလှေကားရင်း၌ဟု ပြောဆို၏။ ယခုမှစ၍ ငါသည် လှေကားရင်းသို့

မသွားဘဲနေမည်၊ ခုနစ်ရက်မြောက်၍မှ လှေကားရင်းသို့ ရှောင်ကွင်းနေသဖြင့် ထိုလှေကားရင်း၌ မြေတွင်းသို့ဝင်ရမည်မဟုတ်၊ ထိုသို့ မဝင်ရသောအခါ သိဒ္ဓတ္ထ မင်းသားအား မဟုတ်မမှန် ပြောကြားသည်ဟု လူတို့သိစေအံ့ဟု ကြံစည်ထား၏။ ထိုအကြံအတိုင်းပင်သုပ္ပဗုဒ္ဓမင်းကြီးသည် ဘုံခုနစ်ဆင့်ပြာသာဒ်အထက်၌ နေ၍ လှေကားကိုဖြုတ်ပြီး တံခါးကိုပိတ်စေ၍ တံခါးတပေါက်လျှင် နှစ်ယောက် နှစ်ယောက်သော လက်ဝှေ့သမား တို့ကိုထားပြီး၊ အကယ်၍ ငါသည် သတိလစ်ခါ ပြာသာဒ်အောက်သို့ဆင်း သက် သည် ဆို ပါ လျှင် ငါ့ကို တားမြစ်ကြကုန်လော့ဟု မှာကြား၍ ပြာသာဒ်၏အထက်တွင် တက်၍နေ၏။

## ပုန်းအောင်းစရာ အဘယ်မှာရှိ

ဤစကားကို မြတ်စွာဘုရား ကြားတော်မူလျှင် အနုသန္ဓေစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

(၁၂၈) န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

(၁၂၈) ကောင်းကင်၌တည်သော်လည်း သေမင်းလက်မှ မလွတ်နိုင်ရာ။ သမုဒ္ဒရာအလယ်၌တည်သော်လည်း သေမင်းလက်မှ မလွတ်နိုင်ရာ။ တောင်ကြားလိုဏ်ခေါင်းသို့ ဝင်သော်လည်း သေမင်းလက်မှ မလွတ်နိုင်ရာ။ အကြင်အရပ်၌ရှိသော သေမင်းသည် မညှဉ်းဆဲနိုင်ရာ။ ထိုသေမင်း မညှဉ်းဆဲသော အရပ်သည် မရှိလေ။

## မင်္ဂလာမြင်းတော် ထကြွခြင်း

မြတ်စွာဘုရားအား သုပ္ပဗုဒ္ဓမင်းကြီး လမ်းပိတ်ထားချိန်၊ ၇ နှစ်ရက်မြောက်သောနေ့၌ မင်းကြီး၏ မင်္ဂလာမြင်းတော်သည် မြင်းစောင်းမှ ခုန်ထွက်၍ မတွေ့သမျှ အရာရာကို တိုးဝှေ့တိုက်ခိုက်၏။ ထိုမင်္ဂလာ မြင်းတော်ကို မင်းကြီးသာလျှင် ထိန်းသိမ်းနိုင်စွမ်းရှိ၏။ မြင်း၏အသံကိုကြားလျှင် မင်းကြီးသည် မနေနိုင်မထိုင်နိုင်ဖြစ်လာ၏။ တံခါးဆီသို့သွား၏။ တံခါးတို့သည် အလိုလို ပွင့်ကုန်၏။ စောင်းတန်းလှေကားသည် အလိုလို ရောက်လာ၏။ အစောင့်လက်ဝှေ့သမားတို့သည် မင်းကြီးအားလှေကားရင်းသို့ တွန်းပို့ကြ၏။ ဤသို့ဖြင့် ဘုံခုနစ်ဆင့် တံခါးတို့သည် ပွင့်၍ လှေကားတို့သည်ရောက်၍ မင်းကြီးသည် ပြာသာဒ် လှေကားရင်းသို့ ရောက်ကာမျှဖြင့်ပင် မြေကြီးသည် မြည်ဟီးကွဲချ၍ခံ၏။ သုပ္ပဗုဒ္ဓသည် ထိုမြေကွဲမှ အဝီစိငရဲသို့ ရောက်သတည်း။

(ဓမ္မပဒ ပါဠိပဝဂ် တဆယ့်နှစ်ခုမြောက် သုပ္ပဗုဒ္ဓမင်းကြီးဝတ္ထု ပြီး၏။)

ပါပဝဂ် ဤတွင်ပြီး၏။

# (၁၀) ဒဏ္ဍဝဂ် (ဒဏ်တရားအစု)

## ဂါထာ ၁၇၊ ဝတ္ထု ၁၁

အုပ်စုဖွဲ့၍ဗိုလ်ကျသော ဆဗ္ဗဂ္ဂီ ရဟန်းတို့ကြောင့် သိက္ခာပုဒ်ပညတ်ရပုံ၊ မြေကိုဝိုင်းသဲတ်သော သူငယ်တို့ကိုဟောကြားသော တရား၊ကောဏ္ဍဓာနမထေရ်နောက်ကိုလိုက်နေသော မိန်းမပုံရိနှင့် (အတိတ်ဝတ္ထု)၊ သူတပါးကို အထင်မှားရန် လုပ်ကြံသောနတ်။

ဥပုသ်သည်တို့ ဆုတောင်းအမျိုးမျိုး။

စပါးကြီးမြွေပြိတ္တာ၏ အတိတ်ဇာတ်၊ စကားတခွန်းကြောင့် အငြိုးထားသော သူခိုးနှင့် ပျက်စီးရာမှန်သမျှ ဝမ်းသာသော ကျောင်းဒါယကာ သဌေးကြီး။

ရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်စံဝင်ပုံနှင့် (အတိတ်ဇာတ်)

ဗဟုဘဏ္ဍိကရဟန်း(ရဟန်းခံပြီး အိမ်ကပစ္စည်းများယူလာ၍ ဇိမ်ခံနေသော ရဟန်း)နှင့် (အတိတ်ဝတ္ထု) ဒေဝဓမ္မ တရားကို ရှာသော ဘီလူးနှင့် မင်းသားညီနောင်သုံးယောက်ဝတ္ထု။

သန္တတိအမတ်ကြီး၊ကချေသည်မလေးနှင့် လူဝတ်နှင့်ရဟန္တာဖြစ်သော ဇာတ်ဝတ္ထု (အတိတ်ကံဝတ္ထု)၊ သမဏ ဗြာဟ္မဏ ပြဿနာ။

ပိလောတိကတိဿမထေရ် ဝတ္ထု၊ ပုဆိုးပိုင်း အစုတ်ကလေး ဝတ်ပြီး အိုးခြမ်းပဲ့နှင့် တောင်းစားနေရာမှအရဟတ္တဖိုလ်ရောက်သည်အထိဝတ္ထု။

သုခသာမဏေဝတ္ထု၊ တရားထူးရစေရန် ဘုရားရှင်ကိုယ်တော်တိုင် သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးပါ စောင့်ပေးရပုံဝတ္ထု (အဘိတ်ဇာတ်) ထမင်းတနပ်စာအတွက် သုံးနှစ် ကျွန်ခံရသောဇာတ်။

ကြည်ညိုရှုပွားဘွယ်ရာ၊ ဆောင်ရန်ရှောင်ရန်များနှင့် ဝတ္ထုသွားတွင် အနှစ်သာရများများ ဖြည့်စွက်ထားပါသည်၊ ဆက်လက်ရှုစား ကုသိုလ်ပွားကြပါကုန်။

## (၁၀) ဒဏ္ဍဝဂ်

## ၁။ ကိုယ်နှင့်နှိုင်းစာ ကြင်နာပါ

### (ဆဗ္ဗဂ္ဂီ ရဟန်းတို့ဝတ္ထု)

**အားလုံးသောသတ္တဝါတို့မှာ ကြောက်တတ်ကြကုန်၏။**
**ကိုယ်နှင့်နှိုင်းစာ၍ သူတပါးကို မညှဉ်းဆဲရာ။**

(သဗ္ဗေ တသန္တိ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်း ပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အခါတပါး၌ သတ္တရသဝဂ္ဂီ(တဆယ့်ခုနစ်ပါး အစုရှိသော) ရဟန်းတို့သည် ကျောင်းအိပ်ရာနေရာတို့ကို ပြုပြင် ပြင်ဆင်သုတ် သင်ကြ၏။ ပြီးစီးလျှင် ဆဗ္ဗဂ္ဂီရဟန်း (ခြောက်ယောက် အစု ရှိသောရဟန်း)တို့က ငါတို့သည် အသက်လည်းကြီးသည်၊ ဝါ လည်း ကြီးသည်ဟု ထိုနေရာကိုလာလု၏။ သတ္တရသဝဂ္ဂီရဟန်း တို့က မပေးကုန်၊ ငါတို့ ပြင်ဆင်သုတ်သင်ထားအပ်သည်ဟုဆို၏။ ဆဗ္ဗဂ္ဂီရဟန်းတို့က တဆယ့်ခုနစ်ယောက်သောအစု ရဟန်းတို့ကို ဝင်ရောက်ရိုက်နှက်ကြ၏။ သေဘေးကိုကြောက်ခါ ကျယ်စွာ သော အသံကို ဟစ်အော်ကြ၏။

မြတ်စွာဘုရားသည် ထိုအသံကိုကြား၍ ခေါ်စေတော်မူပြီး စစ်မေးတော်မူပြီးနောက်၊ "ရဟန်းတို့။ ။ဤအခါမှစ၍ ရဟန်းတို့သည် ဤသို့သဘောရှိသောအမှုကို မပြုအပ် မပြုထိုက်၊ပြုကျင့်ခဲ့ငြားအံ့၊ ဤအမည်ရှိသော အာပတ်တို့ရောက်စေသတည်း"ဟု ပဟာရဒါန သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ထို့နောက် မြတ်စွာဘုရားသခင်သည် အနုသန္ဓေစပ်၍ တရားဟောတော်မူလိုသောကြောင့် -

**(၁၂၉) သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။**
**အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။**

(၁၂၉) သတ္တဝါ အားလုံးတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ သေရအံ့သည်မှ ကြောက်ရွံ့ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ ကိုယ်ချင်းစာနာ တပါးသော သတ္တဝါတို့ကို မညှင်းဆဲ မသတ်ဖြတ်ရာ။

**(ဓမ္မပဒ ဒဏ္ဍဝဂ် ရှေးဦးစွာသော ဆဗ္ဗဂ္ဂီ ရဟန်းတို့ဝတ္ထု ပြီး၏။)**

(၁၀) ဒဏ္ဍဝဂ်

## ၂။ ကိုယ်ချင်းစာနာ စိတ်ထားပါ

(ဆဗ္ဗဂ္ဂီ ဗွရဟန်းတို့ ဝတ္ထု)

မိမိကိုယ်ကို ဥပမာပြု၍
တပါးသော သတ္တဝါတို့အား
မညှင်းဆဲမသတ်ဖြတ်ရာ။

(သဗ္ဗေ တသန္တိ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

တခါ၌လည်း ရှေးနည်းအတိုင်းသတ္တရသဝဂ္ဂီရဟန်းတို့ နေရာ ပြင်ဆင်ပြီးသောအခါ ဆဗ္ဗဂ္ဂီတို့က ရိုက်နှက်လုယက်၏၊ အော်ဟစ် သံများကို မြတ်စွာဘုရား ကြားတော်မူပြီး ခေါ်စေတော်မူခါ စစ်မေးတော်မူပြီးနောက် တလသတ္တိက သိက္ခာပုဒ်ကို ပညတ် တော်မူ၏။

ထိုနောက် ဂါထာတော်ကို ဟောတော်မူလိုသောကြောင့်=

(၁၃၀) သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊
သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတွာ၊
န ဟနေယျ န ဃာတယေ။

(၁၃၀ သတ္တဝါအားလုံးသည် ဒဏ်မှ ကြောက်ရွံ့ ထိတ်လန့် ကုန်၏။ သတ္တဝါအားလုံးသည် မိမိ၏အသက်ကို ချစ်မြတ်နိုး၏။ မိမိ၏ကိုယ်ကို ဥပမာ ထား၍ အခြားသော သတ္တဝါတို့ကို မညှင်းဆဲမသတ်ဖြတ်ရာ။

(ဓမ္မပဒ ဒဏ္ဍဝဂ် နှစ်ခုမြောက် ဆဗ္ဗဂ္ဂီ ရဟန်းတို့ဝတ္ထု ပြီး၏)

## (၁၀) ဒဏ္ဍဝဂ်

### ၃။ သူတပါးကို နှိပ်စက်ပြီး ကိုယ်ချမ်းသာ ကိုယ်မရှာနှင့်

(သတို့သားငယ်တို့ ဝတ္ထု)

မိမိချမ်းသာမှုအတွက်
သတ္တဝါတို့ကို ညှင်းဆဲ၏၊
ထိုသူတို့သည်
တမလွန်ဘဝ၌
ချမ်းသာမှုကို မရ။

(သုခကာမာနိ ဘူတာနိ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သတို့သားငယ်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံ လှည့်လည်ရန် ကြွတော်မူသည် ရှိသော် ခရီးအကြား၌ များစွာကုန်သော လူငယ်တို့သည် မြွေတကောင်ကို ရိုက်နှက် နေကြသည်ကို မြင်တော်မူသဖြင့် သူငယ်တို့အကြောင်းနှင့် အနုသန္ဓေစပ်၍ ဟောတော်မူလိုသောကြောင့်-

(၁၃၁) သုခကာမာနိ ဘူတာနိ၊
ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခ မေသာနော၊
ပေစ္စသော န လဘတေ သုခံ။

(၁၃၂) သုခကာမာနိဘူတာနိ၊ ယောဒဏ္ဍေန နဟိံသတိ။
အတ္တနောသုခမေသာနော၊
ပစ္စသော လဘတေသုခံ။

(၁၃၁) အကြင်ပုဂ္ဂိုလ်သည် မိမိ၏ ချမ်းသာကို ရှာမှီးအံ့ဟူ၍ မိမိကဲ့သို့ပင် ချမ်းသာကို အလိုရှိကြကုန်သော သတ္တဝါတို့ကို တုတ်တို့ဖြင့် ရိုက်နှက် ညှဉ်းပန်း၏။ ထိုပုဂ္ဂိုလ်သည် နောင်ဘဝ၌ ချမ်းသာခြင်းကိုမရ။

(၁၃၂) အကြင်ပုဂ္ဂိုလ်သည် မိမိအတွက် ချမ်းသာခြင်းကိုရှာမှီးအံ့ဟူ၍ မိမိကဲ့သို့ပင် ချမ်းသာကို အလိုရှိကြကုန်သော သတ္တဝါတို့ကို တုတ်စသည်တို့ဖြင့် မရိုက်ခတ် မညှဉ်းပန်း ထိုပုဂ္ဂိုလ်သည် နောင်ဘဝ၌ ချမ်းသာကိုရ၏။

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော သတို့သားငယ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် သုံးခုမြောက် သတို့သားငယ်တို့ ဝတ္ထု ပြီး၏)

(၁၀) ဒဏ္ဍဝဂ်

# ၄။ ဖွဖွနှပ်နှပ်မ ပြောနှင့် တိတ်တိတ်နေနိုင် နိဗ္ဗာန်ရောက်

## (ကောဏ္ဍဓာနမထေရ်ဝတ္ထု)

ကြမ်းကြုတ်သောစကားကို မဆိုပါနှင့်
သင့်ကို ထိုသူတို့ကပြန်၍ ဆိုကြလိမ့်မည်။
ချုတ်ချယ်သောစကားမည်သည်
သင့်ကိုဒဏ်ပြန်တတ်၏။
အသံတိတ်၍နေနိုင်လျှင်
နိဗ္ဗာန်သို့ရောက်မည်ဖြစ်၏။

(မာဝေါစဖရုသံကိဉ္စိ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကောဏ္ဍဓာနမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ကောဏ္ဍဓာနမထေရ်သည် ရဟန်းပြုသောနေ့မှစ၍လှပသော မိန်းမပျိုတယောက်က သွားလေတိုင်း အရပ်၌ နောက်မှ အမြဲ လိုက်နေ၏။ မထေရ်သည် ထိုမိန်းမပျိုကို မမြင်ရ၊ မည်သူမဆို ထင်ထင်ရှားရှားမြင်ရ၏။ သို့ဖြင့် ရဟန်းတို့သည် အနာထပိဏ် သဌေးကြီးကို တိုင်ကြားကြ၏၊ ဝိသာခါ ဒါယိကာမကြီးထံသို့ လည်း သွားရောက်၍ တိုင်ကြ၏၊ ဘုရားရှင် သိတော်မူပါလိမ့် မည်ဟူ၍သာ လျှောက်၏၊ ရဟန်းတို့က ကောဏ္ဍဓာနအား နောက်မှ မိန်းမပျိုတယောက်လိုက်နေ၍ သီလမစင်ကြယ်သူဟု

ပြောကြသော် အသင်တို့သာ သီလမရှိသော ဒုဿီလ အသင်တို့သာ လူစတုံးသူများဟု ပြန်လှန်၍ ပြော၏။

**စောင့်၍ ဖမ်းကြခြင်း**

ရဟန်းတို့သည် နောက်၌ ပသေနဒီကောသလမင်းကြီးကို တိုင်ကြားကြ၏၊ မင်းကြီးက ထိုမိန်းမကို စောင့်၍ ဖမ်းမည်ဟု လျှောက်ထားလိုက်၏၊ ညနေစောင်းတွင် ကောဏ္ဍဓာနမထေရ် သီတင်းသုံးသောကျောင်းသို့ မင်းချင်းယောကျ်ားတို့ဖြင့် ဝန်းရံစေ၍ ကောသလမင်းကြီးသည် မထေရ်၏အထံသို့ သွား၏။

မထေရ်သည် အသံများကြား၍ မုခ်ဦးမှ ထွက်၍ ကြည့်၏၊ မိန်းမပျို၏ ပုံသဏ္ဌာန်သည် မထေရ်၏နောက်မှထွက်၍ကြည့်၏၊ မင်းကြီးသည် ကျောင်းပေါ်သို့ တက်ပြီး ထိုင်နေ၏၊ မထေရ်ကို ရှိမခိုး၊ ထိုမိန်းမပျိုပုံ သဏ္ဌာန်ကိုလည်း မမြင်ရ၊ ညောင်စောင်းကုတင်အောက်၌ရှင်း၊ တံခါးကြား၌ရှင်း ကြည့်၏၊ မမြင်ရ စောစောက မိန်းမတယောက်ကို တွေ့ရသည်၊ ထိုမိန်းမ ယခု အဘယ်မှာနည်းဟု မေးလျှောက်၏။

"ဒကာတော်မင်းကြီး၊ ငါမမြင်ပေ"

"ယခုပင် အရှင်ဘုရားနောက်မှ ရပ်နေသည်ကို တပည့်တော် မြင်ရပါသည်"

"မင်းကြီး၊ ငါကားမမြင်မိ"

"အရှင်ဘုရား၊ ဤနေရာမှ ကြွတော်မူပါ"ဟု လျှောက်လျှင် မထေရ်ထွက်သွား၍မုခ်ဦး၌ရပ်၏။မိန်းမသဏ္ဌာန်သည် မထေရ်၏ နောက်၌ မြင်ရပြန်၏။မင်းကြီးသည် မထေရ်ထံသွား၏။မင်းကြီး လာနေသည်ကိုသိ၍ မထေရ်သည် ထိုင်နေ၏။အနီးရောက်သော် မိန်းမရုပ်သွင် ပျောက်၍သွား၏။

"အရှင်ဘုရား၊ ထိုမိန်းမ အဘယ်မှာနည်း"

"ဒကာတော်မင်းကြီး၊ ငါမမြင်ပါ"

"အရှင်ဘုရား၊ ယခုပင် အရှင်ဘုရားနောက်၌ ဒကာတော် မြင်လိုက်ပါသည်"

"မင်းကြီး၊ လူအပေါင်းတို့သည်လည်း ငါ၏နောက်မှ မိန်းမ တယောက် အမြဲလိုက်နေသည်ဟု ပြောဆိုကြ၏။ ငါကား မမြင် ရပေ"ဟု ပြော၏။

မင်းကြီးသည် ဤမထေရ်၏ စကားသည် မှန်ကန်လိမ့်မည်ဟု ယူဆ၏။

"အရှင်ဘုရား၊ဤအရပ်မှဆက်၍ကြွတော်မူပါ"ဟုလျှောက် ပြန်လျှင်၊ မထေရ်သည် မုခ်ဦးအထံသွား၏။ မိန်းမရုပ်သွင်လည်း မထေရ်နှင့်အတူ သွားသည်ကို မြင်ရ၏။ အနီးသို့ရောက်သော် ပျောက်နေပြန်၏။

မင်းကြီးသည် ဤမထေရ် ပြောသောစကားသည် မှန်ကန် သည်ဟု သံသယကင်းကင်း ဆုံးဖြတ်ခြင်းပြု၍=

"အရှင်ဘုရား၊မကောင်းသော ဆန့်ကျင်ဘက် မိန်းမပျို့သည် အရှင်ဘုရားနောက်မှ လိုက်နေသည်ကို မြင်ကြရလျှင် အရှင် ဘုရားအား ဆွမ်းကို ပေးလှူလိမ့်မည်မဟုတ်၊ အမြဲမပြတ် ဒကာ တော်၏ နန်းတော်သို့ ကြွတော်မူပါ"ဟု လျှောက်၏။ ရဟန်း တို့က အလိုမကျသဖြင့် မင်းကြီးအား ကဲ့ရဲ့ကြကုန်၏။

## ဘုရားသခင်ကို လျှောက်ထားခြင်း

ရဟန်းတို့သည် မြတ်စွာဘုရားသခင်ထံ သွားရောက်၍ လျှောက်ထား၏။

"အရှင်မြတ်ဘုရား။ ။ကောဏ္ဍဓာနသည် တပည့်တော်တို့နှင့် စကားပြောရာတွင် တပည့်တော်တို့ကို သီလမရှိသော ဒုဿီလ၊ လူစတုံးအစရှိသည်တို့ဖြင့်ဆဲရေးပါသည်"ဟု လျှောက်ထားသော်၊ ကောဏ္ဍဓာန မထေရ်ကို ခေါ်စေ၍=

"ချစ်သားရဟန်း။ ။ဟုတ်မှန်ပေသလော"ဟု မေး၏။

"ဟုတ်မှန်ပါသည်"ဟု လျှောက်၏။

"အဘယ်အကြောင်းကြောင့်နည်း"

"တပည့်တော်ကို ထိပါး ပုတ်ခတ် ပြောဆိုသောကြောင့် ဆဲရေးမိပါသည်"

"ချစ်သားရဟန်းတို့။ ။အသင်တို့ အဘယ်ကြောင့် ထိပါး ပုတ်ခတ်၍ ပြောဆိုကြသနည်း"

"အရှင်မြတ်ဘုရား။ ။ဤရဟန်းနောက်မှ မိန်းမတယောက် အမြဲကပ်၍ လိုက်ပါနေသည်ကို မြင်ရသောကြောင့် ပြောဆိုကြပါသည်"

"ချစ်သားရဟန်း။ ။ဤရဟန်းတို့က သင်သည် မိန်းမတယောက်နှင့် အတူတကွ အမြဲသွားနေသည်ကိုမြင်ကြ၍ ပြောဆိုကြသည်၊ အသင်သည် မမြင်ရဘဲနှင့် အဘယ်ကြောင့် ဆဲရေးရသနည်း၊ ရှေး၌ အသင်သည် စိတ်ထားယုတ်မာသော အမှုကို ပြုလုပ်ခဲ့သဖြင့် သင့်အား ယခု ဤသို့ဖြစ်ရသည် မဟုတ်လော၊ ယခုတဖန် ယုတ်မာသော မကောင်းမှုကံကို အဘယ့်ကြောင့် ထပ်၍ ယူပြန်ဘိသနည်း"ဟု မိန့်တော်မူ၏။

ရဟန်းတို့က လျှောက်ထား၍ မြတ်စွာ ဘုရား သခင်သည် ကောဏ္ဍဓာန မထေရ်၏ အတိတ်ဇာတ်ကို ဟောကြားတော်မူပေ၏။

## မထေရ်၏ အတိတ်ဝတ္ထု

ကဿပမြတ်စွာဘုရားသခင်လက်ထက်၌ နှစ်ပါးသောရဟန်းတို့သည် ညီရင်းအကိုကဲ့သို့ အလွန်လျှင်ချစ်ကြ၏။ သက်တော်ရှည်ဘုရားတို့၏လက်ထက်၌ တနှစ်တကြိမ်ဖြင့်၊ ခြောက်လတကြိမ်ဖြင့်၊ ရဟန်းတို့သည် ဥပုသ်ပြုခြင်းငှာစည်းဝေးကြ၏။ ထိုကြောင့် ဥပုသ်အိမ်သို့ ရဟန်းနှစ်ပါး အတူထွက်လာကြ၏။

## နတ် ရှုပ်

တာဝတိံသာနတ်ပြည်မှနတ်သားတယောက်သည်ထိုရဟန်းနှစ်ပါး၏ ချစ်ခြင်းကို ကွဲအောင်ခွဲမည်ဟုကြံ၏။ ရဟန်းတပါးက ကိုယ်လက်သန့်စင်ရန် ချုံတခုအတွင်းသို့ ဝင်သွားသည့် အချိန်တွင် နတ်သားသည် မိန်းမပျိုသဏ္ဍာန် ဖန်ဆင်း၍ ချုံတွင်းသို့ ဝင်လိုက်သွား၏။မ ထေရ်ထွက်လာသောအခါ လက်တဖက်ဖြင့် ဆံထုံးကို ကိုင်မ,၍ လက်တဖက်ဖြင့် အဝတ်ကိုကိုင်ဆွဲ ပြင်ဝတ်၍ မထေရ်၏နောက်မှ ထွက်၍လိုက်လာ၏။

## အဖော်ရဟန်းက မြင်ခြင်း

မထေရ်သည် ထိုမိန်းမကိုမမြင်၊ အဖော်သည်မြင်၏။ သင့်တွင် သီလပျက်စီးလေပြီ၊ သင်၏နောက်မှ မိန်းမပျိုတယောက် သင်နှင့် အတူ ထွက်လာသည်ကို ငါမြင်၏ဟု ပြော၏။ မထေရ်သည် ကြောက်လန့်တုန်လှုပ်စွာဖြင့် တောင်းပန်၏။ အဖော်ရဟန်းက မျက်စိဖြင့် မြင်ရ၍ သင့်စကားကို မယုံဟုဆိုခါ တောင်ဝှေး တပြန်မျှလောက်ခွာပြီးသွား၏၊ဥပုသ်ကိုလည်း အတူမပြုဟု ထိုင်နေ၏။ တပည့်တော်တွင် သီလအကျိုးခန့်မျှ ညစ်စွန်းခြင်းမရှိပါဟု လျှောက်၏။ အဖော်ရဟန်းကလည်း တပည့်တော်ကိုယ်တိုင် မြင်သည်ဟု ပြော၏။

## နတ်ရှုပ်က အထုပ်ဖြေခြင်း

နတ်သားသည် ထိုအဖြစ်ကို မြင်ကြားရသောအခါ၊ငါသည် ဝန်လေးသောအမှုကို ပြုမိပေပြီဟု နောင်တရခါ ထိုရဟန်းနှစ်ပါးအနီး ကောင်းကင်၌ရပ်လျက်၊

"အရှင်ဘုရားတို့။ ။ဤအရှင်သည် သီလပျက်စီးခြင်း မရှိပါ၊ တပည့်တော်စုံစမ်းလို၍ ဤသို့ပြုပါသည်၊အတူတကွ ဥပုသ်ပြုတော်မူကြပါ"ဟု လျှောက်ထား၏။ နတ်သား၏ စကားကို ကြားရသောအခါမှ ယုံကြည်၍ ဥပုသ်အတူပြုကြ၏။ သို့သော် ထိုရဟန်းနှစ်ပါးမှာ ယခင်ကကဲ့သို့ ချစ်ခင်သောစိတ်မရှိပဲ စိတ်ဝမ်းကွဲပြားကြ၏။ နတ်သားသည် အဝီစိငရဲ၌ ဖြစ်၍ ယခုမြတ်စွာဘုရား ပွင့်တော်မူသောအခါ ရဟန်းပြုသော နေ့မှစ၍ မိန်းမပျို ရုပ်သွင်သည် မ ထေရ် ၏ နောက် မှ အ စဉ် လိုက် ၍ နေတော၏။

## ဘုရားသခင် ဆုံးမတော်မူခြင်း

ဤသို့ အတိတ်ဇာတ်ကို ဟောကြားတော်မူပြီးနောက်၊

"ချစ်သားရဟန်း။ ။ဤမကောင်းမှုကံကြောင့် အသင်သည် ဤသို့ ပျက်စီးခြင်းသို့ ရောက်ရ၏။ ယခုတဖန် ထပ်မံပြန်လှန် ဆဲရေးခြင်းသည်မသင့်၊ ယနေ့မှစ၍ ရဟန်းတို့နှင့်အဘူ စကားမပြောဆိုခြင်း မပြုလေနှင့်၊ နခမ်းနားပြတ်နေသော ကြေးမောင်းကဲ့သို့ အသံတိတ်လေတော့၊ ဤသို့ပြုလျှင် နိဗ္ဗာန်သို့ ရောက်ခြင်းမည်ပေလိမ့်မည်။"

ဟု ဟောတော်မူပြီးနောက်၊

(၁၃၃) မာဝေါစ ဖရုသံကိဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျုတံ။
ဒုက္ခာ ဟိ သမ္ဘာရကထာ၊ ပဋိဒဏ္ဍာ ဖုသေယျုတံ။

(၁၃၄) သစေ နေရေသိ အတ္တာနံ၊
ကံသော ဥပဟတော ယထာ။
ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘာ တေန ဝိဇ္ဇတိ။

ဟူသော နှစ်ဂါထာကို မိန့်တော်မူ၏။

(၁၃၃) တစုံတယောက်သော သူကိုမျှ ကြမ်းကြုတ်သော စကားကို မဆိုလေနှင့်။ သင်ဆိုအပ်သောသူတို့သည် သင့်ကိုတဖန် ပြန်၍ ဆိုကြလိမ့်မည်။ ထိုစကား သင့်အား ချုတ်ချယ်သော စကားသည်ဆင်းရဲ၏။ သင့်ကို ဒဏ်ပြန်၍ရောက်လာပေကုန်ရာ၏။

(၁၃၄) အနားပြတ်နေသော ကြေး မောင်း ခွက် သည် အ သံ မ ထွက်သကဲ့သို့ မိမိကိုယ်ကို အသံဆိတ်၍နေခြင်းငှာ စွမ်းနိုင်သည် ဖြစ်အံ့။ ဤသို့နေနိုင်စွမ်းရှိသော် အသင်သည် မြတ်နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၏၊ သင့်အား ချုတ်ချယ်ခြင်းသည် မရှိ။

ဒေသနာတော်၏အဆုံး၌ ကောဏ္ဍဓာနမထေရ်သည် ဆုံးမခြင်းခံ၍တည်၍ အရဟတ္တဖိုလ်သို့ ရောက်၏။ အရဟတ္တဖိုလ်သို့ ရောက်၍ မကြာမြင့်မီ ကောင်းကင်သို့ တက်ကြွတော်မူ၍ ရှေးဦးစွာ စာရေးတံကိုယူလေသတည်း။ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် လေးခုမြောက် ကောဏ္ဍဓာနမထေရ် ဝတ္ထု)
ပြီး၏)

※ ※ ※ ※

(၁၀) ဒဏ္ဍဝဂ်

## ၅။ ဇာတိဇရာ မရဏာတရားတော်

(ဥပုသ်စောင့်သော မိန်းမတို့ဝတ္ထု)

နွားကျောင်းသားသည် နွားတို့ကို
ကြိမ်တံပြာဖြင့် စားကျက်သို့
ရိုက်ပုတ်မောင်းနှင်သကဲ့သို့
အိုမင်းခြင်း ဇရာသည်
သေလွန်ရခြင်းမရဏာသို့
သတ္တဝါတို့၏ အသက်ကို
နှင်ထုတ်သတ်ဖြတ်လေကုန်၏။

(ယထာ ဒဏ္ဍေန) စသည့် ဒေသနာတော်ကို သာဝတ္ထိပြည် ပုပ္ပါရုံကျောင်း၌ ဥပုသ်စောင့်သော မိန်းမများကို ရည်ရွယ်၍ ဟောကြားတော်မူခဲ့သည်။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ ဥပုသ်နေ့တနေ့ဝယ် ငါးရာမျှလောက်သော အမျိုးသမီးတို့သည် ဥပုသ်စောင့်၍ကျောင်းတော်သို့သွားကြ၏၊ ဝိသာခါ ဒါယကာမကြီးသည် ထိုဥပုသ်သည် တို့ထံ သွားပြီး အသယ်အကျိုးကိုလို၍ ဥပုသ် စောင့်ကြသနည်းဟု လှည့်လည် စုံစမ်း၏။

အရွယ်လွန်ပြီးသော မိန်းမတို့က "နတ်၏စည်းစိမ်ကို ခံစားလို၍ ဥပုသ်စောင့်ပါသည်"ဟု ပြော၏။

အလယ်အလတ်ရှိသော မိန်းမတို့က "မချစ်မနှစ်သက်သော သူတို့နှင့်ပေါင်းသင်းဆက်ဆံ၍ နေရခြင်းမှကင်းလွတ်ပါစေခြင်း အကျိုးငှာ စောင့်ပါသည်"ဟု ပြော၏။

ပျိုရွယ်သော မိန်းမတို့က "သားဦးရတနာရလို၍စောင့်ပါ သည်"ဟု ပြော၏။

သတို့သမီးအရွယ် မိန်းကလေးတို့က "ငယ်ငယ်ရွယ်ရွယ်နှင့် လင်ယောကျ်ားကောင်းရပါစေခြင်းအကျိုးငှာစောင့်ပါသည်" ဟု ပြော၏။

## နွားကျောင်းသား ဥပမာ

ဝိသာခါ ဒါယကာမကြီးသည် ဥပုသ်သည် အားလုံးအား မြတ်စွာဘုရားထံခေါ်၍အကြောင်းစုံကိုလျှောက်ထား၏။ဘုရား သခင်က၊

"ဝိသာခါ။ ။သတ္တဝါတို့၏ ဇာတိဇရာ၊ ဗျာဓိ မရဏ ဟူသည်၊ တံပြာကို ကိုင်လျက်ရှိသော နွားကျောင်းသားနှင့် တူ၏။

ဇာတိသည် ဇရာ၏အထံသို့၊ ဇရာသည် ဗျာဓိအထံသို့၊ ဗျာဓိသည် မရဏ၏အထံသို့ တဆင့်တဆင့် မောင်းထုတ်၍ ဓားဖြင့် ပိုင်းဖြတ်သကဲ့သို့ အသက်ကို ပယ်ဖျက်ပိုင်းဖြတ်ကြ ကုန်၏။

သို့သော်လည်း သတ္တဝါတို့သည် ဇာတိဇရာ ဗျာဓိ မရဏတည်း ဟူသော ဘေးဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် နိဗ္ဗာန်ကို မတောင့်တကြကုန်။

အဖန်တလဲလဲအမြဲမပြတ်ကျင်လည်ပြေးသွားရာ သံသရာ တည်း ဟူသော ဝဋ်ဆင်းရဲကိုသာလျှင် တောင့်တကြလေ ကုန်သည်''
ဟု မိန့်တော်မူပြီး အနုသန္ဓိကိုစပ်၍ တရားတော်ကို ဟော ကြားတော်မူလိုသောကြောင့်၊

(၁၃၅) ယထာ ဒဏ္ဍေန ဂေါပါလော၊
ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

(၁၃၅) နွားကျောင်းသားသည် တုတ်တံဖြင့် နွားတို့ကို စားကျက် သို့ ရိုက်၍တုတ်မောင်းနှင့်သကဲ့သို့ ထို့အတူ အိုမင်းခြင်းဇရာ သည်၎င်း။ သေလွန်ခြင်း မရဏသည်၎င်း၊ သတ္တဝါတို့၏ အသက်ကို နှင်ထုတ်သွားကြကုန်၏၊

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန် အဖြစ်သို့ ရောက်ကြကုန်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် ငါးခုမြောက် ဥပုသ်သည် အမျိုးသမီးတို့ ဝတ္ထုပြီး၏။)

## (၁၀) ဒဏ္ဍဝဂ်

## ၆။ ငရဲမီးကို မစမ်းနှင့်

### (စပါးကြီးမြွေပြိတ္တာဝတ္ထု)

မကောင်းမှုကို ပြုသောလူမိုက်သည်
ပြုလုပ်စဉ်၌
အပြစ်ခံရမည်ကိုမသိ၊
နောက်၌မူ
ငရဲမီးသည် လောင်လေ၏။

(အထ ပါပါနိ ကမ္မာနိ) အစရှိသည့် ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ စပါးကြီးမြွေပြိတ္တာကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

အခါတပါး၌ မဟာမောဂ္ဂလာန်မထေရ်နှင့် အရှင်လက္ခဏမထေရ်တို့သည် ဂိဇ္ဈကုဋ်တောင်မှဆင်းသက်တော်မူလာရာ၊မဟာမောဂ္ဂလာန် မထေရ်သည် ဒိဗ္ဗစက္ခုဖြင့် နှစ်ဆယ့်ငါး ယူဇနာရှိသော စပါးကြီးမြွေပြိတ္တာသည် မီးတောက်မီးလျှံများအကြား၌ တည်နေသည်ကိုမြင်၍ ပြုံးတော်မူ၏။ လက္ခဏမထေရ်က ပြုံးခြင်းအကြောင်းကို မေးသော် "ဘုရားရှင် ရှေ့တော်၌ ငါ့ကိုမေးလော့"ဟုပြောဆို၍ ရာဇဂြိုဟ်ပြည်တွင်း၌လှည့်လည်၍ ဆွမ်းခံပြီးသော် မြတ်စွာဘုရားအထံတော်သို့ ဝင်ကြသောအခါ၊ လက္ခဏမထေရ်က ရှင်မောဂ္ဂလာန် ပြုံးတော်မူခြင်းအကြောင်းကို မေးတော်မူ၏။

ရှင်မောဂ္ဂလာန်က ဘုရားသခင်ရှေ့၌ မြင့်ရသော မြေပြိတ္တာ အကြောင်းကို ရှင်လက္ခဏအား ဖြေတော်မူ၏။

မြတ်စွာဘုရားသခင်က "ငါဘုရားသည်လည်း ဗောဓိပင်၌ သီတင်းသုံးတော်မူစဉ်ကပင် မြင်တော်မူခဲ့၏။ ထိုစဉ်က ဟော ကြားခဲ့သော် မယုံကြည်သောသူတို့အား အကျိုးမဲ့ လိမ့်မည်ဟု မပြောကြားဘဲနေခဲ့သည်။ ယခု သားတော်ရှင်မောဂ္ဂလာန်ကို သက်သေရသောကြောင့် ဟောကြားတော်မူပေသည်ဟုအတိတ် ဇာတ်ကို ဟောကြားတော်မူ၏။

**မြေပြိတ္တာ၏ အတိတ်ဇာတ်**

ကဿပဘုရားသခင် ပွင့်တော်မူစဉ် သုမင်္ဂလ အမည်ရှိသော သဌေးကြီးသည် ဥသဘနှစ်ဆယ်ရှိသောအရပ်၌ ရွှေအုတ်တို့ပြင့် မြေကြီးကို ခင်း၍ ဝယ်ပြီးမှ ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်း၏။

တနေ့၌ သုမင်္ဂလ သဌေးကြီးသည် နံနက်စောစော ဘုရား အထံတော်သို့ သွားရာ မြို့တံခါး ဇရပ်တခု၌ ဖန်ရေစွန်းသော အဝတ်ကို ဦးခေါင်းနှင့်တကွခြုံ၍ ရွှံ့ညွှံလိမ်းကပ်သောခြေတို့ ဖြင့် အိပ်နေသော သူခိုးတယောက်ကိုမြင်၍ "ဤသူကား ညလူ ဖြစ်လိမ့်မည်"ဟု ဆို၏။ သူခိုးသည် ခေါင်းခြုံကိုဖွင့်၍ကြည့်သော် သဌေးကြီးကိုမြင်၍ ရန်ငြိုးဖွဲ့၏။

ထို့နောက် သဌေးကြီး၏လယ်ကို ခုနစ်ကြိမ်တိုင်တိုင်မီးရှို့၍ လောင်ကျွမ်းစေ၏။

သဌေးကြီး၏ နွားခြံမှ နွားတို့၏ခြေကို ခုနစ်ကြိမ်တိုင်တိုင် ခုတ်ဖြတ်၏။

သဌေးကြီး၏အိမ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်၏။

ထိုမျှနှင့် အားမရသေးပဲ သုမင်္ဂလ သင်္ဘေးကြီး၏ အစေခံ ငယ်ကို အကျွမ်းတဝင် ပေါင်းသင်း၍ သင်္ဘေးကြီး အမြတ်နိုး ဆုံးကို စုံစမ်း၏။ မြတ်စွာဘုရားသီတင်းသုံးတော်မူသော ဂန္ဓကုဋိ တိုက်ထက်သင်္ဘေးကြီးမြတ်နိုးသောအရာသည် မရှိဟု သိရသော အခါ၊ မြတ်စွာဘုရား ဆွမ်းခံကြွချိန်၌ ဂန္ဓကုဋိတိုက်သို့ သွား၍ သောက်ရေအိုး၊ သုံးရေအိုးတို့ကို ရိုက်ခွဲပြီး ဂန္ဓကုဋိ တိုက်ကို မီးရှို့လိုက်၏

## ကျောင်းဒါယကာ စေတနာ

သင်္ဘေးကြီးသည် ဂန္ဓကုဋိတိုက်ကို မီးလောင်သည်ဟုကြား၍ လာခဲ့၏။ မီးတောက်မီးလျှံ အကြားမှ မီးစွဲလောင်နေသော ဂန္ဓကုဋိကိုကြည့်၍ နှလုံးမသာယာခြင်းမရှိပဲ လက်ဝဲလက်မောင်း ကို ကွေးပြီးလျှင် လကျာ်လက်မောင်းဖြင့် ကြီးစွာသော လက် ပန်းပေါက်ကိုခတ်၏။ အနီးရှိ လူတို့က....

"အရှင်သင်္ဘေးမင်း။ ။ဤမျှ အကုန်အကျခံ၍ လှူဒါန်းထား သော ဂန္ဓကုဋိတိုက်ကို မီးလောင်ရာ၌ အဘယ့်ကြောင့် လက် ပန်းပေါက်ခတ်ပါသနည်း"ဟု မေးကြကုန်၏။ ထိုအခါ သင်္ဘေး ကြီးက....

"ငါသည် သာသနာတော်ကို ကြုံကြိုက်၍ ပစ္စည်းဥစ္စာ သိုမှီးမြှုပ်နှံခွင့်ကိုရခဲ့၏။ ယခုတဖန် ထပ်မံ၍ သိုမှီးမြှုပ်နှံခွင့် ကိုရပေဦးတော့မည်ဟု နှလုံးသွင်း၍ ရွှင်လန်းအားရသော ကြောင့် လက်ပန်းပေါက်ခတ်သည်"ဟု ပြော၏။

## သဌေးကြီးအား သတ်ရန်အကြံ

သဌေးကြီးသည် ပစ္စည်းဥစ္စာ များစွာတို့ကို စွန့်လွှတ်၍ ဂန္ဓကုဋိကို ဆောက်လုပ်စေပြီး၊ နှစ်သောင်းသော ရဟန်း အခြံအရံရှိသော မြတ်စွာဘုရားအား ပေးလှူ၏။

အခဲမကြေသော သူခိုးသည် ဤသဌေးကိုစိတ်ညှိုးနွမ်းအောင် အမျိုးမျိုးပြုသော်လည်း မညှိုးနွမ်း၊ သတ်မှပင် ဖြစ်တော့မည်ဟု ကြံစည်၍ အဝတ်ကိုရုံပြီး ဓားကိုဝှက်၍ ခုနစ်ရက် သတ်ရန် စောင့်၏၊ သတ်ခွင့်မကြုံပေ။

သဌေးကြီးသည် ခုနစ်ရက်ပတ်လုံးအလှူကြီးကိုပေး၍မြတ်စွာဘုရားအား ရှိခိုးဦးချပြီးသော်....

"အရှင်မြတ်ဘုရား။ ။ယောကျ်ား တယောက်သည် တပည့်တော်၏ လယ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးဖြင့် တိုက်ပါသည်။ ခုနစ်ကြိမ်တိုင်တိုင် နွားခြံမှ နွားတို့၏ ခြေတို့ကိုဖြတ်ပါသည်။ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကို မီးဖြင့်တိုက်ပါသည်။ ဤဂန္ဓကုဋိကိုလည်း ထိုယောကျ်ားပင် မီးတိုက်သည် ဖြစ်ပါလိမ့်မည်။

ဤအလှူဒါန၏ ရှေးဦးစွာသောအဖို့ကို ထိုယောကျ်ားအား ပေးဝေပါ၏"ဟု လျှောက်ကြား၏။

သဌေးကြီးအား သတ်ရန် ချောင်းနေသော သူခိုးသည် သဌေးကြီး၏ လျှောက်ကြားသော စကားကိုကြားလေလျှင် ငါသည် ဝန်လေးသောအမှုကို ပြုမိလေပြီ၊ အကြိမ်ကြိမ် အဖန်ဖန် ပြစ်မှားသောငါ့အား အမျက်ထွက်ခြင်းမရှိ၊ ဤအလှူဒါနသည်လည်းငါ့အားသာလျှင်ရှေးဦးစွာသောအဖို့ကိုပေးဝေလေသည်၊

ဤသူတော်ကောင်းကြီးကို သည်းမခံစေလျှင် နတ်တို့လက်နက်မိုးကြိုးစက်သည် ငါ၏ဦးထိပ်၌ကျပေရာ၏ဟု ကြံ၍ သဌေးကြီးခြေတို့ကို ဖက်ပြီး သည်းခံတော်မူပါဟု တောင်းပန်၏။ အဘယ်ကို သည်းခံရမည်နည်းဟု မေးသော်၊ ဤ အကြောင်း များ ကို အကျွန်ုပ် ပြုလုပ်မိပါသည်၊ သည်းခံတော်မူပါဟု ခြေကိုဖက်ရင်း ထပ်မံ တောင်းပန်ပြန်၏။

သဌေးကြီးက အဘယ်ကြောင့်ငါ့အား ဤမျှအပြိုးကြီးစွာဖြစ်ရသနည်း၊ ငါသည် သင့်ကိုမမြင်ဘူးချေဟုပြော၏။သူခိုးက ဇရပ်ပေါ်တွင် အိပ်နေစဉ် သဌေးကြီး ပြောသည့်စကားကို ပြန်ကြားပြောဆို၏။ သဌေးကြီးလည်း မှတ်မိ၏။

"အမောင်။ ။ငါပြောမိပေသည်၊ ပြောမိသော စကားကို ငါ့အား သည်းခံပါလော့၊ အသင့်အားလည်း ငါသည်းခံ၏၊ အမောင် အလိုရှိတိုင်း သွားလေတော့"

"အရှင်။ ။အကျွန်ုပ်အား သည်းခံပါလျှင် သားမယားနှင့် တကွ ကျွန်ပြုပါတော့"

"အမောင်။ ။ငါဤမျှလောက် ပြောဆိုမိရုံနှင့် ကြီးစွာသော ရန်ငြိုးထား၍ ဖျက်ဆီးခြင်းကိုပြုသေး၏။အိမ်၌နေသဖြင့် သင့်အား ငါစကားပြောဝံ့မည်မဟုတ်၊ သင့်အား ငါသည်းခံ၏ သွားလေတော့"ဟု ပြောဆို၍ လွှတ်လိုက်၏။

သူခိုးသည် အသက်၏အဆုံး၌ အဝီစိငရဲတွင် ရှည်စွာသော နေ့ညဉ့်တို့ ကာလပတ်လုံး ခံစားရပြီး၊ ယခု ဂိဇ္ဈကုဋ်တောင်၌ အလွန်အမင်း ဆင်းရဲခြင်း ဒုက္ခကို ဆက်လက် ခံစားနေရမြင်း ဖြစ်၏။

## သောတာပန်တည်ကြခြင်း

မြတ်စွာဘုရားသည် ဤသို့ အကျယ်ဟောတော်မူပြီး= "ချစ်သားရဟန်းတို့။ ။ သူမိုက်တို့သည် အကုသိုလ်ကို ပြုလုပ်စဉ်၌ ခံစားရမည့် အပြစ်ကို မသိမမြင်ကြ၊ နောက်၌ အကုသိုလ်ကံတို့ ပြင်းထန်လောင်ကျွမ်းစေအပ်သောအခါ မိမိ၏ မှီရာဖြစ်သော တောကို မိမိသာလျှင်ဖျက်ဆီးသော ထောမီးနှင့် တူကုန်သည်"ဟု မိန့်တော်မူပြီးသော်=

(၁၃၆) အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ၊
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဍဍ္ဎောဝ တပ္ပတိ။

(၁၃၆) မကောင်းမှုဒုစရိုက်ကို ပြုလုပ်သောသူမိုက်သည် ထိုမကောင်းမှုကိုပြုလုပ်ချိန်၌ ဝဋ်ကြွေးခံရမည်ကို မသိမမြင် နောက်၌ပညာမဲ့သော ထိုသူမိုက်သည် ထိုကံကြောင့် ငရဲမီး လောင်သည်ဖြစ်၍ သာလျှင် ပူလောင်ရ၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် ခြောက်ခုမြောက် စပါးကြီးမြွေဝတ္ထု ပြီး၏)

## ၇။ မပြစ်မှားထိုက်သူကို ပြစ်မှားလျှင်
### (လက်ဝဲတော်ရံမဟာမောဂ္ဂလာန်ဝတ္ထု)

**မပြစ်မှားထိုက်သူကို ပြစ်မှားလျှင်**
**အမျိုးမျိုးသော ဘေးဆိုးတို့ကို ကြုံတွေ့၍**
**ငရဲသို့ပင်လားရပေ၏။**

(ယော ဒဏ္ဍေန) စသည့် ဒေသနာတော်ကို ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ လက်ဝဲတော်ရံ မဟာမောဂ္ဂလာန်ကို အကြောင်းပြု၍ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း။**

တိတ္ထိတို့သည် ရဟန်းဂေါတမအား ပူဇော်သက္ကာရများခြင်းသည် မဟာမောဂ္ဂလာန်ကြောင့် ဖြစ်သည်၊ မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့သွားပြီး နတ်သမီးနတ်သားတို့ကောင်းမှုကုသိုလ်ကံကိုမေး၍ငရဲ၊ ဤသို့ စည်းစိမ်ခံစားရ၏၊ ဤသည်ကြောင့် ဆင်းရဲခံစားရသည်ဟု ပြောဟော၍ ပေးလှူကြခြင်းဖြစ်သည်၊ မဟာမောဂ္ဂလာန်မထေရ်ကို သတ်နိုင်လျှင် ရဟန်းဂေါတမသည် အလိုလိုပျက်စီးမည်ဟု တိတ္ထိတို့တိုင်ပင်၍ညီညွတ်သော သဘောရကြကုန်၏။

**အရှင်မဟာမောဂ္ဂလာန်ကိုသတ်ခြင်း**

တိတ္ထိတို့သည် လူသတ်သမားတို့အား အသပြာ တထောင်ပေး၍ ကာဠသိလာ ကျောက်ဖျာ၌ နေသော မဟာမောဂ္ဂလာန်ကိုသတ်ရန် စေခိုင်း၏။

မဟာမောဂ္ဂလာန်အား လူသတ်သမားတို့ ဝိုင်းရံကြကုန်၏၊ အရှင်မြတ်သိတော်မူ၍ သော့ပေါက်မှတန်ခိုးတော်ဖြင့် ထွက်ပြီး ရှောင်ရှားတော်မူ၏၊ တနေ့လုံး ရှာ၍မတွေ့ကြ၊ နောက်နေ့တွင် ဝန်းရံပြန်သော် ကောင်းကင်သို့တက်ကြွတော်မူ၏၊ ဤသို့ တလလုံးလုံးလူသတ်သမားတို့သည် အရှင်မြတ်ကိုဖမ်းခြင်းငှာ မစွမ်းနိုင်ကြ။

လ၏အဆုံးသို့ရောက်လျှင် အရှင်မြတ်သည် မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံ၏ ဆွဲငင်ခြင်းကိုသိတော်မူသဖြင့် ရှောင်ရှားတော်မမူတော့သဖြင့် လူသတ်သမားတို့သည် အရှင်မြတ်ကို ဖမ်းပြီး ဝိုင်းဝန်းရိုက်နှက်ထုချေကြရာ အရိုးတို့သည် ဆန်ကွဲလုံး ခန့်မျှလောက် ဖြစ်သည်အထိ ရိုက်နှက်ပြီး သေလေပြီဟူသော အမှတ်ဖြင့် စွန့်ပစ်၍သွားကြလေ၏။

## တုန်ခိုးတော်ပြခြင်း

မထေရ်သည် မြတ်စွာဘုရားသခင်ကိုဖူးမျှော်ပြီးမှ ပရိနိဗ္ဗာန် ပြုတော်မူအံ့ဟု မှုန့်မှုန့် ညက်ညက် ကြေနေသော ခန္ဓာကိုယ်ကို ဈာန်တည်း ဟူသော ရစ်ပတ် ဖွဲ့နှောင်ခြင်းဖြင့် မြဲမြံစေပြီး မြတ်စွာဘုရားအထံတော်သို့ သွားရောက်ရှိခိုးပြီး ပရိနိဗ္ဗာန်ပြုပါ တော့မည်ဟု လျှောက်ကြား၏။

"ချစ်သားမောဂ္ဂလာန်။ ။အသင်သည် ပရိနိဗ္ဗာန် ပြုအံ့လော့"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ။ဩော်- ဟုတ်ပေ၏၊ ပရိနိဗ္ဗာန်ပြုပါတော့မည်"

"အဘယ်အရပ်တွင် ပရိနိဗ္ဗာန်ပြုပါအံ့နည်း"

"မြတ်စွာဘုရား။ ။ကာလသီသအမည်ရသော အရပ်သို့ သွားရောက်၍ ပရိနိဗ္ဗာန်ပြုပါအံ့"

"ချစ်သားမောဂ္ဂလာန်။ ။ဤသို့ဆိုလျှင် ငါဘုရားအား တရားတော်ကို ဟောခဲ့၍သွားလေလော့၊ ငါ၏တပည့် သာဝက အား ယခုတွေ့မြင်ရသည်ခြင်းသည် အဆုံးစွန်သော တွေ့မြင်ရ ခြင်းတည်း၊ ဤမှ နောက်ကာလ တွေ့မြင်ရခြင်းမရှိတော့ပြီ"ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရားသခင်ကို ရှိခိုး ပြီးသော် ထန်းတဆင့်ပမာဏ ကောင်းကင်သို့ တက်ကြွတော်မူ၍ တဖန်သက်ဆင်းပြီးသော် မြတ်စွာဘုရားကိုရှိခိုး၏၊ နောက်တဖန် ထန်းနှစ်ဆင့်တက်ပြန်ပြီး ပြန်လည်ဆင်းသက်ရှိခိုး၊ ဤသို့ ထန်း ခုနစ်ဆင့်အထိ တက်၍တက်၍ အထူးထူး အပြားပြား များစွာ ကုန်သောတန်ခိုးဥဒ္ဒိပါဒ်ကို အထပ်ထပ်ပြပြီးနောက်တရားတော် ကို ဟောကြား၍ မြတ်စွာဘုရားသခင်ကို ရှိခိုးပြီး ကာလသီသ အရပ် တောအုပ်သို့ကြွ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

## ချက်ချင်းပင် ဝဋ်လည်

အဇာတသတ်မင်းကြီးသည် မဟာမောဂ္ဂလာန် မထေရ်ကို သတ်သည့် လူသတ်သမားတို့အားရှာဖွေရန် သူလျှိုတို့ကို အနှံ့ စေလွှတ်၏၊ လူသတ်သမားတို့သည် အရက်ဆိုင် သေတင်းကုပ်၌ မူးယစ်သောက်စားကြပြီး အမူးလွန်ခါ တယောက်ကိုတယောက် ရိုက်နှက်ကြရင်းမှ ထိုအမှုသည်ပေါ်၏။

လူသတ်သမားတို့ကိုဖမ်းဆီး၍ စစ်မေးသော် တိတ္ထိတို့က ငွေပေး၍ စေခိုင်းကြောင်း ထွက်ဆိုကြသဖြင့် တိတ္ထိရဟန်းတို့ကို ဖမ်းဆီးပြီး မင်းယင်ပြင်ဝယ် တွင်းတူး၍ ချက်အထိ မြေဖို့ပြီး အပေါ်၌ ကောက်ရိုးတို့ပုံ၍ မီးတိုက်၏၊ မီးလောင်ပြီးမှ သံထွန်သွားတို့ဖြင့် ထွန်စေပြီး အပိုင်းပိုင်းအတုံးတုံးဖြစ်စေကုန်၏။

**အတိတ်ဇာတ်ကို ဟောတော်မူခြင်း**

မြတ်စွာဘုရားသခင်သည် တရားသဘင်၌ ရဟန်းတို့အား အရှင်မောဂ္ဂလာန်၏ မကောင်းမှုကံကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ နေသော လုလင်တယောက်သည် ကိုယ်တိုင် ဆန်ဖွပ် မောင်းထောင်း ထမင်းချက်ဖြင့် မျက်စိနှစ်ကွင်း အလင်းမရရှာသော မိဘနှစ်ပါးကို လုပ်ကျွေး၏၊ မိဘတို့က မိမိတို့သား ပင်ပန်းသောကြောင့် အိမ်ထောင်ပြုရန် တိုက်တွန်း၏၊ လုလင်က မိဘနှစ်ပါးတို့ အသက်ရှည်သမျှ မိမိ၏လက်ဖြင့်သာ လုပ်ကျွေးပြုစုပါရစေဟု ပြော၏၊ မိဘတို့ကသားကိုအတန်တန်တောင်းပန်၍ သတို့သမီးတယောက်ကို ဆောင်နှင်းကြကုန်၏။

**မယား၏ ဂုံးစကား**

ချွေးမသည် ခဏမျှသာ မိဘတို့ကို လုပ်ကျွေး၏၊ နောက်၌ မျက်မမြင်မိဘနှစ်ပါးကို ကြည့်၍ပင်မရသဖြင့် လင်အားအိမ်ခွဲ၍ နေရန် အတန်တန် လှည့်ပတ် ပြောဆို၏၊ လင်ဖြစ်သူအား အိမ်ခွဲဆင်းရန် တမျိုးတမည်ကြံ၍ မိဘနှစ်ပါးအား အပြစ်ရှာခါ အမျိုးမျိုးသော ဂုံးစကားတို့ကို ပြောကြား၏၊ လင်သည် တဖြေးဖြေးနှင့် ပြောပါများ မယား စကား အောင်လာ၏၊

မယားက နေ့စဉ်နှင့်အမျှ မျက်မမြင် ဒုက္ခိတများနှင့် မနေနိုင်ပါဟု ပြောပြန်၏။

## မိဘနှစ်ပါးကို ပြစ်မှားခြင်း

ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီနှင့် ပြည့်စုံလုံလောက်သည့် ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း ကြင် သူ သက် ထား ဇနီးမယား၏ လှည့်ပတ်ဖျားယောင်းမှုကြောင့် မိဘ နှစ်ပါးအပေါ် ချစ်ခင်မြတ်နိုးစိတ်လျော့ပါးပြီး မယားဘက်သို့ ပါရလေသေး၏။

တနေ့တွင် မိဘနှစ်ပါးတို့အား အဝေးရှိ ဆွေမျိုးတို့က တွေ့လို၍ သွားကြကုန်အံ့ဟုလှည်းယာဉ်ဖြင့်တင်၍သွားပြီး တောအုပ်အလယ်သို့ရောက်လျှင် မျက်စိမမြင်ရှာသော ဖခင်ကို ဤအရပ်၌ ခိုးသူတို့ရှိကြပါသည်၊ ဖခင်သည် ကြိုးကို ကိုင်၍ နွားတို့ကို နှင်တံဖြင့် မောင်းပါလော့၊ အကျွန်ုပ် ဆင်းသက်ပါဦးမည်ဟု ပြော၍ ဖခင်လက်သို့ ကြိုးကိုပေးပြီး လှည်းမှဆင်းကာ အတန်ငယ်သွားပြီးလျှင် ထိုလုင်သည် အသံကိုဖျက်၍ ခိုးသူတို့ အသံဟု ထင်စေရန် ပြုလေ၏။

ထိုအသံကိုကြားသော် မိခင်ဖခင်တို့သည် ခိုးသူတို့လိုက်လာသည်ဟူသောအမှတ်ဖြင့် သားအပေါ်၌စိုးရိမ်ကြီးစွာ ပြောရှာလေသည်မှာ=

"အိုချစ်သား။ ။ငါတို့သည် အရွယ်အိုမင်း ကြီးရင့်ကြပါပြီ၊ ငါတို့သေရ၍ ကိစ္စမရှိ သားမောင်သာငါတို့ကို ထား၍ ကိုယ့်ကိုယ်ကိုသာ လွတ်အောင် ပြေးပါလော့"ဟု ပြောဆိုအော်ဟစ်ကြကုန်၏။

မေတ္တာရှေ့သွားဖြင့် ကရုဏာထားခါ သား၌ ချစ်ခြင်းဖြင့် ဟစ်အော်ပါသော်လည်း မယား၏ အာဏာစက်ကြောင့် မိဘ

တို့အပေါ် ကရုဏာမဖက် ရက်စက်ကြမ်းကြုတ် ရိုက်ပုတ်သတ်ဖြတ်ပြီး တောအုပ်၌စွန့်ပစ်ခဲ့ခါ အိမ်တို့ပြန်သွားလေ၏။

ရဟန်းတော်များ သောတာပန်တည်ကြခြင်း

မြတ်စွာဘုရားသခင်သည် ဤသို့အတိတ်ဇာတ်ကိုဟောကြားတော်မူပြီးနောက်=

"ချစ်သားရဟန်းတို့။ ။ငါ၏ သားတော် မောဂ္ဂလာန်သည် ဤသို့သော မကောင်းမှုကံကိုပြုခဲ့ခြင်းကြောင့် အသိန်းမကများလှစွာသောနှစ်တို့ပတ်လုံး ငရဲ၌ ခံစားရပြီး ယခုဘဝ ခန္ဓာကို ရိုက်နှက်ပုဘ်ခတ်ထုချေ၍ သေခြင်းသို့ ရောက်ရ၏။

မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှားကျူးလွန်သည်ရှိသော် ဆယ်ပါးသောအကြောင်းတို့ဖြင့် ပျက်စီးခြင်းသို့ရောက်ရသည်ဟု မိန့်တော်မူပြီး အနုသန္ဓေကိုစပ်၍ တရားတော်ကိုဟောကြားတော်မူလိုသောကြောင့်-

(၁၃၇) ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္န မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။

(၁၃၈) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။

(၁၃၉) ရာဇတော ဝါ ဥပဿဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။ ။

(၁၄၀) အထဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။ ။

ဟူသော ဂါထာတို့ကို ဟောတော်မူ၏။

(၁၃၇) အကြင်သူသည် မပြစ်မှားထိုက်ကုန်သော ရိုက်နှက်ပုတ်ခတ်ခြင်း မပြုအပ်သော သူတို့ကို ရိုက်နှက် ပုတ်ခတ်ခြင်းဖြင့် ပြစ်မှားခဲ့သည်ဖြစ်အံ့၊ဆယ်ပါးသော ဒုက္ခတို့အနက် တပါးပါးသော အကြောင်းသို့ လျင်မြန်စွာ ရောက်ရ၏။

(၁၃၈) ၁။ ကြမ်းကြုတ်သော ဝေဒနာတို့သည်၎င်း။

၂။ ပစ္စည်းဥစ္စာ ပျက်စီး ဆုံးရှုံးခြင်းသို့၎င်း။

၃။ ကိုယ်အင်္ဂါပျက်စီးခြင်းသို့၎င်း။

၄။ မျက်စိကန်း နားပင်း အခြင်း နူနာစွဲကပ်ခြင်း စသော ဆိုးရွားသော ရောဂါတို့ကို၎င်း။

၅။ စိတ်ပျံ့လွင့်ရူးသွပ်ခြင်းသို့၎င်း။

(၁၃၉) ၆။ ရာထူးမှ လျောကျခြင်းသို့၎င်း။

၇။ ကြမ်းကြုတ်သော စွပ်စွဲခံရခြင်းသို့၎င်း။

၈။ မိခိုရာအဆွေအမျိုးတို့ ပျက်စီးခြင်းသို့၎င်း။

၉။ စည်းစိမ်တို့ ပျက်စီးခြင်းသို့၎င်း ရောက်ရာ၏။

(၁၄၀) ထိုမှတပါး—

၁၀။ ထိုသူ၏ အိမ်တို့ကို မီးလောင်၍၎င်း လောင်မီးကျ၍၎င်း စွဲလောင်၏။

ပညာမဲ့ငြား ထိုသူအားလျှင် ကိုယ်ခန္ဓာ၏ပျက်စီးသည်မှနောက်၌ ငရဲသို့ရောက်ရလေ၏။

ဒေသနာတော်၏အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် ခုနစ်ခုမြောက် မဟာမောဂ္ဂလာန်ဝတ္ထု ပြီး၏။)

## (၁၀) ဒသကဝဂ်

### ဂ။ ဒေဝဓမ္မတရားဟူသည့်ကား

(ဗဟုဘဏ္ဍိက(ပစ္စည်းများစွာ ဆောင်သော) မထေရ်ဝတ္ထု)

**မကောင်းမှုဒုစရိုက်ပြုရမှာ**
**ရှက်ကြပါ။**
**ကြောက်ကြပါ။**

(န နဂ္ဂစရိယာ) အစဖြသော ဒေသနာတော်ကို သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ ဗဟုဘဏ္ဍိက ရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

သာဝတ္ထိပြည်မှ သူကြွယ် တယောက်သည် မယားသေ၍ ရဟန်းပြု၏၊ ရဟန်းဘဝတွင် ခမ်းခမ်းနားနားနေထိုင်၏၊ မိမိ၏ လူဘဝက ကျွန်တို့ကိုခေါ်၊ အကောင်းအမွန်တို့ကို ချက်ပြုတ်၍ စားသောက်၏၊ သင်္ကန်းကိုပင် နေ့တထည် ညတထည် လဲ၍ ဝတ်၏။

ရဟန်းတို့က

"ငါ့ရှင်။ ။မြတ်စွာဘုရား သုံးခင်သည် သုံးထည်သော သင်္ကန်းကိုသာ ခွင့်ပြုသည်မဟုတ်လော၊ အလိုနည်းပါး ဘုရား သာသနာတော်၌ ရဟန်းပြုသည်ဖြစ်ပါလျက် ခမ်းခမ်းနားနား များစွာသော အသုံးအဆောင်ကို အဘယ့်ကြောင့် ထားရှိသုံး ဆောင်ဘိသနည်း"

ဟု ပြောဆိုပြီး မြတ်စွာဘုရားထံ ခေါ်ဆောင်၍ လျှောက်ကြားကြကုန်၏။

မြတ်စွာဘုရားက "ချစ်သားရဟန်း၊ ငါဘုရားသခင်သည် အလိုနည်းစေခြင်းအကျိုးငှာ ဟောကြားအပ်ပါလျက် အဘယ့်ကြောင့် ဤသို့များပြားသော ပစ္စည်းဘဏ္ဍာထားရှိသည်ဖြစ်လေသနည်း" ဟု မိန့်တော်မူ၏။

ထိုမျှလောက်သော မိန့်ဆိုခြင်းဖြင့် သူကြွယ်ရဟန်းသည် ပရိသတ်အလယ်မှထ၍ "ဤလိုသာ နေပါတော့မည်" ဟု ကိုယ်ရုံကို လွှင့်ပစ်၍ သင်းပိုင်နှင့်သာ ရပ်တည်၏။

ထိုအခါ မြတ်စွာဘုရားသခင်က

"ချစ်သားရဟန်း။ ။သင်သည် ရေစောင့်ဘီလူး ဖြစ်စဉ်က ဟိရိနှင့်ဩတ္တပ္ပကို တဆယ့်နှစ်နှစ်တိုင်တိုင် ရှာဖွေ၍နေရ၏။ ယခု ငါဘုရားသာသနာတော်၌ ရဟန်းဖြစ်ပါလျက်၊ပရိသတ်အလယ်တွင် ကိုယ်ရုံကိုစွန့်ခါ ဟိရိနှင့်ဩတ္တပ္ပကိုပယ်၍ အဘယ့်ကြောင့် ရပ်တည်ပြန်ဘိသနည်း" ဟု မိန့်တော်မူ၏။

ထိုအခါမှ သူကြွယ်ရဟန်းသည် ရှက်ခြင်းနှင့် ကြောက်ခြင်း ဟိရိနှင့် ဩတ္တပ္ပကိုမြင်လာပြီးလျှင် ကိုယ်ဝတ်သင်္ကန်းကို ကောက်ယူဝတ်ရုံပြီး မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေ၏။

ရဟန်းတို့က ထိုသူကြွယ်ရဟန်း၏ အတိတ်ဇာတ်ကြောင်းကို ဟောကြားတော်မူပါရန် လျှောက်ထားကြ၍ အတိတ်ကိုဆောင်ခါ ဟောကြားတော်မူသည်မှာ....

## ဒေဝဓမ္မ တရားနှစ်ပါး

ရှေးသရောအခါ ဗာရာဏသီပြည့်ရှင်ဘုရင်၏မဟေသီမိဖုရား ကြီး၌ ဘုရားအလောင်းတော် "မဟိံသကုမာရ"မင်းသားကို ဖွားမြင်၏။ ထိုနောက် ညီတော် "စန္ဒကုမာရ"ကို ဖွားမြင်၏။ မင်းသားနှစ်ပါး၏ မယ်တော်မှာ ကွယ်လွန်ခဲ့သော်၊ မိဖုရားငယ် တယောက်ကို အဂ္ဂမဟေသီ တင်မြှောက်၏။ ထိုမိဖုရားတွင် "သူရိယကုမာရ" သားတော်ကိုဖွားမြင်လျှင် မင်းကြီးက မိဖုရား အား "လိုသောဆုကိုပေး၏"ဟု ဆို၏။ မိဖုရားက–

"အရှင်မင်းမြတ် ကောင်းလှပါပြီ၊ အလိုရှိသော အခါ၌ တောင်းပါအံ့"ဟု ဆို၏။

သူရိယကုမာရ အရွယ်ရောက်လျှင် မိဖုရားက မင်းကြီး၏ ကတိအရ "မင်းအဖြစ်ပေးအပ်ပါ"ဟု တောင်း၏။

မင်းကြီးသည် သားအကြီးနှစ်ယောက် ရှိပါလျက် အငယ် ဆုံးကို မင်းအဖြစ် မပေးနိုင်ဟုဆိုသော်လည်း မိဖုရားက အဖန် တလဲလဲ အမြဲမပြတ် တောင်းဆိုနေ၏။ မင်းကြီးက "ဤမိဖုရား သည် သူ၏သားတော်ကိုမင်းအဖြစ်အလွန်လိုလားနေသည်ဖြစ်၍ သားတော်အကြီးနှစ်ပါးမှာ အန္တရာယ် ကျရောက်စရာရှိသည်" ဟု စဉ်းစားမိသည့်အလျောက်၊ သားတော်နှစ်ပါးကို ခေါ်၍ "ယခုအခါ တော၌နေပြီး ငါဖခင်နတ်ရွာစံမှလာ၍ မင်းအဖြစ် ကို ယူကြကုန်လော့"ဟု မှာကြားပြီး တောသို့စေလွှတ်လိုက်၏။

## မင်းသား ညီနောင်သုံးယောက်

မဟိံသကုမာရနှင့် စန္ဒကုမာရ မင်းသားညီနောင်တို့သည် ခမည်းတော်ကိုရှိခိုးပြီး ပြာသာဒ်ထက်မှ ဆင်း၍သွားသော်၊မင်း

ရင်ပြင်၌ကစားနေသော(သူရိယကုမာရ)တွေ့မြင်၍အကြောင်းစုံ အကုန်သိရသဖြင့် နောင်တော်တို့နှင့် လိုက်ပါတော့မည်ဟုဆို၏၊ တားမြစ်သော်လည်းမရ လိုက်ပါ၍သွားလေ၏။

ဟိမဝန္တာသို့အဝင်တောအရောက် ဘုရားလောင်း မဟိံသ မင်းသားသည် သစ်ပင်ရင်းတခု၌ ထိုင်နေပြီး သူရိယကုမ္မာကို "ညီချစ်တို့ ရေအိုင်၌သွားရောက်၍ ရေချိုး သုံးသပ်ပြီးသော်၊ ငါတို့အတွက် ကြာဖက်ဖြင့် ရေကိုဆောင်ယူခဲ့ပါ"ဟု စေခိုင်း လိုက်၏။

## ဒေဝဓမ္မတရား

ထိုရေအိုင်သည် ဒကရက္ခိုသ်ဘီလူးသည် ဝေဿဝဏ္ဏ နတ် မင်းကြီးထံမှ အပိုင်စားရထားသောအိုင်ဖြစ်၏။ ရေကန်တွင်းသို့ ဆင်းလာသူသည် (ဒေဝဓမ္မတရားကို မသိပါက)စားနိုင်သည်ဟု အမိန့်ရထား၏။

သူရိယကုမာရမင်းသားသည် ရေအိုင်တွင်းသို့သက်ဆင်းလျှင် ဘီလူးကဖမ်း၍ဒေဝဓမ္မတရားကိုမေး၏။သူရိယကုမာရက"ဒေဝ ဓမ္မ ဆိုသည်မှာ နေနဲ့လ"ဟု ဖြေသဖြင့် ဒေဝဓမ္မတရားကိုမသိ သောကြောင့် ရေကန်တွင်း၌ ဖမ်းဆီး၍ထား၏။

ဘုရားလောင်းသည် သူရိယကုမာရ အချိန်ကြာ၍ ညီတော် စန္ဒကုမာရကိုလွှတ်၏။ စန္ဒကုမာရသည် ရေအိုင်သို့ ဆင်းသော ကာလ ဒကဘီလူးက ဖမ်းဆီးခါ ဒေဝဓမ္မ တရားကိုမေး၏။ စန္ဒ ကုမာရ "ဒေဝဓမ္မ တရားဆိုသည်မှာ အရှေ့၊ အနောက်၊ တောင် မြောက် အရပ်လေးမျက်နှာ ဖြစ်သည်"ဟု ပြော၏။ ဒေဝဓမ္မ တရားကို မသိသောကြောင့်ဖမ်းဆီး၍ ရေအိုင်အောက်၌ထား၏။

ဘုရားလောင်း မဟိံသကုမာရသည် ညီတော်နှစ်ယောက် မလာ၍ ရေအိုင်သို့ လိုက်ပါသွား၏။ ရေအိုင်ကိုကြည့်သော် ဆင်းသောခြေရာကိုသာတွေ့၍ တက်သောခြေရာကို မတွေ့သဖြင့် ဤရေအိုင်သည် ဘီလူးစောင့်လတ့်ဟုသိ၍ သံလျက်ကို အိမ်မှ နှုတ်ပြီး ရပ်ခါ အကဲခတ်နေ၏။

ဘီလူးသည် ဘုရားလောင်းမင်းသားရေအိုင်သို့မဆင်းသဖြင့် လူယောင်ဆောင်ပြီး ရေအိုင်သို့ဆင်း၍ ရေချိုးရန်တိုက်တွန်း၏။ ဘုရားလောင်းက ထိုသူကိုမြင်လျှင် ဘီလူးတည်းဟုသိ၍ အသင် သည် ငါ့ညီတော်များကို ဖမ်းဆီးထားသလောဟုမေး၏။ ဖမ်း ထားကြောင်းပြောလျှင် အဘယ့်ကြောင့် ဖမ်းသနည်းဟု မေး ပြန်၏။ ဒေဝဓမ္မတရားကို မသိသောကြောင့် ဖမ်းထားသည်ဟု ပြော၏။

“ဒေဝဓမ္မကို သင်အလိုရှိသလော”ဟု မေး၏။

“အလိုရှိပါသည်”ဟု ပြော၏။

ဘုရားလောင်းက ညစ်နွမ်းသောကိုယ်ဖြင့် ငါသည် တရား မဟောနိုင်ဟု ဆိုသောအခါ၊ ဘီလူးသည် ဘုရားလောင်းကို ရေ ချိုးစေပြီး သောက်ရေကို သုံးဆောင်စေပြီးမှ ပလ္လင်သို့တက်ပြီး နေ၏။ ဘီလူးသည် ဘုရားလောင်းခြေရင်း၌ထိုင်၏။ ရိုသေစွာ နာလေလော့ဟု မိန့်ဆိုပြီး၊

ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊
ဒေဝ ဓမ္မာတိ ဝုစ္စရေ။ ။

လောက၌ မကောင်းမှု ပြုရမည်ကို ရှက်တတ်သော ဟိရိတရား၊ မကောင်းမှုပြုရမည်ကို ကြောက်တတ်သော ဩတ္တပ္ပတရားနှင့်ပြည့်စုံကုန်သော ဟိရိဩတ္တပ္ပကိုအရင်းပြု၍ ကျင့်အပ်ကုန်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံကုန်သော ငြိမ်သက်တည်ကြည်ကုန်သော ယောကျ်ားမြတ်တို့ကို "ဒေဝဓမ္မာတိ" နှဘ်တို့အကျင့်တရားရှိကုန်သူတို့ဟူ၍ သူတော်ကောင်းတို့ ချီးမွမ်းတော်မူအပ်၏။

**ဒေဝဓမ္မတရား အကျိုး**

ဘီလူးသည် ဒေဝဓမ္မတရားကို နာကြားရ၍ နှစ်သက်အားရလှသဖြင့်-

"အို ပညာရှိ။ ။ကျွန်ုပ်သည် သင့်အား ကြည်ညိုပါ၏၊ ညီတော်တယောက်ကို ပြန်ပေးအံ့၊ မည်သူ့ကို ယူမည်မည်း"

"ညီတော်အငယ်ကိုယူမည်"

"ပညာရှိ၊ သင်သည် ဒေဝဓမ္မေတရားကို သိသာ သိသည် မကျင့်

အဘယ့်ကြောင့် သင် ဤသို့ပြောသနည်း၊ညီတော်အကြီးကို မယူပဲ အငယ်ကို ယူသဖြင့် ကြီးသောသူကို အရိုအသေ ပြုရာ မရောက်"

"အို ဘီလူး။ ။ဒေဝဓမ္မတရားကိုသိလည်းသိ၏၊ကျင့်လည်း ကျင့်၏၊ ငါတို့သည် ညီတော်အငယ်ကိုအကြောင်းပြု၍တောသို့ ရောက်လာရ၏။ အကြောင်းကို ငါပြောဦးအံ့၊ ညီတော်အငယ် သူရိယကုမာရမင်းသား၏ မယ်တော်က မင်းသားအတွက် မင်း အဖြစ်ကို တောင်း၏၊ ငါတို့၏ ခမည်းတော်ကမပေး၊ငါတို့အား အန္တရာယ်ကင်းစေခြင်းငှာ တောသို့ စေလွှတ်တော်မူ၏၊ညီတော်

မင်းသားငယ်သည် ငါတို့တားမြစ်သော်လည်းမပြန်ပဲ ငါတို့နှင့် အတူတောထဲသို့လိုက်ပါလာ၏၊ ထိုမင်းသားငယ်ကိုတောတွင်း၌ ဘီလူးစားသည်ဟုငါတို့ပြောသော်လည်း မည်သူမျှယုံကြည်မည် မဟုတ်၊ထို့ကြောင့်ပင် ညီတော်အငယ်ကို ယူမည်ဆိုပေသည်''ဟု မိန့်တော်မူ၏။

## တိုင်းပြည်သို့ လိုက်လာခြင်း

ဘီလူးသည် ဘုရားလောင်းအား အလွန်ကြည်ညို၏၊ချီးမွမ်း အံ့သြ၏၊ ညီတော်နှစ်ယောက်စလုံးကိုယူပြီး ပေးအပ်၏၊ ထိုအခါ အာဒီနဝကိုဟောပြ၍ ဘီလူးအား ငါးပါးသီလ၌ တည်စေ၏၊ ဘုရားအလောင်းသည် ညီတော်တို့နှင့်တကွ ဘီလူး၏ အစောင့် အရှောက်ဖြင့် နေပြီး ခမည်းတော် နတ်ရွာစံလျှင် ဘီလူးကို တိုင်းပြည်သို့ ခေါ်ဆောင်ခဲ့၏။

ဗာရာဏသီပြည်၌ မင်းအဖြစ်ကို ခံယူပြီး စန္ဒကုမာရအား အိမ်ရှေ့မင်းအဖြစ် သူရိယကုမာရအား စစ်သူကြီးအဖြစ် အရာ ပေး၍ ဘီလူးအား မွေ့လျော်သောအရပ်၌ နေရာ နတ်ကွန်းကို ပေး၍ ချီးမြှင့်ခြင်းပြုတော်မူ၏။

## ဇာတ်တော်ပေါင်းခြင်း

မြတ်စွာဘုရားသခင်သည် ကေနိပါတ် ဒေဝဓမ္မ ဇာတ်ကို ဟောကြားတော်မူပြီး ''ချစ်သားရဟန်းတို့။ ။ထိုဒကရက္ခိုသ် ဘီလူးသည် ယခုအခါ သူကြွယ်ရဟန်းဖြစ်လာ၏၊ သူရိယကုမာရ မင်းသားသည် အာနန္ဒာဖြစ်လာ၏၊ စန္ဒကုမာရ မင်းသားသည် သာရိပုတ္တရာဖြစ်လာ၏၊မဟိံသကုမာရမင်းသားသည် ငါဘုရား ပင်တည်း''ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ထို့နောက် အနုသန္ဓေကိုစပ်၍ ဟောကြားတော်မူလိုသော ကြောင့်-

(၁၄၁) န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ။
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

(၁၄၁) တွေးတောယုံမှားနေသေးသော သတ္တဝါသည် ဝတ်လစ်စလစ်အကျင့်ကို မသုတ်သင်နိုင်။ ဆံကျစ်ခြင်း အကျင့်တို့ကို မသုတ်သင်နိုင်ကုန်၊ ကိုယ်၌ ရွှံ့လိမ်းကျံသော အကျင့်တို့ကို မသုတ်သင်နိုင်ကုန်။ အစာပယ်ဖြတ် အငတ်နေခြင်းအကျင့်တို့ကို မသုတ်သင်နိုင်ကုန်။ မြေ၌အိပ်ခြင်း ညစ်ပေခြင်း အကျင့်တို့ကို မသုတ်သင်နိုင်ကုန်။ ဆောင့်ကြောင့်ထိုင်ခြင်း အကျင့် တို့ကို မသုတ်သင်နိုင်ကုန်။

ဒေသနာတော်၏အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် ရှစ်ခုမြောက် ဗဟုဘဏ္ဍိကမထေရ်ဝတ္ထုပြီး၏။)

(၁၀) ဒဿကဂ်

# ၉။ သမဏ ဗြာဟ္မဏဘာသာကြောင့်ခေါ်

## (သန္တတိအမတ်ကြီးဝတ္ထု)

**မြတ်သောအကျင့်ရှိသူသည် ဗြာဟ္မဏ**
**ခေါင်းပါးသောအကျင့်ရှိသူသည် သမဏ**
**အိမ်ယာစွန့်သွား တရားကျင့်မှု့**
**ဆွမ်းခံလေ့ရှိသူသည် ဘိက္ခု။**

(အလင်္ကာတော စေပီ) အစရှိသည့် ဒေသနာဂါထာကို သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သန္တတိ အ မတ် ကြီး ကို အကြောင်းပြု၍ဟောတော်မူ၏။

### ဝတ္ထုအကြောင်းကား ဤသို့တည်း

သန္တတိ အမတ်ကြီးသည် ပသေနဒီကောသလ မင်းကြီး၏ တိုင်းဖျားပြည်စွန်၌ သူပုန်သူကန်တို့ကို နှိမ်နင်း အောင်မြင်ပြီး ပြန်အလာ ပသေနဒီကောသလမင်းကြီးသည် မြတ်နိုးတော်မူ လှ၍ ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကို စံစားစေပြီး အကတွင် ကျော်ကြား အသွန့်အလွန်လှပငြားသော မိန်းမတယောက်ကို ပေးသနားတော်မူ၏။

အမတ်ကြီးသည် ခုနစ်ရက်ပတ်လုံး သောက်စား မူးယစ် ပျော်ပါး၍ ခုနစ်ရက်စေ့သောနေ့တွင် မင်္ဂလာဆင်တော်ကို စီးခါ ရေချိုးဆိပ်သို့အသွား ဆွမ်းခံဝင်လာသောမြတ်စွာဘုရား သခင်ကို မြို့တံခါးကြား၌တွေ့မြင်၍ ဆင်ပေါ်မှပင် မူးမူးရူးရူး ဦးခေါင်းကိုလှုပ်ပြီး ရှိခိုး၏။

မြတ်စွာဘုရားသခင်သည် ပြုံးတော်မူ၏၊ အရှင်အာနန္ဒာ မထေရ်သည် ပြုံးတော်မူခြင်းအကြောင်းကို မေးတော်မူလျှင်-

“ချစ်သားအာနန္ဒာ။ ။သန္တတိအမတ်ကြီးသည် ယနေ့ ပင်လျှင် အလုံးစုံသော တန်းဆာတို့ ဆင်ယင် ဝတ်စားလျက် ငါဘုရားထံမှောက်လာရောက်ပြီး တရားတော်ကို နာကြားရ သဖြင့် လေးပါဒရှိသော ဂါထာအဆုံး၌ အလုံးစုံသော ကိလေ သာတို့ကို ပယ်သတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် ထန်း ခုနစ်အင့်ဆမြင့်ရှိသော ကောင်းကင်၌ထိုင်ပြီးကာလ ပရိနိဗ္ဗာန် ပြုလတံ့

နှိန့်တော်မူ၏။ လူအပေါင်းတို့သည် ထိုသတင်းကိုကြား ရလျှင် မိစ္ဆာဒိဋ္ဌိတို့က ရဟန်းဂေါတမသည် မဖြစ်နိုင်သော အရာကိုပြောသည်၊ မဟုတ်စကားပြောသည်ကို ကြည့်၍ ငါတို့ ရှုတ်ချကြကုန်အံ့ဟု စုဝေးကြကုန်၏။

သမ္မာဒိဋ္ဌိတို့က ငါတို့ဘုရားသခင်၏ ‘တင့်တယ်စံပယ်ခြင်းကို ၎င်း၊ သန္တတိအမတ်ကြီး၏ တင့်တယ်စံပယ်ခြင်းကို၎င်း၊ ငါတို့ ရှုမြင်ကြကုန်အံ့ဟု စုဝေးကြကုန်၏။

## ကချေသည်မလေး ဇာတ်သိမ်း

သန္တတိအမတ်ကြီးသည် တနေ့လုံး ရေချိုးဆိပ်၌ ကစားမြူး တူးပြီးနောက် ဥယျာဉ်သို့သွားခါ သေရည်ကို သောက်ရင်း ကချေသည်မလေး၏အကကို ရှုစားရန်စီစဉ်ထား၏။

ကချေသည်မလေးမှာလည်း အမတ်ကြီး၏ရှေ့၌ ကပြရမည် ဖြစ်၍ ကိုယ်လုံး ကိုယ်ဖန် တင့်တယ်စေရန် ခုနစ်ရက်လုံးလုံး

အစားကိုလျှော့စားပြီး ကပြရချိန်၌လည်း ကြိုးစား ပန်းစား ကပြလေရာ နှလုံးကိုလေရိုက် ထိခိုက်ဘ၌ပင် ပါးစပ်ကိုဟ မျက်လုံးကိုဖွင့်ရင်း လေသင်ဓုန်းဖြတ်ခါ သေဆုံးရှာလေသတည်း။

## သန္တတိ၏ အလွမ်း

ချောမောလှပ ပျိုမျစ် နုနယ် မက်မောဖွယ် ကချေသည်မလေးကို ရှု၍ပင်မငြီး အပျော်ကြီးပျော်ခိုက် ရုတ်တရက် လဲကျခါသေဆုံးရရှာသည်ကို မျက်စိအောက်တွင် လောလောဆဲယ်ဖြစ်သဖြင့်သေချာစွာကြည့်ကြပါ၊ သေသည်မှ ဟုတ်ပါလေစမိန့်ဟာလေလျှောင် မင်းချင်းတို့က အမှန်ပင်သေကြောင်း လျှောက်ထားသည့်အခါ အမတ်ကြီးခမြာမှာသောက်ထားသည့် သူရာတို့ပူစွာသောအိုးကင်း၌ ကျရောက်သောရေပေါက်ကဲ့သို့ အမူးတွေပြေပျောက်၍ ပူပန်သောကဖိစီး အလောင်းကိုပိုက်ခါ ပူဆွေး၍သာနေလေတော့သည်။ ဤသောကမျိုး တကြိမ်တခါမျှ မကြုံရဘူးသဖြင့် ပူလောင်သည့် ပရိဝေဒကို မြတ်စွာဘုရားမှ တပါးအခြားသူ မငြိမ်းသတ်နိုင်ဟု အမှန်သိပြီး စစ်သည်အပေါင်းခြံရံလျက်ညနေချမ်းတွင် ဘုရားသခင်ထံ သွားလေ၏။

## ရဟန္တာဖြစ်ခြင်း

တောက်လောင်သည့်သောကကို ငြိမ်းအေးပေးသနားတော်မူပါဘုရားဟုထွက်ကျယိုစီးသော မျက်ရည်တို့ဖြင့် လျှောက်ထားလေလျှင်မြတ်စွာဘုရားသခင်က–

ယံပုဗ္ဗေ တံ ဝိ သောဓေဟိ၊ ပစ္ဆာ တေ မာဟုကိဉ္စနံ။
မဇ္ဈေ စေ နော ဂဏှိဿတိ၊ ဥပသန္တော စ ပဿသိ။ ။

"အမတ်ကြီး။ ။တဏှာကြောင့်ဖြစ်ပေါ်လာသော ဥပါဒါန်သည် ရှေး၌ဖြစ်၏၊ ထိုဥပဒါန်ကို သုတ်သင်လေလော့၊ နောက်၌ တဏှာဖြင့် စွဲလန်းခြင်းကို သင့်အား မဖြစ်ပါစေလင့်၊ အလယ်၌စွဲလန်းခြင်း ဥပါဒါန်ကို မယူခဲ့သည်ဖြစ်အံ့၊ ဤသို့ မယူခဲ့သည်ရှိသော် သင်သည် တဏှာရာဂအစရှိသော မီးတို့မှ ငြိမ်းသည်ဖြစ်၍ နိဗ္ဗာန်သို့သွားရလတံ့"

ဂါထာတော်၏အဆုံး၌ သန္တတိအမတ်ကြီးသည် အရဟတ္တဖိုလ်သို့ရောက်လေ၏။ မိမိ၏ အာယုသင်္ခါရကို ကြည့်ရှုရှိသည်ရှိသော် အသက်၏ပျက်ဆုံးမည့် အချိန်သို့ရောက်ပြီကို သိသောကြောင့် ဘုရားသခင်အား-

"အရှင်မြတ်ဘုရား။ ။တပည့်တော် အား ပရိနိဗ္ဗာန်ပြုခြင်းကို ခွင့်ပေးသနားတော်မူပါ"ဟု လျှောက်ထား၏။

ဘုရားသခင်သည် သန္တတိအမတ်ကြီး ပြုခဲ့ဘူးသော ကောင်းမှုကိုသိပြီးဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိတို့လည်း ရောက်နေကြသည်၊ သမ္မာဒိဋ္ဌိတို့လည်း ဘုရားနှင့်တကွ သန္တတိအမတ်ကြီး၏ တင့်တယ်စံပယ်ခြင်းကို ဖူးမြင်ရ၍ နှစ်သက်ရှိသေခြင်း ဖြစ်လတံ့-ဟု အကြောင်းနှစ်ပါးကို ထောက်မျှော်ပြီး-

"အမတ်ကြီး။ ။ဤသို့ဆိုလျှင် သင်ပြုအပ်သော ကုသိုလ်ကောင်းမှုကံကို ငါဘုရားအား ဟောကြားခဲ့ဦးလော့၊ ဟောကြားသောအခါ၌လည်း ကောင်းကင်၌ ထန်းခုနစ်ဆင့်ခန့်မှ နေ၍ ဟောကြားလေလော့"ဟု မိန့်တော်မူ၏။

## ကောင်းကင်မှ တရားဟောခြင်း

သန္တတိအမတ်ကြီးသည် ဝန်ခံလျှောက်ထား၍ ထန်းတဆင့်မှ ထန်းခုနစ်ဆင့်အထိတက်၍သက်၍ ရှိခိုးကန်တော့ပြီးနောက်-

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။ တပည့်တော်၏ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်ကံကို ကြားနာတော်မူပါလော့''ဟု လျှောက်၏။

''တပည့်တော်သည် ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာထက် ဝိပဿီသခင်၊ဘုရားရှင်ပွင့်တော်မူသောအခါ၌တပည့်တော်သည် ဗန္ဓုမတီပြည်ကြီးတွင် တဦးသောအမျိုး၌ဖြစ်၏၊ လူသူတပါးကို သတ်ဖြတ်ညှင်းဆဲခြင်း နှိပ်စက်ခြင်း မပြုရသော အလုပ်သည် အဘယ်အလုပ်မျိုးဖြစ်ပါလိမ့်မည်နည်းဟု ကြံဆင်ခြင်ပြီးသော် တရားနာရန် ကြွေးကြော်ခြင်းဖြင့် လူများအပေါင်းကို ဆောက်တည်စေသည့် ကောင်းမှုကုသိုလ်ကိုပြုပါ၏။

''အို လူအပေါင်းတို့ ဥပုသ်နေ့တို့၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကိုဆောက်တည်ကြကုန်လော့၊ စွမ်းနိုင်သမျှ အလှူဒါနကို ပေးကြကုန်လော့၊ တရားတော်မြတ်ကို နာကြားကြကုန်လော့၊ ရတနာသုံးပါး၌ ပူဇော်သက္ကာရ ပြုကြကုန်လော့''ဟု လှည့်လည်ကြွေးကြော်၏၊တပည့်တော်၏ ကြွေးကြော်အပ်သော အသံကိုကြား၍ ဝိပဿီဘုရားရှင်၏ ခမည်းတော်ဖြစ်သော ဗန္ဓုမတီမင်းကြီးသည် တပည့်တော်ကို ခေါ်စေ၍ မေးတော်မူ၏၊ ဤသို့သော စေတနာဖြင့် လှည့်လည် ကြွေးကြော် ပါသည်ဟု လျှောက်ကြားသော် အဘယ်ခရီးဖြင့် လှည့်လည် သနည်းဟု မေး၏၊ ခြေလျင်ခရီးဖြင့် လှည့်လည်ကြောင်း လျှောက်၏။ မင်းကြီးသည် မြင်းကောင်းတစီးနှင့် ပန်းကုံးတကုံးကို ပေးသ

နား၍ လှည့်လည်စေ၏၊ တပည့်တော်သည် မြင်း၏ ကျောကုန်း ထက်၌နေ၍ ကြွေးကြော် လှည့်လည်၏၊ တဖန် မင်းကြီးက သိန္ဓောမြင်း လေးကောင်ကသော ရထားကိုပေး၍ လှည့်လည် ကြွေးကြော်စေ၏။ ထို့နောက် တဖန် ခေါ်တော်မူ ပြန်ပြီး ကြီးစွာသော စည်းစိမ်ချမ်းသာကိုရင်း၊ အဘိုးများစွာထိုက်တန် သော တန်ဆာကိုရင်း၊ ဆင်တကောင်ကိုရင်း၊ ပေးသနား ပြန်ပါသည်။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ ။တပည့် တော်သည် အနှစ် ရှစ်သောင်းတို့ ကာလပတ်လုံး တရားနာရန် ကြွေးကြော်ခြင်းအမှုကိုပြုလုပ်ခဲ့ဘူးပါသည်၊ဤမျှလောက်သော ကာလပတ်လုံး တပည့်တော်ကိုယ်မှ စန္ဒကူးနံ့သည် ပျံ့နှံ့ တကြိုင်ကြိုင်လှိုင်ပါသည်၊ ခံတွင်းမှ ကြာညိုပွင့်အနံ့သည့် ပျံ့နှံ့ သင်းကြိုင်လှိုင်ပါသည်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ။ ဤသည် လျှင် တပည့်တော်၏ ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုပါတည်းဟု လျှောက်၏။

ဤသို့လျှောက်ကြားပြီး၍ ကောင်းကင်၌ ထိုင်နေလျက်သော လျှင် တေဇောဓာတ်ကိုဝင်စား၍ ပရိနိဗ္ဗာန်ပြုတော်မူ၏၊အသွေး အသားတို့ကို လောင်ကျွမ်းလျက် ရွှေပန်းတို့ကဲ့သို့သော ဓာတ် တော်တို့ ကြွင်းကုန်၏။

မြတ်စွာဘုရားသည် ဖြူစင်သော အဝတ်တို့ဖြင့် ဓာတ်တော် တို့ကို ခံယူစေလျက် စေတီတည်ထားစေ၏။

## သမဏဗြာဟ္မဏ ပြဿနာ

သန္တတိအမတ်ကြီးသည် ဝတ်ဆင် အပ်သော တန်ဆာတို့နှင့် ကောင်းကင်၌ ထိုင်နေရင်း ပရိနိဗ္ဗာန် ပြုသည်မှာ သမဏဟု ခေါ်ရမည်လော၊ ဗြာဟ္မဏဟုပင် ခေါ်ရမည်လော ဟူသော စကားကို ရဟန်းတော်တို့၌ ဖြစ်ပေါ်ကြ၏။

မြတ်စွာဘုရားသခင်က

(၁၄၂) အလင်္ကတော စေပိ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။

(၁၄၂) အကြင်သူသည် ကိလေသာငြိမ်းသည်ဖြစ်၍ ဣန္ဒြေကို ဆုံးမပြီးသည်ဖြစ်၍ မြဲသည်ဖြစ်၍ မြတ်သောအကျင့်ကိုကျင့်လေ့ရှိသည်ဖြစ်၍ အလုံးစုံသော သတ္တဝါတို့၌ ကိုယ်ဖြင့် ညှဉ်းဆဲခြင်းကို ချထားအပ်သည်ဖြစ်၍ အညီအညွတ် ကျင့်ငြားအံ့ ထိုသူသည် အဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ထားသော်လည်း ဗြာဟ္မဏလည်းမည်၏။ သာမဏလည်း မည်၏။ ဘိက္ခုလည်း မည်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် ကိုးခုမြောက် သန္တတိအမတ်ကြီးဝတ္ထုပြီး၏။)

## (၁၀) ဒဏ္ဍဝဂ်

# ၁၀။ မြင်းကောင်းနှင့် နှင်တံ

### (ဝိလောတိကတိဿမထေရ်ဝတ္ထု)

မြင်းကောင်းသည် နှင်တံကို ရှောင်ကြဉ်သကဲ့သို့
နှင်တံဖြင့် အရိုက်ခံရသော မြင်းကောင်းသည်
ကြောက်ရွံ့လှုံ့လရှိသကဲ့သို့
ပညာရှိသော ယောကျ်ားသည်
ကျင့်ရာ၏။

(ဟိရိ နိသေဓော) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တိဿရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တချိန်သောအခါ၌အာနန္ဒာမထေရ်သည် လမ်း၌တွေ့ခဲ့သော ပုဆိုးပိုင်းကို ဝတ်လျက် အိုးခြမ်းခွက်ကို ကိုင်ပြီး ထမင်းစသည် ရရန်တောင်းခံနေသော သူငယ်တယောက်ကိုတွေ့မြင်၍သင်သည် ဤသို့တောင်းခံနေသည်ထက် ရဟန်းပြုလျှင် မမြတ်ပါသလော ဟု မေးတော်မူ၏၊ သူငယ်သဘောတူ၍ ရေချိုးစေပြီး ကမ္မဋ္ဌာန်းကိုပေး၍ ရဟန်းပြုပေးတော်မူ၏။

## ရေစစ်ပိုင်းနှင့် အိုးခြမ်းကွဲ

ထိုသူငယ်ဝတ်သော ပုဆိုးပိုင်းကိုဖြန့်ကြည့်လျှင် ရေစစ်ပြုရုံမျှပင် မရသောကြောင့် အိုးခြမ်းခွက်နှင့် တကွ သစ်ပင်တပင်၏ သစ်ခက်၌ထားစေ၏၊ထိုသူငယ်သည် ဘုရားရှင်ကိုမှီ၍ကောင်းစွာ စားသောက်လျက် သကင်္န်းတို့ဖြင့်လုံခြုံစွာ ဖုံးလွှမ်းရသည်ရှိသော် များစွာဆူဖြိုးသော ကိုယ်ရှိ၍ ဆန့်ကျင်ခြင်း ဖြစ်သောကြောင့် လူထွက်အံ့ဟုကြံ၍ ပုဆိုးပိုင်းထားရာသို့ သွားပြီး ပုဆိုးပိုင်းကို ကိုင်၍ "ဟယ် သူယုတ် ဤမြတ်လှစွာသောပုဆိုးပိုင်းကိုဝတ်ပြီး အိုးခြမ်းခွက်ကိုကိုင်စွဲလျက် အဘယ့်ကြောင့် တောင်းရမ်းစား သောက်လိုဘိသနည်း"ဟု ကိုယ့်ကိုယ်ကိုဆုံးမ၏။ပုဆိုးပိုင်းကိုပြန် ထား၍ ကျောင်းသို့ပြန်လာ၏၊ ထိုမထေရ်သည် နှစ်ရက်သုံးရက် တကြိမ် ပုဆိုးပိုင်းကိုယူ၍ကြည့်ပြီး ကိုယ့်ကိုယ်ကို ဆုံးမပြန်၏။

ရဟန်းတို့က "အသင်အဘယ်သို့သွားသနည်း"ဟု မေးလျှင် "ငါ၏ဆရာထံ သွားပေ၏"ဟု ပြော၏၊ ဤသို့လျှင် နှစ်ရက် သုံးရက်တကြိမ် ပုဆိုးပိုင်းကို အာရုံပြုပြီး ကိုယ့်ကိုယ်ကိုတားမြစ် ဆုံးမရင်းက နှစ်ရက် သုံးရက်နှင့်ပင် အရဟတ္တဖိုလ်သို့ ရောက် လေ၏။

ထို့နောက် ရဟန်းတို့က "အသင်သည် ဆရာထံသို့ မသွား တော့ပြီလော"ဟု မေး၏၊ ထိုမထေရ်က "သွားရန် မလိုတော့၊ ထိုဆရာနှင့်ကင်းပြတ်လေပြီ"ဟု ပြော၏။

ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထား ကြ၏။ မြတ်စွာဘုရားက=

(၁၄၃) ဟိရီ နိသေဓော ပုရိသော၊ ကောစိ လောကသ္မိ ဝိဇ္ဇတိ။
ယော နိဒ္ဒံ အပဗောဓေတိ၊ အဿော ဘဒြော ကသာ မိဝ။ ။

(၁၄၄) အဿော ယထာ ဘဒြော ကသာနိဝိဋ္ဌော၊
အာတာပိနော သံဝေဂိနော ဘဝါထ။
သဒ္ဓါယ သီလေန စ ဝီရိယေန စ၊ သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္န ဝိဇ္ဇာ စရဏာ ပတိဿတာ၊ ဇဟိဿထ ဒုက္ခ မိဒံ အနပ္ပကံ။

(၁၄၃) ကောင်းသောမြင်းသည် ကြိမ်လုံးကို ရှောင်ကြဉ် သကဲ့သို့ အကြင်ယောကျ်ားသည် ကဲ့ရဲ့စရာကို ရှောင်ကြဉ်၍ အပြစ်ကင်း သည့် အဖြစ်ကို သိစေ၏။ ရှက်ကြောက် ခြင်း ဖြင့် တားမြစ်တတ်သော ထိုယောကျ်ားသည် ဤလူ့ဘောင်၌ တစုံတယောက်မျှသာလျှင် ရှိ၏။

(၁၄၄) ကောင်းသောမြင်းသည် ကြိမ်လုံးဖြင့်ရိုက်ခတ်သော် လုံ့လရှိသကဲ့သို့ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိကုန်သည် သံဝေဂဖြင့် တုန်လှုပ်ခြင်းရှိကုန်သည် ဖြစ်ကြကုန်လော့။
သဒ္ဓါတရားဖြင့်၎င်း၊ သီလဖြင့်၎င်း၊ ဝီရိယဖြင့်၎င်း၊ သမာဓိဖြင့်၎င်း၊ တရားကိုဆုံးဖြတ်သော ဉာဏ်ဖြင့်၎င်း၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးနှင့် ပြည့်စုံသည်ဖြစ်၍ သတိထင်သည်ဖြစ်၍ အနည်းငယ် မဟုတ်သောဤသံသရာဝဋ်ဒုက္ခကိုစွန့်လေကုန်လတံ့။

(ဓမ္မပဒ ဒဏ္ဍဝဂ် ဆယ်ခုမြောက် တိဿမထေရ် ဝတ္ထုပြီး၏)

⁂ ⁂ ⁂ ⁂

# (၁၀) ဒဏ္ဍဝဂ်

## ၁၁။ ထမင်းတနပ် သုံးနှစ် ကျွန်ခံ

### (သုခသာမဏေဝတ္ထု)

ဆုံးမလွယ်သောသူသည်
မိမိကိုယ်ကို ဆုံးမ၍
လွတ်မြောက်စေ၏။

(ဥဒကံဟိ နယန္တိ)အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သုခသာမဏေကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် သဌေးကြီးတဦးတွင် ဂန္ဓမည်သော သားတယောက်ရှိသည်။ သဌေးကြီးသေလွန်သော် သဌေးဘွဲ့ကိုရ၏။

ဘဏ္ဍာစိုးသည် တိုက်တံခါးကိုဖွင့်၍ ဤကား အသင့်ဖခင်၏ပစ္စည်း၊ ဤကား အသင့်ဘိုးတော်၏ ပစ္စည်းဟူ၍ညွှန်ပြ၏။ ဂန္ဓသဌေးသည် များစွာသော ဥစ္စာတို့ကိုကြည့်ပြီး=

"ဘဏ္ဍာစိုး။ ။အမိအဖ၊ အဘိုးအဘွားတို့သည်ဤပစ္စည်းတို့ကို တစုံတခုမျှ ယူမသွားကြပါကလား"ဟု မေး၏။

"အရှင်။ ။တမလွန်ဘဝသို့ပစ္စည်းဥစ္စာယူ၍သွားနိုင်သောသူတစုံတယောက်မျှမရှိပါ၊ သတ္တဝါတို့သည် မိမိတို့ပြုအပ်သောကုသိုလ်၊ အကုသိုလ်တို့ကိုသာ ယူ၍ သွားကြရပါသည်'ဟူ၍ပြောသည်။

ဂန္ဓသင်္ဘေးက ကြံဆင်ခြင်သည်မှာ....

''မိခင် ဖခင်တို့သည် ပညာနှင့်နဲ မိုက်မဲ၍သာ စီးပွားကိုရှာပြီး စွန့်ပစ်၍သွားကြရသည်။ ငါသည် ထိုပစ္စည်းဥစ္စာအားလုံးကုန် ကို ယူငင်၍သွားမည်''ဟု ကြံ၏။

သူ၏အကြံကား အလှူဒါန ပေးလှူရန်မဟုတ်၊ ပစ္စည်းကုန် အောင် စားသုံး၍သွားမည်ဟု ကြံစည်ခြင်းဖြစ်၏။

## တသိန်းတန် တသိန်းတန်

ဂန္ဓသင်္ဘေးသည် တသိန်းတန်သော ဖလ်ရေ ချိုး အိမ် ကို ဆောက်၍ တသိန်းတန်သော ဖက်အင်းပျဉ်ဝယ် ထိုင်နေပြီး နံ့သာရေ တဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုး၍ တသိန်းတန် ဆောက်လုပ်သော လေသာပြူတင်းကိုဖွင့်လှစ်ပြီး တသိန်းတန် သော ဖလ်ပလ္လင်၌ထိုင်နေပြီး၊ တသိန်းတန်သော ပန်းကန်ခွက် ယောက်တို့ကိုထားပြီး၊တသိန်းတန်သော အစားအသောက်တို့ကို ထည့်စေကုန်၏။ လပြည့်နေ့တိုင်း တသိန်းတန် ထမင်းစားပွဲကြီး ဖြင့် တခမ်းတနား စားသောက်သည်ကို မြို့သို့စည်လှည့်၍ လာ ရောက် ကြည့်ရှုစေ၏။ မြို့သူမြို့သားတို့လည်း တအုံ့တကြွ လာ ရောက် ကြည့်ရှုလေ့ရှိ၏။

## တောတွင်းသားတယောက်

ထင်းတို့ကို လှည်းဖြင့်တင်၍ မြို့သို့လာရောက်ရောင်းချသော တောတွင်းသားတယောက်သည် မြို့ခံမိတ်ဆွေ၏ အကူအညီဖြင့် ဂန္ဓသင်္ဘေး၏ ထမင်းစားပွဲသို့ သွားရောက်ကြည့်ရှု၏။

ထိုတောတွင်းသားသည် ဂန္ဓသဌေး၏ ထမင်းစားပွဲကိုမြင်ရပြီးနောက်၊ အာသာဆန္ဒ ပြင်းပြစွာဖြင့်ဤထမင်းကိုမစားရလျှင်လည်း သေရမလောက် ဖြစ်ခဲ့၏။ ဂန္ဓသဌေးထံ တလုပ်တခဲ တောင်းသော်လည်းမရ၊ သေရအံ့ကဲ့သို့ဖြစ်၏။ ဂန္ဓသဌေးက သုံးနှစ်ပြည့်အောင် ငါ့ထံ၌ ကျွန်ခံလျှင် သုံးနှစ်ပြည့်သောနေ့၌ ဤသို့သော ထမင်းကိုကျွေးမည်ဟုဆို၏။တောတွင်းသားလည်း သုံးနှစ် ကျွန်ခံပါမည်ဟုဆို၍ ဂန္ဓသဌေးက စေခိုင်း၏။

ထိုသူ၏အမည်ကို ဘတ္တဘတိက ဟူ၍ ခေါ်ကြ၏။ထိုသူသည် အလုပ်ကိစ္စမှန်သမျှကို ကြိုးစား၍လုပ်၏။အိမ်၌ရင်း၊တော၌ရင်း၊ ညဉ့်၌ရင်း၊ နေ့၌ရင်း လုပ်ကိုင်၏။ ဘတ္တဘတိကကို မြို့၌ မသိသူ မရှိ၊ ဘတ္တဘတိကသည် သုံးနှစ်စေ့သောနေ့တွင် သဌေးကြီးအား ပြော၏။

ဘတ္တဘတိက၏ သုံးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်မှုတို့မှာ အားရကျေနပ်ဖွယ်ဖြစ်သဖြင့် သဌေးသည် ဘတ္တဘတိကအတွက် တထောင်သော အသပြာကိုထုတ်ပေး၍ ဘောဇဉ်တို့ကို စီရင်စေ၏။ စိန္တာမဏိ အမည်ရှိသော သဌေး၏မယားကိုထား၍ ကျန်သော ဇနီးမယား အခြွေအရံတို့ကို ထိုယောကျ်ားကိုသာ ခြံရံကြကုန်လော့ဟု စေခိုင်းပြီး၊ သဌေးချိုးသောရေဖြင့် ချိုးစေ၍ သဌေးဝတ်သော အဝတ်ကို ဝတ်စေပြီး၊ သဌေး ထိုင်သော ပလ္လင်၌ ထိုင်စေ၏။ ဘတ္တဘတိကယောကျ်ား ထမင်းစားပွဲကို ကြည့်ရန်မြို့သို့စည်လှည့်သည့်အခါ တမြို့လုံးသိဖြစ်၍လူအပေါင်းတို့သည် ညောင်စောင်းကြီးညောင်စောင်းငယ်တို့ဖြင့်လာရောက် ကြည့်ရှုကြကုန်၏။

## စေတနာနှင့် သဒ္ဓါတရား

ထမင်းပွဲကြီးကို ခမ်းနားစွာ ပြင်ထား၏။ ကဗျာသည်တို့က ဝိုင်းဝန်းဖြေဖျော်နေကြ၏။ ဘတ္တာဘတိကသည် ထမင်းစားအံ့ဟု လက်ကိုဆေး၏။

ထိုအချိန်၌ ဂန္ဓမာဒနတောင်မှအရှင်ပစ္စေကဗုဒ္ဓါတပါးသည် ခုနစ်ရက်မြောက်နေ့၌ သမာပတ်မှ ထတော်မူပြီး ဆွမ်းခံ လှည့်လည်ခြင်းငှာ ဆင်ခြင်သုံးသပ်ရှိသော်၊ ဘတ္တာဘတိကကို မြင်တော်မူ၏။ သဒ္ဓါတရားလည်းရှိသည်၊ လှူဒါန်းနိုင်စွမ်းသောစေတနာလည်း ရှိသည်၊ ငါ့အား လှူဒါန်းသည်ကိုအမှီပြု၍ ကြီးစွာသော စည်းစိမ်ချမ်းသာကို ရမည်ဟု မြင်တော်မူ၏။

သက်န်းကိုရုံ သပိတ်တော်ကိုယူ၍ ကောင်းကင်သို့ ပျံတက်ကြွသွားပြီး ပရိသတ်ကိုကျော်ခါ ထိုယောကျ်ား၏ရှေ့၌ ရပ်၏။ ထိုယောကျ်ားသည် ပစ္စေကဗုဒ္ဓါကို မြင်၏။

''ငါသည် ရှေးကမလှူခဲ့သောကြောင့် ထမင်းတနပ်အတွက် သုံးနှစ်ကျွန်ခံခဲ့၏။ ဤဘောဇဉ်ကို ယခု ငါစားခဲ့သော် တနေ့လောက်သာ ငါ့ကိုစောင့်ရှောက်ပေမည်၊ အရှင်မြတ်အား ပေးလှူခဲ့လျှင် ကမ္ဘာကုဋေအထောင်တို့ကာလပတ်လုံး စောင့်ရှောက်ပေအံ့''ဟု ကြံ၍ ထမင်း၌တပ်မက်သောတဏှာကို ပယ်ဖျောက်ပြီး စားအံ့ဆဲဆဲ ထမင်းခွက်ကို ကိုယ်တိုင်ပင် ပစ္စေကဗုဒ္ဓါထံ ပင့်ချီယူသွားပြီး လောင်းလှူလိုက်၏။

ပစ္စေကဗုဒ္ဓါအရှင်သည် ထမင်း၏ ထက်ဝက်မျှလောက် ဖြစ်သောအခါ သပိတ်ကို လက်ဖြင့်ပိတ်၏။

"အရှင်မြတ်ဘုရား။ ။ဤထမင်းသည်တယောက်စာမျှသာ ဖြစ်ပါ၍။ တပည့်တော်အား တမလွန်အတွက် ချီးမြှင့်ခြင်းကို သာ ပြုတော်မူပါ၊ အားလုံး ကို သာ လျှင် ပေးလှူပါအံ့"ဟု လျှောက်ကြား၏။

ထိုယောကျ်ားသည် အလုံးစုံသော ဘောဇဉ်တို့ကို ပေးလှူ ပြီး နောက်တဖန် ရှိခိုးဦးချ၍....

"အရှင်မြတ်ဘုရား၊ ဤကောင်းမှုကြောင့် ဖြစ်တိုင်း သော ဘဝ၌ ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြွယ်ဝ ပေါ များလှသည်လျှင် ဖြစ်ပါစေသတည်း။ အရှင်ဘုရားတို့ သိမြင်အပ်သောတရားကို သိမြင်ရပါလို၏"

ဟု ဆုတောင်းပတ္တနာလျှောက်ကြား၏။ ပစ္စေကဗုဒ္ဓါအရှင် သည်-

"အလိုရှိတိုင်းတောင့်တတိုင်း ဆောဆောလျှင်လျှင် ပြည့်စုံစေသတည်း"ဟု ဆုပေး၏။

## လူအပေါင်းတို့ မြင်ကြရခြင်း

ပစ္စေကဗုဒ္ဓါအရှင်သည် "ဤလူအပေါင်းသည် ဂန္ဓမာဒန တောင်သို့ရောက်သည့်တိုင်အောင် ငါ့ကိုကြည့်ရှုလျက် တည်ပါ စေသတည်း"ဟု မိဋ္ဌာန်တော်မူ၍ ကောင်းကင်ခရီးမှ ဂန္ဓမာဒန တောင်သို့ကြွသွားတော်မူ၍ ခံယူခဲ့သောဆွမ်းကို ပစ္စေကဗုဒ္ဓါ ငါးရာတို့အား ခွဲခြမ်းဝေဖန်၍ ပေးတော်မူ၏၊ အားလုံးသော ပစ္စေကဗုဒ္ဓါတို့သည် မျှတရုံသောဆွမ်းကို အသီးသီးခံယူကြ ကုန်၏၊ လူများအပေါင်းသည် ကြည့်ရှုလျက်သာတည်၏။

## စည်းစိမ်တဝက် ပေးအပ်ခြင်း

လူတို့၏ကောင်းခြီးသည် ပဲ့တင်ထပ်မျှ ဖြစ်၏၊ ဂန္ဓသဌေး ကြီးသည် အုတ်အော် သောင်းသောင်း အသံကို စုံစမ်းစေရာ အကြောင်းစုံကို သိရလေလျှင် ပီတိစိတ်တို့ဖြင့် လွှမ်းခြုံ၍ ထို ယောကျ်ားကိုခေါ်ပြီးလျှင်=

"ငါသည် စည်းစိမ်ချမ်းသာ ပြည့်စုံပါလျက်၊ တစုံတရာပေး လှူခြင်းငှာမစွမ်းနိုင်၊ သင်ကား အံ့ဩဖွယ်ရှိစွ ယခု အသပြာ တထောင်ကိုယူ၍ ငါ့အား ကုသိုလ်အဖို့ကို ပေးပါလော့"ဟု ပြော၏။

ဘတ္တဘတိကလည်း ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေ၏။

သဌေးကြီးသည် ပီတိအဟုန်လွှမ်းခြုံမိသဖြင့် ထိုယောကျ်ား အား မိမိ၏ပစ္စည်းဥစ္စာ ထက်ဝက်ကိုခွဲ၍ ပေးလေ၏။

## ဘတ္တဘတိက သဌေးကြီး

မင်းကြီးသည် ဤသတင်းကို ကြားလျှင် ဤထင်းရှောင်း ယောကျ်ား တောတွင်းသားဘဝမှ ဂန္ဓသဌေး၏စည်းစိမ်တဝက် ကိုရရှိကြောင်းကြားလျှင် ထိုယောကျ်ားကို ခေါ်စေပြီး အသ ပြာတထောင်ပေး၍ ကုသိုလ်အဖို့ကိုယူပြီးမှ နှစ်သက်သော စိတ် ရှိသဖြင့် ကြီးစွာသောစည်းစိမ်ချမ်းသာကို ချီးမြှင့်၍ သဌေးကြီး အရာကို ပေးလေ၏။

ဘတ္တဘတိကသဌေးနှင့် ဂန္ဓသဌေးတို့သည်အလွန်ချစ်ကြ၏။ အတူစားသောက်ခြင်းကိုပြုလျက် သဌေးဘဝမှ စုတေခဲ့သည်ရှိ သော် နတ်ပြည်၌ဖြစ်လေ၏။

## သုခကုမာရ

နတ်ပြည်၌ကာလရှည်စွာ စည်းစိမ်ခံစားပြီးသော် ဂေါတမဘုရားရှင်လက်ထက်၌ နတ်ပြည်မှစုတေ၍ ရှင်သာရိပုတ္တရာ၏ အမျိုးသဒ္ဓေးအိမ်တွင် ပဋိသန္ဓေတည်နေ၏၊ ထိုအမျိုးသမီးသည် အလှူဒါနကိုပြုလုပ်၍ ရှင်သာရိပုတ္တရာမထေရ်အား "သတရသ" မည်သော ဘောဇဉ်ကိုပေးလှူ၍ ဖန်ရေစွန်းတောအဝတ်ကို ဝတ်ရုံပြီး ရွှေခွက်ငယ်ကိုကိုင်ကာ ရဟန်းတို့အစွန်၌ထိုင်လျက် ရဟန်းတို့၏ စားကြွင်းကိုစားကာ ချင်ခြင်းကို ပယ်ဖျောက်ရ၏။

ထိုသူငယ်ဖွားမြင်သော် "သုခကုမာရ"ဟု အမည်မှည့်၏။

### ခုနစ်နှစ်သား သာမဏေ

ခုနစ်နှစ်သားသို့ရောက်လျှင် ထိုသူငယ်က ရှင်သာရိပုတ္တရာမထေရ်ထံ၌ ရဟန်းပြုလိုပါသည်ဟု မိခင်ကိုပြော၏၊ မိခင်က အရှင်သာရိပုတ္တရာထံအပ်နှံ၍ ရှင်ရဟန်း ပြုပေး၏၊ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား သတရသမည်သော ဘောဇဉ်ကိုပေးလှူ၍ မိမိအိမ်သို့ပြန်သွားကြကုန်၏။

ရှစ်ရက်မြောက်၌ ရှင်သာရိပုတ္တရာမထေရ် ဆွမ်းခံကြွရာ သာမဏေငယ်အား လိုက်ပါစေ၏၊ လမ်းခရီးအကြား၌ မြောင်းတူးသောသူ မြားဖြောင့်သောသူ သစ်ရွေသောသူတို့ကိုတွေ့မြင်၍ မထေရ်ကိုမေးလျှောက်၏၊ မထေရ်သည် ဖြေကြားတော်မူ၏၊ သာမဏေသည် ကျောင်းသို့ ပြန်လိုပါသည်ဟု လျှောက်၏။ မထေရ်သည် ခွင့်ပြုတော်မူ၍ မထေရ်၏ တိုက်ခန်း တံခါး သော့ကောက်(သော့)ကို ပေးလိုက်၏။

## သိကြားမင်း စောင့်ရှောက်ခြင်း

သာမဏေသည် မထေရ်၏တိုက်ခန်းကိုဖွင့်ပြီးဝင်၍ တံခါးကို ပိတ်ပြီးသော် မိမိခန္ဓာကိုယ်၌ ဉာဏ်ကိုသက်စေ၍ ထိုင်နေ၏။

သိကြားမင်းသည် နတ်မင်းကြီးတို့ကို ခေါ်၍ စောင့်ရှောက်၏။

လနတ်သား နေနတ်သားတို့ကိုလည်း နေလတို့ကို မသွားစေပဲ ကိုင်ဆွဲထားကြလော့ဟု စေခိုင်း၏။

သာမဏေသည် ဝိပဿနာကိုပွား၍ သုံးပါးသော ဖိုလ်သို့ ရောက်၏။

## မြတ်စွာဘုရား ရပ်တန့်တော်မူခြင်း

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်မှနေ၍ သာမဏေ၏ အခြင်းအရာအားလုံးကို သိတော်မူမြင်တော်မူ၏၊ရှင်သာရိပုတ္တရာ သည် ငါ၏ သာမဏေငယ် ဆာလောင် မွတ်သိပ်တော့မည်ဟု အမြန်ကြွလာ၍ ဆွမ်းကို ပေးပို့သည်ဖြစ်အံ့၊ သာမဏေအား အရဟတ္တဖိုလ်၏ အန္တရာယ်သည် ဖြစ်ပေလိမ့်မည်ဟု ကြံဆင်ခြင် တော်မူ၍ ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော်မူပြီး တံခါးမုခ်၌ ရပ် တန့်တော်မူ၏။

ရှင်သာရိပုတ္တရာသည် ဆွမ်းခံ၍ ပြန်ကြွလာ၏၊မြတ်စွာဘုရား သည် မုခ်ဦးမှရပ်၍ မထေရ်ကို လေးပါးသော ပြဿနာကို မေး တော်မူ၏၊ မထေရ်က ဖြေဆိုတော်မူ၏၊ အမေးအဖြေ၏အဆုံး၌ သာမဏေငယ်သည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။မထေရ်သည် သာမဏေအား "သတရသ" ဆွမ်းကို ပေး၏။

ဆွမ်းစားပြီးမှ လနတ်သား နေနတ်သားတို့သည် နေလတို့ကို လွှတ်ကြကုန်၏။

ရဟန်းတို့သည် ယခု ချက်ချင်း ညနေစောင်းသည် ထင်၏။ သာမဏေသည် ယခုမှဆွမ်းစား၍ ပြီးသည် သာမဏေဆွမ်းစား ပြီးမှနေမွန်းတည့်သည်၊ ယခု ချက်ချင်းပင် ညနေစောင်းလေပြီ ဟုပြောဆိုကြခါ ဘုရားအား လျှောက်ထားကြ၏။

မြတ်စွာဘုရားသည် ရဟန်းတို့အား ခုနစ်နှစ်သား သုခ သာမဏေ၏ အကြောင်းစုံကို ရှင်းလင်းဟောကြားတော်မူပြီး

**(၁၄၅) ဥဒကံဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ**
**နမယန္တိ တေဇနံ။**
**ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ**
**ဒမယန္တိ သုဗ္ဗတာ။ ။**

(၁၄၅) လယ်လုပ်တောင်သူတို့သည် ရေကိုမြောင်းဖေါက်သွယ်ခါ ယူသကဲ့သို့ မြားသမားသည်မြားကို မီးဖြင့် ဖြောင့်သကဲ့သို့သစ် ရွေသမားသည် သစ်ကိုရွေကြကုန်သကဲ့သို့ ဆုံးမလွယ်သော သူတို့သည် မိမိကိုယ်ကို တရားဖြင့် ဆုံးမ၏။

ဒေသနာတော်၏အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ဒဏ္ဍဝဂ် တဆယ့်တခုမြောက် သာမဏေဝတ္ထု ပြီး၏)

**ဒဏ္ဍဝဂ် - ပြီး၏။ ။**

# (၁၁) ဇရာဝဂ် (အိုခြင်းတရားစုများ)

## ဂါထာ ၁၁၊ ဝတ္ထု ၉ ပုဒ်၊

ဤဇရာဝဂ်သည် လူ့ဘဝဆိုသည်မှာ အိုပြီးနာ၊နာပြီးသေကြရသော ဘဝဖြစ်၍ မာနမထောင်လွှားပဲ၊ မမေ့မလျော့ နေရာ၏ဟု လမ်းညွှန်ပြထားသည်။

ဝိသာခါကို အကာအကွယ်ကို ယူပြီး၊ အရက်သောက်ကြသော မိန်းမငါးရာ၊ မြတ်စွာဘုရားရှေ့တွင် မူးမူးရူးရူးနှင့် လက်ခုပ်တီးကြသည်မှအစ၊ ဟောကြားတော်မူသော တရားတော်။

အလှအပ သီရိမာ ပြည့်တန်ဆာမနှင့် စွဲလန်းသော ရဟန်းတပါးဝတ္ထု၊ ဘုရားရှင် ကိုယ်တိုင် ဘုရင်နှင့်တကွ တမြို့လုံး သီရိမာအလောင်း အသုဘရှုကြပုံဝတ္ထု။

အသက် ၁၂၀ ရှည်သော ဥတ္တရာ မထေရီမဝတ္ထု။

အမိမာနိက ရဟန်းတို့ကို သုဿန်သို့လွှတ်၍ တရားပြပုံ။

ဇနပဒကလျာနီ မင်းသမီး၊ ရူပနန္ဒီထေရီမအဖြစ် ဝတ္ထု၊

မလ္လိကာမိဖုရားကြီးဝတ္ထု၊ ဤဝတ္ထုမှာ ရင်နင့်ဘွယ်ရာ ဖြစ်ပါသည်။ အချိန်ရှိသမျှ မြတ်စွာဘုရားအတွက် လှူဘွယ်ဝတ္ထုကိုသာ တွေးတောနေတတ်ပြီး၊ တရက်တည်းတွင် လေးဆယ့်ရှစ်ကုဋေမျှသော အလှူတော်ကြီးကို ပေးခဲ့ပါလျက်၊ သေခါနီးမှ အမှားတခု ကျူးလွန်မိပြီး စိတ်စွဲနေ၍ ငရဲ၌ခံစားရသေးပုံ။

ကပြောင်းကပြန်တရားဟောတတ်သောလာဠုဒါယီမထေရ်ဝတ္ထုတွင် ဘုရားရှင်က (အတိတ်ဇာတ်) အင်္ဂုဒတ္ထပုဏ္ဏားဝတ္ထုဟောကြားတော်မူပုံ။

အာနန္ဒာမထေရ်၏ လျှောက်ထားချက် ဥဒါန်းဂါထာမှာ အနေကဇာတင်ရာတွင် ရွတ်ဆိုလေ့ ရှိမှုကြောင့်၊ မြန်မာလို အဓိပ္ပါယ်ရှင်းရှင်းနှင့် ပါဠိတော်မူရင်းကို ဖော်ပြထားပါသည်။

ကုဋေရှစ်ဆယ်သဌေးသား မဟာဓန သဌေးသား ပျက်စီးရပုံဝတ္ထု။

အရွယ်ရှိစဉ် ဥစ္စာကို မရှာမှီးခဲ့လျှင်၊
အရွယ်ရှိစဉ် တရားကို အားမထုတ်မိခဲ့လျှင်၊
ရေခန်းသောအိုင်မှ ကြိုးကြာငှက်အိုကဲ့သို့
မှိုင်တွေ၍သာ နေရလေအံ့။

စသော တရားတော်များကို ဖတ်ရှုကြပြီး၊မမေ့မလျော့သော သတိတရားကို ဆောင်နိုင်ကြပါစေကုန်သတည်း။ ။

(၁၁) ဇရာဝဂ် (အိုခြင်းတရားစု)

## ၁။ ပျော်မြူးနိုင်ကြသူများ

(ဝိသာခါ၏ အဖော်မိန်းမတို့ ဝတ္ထု)

**အမြဲမပြတ် ကိလေသာမီး ညီးညီး လောင်နေ
သော သင်တို့သည်
အဘယ့်ကြောင့် ရယ်ရွှင်ပျော်မြူး၍ နေကြကုန်
သနည်း
အဝိဇ္ဇာမှောင်ကြီးပိတ်ဆီးနေသည်ကို
ပညာဆီမီး မရှာမှီးကြသနည်း။**

(ကိန္နုဟာသော ကိ မာနန္ဒော) အစပြုသော ဂါထာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဝိသာခါ၏အဖော်မိန်းမတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ ငါးရာကုန်သောအမျိုးသားတို့သည်သူတို့၏ ဇနီးမယားများအား ဝိသာခါ ကျောင်းအမကြီးထံ အပ်နှံ၍ ထားရလျှင် အမြဲမပြတ်သတိတရားရှိပေလိမ့်မည်ဟု သွားရောက်အပ်နှံထားကြ၏၊ ဥယျာဉ်သို့ရင်း၊ ကျောင်းသို့ရင်း သွားကြလျှင် ဝိသာခါကျောင်းအမကြီးနှင့် အတူသွားကြ၏။

သာဝတ္ထိပြည်၌ သူရာပွဲသဘင်ကို ခုနစ်ရက်တိုင်တိုင် ကျင်းပကြမည်ဟု ကြွေကြော်၏။ မိန်းမတို့သည် လင်သားတို့အတွက် သေအရက်ကိုစီရင်ကြ၏။ ခင်ပွန်းတို့သည် ခုနစ်ရက်လုံးလုံး သူရာသဘင်၌ ပျော်မြူးကြပြီး၊ ရှစ်ရက်မြောက်နေ့၌ အလုပ်ခွင်အသီးသီးသို့ သွားကြ၏။

## အရက်သောက်သော မိန်းမများ

ထိုမိန်းမတို့သည် လင်သားရှေ့တွင် အရက်မသောက်ကြရ၊ လင်သားတို့အလုပ်သွားခိုက် လက်ကျန်အရက်များကို လင်သားတို့မသိအောင် သောက်လိုကြ၏။ထို့ကြောင့် ဝိသာခါကျောင်းအမကြီးကိုလှည့်ဖြား၍ ယနေ့ဥယျာဉ်သို့ သွားလိုကြပါသည်ဟု ပြော၏၊ ကျောင်းအမကြီးက သဘောရိုးမှတ်၍ စီစဉ်စေ၏။ ဥယျာဉ်သို့ရောက်လျှင် တိတ်တဆိတ်ယူလာသော အရက်တို့ကို သောက်စားပြီး ပျော်ရွှင်လွန်း၍ မူးယစ်ကခုန်၏။ ဝိသာခါကျောင်းအစ်မကြီးသည် မိမိပါ သိက္ခာကျဆင်းမည်ကို စိုးရိမ်၍ အိမ်သို့ပြန်ကြ၏။

အိမ်သို့ရောက်လျှင် အိပ်ယာထဲတွင် ခွေ၍ နေမကောင်းဟန်ပြု၏။ လင်သားတို့ကသိလျှင် ရိုက်နှက်ဆုံးမကြ၏။

## ဒုတိယအကြိမ် သူရာပွဲသဘင်

နောက်တကြိမ် သူရာပွဲသဘင်ဖြစ်သောအခါ၊ အရက်လက်ကျန်များကို သောက်လိုကြပြန်သဖြင့် ဝိသာခါကျောင်းအမကြီးထံ ဥယျာဉ်သို့ သွားကြရန် ပြော၏။ ဝိသာခါက ဥယျာဉ်သို့မသွား၊ ယခင်ကလိုပင် ဖြစ်ဦးမည်ဟု ငြင်းပယ်၏။ သို့ဖြစ်လျှင် ကျောင်းတော်သို့ လိုက်ကြမည်ဟုဆိုလျှင်၊ ကျောင်းသို့လိုက်လိုလျှင် ပန်းတောင်းတို့ကို ယူခဲ့လော့ဟုဆို၏။ မိန်းမတို့သည် ပန်းတောင်းထဲတွင် အရက်ကိုဖွက်ကာ ယူခဲ့ကြပြီး ကျောင်းတော်သို့ အဝင်တွင် အရက်တို့ကို တိတ်တဆိတ် သောက်ကြ၏။

ဘုရားရှေ့တော်တွင်–သတိလွတ်ကင်းအောင် မူးနေကြ၏။

## ပြာဋိဟာပြတော်မူခြင်း

အချို့သော မိန်းမတို့မှာ မြတ်စွာဘုရား ရှေ့တော်မှာပင် လက်ခုပ်လက်ဝါးတီးကြ၏၊ အချို့တို့မှာ ကရန်ပင် ကြိုးစားကြ၏။ မြတ်စွာဘုရားက အကြောင်းကိုဆင်ခြင်တော်မူပြီး

''ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်တော်မူခဲ့သည်မှာ မာရ်နတ်၏ အသင်းပါသူတို့အား အခွင့်ရစေခြင်းငှာ ဖြည့်ကျင့်ဆည်းပူးခဲ့သည် မဟုတ်''ဟု ကြံတော်မူ၍ ထိုမိန်းမတို့ကိုထိတ်လန့်စေခြင်းငှာ အောက်မျက်မွေးတော်မှ ညိုသောရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

ထိုခဏ၌ အမိုက်မှောင်ကြီး ကျလေ၏။

ထို မိန်း မ တို့သည် သေမည်လောက် ကြောက်ရွံ့ကြပြီး သောက်ထားသောအရက်တို့ လွင့်ပျောက်ကုန်ကြ၏။

မြတ်စွာဘုရားသခင်သည် ထိုင်နေသောပလ္လင်မှကွယ်ပျောက်ခဲ့ပြီး မြင့်မိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ ဥဏ္ဏာလုံမွေးရှင်တော်မှ ဖြူသောရောင်ခြည်ကို လွှတ်တော်မူ၏။ ထိုခဏ၌ပင် လမင်း တထောင်အလင်းရောင်ကဲ့သို့ လင်းလာ၏။

ထိုနောက် မိန်းမတို့ကို ခေါ်တော်မူ၍

''အသင်တို့သည် ငါဘုရားထံလာပါလျက် မူးယစ်သောက် စားလာသည်မှာမသင့်၊ မူးယစ်မေ့လျော့ခြင်းကြောင့် မာရ်နတ်၏အသင်းပါနတ်တို့ အခွင့်ရ၍ သင်တို့ကို ရယ်စရာမပြုသင့်သော နေရာ၌ ရယ်စေ၏။ ယခုမှစ၍ ရာဂ အစရှိသော မီးတို့ကို ငြိမ်းရန် အားထုတ်သင့်သည်''ဟု မိန့်တော်မူပြီး

**(၁၄၆) ကောန္ ဟာသော ကိ မာနန္ဒော၊**
**နိစ္စံ ပဇ္ဇလိတေ သတိ။**
**အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။**

(၁၄၆) အမြဲမပြတ် ကိလေသာမီး ညီးညီး တောက်လောင်ခြင်း ရှိသည်ဖြစ်ပါလျက် အဘယ်ကြောင့် ရယ်ရွှင်ခြင်းသည် သင်တို့အား ဖြစ်ပါသနည်း။ အဘယ့်ကြောင့် ဝမ်းမြောက်ခြင်းဖြစ်ပါသနည်း။ အဝိဇ္ဇာမှောင်ကြီး ပိတ်ဆီးကုန်သောသင်တို့သည် ပညာဆီမီးကို မရှာမှီးကြပါသနည်း။

တရားတော်၏အဆုံး၌ ငါးရာ ကုန်သော မိန်းမ တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ထိုမိန်းမတို့၏ မတုန်မလှုပ်သော အစလသဒ္ဓါ၌ တည်နေပြီကို သိတော်မူ၍ မြင်းမိုရ်တောင်ထက်မှ သက်ဆင်းကြွလာတော်မူပြီး၊ ဘုရားနေရာ၌ ထိုင်နေသီတင်းသုံးတော်မူ၏။

ထိုနောက် ဝိသာခါ ဒါယိကာမ လျှောက်ထား၍ သူရာကြောင့် များစွာသော သတ္တဝါတို့ ပျက်စီးကြရသည့် "ကုမ္ဘ" ဇာတ်တော်ကို ဟောကြားတော်မူ၏။

**(ဓမ္မပဒ ဇရာဝဂ် ရှေးဦးစွာသော ဝိသာခါ၏ အပေါင်းမိန်းမတို့ ဝတ္ထုပြီး၏)**

## (၁၁) ဇရာဝဂ်

## ၂။ ပန်းပုရပ်နှင့် အရိုးအိမ်

(သီရိမာပြည့်တန်ဆာမဝတ္ထု)

ယမင်းရုပ်ကို တန်ဆာဆင်ထားသလို
အရိုးတို့ဖြင့် ဆောက်လုပ်ပြီး
ရောဂါတို့ဖြင့် ပြွမ်းနေသော
ကိုးပေါက်ဒွါရ အနာဝရှိသော
ခန္ဓာကိုယ်သည် တည်မြဲခြင်းမရှိပါချေ။

(ပဿ စိတ္တကတံ) အစရှိသော ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီရိမာပြည့်တန်ဆာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဆရာဇီဝကနှမ၊ သီရိမာပြည့်တန်ဆာမသည် အလွန့်အလွန်ပင်လှပ၏။ တနှစ်သောဝါတွင်း၌ သုမန သဌေးသား၏ ဇနီး၊ ပုဏ္ဏသဌေးကြီး၏သမီး၊ဥတ္တရာအမည်ရှိ ဥပါသိကာမအား ပြစ်မှားမိသဖြင့်၊ ကန်တော့ဝန်ချရန်အသွား ဥတ္တရာဥပါသိကာမ၏ အိမ်၌မြတ်စွာဘုရား၏တရားတော်ကိုနာကြားရသဖြင့်သောတာပတ္တိဖိုလ်သို့ ရောက်ခဲ့၏။ (အကျယ်ကို ကောဓဝဂ်၌ရှုပါ)

### တနေ့ရှစ်ပါး ရဟန်းများ

ထိုနောက်သီရိမာသည်ကြီးစွာသောအလှူကိုပေးပြီးနောက် တနေ့ရှစ်ပါးကျ ရဟန်းများကို ပင့်၍ နေ့စဉ် လှူဒါန်း၏။ ရဟန်းများ ဝါစဉ်အလိုက် အလှည့်ကျ သွားရောက် အလှူခံကြရ၏။စေတနာများပြား တပါးစာအလှူမှာသုံးပါးလေးပါးမျှပင် သုံးဆောင်လောက်၏။

## စွဲလန်းတွယ်တာ သီရိမာ

သီရိမာဆွမ်းအလှူမှပြန်လာသော ရဟန်းတပါးသည် သုံးယူဇနာကွာ ကျောင်းသို့ကြွတော်မူပြီး ညနေချမ်းအခါ ရဟန်းတော်တပါးနှင့် ဆွမ်းခံသည့် အကြောင်း စကားစပ်မိကြရာမှ သီရိမာ၏ဆွမ်းအလှူမှာ ချီးမွမ်းစရာပင် မကျန်လောက်အောင် အမွန်အမြတ်များသာ ပေးလှူသည်၊ ထပါးစာကို သုံးပါးလေးပါးစာလောက် လောင်းလှူသည်၊ ထို့ထက်ကား သီရိမာကို မြင်ရသည်ကပို၍ မွန်မြတ်သေး၏ဟု သီရိမာ၏ အလှဂုဏ်များကို ချီးကျူးပြောဆို၏။

ထိုရဟန်း၏စကားကို ကြားခါမျှဖြင့် သီရိမာအပေါ် ချစ်ခင်စွဲလန်းမိ၏။ မိမိ၏ဝါစဉ်ကိုပြောပြီး ထိုရဟန်း၏ ဝါစဉ်ကို မေးလျှင် နက်ဖြန်ပင် အလှည့်ကျနေသည်ကို သိ၍ စောစောကပင် စာရေးတံကို ဦးဦးဖျားဖျားရအောင် ကြိုးစားလေ၏။

### မခိုတရို့အလှမို့

မနေ့ကဆွမ်းကပ်လှူပြီးကတည်းက သီရိမာ ခမြာ မကျန်းမမာဖြစ်ခဲ့ရ၏။ ယနေ့နံနက်တွင်မူ ဝတ်စား တန်ဆာ အလှအပမပြင်နိုင်ရှာပဲ၊ ညှိုးငယ်လဲလျောင်းနေ၏၊ ရဟန်းတော်တို့ ကြွလာသောအခါတွင် နေ့စဉ်ဝတ္တရား၊ ကိုယ်တိုင်သပိတ်ကို လှမ်းယူခြင်း၊ ကိုယ်တိုင် ပြုစုလုပ်ကျွေးခြင်း တို့ကို မပြုနိုင်ရှာပေ။ အိမ်ဖော်တို့ကိုသာ သပိတ်တို့ကိုယူစေခါ ယာဂုနှင့် အချိုပွဲတို့ကို ကပ်စေပြီး ဆွမ်းစားချိန်တွင် သပိတ်တို့တွင် အပြည့်လောင်းလှူစေ၏။ ထို့နောက် "ငါ့ကိုပွေ့ချီကြပါ၊ ရဟန်းတော်တို့ ရှိခိုးပါအံ့"ဟုဆိုသဖြင့် ချီပွေ့၍ ရဟန်းတော်တို့ရှေ့ ရောက်လျှင် တုန်တုန်ရီရီဖြင့် ရှိခိုးဦးချ၏။

## သိရိမာကို စွဲမိ၍

ထိုရဟန်းသည် သိရိမာကို မြင်လျှင် မမာမကျန်း ရှိစဉ်မှာ ဤမျှတင့်တယ်လှပသေး၏။ ကိုယ်ကိုပြုပြင် တန်ဆာဆင်လျှင် မည်မျှလှလိမ့်မည်နည်းဟုတွေး၏။ ထိုရဟန်းသည်ဥာဏ်အမြော် အမြင်နည်းသောကြောင့် ကိလေသာတို့အားကြီးသဖြင့် ဆွမ်း ကိုပင် မစားနိုင်ပဲ ကျောင်းသို့ပြန်ခါ ခွေ၍ အိပ်နေ၏။

## သိရိမာ၏ ရုပ်အလောင်း

ထိုနေ့ညနေတွင်ပင် သိရိမာသည် သေဆုံးလေ၏။ ဗိမ္ဗိသာရ မင်းကြီးသည် မြတ်စွာဘုရားထံ သတင်းစကား ပို့လွှတ်၏၊ မြတ်စွာဘုရားက သိရိမာ၏ရုပ်အလောင်းကို မီးမတိုက်စေပဲ၊ လူ သေကောင်တို့ထားရာ သုဿန်တွင် ကျီး၊ ခွေး လင်းတတို့ မစား ရအောင် အစောင့်အရှောက်ဖြင့်ထားရန် မှာကြားလိုက်၏။

သုံးရက်လွန်မြောက် လေးရက်ရောက်လျှင် သိရိမာ၏ ရုပ် အလောင်းသည် ဖူးဖူးရောင်၍ ထ၏။ ဒွါရ ကိုးပေါက်တို့မှ သွေးပြည်ပိုးလောက်တို့ ထွက်၍ကျ၏။ တကိုယ်လုံးသည် အက် အက်ကွဲ၍ ပုပ်နေ၏။

မင်းကြီးသည် မြို့ကိုစည်လှည့်စေ၏။

"သိရိမာ၏ရုပ်အလောင်းကို အိမ်မှာ ကလေးတို့သာထား၍ အားလုံးလာကြည့်ကြရမည် မလာသူများ အသပြာ ရှစ်ကျပ် ဒဏ်ဆောင်ရမည်" ဆိုသဖြင့်တမြို့လုံးလာကြ၏။

မြတ်စွာဘုရားထံသို့လည်း ဘုရားအမှူးရှိသော သံဃာတော် များ ကြွလာကြပါဟုလျှောက်၏။

ထိုရုပ်ဟန်းသည် သီရိမာကိုစွဲလန်းခြင်းဖြင့် လေးရက်လုံးလုံး၊ စကားလုံးဝမပြော၊ ဆွမ်းလည်းမစားပဲ အိပ်နေ၏။ သပိတ်မှ သီရိမာလောင်းလှူလိုက်သော ဆွမ်းတို့သည် ပုပ်သိုး၍ အမြှုပ် တစီစီထနေ၏။

အဖော်ရဟန်းတပါးက "သီရိမာကိုကြည့်ရှုရန်မြတ်စွာဘုရား ကြွတော်မူလတံ့"ဟု ပြောသံကိုကြားသည်နှင့် အိပ်ရာမှ ဝေါက် ကနဲထကာ "ငါလည်း လိုက်ပါအံ့"ဟု ပုပ်သိုးသော ဆွမ်းတို့ကို သွန် သပိတ်ကိုဆေးကြော သပိတ်အိတ်၌ သပိတ်ကို ထည့်ခါ လိုက်ပါ၍ သွားလေ၏။

## သီရိမာကို လိုချင်လျှင်

မြတ်စွာဘုရား အမိန့်ဖြင့် ဖူးဖူးရောင်ထ သွေးပြည်ယိုစီးခါ ပိုးလောက်တို့တရွရွဖြစ်နေသော သီရိမာအလောင်းကိုယူလိုလျှင် အသပြာ တထောင်ပေး၍ ယူကြလော့"ဟု စည်လှည့်စေ၏။ တယောက်သောသူမျှ ယူမည့်သူမရှိ။ ထို့နောက် အသပြာငါးရာ၊ နှစ်ရာ့ငါးဆယ်၊ နှစ်ရာ၊ တရာ၊ ငါးဆယ်၊ နှစ်ဆယ့်ငါးကျပ်၊ တဆယ်၊ ငါးကျပ်၊ တကျပ်မှ တပဲအထိလျှော့၍ ပေးသော် လည်း ယူမည့်သူမရှိ။ အဖိုးအခမပေးပဲယူပါဟု ဆိုသော်လည်း ယူမည့်သူမရှိတော့။

## ကျွတ်တမ်းဝင်ကြခြင်း

မင်းကြီးက

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အဖိုး အခ မပေးရပဲပင် ယူမည့်သူမရှိပါဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားက-

"ချစ်သားရဟန်းတို့၊ ဤသိရိမာ မာတုဂါမကို ကြည့်ကြကုန်လော့၊ အသက်ရှင်စဉ်အခါက တနေ့အတွက်ပင် အသပြာ တထောင်ပေးကြရသည်။ ယခုမူ အဖိုးအခမပေးရပဲပင်ယူမည့်သူမရှိ၊ ရုပ်မည်သည် ဤသို့ပင် ပျက်စီးတတ်ကုန်၏။ ချစ်သားရဟန်းတို့ ရောဂါ ဝေဒနာ နှိပ်စက်တတ်သော ဤခန္ဓာကိုယ် အတ္တဘောကို ကြည့်ရှုကြကုန်လော့"ဟု မိန့်တော်မူပြီး

(၁၄၇) **ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။**
**အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။**

(၁၄၇) ဆန်းကြယ်စွာ တန်ဆာဆင်ထား အပ်သော ပန်းပုရုပ်နှင့် တူသော အရိုးတို့နှင့် ဆောက်လုပ်အပ်သော ရောဂါတို့ဖြင့် ပြွမ်းထသော အမျိုးမျိုး ကြံစည် စိတ်ကူး၍ စီရင်အပ်သော၊ ကိုးပေါက်ဒွါရ အနာဝရှိသော ကိုယ်ကို စေ့စေ့ရှုပါလော့။ အကြင်ကိုယ်၏ အမြဲတည်နေခြင်းသည် မရှိခဲ့ပါတကား။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အကျွတ်တရားရကြကုန်၏။ သိရိမာကိုတပ်မက်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ ဇရာဝဂ် နှစ်ခုမြောက်သိရိမာပြည့်တန်ဆာမဝတ္ထုပြီး၏)

## (၁၁) ဇရာဝဂ်

# ၃။ သေခြင်းနောက်ဆုံး

## (ဥတ္တရာ မထေရ်မ ဝတ္ထု)

ဤရုပ်ခန္ဓာသည် အိုမင်းတတ်၍
အနာရောဂါတို့၏ အသိုက်အအုံမျှဖြစ်၍
ယိုယွင်းပျက်စီးတတ်၍
အသိုးအပုပ်တို့၏ အစုအပုံမျှဖြစ်၍
ပျက်စီးမည်သာဖြစ်၏။
ရှင်ခြင်းသည် သေခြင်း၏နောက်ဆုံး
သာတည်း။

(ပရိဇိဏ္ဏမိဒံ) အစခံသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဥတ္တရာမထေရ်မကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အသက် ၁၂၀ ရှိပြီဖြစ်သော ဥတ္တရာမထေရ်မသည် မိမိ ဆွမ်းခံ၍ ရလာသောဆွမ်းကို လမ်းတွင်တွေ့သော ရဟန်းတပါး ကို အားလုံးပင်လောင်းလှူ၏။ ထိုနေ့အတွက် ဥတ္တရာမထေရ်မ သည် ဆွမ်းကိုမစားရ၊ နှစ်ရက်မြောက် သုံးရက်မြောက်သော နေ့၌ ထိုရဟန်းကိုတွေ့လျှင် ထိုဆွမ်းကိုလှူပြန်၏။ သုံးရက်တိုင် တိုင် အာဟာရပြတ်ခဲ့၏။

လေးရက်မြောက်သောနေ့၌ လမ်းကျဉ်းတခု တွင် ဘုရားရှင်နှင့်တွေ့ရှိ၍ လမ်းရှောင်ပေးရာ မိမိသက်န်းစွန်းကို တက်နင်းမိ၍ လဲကျလေ၏။

မြတ်စွာဘုရားသည် ထိုမထေရ်မ၏ထံသို့ ကြွသွားတော်မူ၍ "နှမ၊ အသင်၏ အတ္တဘောသည် အိုမင်း ရင့်ရော်လေပြီ၊ မကြာမြင့်မီ ပျက်စီးလတ္တံ့"ဟု မိန့်တော်မူပြီး

(၁၄၈) ပရိဇိဏ္ဏမိဒံ ရူပံ။ ရောဂနိဍ္ဍံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

(၁၄၈) ဤရုပ်ခန္ဓာသည် အိုမင်းတတ်၏။ ရောဂါတို့၏ စုဝေးရာ အသိုက် အအုံ လည်း ဖြစ်၏။ ယိုယွင်း ပျက်စီးတတ်၏။ ပုပ်သည်ဖြစ်၍ ကိုယ်သည်ပျက်စီးလတံ့ အဘယ့်ကြောင့်နည်းဟူမူကား အသက်ဇီဝသည် သေခြင်းလျှင် အဆုံးရှိ၏။ ထို့ကြောင့် ပျက်စီးလတံ့။

ဟူ၍ ဟောတော်မူသည်၏အဆုံး၌ မထေရ်မသည် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏။

(ဓမ္မပဒ ဇရာဝဂ် သုံးခုမြောက် ဥတ္တရာမထေရ်မ ဝတ္ထုပြီး၏)

(၁၁) ဇရာဝဂ်

## ၄။ ခွန့်ပစ်သော ဗူးသီး

### (အဓိမာနိက ရဟန်းတို့ဝတ္ထု)

ခွန့်ပစ်ထားသော ဗူးသီးကဲ့သို့
ဖရိုဖရဲခွန့်ပစ်ထားသော
အရိုးစုတို့ကို မြင်ရသဖြင့်
အဘယ်မှာ မွေ့လျော်နိုင်
ပါမည်နည်း။

(ယာနိမာနိ) အစရှိသည့် ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ (ဈာန်ရခါမျှ ရဟန်းကိစ္စပြီးဆုံးပြီဟု ထင်နေကြသော ရဟန်းများကို) အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ငါးရာသော ရဟန်းတို့သည် ကမ္မဋ္ဌာန်းယူ၍ တော၌ အားထုတ်ရာ ဈာန်ကိုဖြတ်စေပြီး ကိလေသာတို့၏ ဥပါဒ်မပေါ်လာသဖြင့် ရဟန်းကိစ္စ ပြီးဆုံးပေပြီဟု ထင်ခါ ဘုရားရှင် ကိုယ်တော်မြတ်ထံ လျှောက်ထားရန် လာခဲ့ကြ၏။

ထိုရဟန်းတို့ ကျောင်းတော်မုခ်ဦးအရောက်တွင် ဘုရားသခင်က အရှင်အာနန္ဒာကို "ထိုရဟန်းတို့အားကျောင်းတော်သို့ဝင်၍ ငါဘုရားကို ဖူးမြင်ခြင်းဖြင့် အကြောင်းထူး မရှိသေး၊သုသာန်သို့ သွား၍ သုသာန်ကပြန်လာမှ ငါဘုရားကို ဖူးမြင်ပါစေ"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာက ရဟန်းတို့အား ပြောကြား၏။

ရဟန်းတို့က မြတ်စွာဘုရားသည်အကြောင်းတခုကိုမြင်တော်မူ၍သာ ဖြစ်ပေလိမ့်မည်ဟု တစုံတရာ မငြင်းပယ်ပဲ သုသာန်သို့ သွားကြ၏။ ပုပ်ပွ၍ အရိုးကျနေသော သူသေကောင်တို့ကိုမြင်၍ အရိုးစုဟူသော အဋ္ဌိကသညာကိုရ၏။ ထိုခဏ၌ သေပြီးစသော သူသေ၏ကိုယ်၌ တပ်မက်ခြင်းရာဂကို ဖြစ်ပြန်၏။ ထိုခဏ၌ မိမိတို့တွင် ကိလေသာအညစ် မကင်းစင်သေးသည့် အဖြစ်ကို သိကြ၏။

## ကိုယ်ရောင်တော်ဖြင့် ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက်ပင် ကိုယ်ရောင်တော်ကို ပျံ့နှံ့စေ၍ ရဟန်းတို့၏ မျက်မှောက်၌ မိန့်တော်မူဘိသကဲ့သို့

(၁၄၉) **ယာနိမာနိ အပတ္ထာနိ၊ အလာပူနေဝ သာရဒေ။**
**ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန**
**ကာ ရတိ။ ။**

(၁၄၉) တန်ဆောင်မုန်းလ၌ စွန့်ပစ်အပ်သော ဘူးသီးကဲ့သို့ ခိုဖြူအဆင်းနှင့်တူသော အရောင်ရှိကုန်သော အကြင်အရိုးတို့သည် ရှိကုန်၏။ ထိုအရိုးတို့ကိုမြင်၍ အဘယ်မှာ မွေ့လျော်နိုင်ပါအံ့နည်း။

ဒေသနာတော်၏အဆုံး၌ ရဟန်းငါးရာတို့သည် ရပ်တည်မြဲသော ဇာရိယာပုတ်ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်ကြ၏။

မြတ်စွာဘုရားအား အဖန်တလဲလဲ အမြဲမပြတ်သာ ချီးမွမ်းထောမနာလျက် ရှိခိုးကြကုန်၏။

**(ဓမ္မပဒ ဇရာဝဂ် လေးခုမြောက် အဓိမာနိက ရဟန်းတို့ ဝတ္ထု ပြီး၏)**

(၁၁) ဇရာဝဂ်

## ၅။ ဆူးကိုဆူးဖြင့် ထွင်ခြင်း

(ဇနပဒကလျာဏီ ရူပနန္ဒာမထေရီမဝတ္ထု)

**ဤခန္ဓာအိမ်သည်**
**အရိုးတို့ကို**
**အကြောတို့ဖြင့် တုပ်ချည်၍**
**အသားအသွေးတို့ဖြင့်**
**သရွတ်ကိုင်၍**
**ဆောက်လုပ်ထားခြင်းဖြစ်၏။**

(အဋ္ဌိနံ နဂရံ ကတံ)အစခံသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရူပနန္ဒာမထေရီမကိုအကြောင်းပြု၍ ဟောတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

ဇနပဒကလျာဏီမင်းသမီး။
ညီတော် နန္ဒမင်းသား၏ကြင်ဖော်။
မိထွေးတော် ဂေါတမီ၏သမီးချစ်ဖြစ်သော
ဇနပဒကလျာဏီက တွေးမိသည်။

ငါ၏ မောင်တော်အကြီးသည် စကြာမင်း ဖြစ်ထိုက်သော မင်း၏ အသရေကို တံထွေးပေါက်ကဲ့သို့ ရှုံရှာစွန့်ပစ် ရဟန်းဝတ်၍ ဘုရားဖြစ်တော်မူလေပြီ။

မောင်တော်အကြီး၏ ရင်သွေး ရာဟုလာလည်း ရဟန်းပြုလေပြီ။

မောင်ရင်းမင်းနန် ငါ့သက်နှံလည်း ရဟန်းပြုလေပြီ။
ငါ၏မယ်တော် ဂေါတမီလည်း ရဟန်းပြုလေပြီ။

ယခုအခါ ငါတယောက်တည်းနေခြင်းဖြင့်လည်း အဘယ်သို့ အကြောင်းထူးအံ့နည်းဟု ကြံပြီး ရဟန်းမိန်းမတို့ ကျောင်းသို့ သွားရောက်၍ ရဟန်းပြုလေ၏။

## ဘုရားထံ မသွားဝံ့

သဒ္ဓါရှိ၍ ရဟန်းပြုခြင်းမဟုတ်၊ ဆွေမျိုးများ ရဟန်းဖြစ်၍ သာ ရဟန်းပြုခြင်း ဖြစ်၏။ အလွန် အဆင်း လှ သော ကြောင့် ရူပနန္ဒာဘိက္ခုနီမဟု ထင်ရှားကျော်စော၏။

ရူပနန္ဒာဘိက္ခုနီမက "ငါ၏အဆင်း၌ အပြစ်ကိုပြ၍ မောင်တော်ဘုရားသည် တရားဟောတော်မူလိမ့်မည်"ဟုတွေး၍ဘုရားထံမှောက် မသွားရောက်ဝံ့။

## ဂုဏ်တော်စကား နားမှာမဆံ့

သာဝတ္ထိပြည်သူပြည်သားတို့သည် နံနက်စောစော အလှူဒါနပြု၍ ဥပုသ်ဆောက်တည်ကြပြီး၊ ညနေချိန်အခါ ဇေတဝန်ကျောင်းတော်၌ တရားကိုနာကြ၏။ ရဟန်း တော် တို့ လည်း တရားကိုနာကြားကြ၏။ထို့နောက် ဘုရားသခင်၏ဂုဏ်ကျေးဇူးစကားဖြစ်သော အဆင်းတော်၌ရင်း၊ အသံတော်၌ရင်း၊ တရားတော်၌ရင်း၊ ခေါင်းပါးစွာကျင့်ခြင်း၌ရင်း၊ သီလတော်၊သမာဓိတော်၊ ပညာတော်တို့၌ရင်း၊ ချီးမွမ်း ထောပနာကြသည်မှာ ရူပနန္ဒာ မထေရ်မ၏နား၌ မဆံ့အောင်ကြားရ၏။ သို့ကြောင့်လည်း....

''ငါ၏ဓမ္မမောင်တော်ကြီးသည် တနေ့မျှသာ ငါ၏ အဆင်း၌ အပြစ်ပြ၍ ဟောတော်မူနိုင်မည်၊ ငါသည် ရဟန်းမိန်းမတို့နှင့် အတူ တိတ်တိတ်သွားရောက်၍ တရားကို နာကြားပြီးမှ ပြန်ခဲ့မည်'' ဟုကြံစည်၏။ ထို့နောက် ရဟန်းမိန်းမတို့အားအကြောင်း ကြား၏။

## ထူးခြားသည့် တရားသဘင်

ရဟန်းမိန်းမတို့သည့် ယနေ့ရူပနန္ဒာတရားနာလိုက်လာလျှင် ဘုရားသခင်က ရူပနန္ဒာမထေရီမကိုအကြောင်းပြု၍ ဆန်းကြယ်သော ဓမ္မဒေသနာကို ဟောကြားပေလိမ့်မည်ဟု နှစ်သက်ရွှင်လန်းကြကာ ရူပနန္ဒာကို ခေါ်လာခဲ့ကြ၏။ ရူပနန္ဒာကမူ ဘုရားသခင် မမြင်အောင်နေမည် ကြံစည်ထား၏။

ဘုရားသခင်သည် ကြိုတင်သိမြင်၏။ အဆင်း၌ မာန်ယစ်သူအား ဆုံးကိုဆုံးဖြင့်ထွင်၍ နှုတ်ပစ်သကဲ့သို့မာန်မရှိအောင် ဆုံးမသင့်သည်ဟု ဆုံးဖြတ်ပြီး၊ တဆယ့်ခြောက်နှစ် အရွယ် အလွန်အကြူး အထူးလှပသော မိန်းမငယ်ကို အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ယပ်ကို ကိုင်လျက် ကိုယ်တော်မြတ်၏အထံ၌ ယပ်ခတ်တည်နေဟန်ကို တန်ခိုးတော်ဖြင့် ဖန်ဆင်း၍ထားတော်မူ၏။ ထိုမိန်းမငယ်ကို ဘုရားသခင်နှင့် ရူပနန္ဒာနှစ်ဦးသာ မြင်ကြရ၏။

ရူပနန္ဒာသည် ရဟန်းမိန်းမတို့အကြားမှ ဘုရားကို ရှိခိုးဦးချပြီး ဘုရားသခင်၏ အသရေတော်ကို ကြည့်ရှုဖူးမြော်ရာမှ အနီး၌ တည်ရှိသော မိန်းမရုပ်ကို မြင်လေ၏။ ထိုမိန်းမငယ်ကိုကြည့်ကာ

မိမိကိုယ်ကိုပြန်ကြည့်သော်၊ ရှေးဟောင်းမ၏ရှေ့မှ ကျီးမနှင့်နှိုင်းယှဉ်၍ မိမိကိုယ်ကို မှတ်ထင်လာ၏။ ထိုမိန်းမငယ်၏ လှပ ချောမွေ့ပုံကို မမှိတ်မသုံကြည့်၍ ထိုမိန်းမငယ်၏ အဆင်း၌ လွန်စွာနှစ်သက်ခြင်း ဖြစ်လေ၏။

## ဖောက်ဖောက်ပြန်ပြန် မြင်ရပြန်

ရူပနန္ဒာသည် ထိုမိန်းမငယ်၏အဆင်း၌ နှစ်မြောနေသည်ကို ဘုရားသခင် သိတော်မူ၍ ပျို့မြစ်နုနယ် မိန်းမငယ်ကို အသက် ၂၀ အရွယ်သို့ရောက်သည်ကိုပြတော်မူ၏။ ရူပနန္ဒာသည် ပြောင်းလဲလာသော အဆင်းကို သတိပြုမိ၍ တွယ်တာမှု လျော့ပါးလာ၏။ ထိုနောက်တဖန် သားဖွားပြီးသော အလယ်အလတ်အရွယ်အထိ အနည်းငယ် ရင့်ရော်လာသောအခါ ရူပနန္ဒာသည် ဘုရားသခင်၏ အသရေတော်ဖက်သို့ မျက်စိတချက် ဝေ့မိ၏။ ဘုရားသခင်သည် အတွင်းစိတ်ကို သိတော်မူ၍ ကြီးရင့်သော အရွယ်မှ အိုမင်းသော အရွယ်တို့ကို ပြောင်းလဲပြတော်မူပြန်၏။

ရူပနန္ဒာမထေရ်မသည် ဤအဆင်းသည်လည်း ကွယ်ပျောက်၏၊ ဤအဆင်းသည်လည်းကွယ်ပျောက်၏ဟု စိတ်တွင်းမှရေရွတ်နေ၏။ အိုမင်းသောအရွယ်ကို မြင်ရသောအခါ မိမိခန္ဓာကိုယ်နှင့်ပင် နှိုင်းယှဉ် ထင်မြင်လာ၏။

မြတ်စွာဘုရားသခင်နှင့် ရူပနန္ဒာ မထေရ်မတို့သာ မြင်ရသော အခြင်းအရာဖြစ်၍ တရားနာ ပရိသတ်မှာ ငြိမ်သက် တိတ်ဆိတ်နေ၏။

ထိုသူအိုမ၏ ပုံနိမိတ်သည် ရောဂါဖိစီးနှိပ်စက်မှုကို ခံနေရပြန်၏။အော်ဟစ်ညည်းညူနေပြန်၏။ ထိုင်လျက်မရပ်တည်နိုင်၊ တုန်တုန်ရီရီဖြင့် မြေပေါ်သို့ လဲလျောင်းလိုက်၏။ ကျင်ကြီးကျင်ငယ်

တို့ ယိုထွက်စီးကျ မထိမ်းနိုင်အောင် ဖြစ်ရ၏။ ရူပနန္ဒာသည် စက်ဆုတ် ရွံရှာလာ၏။

ထိုမိန်းမသည် သေလွန်ပြီးခဏာ၌ဖူးဖူးရောင်လာ၏။ ကိုးဒွါရမှ ပြည်နှင့်သွေးပုပ်ရည်တို့ ယိုစီးကျလာ၏။ မျက်လုံးတို့သည် တက်ကြွ ကျွတ်ထွက်မတတ် ဖြစ်လာ၏။ နှာခေါင်းပေါက် – ပါးစပ်ပေါက်တို့မှ ပိုးလောက်တို့သည် ဖွေးဖွေးထွက်လာကြ၏။ ဤ ခန္ဓာမှဖြစ်သော ပိုးလောက်တို့သည်ပင် ဤခန္ဓာမှအသားတို့ကို ထိုးဖေါက်စားနေကြကုန်၏။

ရူပနန္ဒာသည် အနိဋ္ဌာရုံ မြင်ကွင်းမှ မျက်စိတို့ကို လွှဲဖယ်လိုက်ပြီး မောင်တော်ကြီး ဘုရားသခင်ကို စိမ်းစိမ်း ရှုစား၏။ ကြည်လင်သော အသရေတော်တို့ကိုရင်း၊ ထူးကဲသောဂုဏ်တော်တို့ကိုရင်း မြင်၍လာ၏။ ကြည်ညိုစိတ် ပီတိစိတ်တို့သည် ကိုယ်လုံးစိမ့်အောင် လျှံ၍သွားတော့၏။ ဝမ်းမြောက်ခြင်းပီတိကြက်သီးမွေးညှင်းများက တကိုယ်လုံး ပျံ့နှံ့လာ၏။

“ငါ၏ ခန္ဓာကိုယ် အတ္တဘောသည်လည်း ဤမိန်းမကဲ့သို့ပင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ ရောက်ပေလိမ့်မည်” ဟု မိမိခန္ဓာကိုယ်ကို အနိစ္စအားဖြင့် မြင်လာ၏။ထိုမိန်းမ၏ အကောင်ပုပ်ကို ထိုးဖေါက်စားနေသော ပိုးလောက်တို့သည် မိမိ ခန္ဓာကိုယ်ကို ထိုးဖေါက်စားနေသယောင် မြင်လာပြီး၊ မိမိခန္ဓာကိုယ်ကိုပင် စက်ဆုတ်လာ၏။ ကမ္မဋ္ဌာန်းကို ရှေးရှုစိတ် အနိစ္စကို ထင်းထင်း မြင်လာ၏။ အနိစ္စကို ထင်းထင်းမြင်သည်ရှိသော်၊ ဒုက္ခ, အနတ္တ တို့သည် မြင်အပ်သည်သာလျှင်တည်း။

## သောတာပန်တည်ခြင်း

မြတ်စွာဘုရားသခင်သည် ထိုရူပနန္ဒာမထေရ်မအား အနုံစွ ထင်ထင်မြင်နေပြီဟု သိတော်မူ၍ အလိုလိုသာ မိမိတည်ရာကို ပြုခြင်းငှာ စွမ်း မည် လော ဟု ကြည့်ရှု တော် မူ သည် ရှိသော်၊ အထောက်အပံ့ကိုရရန်သင့်လျော်ပေ၏ဟု ကြံဆင်ခြင်တော်မူပြီး တရားဟောတော်မူလိုသောကြောင့်=

"ရူပနန္ဒာ။ ။ရောဂါများဖြင့်ပြွမ်းထသော၊မစင်ကြယ်ထသော၊ ပုပ်သိုးထသော၊ အထက်သို့လည်း ယိုစီးထသော၊ တက်ယိုစီးထသော၊ အောက်သို့လည်း ယိုစီးထသော၊ ဤကိုယ်ကို စေ့စေ့သေချာ ကြည့်ရှုပါလော့၊ ထိုကိုယ်ကို သူမိုက်တို့သာ အလွန် မြတ်နိုးတောင့်တကြ၏။

ဤသို့မြင်ခဲ့ရသောမိန်းမသည် မစင်မကြယ် ရွံဘွယ် ပုပ်သိုး ဆွေးမြေ့သကဲ့သို့ထို့ အတူသင်၏ခန္ဓာကိုယ်သည် မစင်မကြယ် ရွံဘွယ်ပုပ်သိုး၏။

အသင်၏ ခန္ဓာကိုယ်သည် မစင်မကြယ် ရွံဘွယ်ပုပ်သိုးသကဲ့သို့ ဤမိန်းမသည်လည်း မစင်မကြယ် ရွံဘွယ်ပုပ်သိုး၏။

ဤကိုယ်ကို သတ္တဇီဝမှဆိတ်သော၊ ဓာတ်အားဖြင့် စေ့စေ့သေချာ ကြည့်ရှုပါလေလော့။

နောက်ထပ်တဖန်၊ လောကသို့ မကပ်မရောက် မလာလေလင့်၊ဘဝသုံးပါး၌ နှစ်သက်သော အလိုဆန္ဒကို တပ်မက်ခြင်းကင်းစေ၍ ရာဂ အစရှိသည် ကင်းငြိမ်းလျက်၊ နိဗ္ဗာန်သို့သွားရလတံ့"

ရူပနန္ဒာမထေရီမသည် ဒေသနာသို့အစဉ်လျှောက်၍ဉာဏ်ကို စေလွှတ်ပြီး သောတာပတ္တိဖိုလ်သို့ရောက်လေ၏။ ထိုနောက် ရူပ နန္ဒာမထေရီမအား အထက်ဖြစ်သော သုံးပါးသော မဂ်ဖိုလ်တို့ ကို ဝိပဿနာဖြင့် ထုံစေတော်မူလိုသောကြောင့် သုညတ ကမ္မ ဋ္ဌာန်းကို ဟောကြားတော်မူခြင်းငှာ

"ရူပနန္ဒာ။ ။ဤကိုယ်အတ္တဘော၌ အနှစ်သာရ ရှိသည်ဟူသောအမှတ်ကို မပြုလေနှင့်။ ဤခန္ဓာကိုယ်၌ အနှစ်သာရအနည်းငယ်မျှမရှိ၊ ဤခန္ဓာကိုယ်သည် အရိုး တို့နှင့်သာ စိုက်ထောင်ထားအပ်သည်ဖြစ်၍အရိုးစုတည်း ဟူသော မြို့ပြပြည်ရွာသာတည်း"

ဟု မိန့်တော်မူပြီး၍

**(၁၅၀) အဋ္ဌီနံ နဂရံ ကတံ၊ မံသ လောဟိတ လေပနံ။ ယတ္ထ ဇရာ စ မစ္စုစ၊ မာနော မက္ခော စ သြဟိတော။**

(၁၅၀) အရိုးတို့ကို အကြောတည်းဟူသော ကြိုးမန္တယ်တို့ဖြင့် ချည် တုပ်၍ အသားအသွေးတည်းဟူသော သရွတ် (ဘိလပ်မြေ) တို့ဖြင့် လိမ်းမံ၍ အတ္တဘော ခန္ဓာတည်းဟူသော မြို့ရွာကို တဏှာယောကျ်ား လက်သမားသည် ပြုအပ်၏။ အကြင် အတ္တဘောတည်းဟူသော အိမ်၌အိုခြင်းသည်၎င်း သေခြင်း သည်၎င်း မာန်ထောင်လွှားခြင်းသည်၎င်း ကျေးဇူးကန်းခြင်း သည်၎င်း တည်ရှိ၏။

ဒေသနာတော်၏အဆုံး၌ ရူပနန္ဒာ မထေရီမသည် အရဟတ္တ ဖိုလ်သို့ရောက်လေ၏။

**(ဓမ္မပဒ ဇရာဝဂ် ငါးခုမြောက် ဇနပဒကလျာဏီရူပနန္ဒာမထေရီမ ဝတ္ထုပြီး၏။)**

## (၁၁) ဇရာဝဂ်

### ၆။ မဆွေးနိုင်သော တရား

(မလ္လိကာမိဖုရားဝတ္ထု)

ခန္ဓာကိုယ်သည်
အိုမင်းဆွေးမြေ့ခြင်းသို့ရောက်၏။
တရားတော်ကား
အိုမင်းဆွေးမြေ့ခြင်းသို့ မရောက်။

(ဇိရန္တိဝေ) အစရှိသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မလ္လိကာမိဖုရားကို အကြောင်းပြု၍ ဟောတော်မူပေ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

မလ္လိကာမိဖုရားသည် ရေချိုးအိမ်အတွင်း၌ ခြေဆေးလိုသည့် အတွက် ခါးကိုရှေ့သို့ကုန်း၍ ခြေဆေးနေ၏။ ချစ်ခင်၍ မွေးထားသော ခွေးသည် ရေချိုးအိမ်သို့အတူပါလာ၍ ရှေ့သို့ကုန်းနေသော မိဖုရားကြီးကိုမြင်၍ ပေါင်းဖော်ခြင်းကိုအားထုတ်၏။ မိဖုရားကြီးသည် အတွေ့ကိုသာယာသဖြင့် ငြိမ်၍ နေ၏။

ပသေနဒီကောသလမင်းကြီးသည် ထိုအဖြစ်ကို ပြာသာဒ် အထက် ပြူတင်းမှလှမ်း၍မြင်ရသဖြင့် အလွန့်အလွန်စိတ်ဆိုး၏။ မိမိရှေ့သို့ မိဖုရားကြီးရောက်လာသောအခါ ''သူယုတ်မ'' ဟုရေရွတ်ကြိမ်မောင်း၏။

**ပြောင်ပြောင်ငြင်း၍ တန်ပြန်စွပ်စွဲခြင်း**

မိဖုရားကြီးက တအံ့တသြ ''ကျွန်တော်မ အဘယ်ကို ပြုပါသနည်း'' ဟု မေး၏။ မင်းကြီးက ''အသင်သည် ခွေးနှင့်နှီးနှော

စပ်ယှက်သည်''ဟု မိန့်၏။ ''ကျွန်တော်မကျွ သို့မပြုရပါ''ဟု လျှောက်၏။ ''ငါကိုယ်တိုင်မြင်ရသည်၊ သင့်စကားကိုငါမယုံ'' ဟု ပြောခါ ဆဲရေးကြိမ်မောင်းပြန်၏။

''အရှင်မင်းကြီး၊ ဤရေချိုးအိမ်သည် ထူးဆန်းပါ၏။ ဤ ရေချိုးအိမ်သို့ အမှတ်တမဲ့ ဝင်သွားသူကို ဤပြူတင်းမှ ကြည့် လျှင်၊ တယောက်ထဲကို နှစ်ယောက်မြင်ရတတ်ပါသည်။ ကျွန် တော်မပြောစကား မယုံပါလျှင် အရှင်မင်းမြတ် ဤရေချိုးအိမ် သို့ ဝင်တော်မူပါလော့။ ကျွန်တော်မ ဤလေသာပြူတင်းမှ ကြည့်နေပါမည်''ဟု လှည့်ပတ်ပြောဆို၏။ မင်းကြီးက မိဖုရား ကြီးအပေါ် အလွန်အလွန် ချစ်ရင်းစွဲလည်းရှိ၊ ယုံကြည်ရင်းစွဲ လည်းရှိသဖြင့် ''ငါဝင်ကြည့်မည်''ဟု ဆိုကာ ရေချိုးအိမ်သို့ ဝင်၏။ မိဖုရားက လေသာပြူတင်းမှကြည့်၏။

မင်းကြီးထွက်လာလျှင် မင်းကြီးကိုဆိတ်မနှင့် သံဝါသရော ယှက်သည်ဟုစွပ်စွဲ၏။ မင်းကြီးက မဟုတ်ကြောင်း ငြင်း၏။ မိဖုရားကြီးကမျက်စိနှင့် မြင်ကြောင်း ပြော၏။ မင်းကြီးသည် ကိုယ့်ကိုယ်ကိုသံသယဝင်လာ၏။

ဤရေချိုးအိမ်သို့ ဝင်လျှင် ဤသို့ပင် မြင်တတ်ပေသည်ဟု မင်းကြီးသည်ယုံကြည်၍လာ၏။ မိဖုရားကြီး၏သမာဓိဂုဏ်၊သီလ ဂုဏ်တို့ရှိသည်အဖြစ်ကိုသိ၍ မိမိမျက်စိဖြင့် တပ်အပ်မြင်ရသော အမှုကိုပင်မိမိကိုယ်တိုင်မယုံကြည်နိုင်အောင်ဖြစ်လာ၏။မိမိအား ဆိတ်မနှင့်သံဝါသပြုသည်ကို မြင်ရပါသည်ဆိုသော မိဖုရားကြီး ၏စကားကိုပင် ယုံကြည်မိလေ၏။

## တဆယ့်လေးကုဋေအလှူလည်း မကယ်နိုင်

ဤမလ္လိကာမိဖုရားကြီးသည် မင်းကြီးကိုကောင်းရာသို့ ညွှန်တတ်သော အဖေါ်ကောင်းလည်း ဖြစ်၏။ မြတ်စွာဘုရားနှင့်တကွ သာသနာတော်၌ အလွန်ညွတ်ကိုင်း၏။ မင်းကြီးနှင့်အသဒိသအလှူတော်ကြီးကို အတူပေးလှူခဲ့၏။ တနေ့တည်း တဆယ့်လေးကုဋေကုန်၏။ ဘုရားအားလှူသော ထီးဖြူပလ္လင်၊သပိတ်ခြေ၊ခြေဆေးပျဉ် ဤလေးမျိုးသည်ပင် တန်ဘိုးတွက်၍မရနိုင်။ ဤ၍ ဤမျှ လှူဒါန်းခဲ့ပါ၏။ သာသနာတော်၌ အမြဲစိတ်ညွတ်၏။ ဘုရားသခင်အပေါ်၌ အမြဲပင် ယုံကြည်မြတ်နိုးလှ၏။

## သေခါနီးကာလ

မလ္လိကာမိဖုရားကြီးသည် ထိုနေ့မှစ၍ "မင်းကြီးသည် ငါ့လှည့်သမျှ ယုံရှာသည်၊ ငါသည်ငါ၏ အရှင်လင် ခင်ပွန်းအားလှည့်ပတ်လိမ်လည်ရုံမျှမက၊ မဟုတ်မမှန်သောအားဖြင့် စွပ်စွဲခဲ့သည်။ ငါပြုသော မကောင်းမှုကို မြတ်စွာဘုရားသည်လည်း သိလတံ့၊ အဂ္ဂသာဝကနှစ်ပါးလည်း သိလတံ့၊ ရှစ်ကျိပ်သောသာဝကတို့လည်း သိတော်မူကြလတံ့၊ ဩော်-ငါသည်ဝန်လေးသောအမှုကိုပြုမိပေသည်" ဟုသာ တွေးတောနေ၏။

သေခါနီးကာလ ကြီးစွာသောအလှူကြီးကို မအောက်မေ့သတိမရနိုင်၊ မိမိအရှင် ခင်ပွန်းလင်ဖြစ်သော မင်းကြီးအားမဟုတ်မတရားစွပ်စွဲမိသော မကောင်းမှုကံကိုသာလျှင် သတိရ၍သေလွန်ခဲ့သော် အဝီစိငရဲ၌ဖြစ်လေ၏။

## ချစ်မိဖုရားအတွက် သောက

ပသေနဒီကောသလမင်းကြီးသည် မိဖုရားပေါင်း များစွာ အနက် မလ္လိကာ မိဖုရားကြီးအား အလွန်လည်း မြတ်နိုး၏။ အကြောင်းရှိလျှင်လည်း အားကိုးရသော မိဖုရားကြီး ဖြစ်၍ အလွန်ပင် သောကရောက်၏။ မြတ်စွာဘုရားထံ မိဖုရားကြီး၏ လားရာဂတိကို မေးလျှောက်မည်ဟု ကြံစည်ခဲ့၏။ ဘုရားရှင် ရှေ့တော်ရောက်လျှင် မေ့၍ ပြန်ခဲ့ရ၏။ နောက်တနေ့ မေး လျှောက်မည်ဟုကြံ၏။ ဘုရားထံရောက်လျှင် မေ့လျော့နေပြန်၏။ ဘုရားရှင်က အဓိဋ္ဌာန်တော်မူ၍ မေ့လျော့ခြင်းဖြစ်ရ၏။

မလ္လိကာမိဖုရားကြီးသည် ခုနစ်ရက်မျှ ငရဲ၌ကျ၍ ခံစားခဲ့ရ ပြီး တုသိတာနတ်ပြည်သို့ ရောက်၏။

ဘုရားသခင်သည် ပသေနဒီကောသလမင်းကြီးအားအဘယ့် ကြောင့် သတိမေ့လျော့အောင် ပြုသနည်း။ မင်းကြီးသည် မလ္လိကာမိဖုရား၌ ချစ်ခြင်းဖြင့်ငရဲ၌ ခံစားရသည်ကို ကြားသိရ သော်ဤသို့သဒ္ဓါတရားနှင့်ပြည့်စုံသော မိဖုရားကြီးသည်ပင်ငရဲ၌ ကျရသေး၏။ အလှူဒါန ပေးလှူနေ၍ အဘယ်အကျိုးရှိအံ့ နည်းဟု မိစ္ဆာဒိဋ္ဌိအယူကိုယူခါ ရဟန်းတို့အား နန်းတော်၌အမြဲ မပြတ်ပေးလှူခြင်းကို ပယ်ဖျက်အံ့၊ မင်းကြီးသည် ငရဲ၌ ဖြစ်ပေ ရာသည်ဟု သိတော်မူ၍ ထိုခုနစ်ရက်အတွင်း မင်းကြီး မမေးနိုင် အောင် တန်ခိုးတော်ဖြင့် ဟန့်တားတော်မူခြင်းဖြစ်၏။

## မင်းကြီး ဝမ်းမြောက်တော်မူခြင်း

ရှစ်ရက်မြောက်နေ့၌ ဘုရားသခင်သည်ဆွမ်းခံကြွတော်မူရင်း မင်းကြီးနန်းအိမ်တော်တံခါးသို့ ကြွတော်မူ၏။ မင်းကြီးသည် အားရဝမ်းသာ သပိတ်တော်ကိုယူပြီး ပြာသာဒ်ထက်သို့ ပင့်၏။

ဘုရားသခင်ကား ရထားတင်းကုပ်၌ ထိုင်နေတော်မူလိုသော အချင်းအရာကိုပြ၏။ မင်းကြီးသည် ရထားတင်းကုပ်၌ပင် နေရာတော်ကို ပြုပြင်ခင်းကျင်း၍ ယာဂုခဲဘွယ်တို့ဖြင့် ပြုစုလုပ်ကျွေး၏။ ထိုနောက် မိဖုရားကြီး၏ ဖြစ်ရာဌာနကို မေးလျှောက်၏။ တုသိတာနတ်ပြည်၌ ဖြစ်လေသည်ဟု မိန့်တော်မူ၏။

မင်းကြီးလည်း အားရဝမ်းသာပင်

"အရှင်ဘုရား။ ။ထိုမိန်းမမှ တုသိတာနတ်ပြည်၌ မဖြစ်ရလျှင် အဘယ်သူသည် ဖြစ်နိုင်ပါအံ့နည်း"

"အရှင်ဘုရား။ ။ထိုမိန်းမနှင့် တူသော မိန်းမ တစုံတယောက်မရှိပါ၊ အချိန်တိုင်း၌ မြတ်စွာဘုရားအား နက်ဖြန် ဤသို့ပေးလှူအံ့၊ ဤအမည်ရှိသော အလှူကို ပြုလုပ်အံ့ဟု အလှူဒါနအတွက် စီစဉ်နေပါသည်။

အရှင်မြတ်ဘုရား။ ။ထိုမိဖုရား ဘမလွန် ပြောင်းသော ကာလမှစ၍ တပည့်တော်သည် မိမိကိုယ်ကိုကောင်းစွာ ဆောင်ရွက်နိုင်ခြင်းမရှိပါ"

**ရထားတရားဥပမာ**

"မင်းကြီးတွေးတောစိုးရိမ်ခြင်းမရှိလင့်၊ သေခြင်းတရားမည်သည် သတ္တဝါအားလုံး အတွက် မြဲသော တရားပေတည်း"ဟု မိန့်တော်မူပြီး

"ဒကာတော်မင်းကြီး။ ။ဤရထားသည် အဘယ်သူ၏ ရထားနည်း"

"ဒကာတော်၏ဘိုးတော်ဖြစ်သော မင်းကြီး၏ ရထားပါဘုရား"

"ထိုရထားသည်ကား အဘယ်သူ၏ ရထားနည်း"

"ဒကာတော်၏ ခမည်းတော်မင်းကြီး ရထားပါဘုရား"

"ဤရထားသည်ကား-"

"ဒကာတော်၏ ရထားပါဘုရား"

"ဒကာတော်မင်းကြီး။ ။ဤသို့ သစ်သားကို စီမံပြုလုပ်ထားသောရထားများသော်လည်းတဆင့်ထက်တဆင့် ဆွေးမြေ့ဟောင်းနွမ်း အိုမင်းခြင်းသို့ရောက်ရသေး၏။အတ္တဘောရှိသော သတ္တဝါတို့အား အဘယ် ဆိုဖွယ်ရာရှိပါအံ့နည်း"

"ဒကာတော်မင်းကြီး။ ။သူတော်ကောင်း တရားသည် သာလျှင် ယိုယွင်းဟောင်းနွမ်းသောဇရာမရှိ၊ သတ္တဝါတို့သည်သာ အိုမင်းခြင်း ဇရာမရှိသောသူ တစုံတယောက်မျှမရှိ"ဟု မိန့်တော်မူပြီး၍-

(၁၅၁) ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။ ။

(၁၅၁) ဆန်းကြယ်စွာ တန်ဆာ ဆင်ထား အပ်သော မင်းတို့၏ ရထားသည် ဆွေးမြေ့ကုန်၏။ ထိုကဲ့သို့ပင် ဤခန္ဓာကိုယ်သည်လည်း အိုမင်းခြင်းသို့ရောက်ရ၏။ ဘုန်းအစရှိသော သူတော်ကောင်းတို့၏ တရားတော်မြတ်သည်ကား အိုမင်းခြင်းသို့ မကပ်ရောက် သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အတူတကွ သူတော်ကောင်းအချင်းချင်း စင်စစ်ပြောကြားကြကုန်၏။

(ဓမ္မပဒ ဇရာဝဂ် ခြောက်ခုမြောက် မလ္လိကာမိဖုရား ဝတ္ထုပြီး၏)

※ ※ ※ ※

(၁၁) ဇရာဝဂ်

## ၇။ အသားတိုးသည့် နွားလားပမာ

(လာဠုဒါယီမထေရ်ဝတ္ထု)

ဗဟုသုတနည်းသော ယောကျ်ားသည်
နွားလားကဲ့သို့ ကြီးရင့်လေ အသားကိုးလေ
ဖြစ်၏။
သို့သော် ပညာကား မတိုးပွားချေ။

(အပ္ပ သုတာယံ)အစခံသောသုတ္တံဒေသနာတော်ကိုသာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ လာဠုဒါယီ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

လာဠုဒါယီမထေရ်သည် အလွန်လျှင် သတိမေ့တတ်၏၊ ဉာဏ်နုံနှေး၏။ မင်္ဂလာပြုသောအိမ်တွင် မင်္ဂလာမဲ့သောတရားကို ပြောဆိုမိ၏။ မင်္ဂလာမဟုတ်သောအလှူတွင် မင်္ဂလာရှိသောတရားကိုဟောကြား၏။ သို့သော် မဆိုင်သောတရားကို ဟောမိသည်ဟု ကိုယ်တိုင်မသိ။

ရဟန်းတို့သည် ဤအကြောင်းကို မြတ်စွာ ဘုရား အား လျှောက်ထားကြ၏။

"ချစ်သားတို့။ ။လာဠုဒါယီသည် ယခုမှသာ မဟုတ်၊ ရှေးကလည်းဤသို့ပင်ဖြစ်ခဲ့ဘူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## (အတိတ်ဝတ္ထု)

## (အင်္ဂုဒတ္တနှင့် သောမဒတ္တ ပုဏ္ဏားဝတ္ထု)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌အင်္ဂုဒတ္တပုဏ္ဏား ကြီး၏သား သောမဒတ္တလုလင်ကို ဘုရင်မင်းမြတ်သည် အလွန် မြတ်နိုး၏။ ပုဏ္ဏားကြီးကား လယ်ယာကိုလုပ်၏ နွားနှစ်ကောင် ရှိရာ၊ နွားတကောင် သေသောကြောင့် သားကို မင်းကြီးထံ နွားတကောင် တောင်းခဲ့ရန်ပြော၏။

သောမဒတ္တသည် နွား တကောင် တောင်း လျှင် မင်းကြီး အထင်သေးမည်ကိုစိုး၍ ဖခင်ကိုယ်တိုင် တောင်းပါဟု ပြော၏။ သို့ဆိုလျှင် နန်းတော်သို့ အခစားသွားသောအခါ ငါ့ကို ခေါ် သွားပါဟု ပြော၏။

သောမဒတ္တသည် မိမိ၏ဖခင် ပုဏ္ဏားကြီးသည် ဉာဏ်နုံ့ နှေး၏။ ရှေ့နောက်စကားကို မသိ၊ ပြောလိုသော စကားကို ရောက်အောင် မပြောတတ်၊ မင်းကြီးထံ စကားပြောနိုင်ရန် သင် ကြားပေးပြီးမှ နန်းတော်သို့ခေါ် သွားမည်ဟုကြံ၏။ ထို့နောက် ဖခင် ပုဏ္ဏားကြီးကို ဗီရဏတ္ထမ္ဘက အမည်ရှိသော သုသာန်သို့ သွား၍ မြက်စီးတို့ကို ထောင်ပြီး ဤနေရာကား ပြည့်ရှင်မင်း၊ ဤနေရာကား အိမ်ရှေ့မင်း၊ ဤနေရာကား စစ်သူကြီးဟု မှတ် သားစေ၍ မည်သို့မည်ပုံ သွားရမည်၊ ထိုင်ရမည်၊ နေရမည်၊ ဤသို့ နောက်ဆုတ်ရမည်၊ ပြည့်ရှင်မင်းကို ဤသို့ ပြောရမည်၊ အိမ်ရှေ့မင်းကို ဤသို့ပြောရမည်ဟု သင်ကြားပြသ၏။

ထို့နောက် ပြည့်ရှင်မင်းကို ပြောရန် စကားကို သင်ကြား ပေးသည်မှာ=

"မဟာရာဇာ။ ။ကျွန်ုပ်တွင် နွားနှစ်ကောင်ရှိ၍၊ နွားနှစ်ကောင်ဖြင့် လယ်ကိုထွန်ရပါသည်။ ထိုနွားနှစ်ကောင် တွင် တကောင်သောနွားသည်သေလွန်၍သွားပါသည်။သို့ဖြစ်၍အရှင်မင်းမြတ်သည် ကျွန်ုပ်အား အဖော်ဖြစ်သော နှစ်ကောင်မြောက်သော နွားကို ပေးသနားတော်မူပါလော့" ဤဂါထာကိုတနှစ်လောက် နှုတ်ရအာဂုံလေ့ကျက်ပြီး ဂါထာကိုရပြီဟု သားဖြစ်သူအား ပြောကြား၏။ သားဖြစ်သူက ကျွန်ုပ်သည် ဦးစွာသွားပြီး မင်းကြီးထံ၌ နေပါအံ့၊ ဖခင်လိုက်လာခဲ့ပါဟုမှာကြားပြီး သားဖြစ်သူ သောမဒတ္တသည် မင်းကြီးထံတွင် ခစားနေ၏။

ဖခင်သည် လက်ဆောင်ပဏ္ဏာနှင့် မင်းကြီးထံ ဝင်လာ၏။ မင်းကြီးကအားရဝမ်းသာပင် ယခုမှလာရသလောဟုမေး၍အလိုရှိရာ ပြောဆို လျှောက်တင်ပါလော့ဟု မိန့်ကြား၏။ အဂ္ဂိဒတ္တပုဏ္ဏားကြီးသည် ကျက်ထားသောစာကို ပြောင်းပြန်ရွတ်ဆို၏။

"အရှင်မင်းမြတ်။ ။ကျွန်ုပ်တွင် နွားနှစ်ကောင် ရှိပါ၏၊ နွားနှစ်ကောင်ဖြင့် လယ်ကိုထွန်ပါ၏၊ ထို နွား နှစ် ကောင် တွင် တကောင်သောနွားသည် သေလွန်ခဲ့၏။ သို့ဖြစ်၍ အရှင်မင်းကြီးသည် အဖော်ဖြစ်သောနှစ်ကောင်မြောက်သောနွားကို(ယူတော်မူပါ)ဟု လျှောက်တင်၏။ မင်းကြီးလည်း စကားမှားသည်ကို သိ၍ နောက်ထပ်တဖန်လျှောက်တင်ပါဦးဟုဆိုလေလျှင် ထပ်ခါထပ်ခါ ဤသို့ပင် မှားလေ၏။

မင်းကြီးသည် ပြုံးရယ်ခြင်းကိုပြု၍

"သောမဒတ္တ။ ။အသင်တို့အိမ်တွင် နွားများ ပေါများလှချေတကား" ဟုဆိုလျှင် သောမဒတ္တက

"အရှင်မင်းမြတ် ပေးသနားတော်မူအပ်သည် ဖြစ်ပါလိမ့်မည်"ဟု အဆင်ပြေအောင် လျှောက်ထား၏။ ထိုလျှောက်ထားသော စကားကိုနှစ်သက်သည်ဖြစ်၍ အဂ္ဂိဒတ္တ ပုဏ္ဏားကြီးအား တန်ဆာ ဆင်ထားသော နွား တဆယ့်ခြောက်ကောင်ကိုလည်း၊ ပုဏ္ဏားကြီးနေသော ရွာကိုလည်း၊ ပုဏ္ဏားကြီးနှင့် သင့်တော်မည့် ပစ္စည်းဥစ္စာကိုလည်း ချီးမြှင့်၍ ကြီးစွာသော အခြံအရံဖြင့် လွှတ်လိုက်၏။

## သောတာပန်တည်ကြခြင်း

မြတ်စွာဘုရားသည် ဒုကနိပါတ်သောမဒတ္တဇာတ်ဟု ဆိုအပ်သော အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။ ထိုအခါက ပြည့်ရှင်မင်းသည် ယခု အာနန္ဒာဖြစ်လာ၏၊ အဂ္ဂိဒတ္တ ပုဏ္ဏားသည် ယခု လာဠုဒါယီဖြစ်လာ၏၊ သောမဒတ္တပုဏ္ဏားသည် ငါဘုရားဖြစ်လာ၏ဟု ဟောကြားတော်မူပြီးနောက်

ချစ်သားရဟန်းတို့။ ။လာဠုဒါယီသည် အကြားအမြင်နည်းသောကြောင့် ရှေးကလည်း ဤသို့ပင်ဖြစ်ခဲ့ဘူး၏၊ အကြားအမြင်နည်းသောသူသည် နွားလားနှင့်သာ တူပေသည်"ဟု မိန့်တော်မူပြီး၍

(၁၅၂) **အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။**
**မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ နဝဍ္ဎတိ။**

(၁၅၂) အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ ကြီးရင့်ပွားများလာ၏။ ထိုယောကျ်ားသည် အသားတို့သာလျှင် တိုးပွား ကုန်၏။ ထိုယောကျ်ား၏ ပညာသည် မတိုးပွား။

**(ဓမ္မပဒ ဇရာဝဂ် ခုနစ်ခုမြောက် လာဠုဒါယီမထေရ်ဝတ္ထုပြီး၏)**

(၁၁) ရောဝင်

## ဂ။ တဏှာယောက်ျား၊ အိုလက်သမား

(အာနန္ဒာမထေရ်၏ အမေး)

ခန္ဓာအိမ်ကို ထပ်တလဲလဲဆောက်နေသော
တဏှာယောက်ျား လက်သမားကို ရှာမတွေ့၍
ဘဝများစွာ သံသရာမှာ ပြေးလွှားခဲ့ရပြီ။
ဟယ် လက်သမား....သင့်ကိုငါတွေ့ပြီ။
သင်သည် နောက်ထပ်တဖန် မဆောက်လုပ်
ရတော့အံ့။ ။

(အနေကဇာတိ သံသာရံ) အစရှိသော သုဘာန် ဒေသနာတော်ကို အာနန္ဒာမထေရ် မေးလျှောက်၍ဟောကြားတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

မြတ်စွာဘုရားသခင်သည် ဗောဓိပင်ရင်း၌ ချဉ်းကပ်သီတင်းသုံးတော်မူလျက်ပင် နေမဝင်မီ မာရ်စစ်သည်အပေါင်းကို ဖျက်ဆီးပြီး ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ် မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ် ပစ္ဆိမယာမ်ဝယ် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သက်စေပြီး အနုလုံပဋိလုံ၏အစွမ်းဖြင့် သုံးသပ်တော်မူလျက် နေအရုဏ်တက်သောအခါ၌ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီဟု ဆိုအပ်သောဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍

အသိန်းမက များပြားလှကုန်သော ဘုရားရှင်တို့သည် မစွန့်အပ်သော ဥဒါန်းကျူးရင့်တော်မူခြင်းကို ကျူးရင့်တော် မူလိုသည်ဖြစ်သောကြောင့်–

(၁၅၃) အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ
ပုနပ္ပုနံ။ ။

(၁၅၄) ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ
ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ ။

(၁၅၃) အကြင်ကြောင့် အဖန်တလဲလဲ ပဋိသန္ဓေ ရနေခြင်းသည် ဆင်းရဲလှ၏။ ထို့ကြောင့် ခန္ဓာကိုယ်ကို အကြိမ်များစွာ ဆောက်လုပ်ပါက တဏှာယောကျ်ား လက်သမားကို ရှာမှီးသော ငါသည် အကြင်ဉာဏ်ဖြင့် ထိုတဏှာယောကျ်ား လက်သမားကို တွေ့မြင်ခြင်းငှာ မရသေးသည်ဖြစ်၍ ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ပြေးလွှားရလေပြီ။

(၁၅၄) ခန္ဓာအိမ်ကိုဆောက်လုပ်သော တဏှာယောကျ်ား၊ ဟယ် လက်သမား။ ယခုအချိန်၌ ငါသည်သင့်ကို ဒိဋ္ဌတွေ့လေ သည်ဖြစ်ပြီ။ တဖန် ခန္ဓာအိမ်ကို သင်ရမပြုရလတံ့။ သင်၏ အလုံးစုံသော အိမ်အခြင်တို့ကို ချိုးဖဲ့အပ်ကုန်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်၏ ချက်ဝန်းအထွဋ်ကို ငါသည် ဖျက်ဆီးအပ်ပြီ။ ယခုအခါ၌ ငါ၏စိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည့်အစွမ်းဖြင့် ရောက်ပြီ။ တဏှာတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်တော်မူပေပြီ။

(ဓမ္မပဒဇရာဝဂ်ရှစ်ခုမြောက်အာနန္ဒာမထေရ်အမေးဝတ္ထုပြီး၏)

※ ※ ※ ※

(၁၁) ဇရာဝဂ်

## ၄။ အတောင်ကျိုးသည့် ကြိုးကြာငှက်

(မဟာဓန သဋ္ဌေးသားဝတ္ထု)

အရွယ်ရှိတုန်း၌-
မြတ်သောအကျင့်ကို မကျင့်မိ၊
ဥစ္စာကိုလည်း မဆည်းပူးမိ၊
ထိုသူတို့သည်-
ငါးမရှိသောညွန်အိုင်မှ
အတောင်ကြိုးသည့် ကြိုးကြာငှက်အိုကဲ့သို့
မှိုင်တွေ၍သာနေရပေ၏။
ရှေးက ခံစားခဲ့ရသည်တို့ကို
အောက်မေ့တသ၍သာ နေကြပေ၏။

(အစရိတ္တာ) အစဖြာသော ဒေသနာတော်ကို မိဂဒါဝုန်တော၌ မဟာဓနသဋ္ဌေးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဗာရာဏသီပြည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သဋ္ဌေးသည် သားတယောက် ဖွားမြင်၏။ သုံး စား ၍ မ ကုန် သော ပစ္စည်း ရှိသည်ဖြစ်၍ ပညာမသင်ကြားစေပဲ အရွယ်ရောက်လျှင် သဋ္ဌေးသမီးတယောက်နှင့် ထိမ်းမြား၍ ပေး၏။ ထိုသဋ္ဌေးသမီးမှာလည်း မိဘများကချစ်လွန်း၍ အိမ်မှာသာနေစေပြီး ပညာသင်ကြား မပေးခဲ့။

မိဘများ ကွယ်လွန်ကြလျှင် အခေါင်းအဖော်တို့နှင့် သုံးဖြုန်းသောက်စား၍ ပစ္စည်းတို့ကုန်လေ၏။ အတွင်းပစ္စည်း အိမ်မြေမှစ၍ ရောင်းချ စားသောက်ခဲ့ရာ၊ လင်မယားနှစ်ယောက် ခွက်လက်စွဲ၍ တောင်းစားရသော ဘဝရောက်၏။

## မြတ်စွာဘုရား ပြုံးတော်မူခြင်း

တနေ့၌ ဆွမ်းစားဇရပ်တံခါးဝတွင် ရပ်ပြီး စားကြွင်းတို့ကို ခံယူနေသော သဌေးသားလင်မယားကို မြင်တော်မူ၍ မြတ်စွာဘုရားသခင် ပြုံးတော်မူ၏။

ဘုရားသခင် ပြုံးတော်မူခြင်းကို ရှင်အာနန္ဒာ လျှောက်ထား၍ မြတ်စွာဘုရား မိန့်တော်မူသည်မှာ

"ချစ်သားအာနန္ဒာ။ ။ဤဗာရာဏသီမြို့တော်ကြီး၌ မဟာဓန သဌေးကြီး၏သားသည် ကုဋေရှစ်ဆယ်ကို ကုန်အောင်သုံး၍ မယားနှင့်တကွ ထမင်းအတွက် လှည့်လည်တောင်းခံနေသည်ကို ကြည့်ရှုပါလော့"

ဤသဌေးသားသည် ပဌမအရွယ်၌ လုံ့လဝီရိယကို ပြု၍ ကုန်သွယ်ခြင်းကို အားထုတ်ခဲ့လျှင် ဤဗာရာဏသီပြည်ကြီး၌ပင် မြတ်သော သဌေးကြီးဖြစ်ပေရာ၏။ ငါဘုရားသာသနာတော်၌ ရဟန်းပြုခဲ့သည်ဖြစ်အံ့၊ အရဟတ္တဖိုလ်သို့တိုင်အောင် ရောက်ပေရာ၏။ သူ၏ခင်ပွန်းမသည် အနာဂါမိဖိုလ်၌ တည်ပေရာ၏။

မဇ္ဈိမအရွယ်၌ ဝီရိယကိုအားထုတ်၍ ကုန်သွယ်ခြင်းအမှုပြုခဲ့လျှင် နှစ်ဆင့်မြောက်သော သဌေးကြီး ဖြစ်ပေရာ၏၊ ငါဘုရားသာသနာတော်၌ ရဟန်းပြုခဲ့သည်ဖြစ်အံ့၊ အနာဂါမိဖိုလ်၌တည်သည်ဖြစ်ပေရာ၏။ သူ၏ ခင်ပွန်းမသည် သကဒါဂါမိဖိုလ်၌ တည်ပေရာ၏။

ပစ္ဆိမအရွယ်၌ လုံ့လဝီရိယဖြင့် ကုန်သွယ်ခြင်းအမှုကို ပြုခဲ့အံ့၊ သုံးဆင့်မြောက် သဌေးကြီးဖြစ်ပေရာ၏၊ ငါဘုရား သာသနာတော်၌ ရဟန်းပြုသည်ရှိသော် သကဒါဂါမိ၏အဖြစ် တည်ပေရာ၏၊ သူ၏ ခင်ပွန်းမသည် သောတာပတ္တိဖိုလ်၌ တည်ပေရာ၏။

ယခုအခါ၌ကား ထိုသဌေးသားသည် လူတို့၏ စည်းစိမ်ချမ်းသာမှ ပျက်စီးဆုတ်ယုတ်၊ ရဟန်း၏အဖြစ်မှလည်း ပျက်စီးဆုတ်ယုတ်သည်ဖြစ်၍ ခြောက်သွေ့သော ညွှံအိုင်၌ မှိုင်တွေ၍ နေသော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရလေတော့သည်''ဟု မိန့်တော်မူပြီး၍

(၁၅၅) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။ ။

(၁၅၆) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။

ဟူသော နှစ်ဂါထာကို မိန့်တော်မူ၏။

(၁၅၅) အရွယ်ရှိတုံး၌ မြတ်သောအကျင့်ကို မကျင့်မူ၍ ပစ္စည်းဥစ္စာကို မရမူ၍ ငါးကုန်ခမ်းသော ညွှံအိုင်၌ အတောင်ကျိုးသည့် ကြိုးကြာငှက်အိုတို့သည် ကြမှိုင်ကျန်သကဲ့သို့ ကြမှိုင်ရကုန်၏။

(၁၅၆) အရွယ်ရှိတုံး၌ မြတ်သောအကျင့်ကို မကျင့်မူ၍ ပစ္စည်းဥစ္စာကို မရမူ၍ လေးညို့မှလွတ်သော မြားကဲ့သို့ ရှေးက ခံစားရသည်တို့ကို ညည်းတွားအောက်မေ့၍ အိပ်ရကုန်၏။

(ဓမ္မပဒ ဇရာဝဂ် ကိုးခုမြောက် မဟာဓနသဌေးသားဝတ္ထုပြီး၏)

**ဇရာဝဂ်ပြီး၏**

# (၁၂) အတ္တဝဂ် (မိမိကိုယ်တရားစု)

## ဂါထာ (၁၁) ဝတ္ထု (၁၀)

## (အတိတ်ဇာတ် ၆)

ဘယ်လိုပင်ပြောပြော-
လောက၌
မိမိသည်သာ မိမိအားကိုးရာဖြစ်၏။
သူတပါးမဟုတ်၊
မိမိသည်သာ မိမိအချစ်ဆုံးဖြစ်၏။
သူတပါးမဟုတ်၊
ဘယ်သူမပြု မိမိမှု။

ကိုယ့်ကိုယ်ကို တကယ်ချစ်သလား၊ တကယ်ချစ်လျှင် ကိုယ့်ကိုယ်ကို မဆင်းရဲအောင် မကောင်းမှုကို မပြုပါနှင့်။

ကိုယ့်ကိုယ်ကို တကယ်ချစ်သလား၊ တကယ်ချစ်လျှင် ကိုယ့်ကိုယ်ကို ချမ်းသာအောင် ကောင်းမှုကိုပြုလော့။

ဤတရားများကား အတ္တဝဂ်၏တရားတော်တို့ ဖြစ်ပါသည်။

ဗောဓိမင်းသား ဝတ္ထုတွင်၊ လက်သမားဆရာအားသတ်မည် ကြံ၍ လေယာဉ်ပျံလုပ်ခါ ငှက်ရုပ်ဖြင့် ကောင်းကင်မှပျံသွားပုံ၊ ခလေးမရနိုင်သော ဗောဓိမင်းသား၏ (အတိတ်ဇာတ်)

ဥပနန္ဒသကျပုတ္တမထေရ်၏ဝတ္ထုတွင် အလိုကြီးပုံနှင့် ကြောင်းသားနှင့် ဖျံနှစ်ကောင် (အတိတ်ဇာတ်)တို့ ပါရှိသည်။

ပမာနိကတိဿမထေရ်ဝတ္ထု၊ကိုယ်တိုင်မကျင့်သူများကို တိုက်တွန်းပုံနှင့် (အတိတ်ဇာတ်)

ကုမာရကဿပ ဝတ္ထုတွင်၊ မယ်တော်မထေရီမ သင်္ကန်းဝတ်နှင့် ကိုယ်ဝန်ပေါ်လာရာ၊ဒေဝဒတ်၏ အဆုံးအဖြတ်တို့ဘုရားရှင်ကယ်တင်ပုံ၊ ဝိသာခါ စစ်ဆေးပုံ၊ ခလေးကို ဘုရင်ကြီး မွေးစားပုံ၊ ကုမာရကဿပ ရဟန်းပြုပုံ၊ ပြဿနာ တဆယ့်ငါးရပ်၊ မယ်တော်နှင့်ပြန်တွေ့ခြင်း (နိဂြောဓရွှေသမင် အတိတ်ဇာတ်)

မဟာကာလ ဥပသကာ ဝတ္ထုတွင် မိန်းမချောနှင့် ခရီးသွားသူကို လုပ်ကြံမိသော (အတိတ်ဇာတ်)

ရှင်ဒေဝဒတ် ဘုရားကိုသတ်ရန်ကြံ (မုဆိုး အတိတ်ဇာတ်)

ကာလမထေရ်က ဘုရားထံ တရားမနာရန် တားမြစ်သောဝတ္ထု။

စသည်အားဖြင့် ကိုယ့်ကိုယ်ကိုအားကိုးရသော တရားတော်အစုတို့ကို ဆက်လက် ရှုစားတော်မူကြပါကုန်။

## (၁၂) အတ္တဝဂ် (မိမိတရားစု)

## ၁။ ကိုယ့်ကိုယ်ကိုသာ ချစ်ကြပါ

### (ဗောဓိမင်းသားဝတ္ထု)

မိမိကိုယ်ကိုမိမိ
ချစ်အပ်သည်ဟု သိပြားအံ့၊
ပညာရှိအည်
အရွယ်သုံးပါးတွင် တပါးပါး၌
မိမိကိုယ်ကိုယ်
စောင့်ရှောက်ရာ၏။

(အတ္တာ နဉ္စေ) ဒေသနာဂါထာကို ဘေသကဠာတောအုပ်၌ ကိန်းအောင်းတော်မူစဉ် ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ဗောဓိမင်းသားသည် ထူးခြားဆန်းကြယ်သော ကောကနဒ အမည်ရှိသော ပြာသာဒ်တဆောင်ကို ဆောက်စေ၏၊ အလွန်ပင် လှပတင့်တယ်ထူးဆန်းဖွယ် ဖြစ်၏၊ ဗောဓိမင်းသားသည် ဤ ဇမ္ဗူတွင် သူကဲ့သို့သော ပြာသာဒ်မျိုး ဆင်တူရိုးမှား မရှိစေရ အောင် ဆောက်လုပ်သော လက်သမားကို ပြာသာဒ်ပြီးလျှင် သတ်အံ့ဟု ကြံစည်၏၊ မိတ်ဆွေဖြစ်သော သဉ္ဇိဝက၏ သားဖြစ် သော လုလင်အား ပြောကြား၏။

ထိုလုလင်သည် အဖိုးအတိုင်းမသိ အတတ်ပညာ အနုပညာ တတ်မြောက်သောသူတဦး မဆုံးရှုံးစေချင်သော စေတနာဖြင့် လက်သမားအား အကြောင်းကြား၏။

## လေယာဉ်ပုံတည်ဆောက်သူ

လက်သမားသည် ဝမ်းမြောက် ဘျေးဇူးတင် စွာပင် လွတ်မြောက်အောင် ကြံစည်ပါအံ့ဟု ဝန်ခံပြီးနောက် ဗောဓိမင်းသားက ပြာသာဒ်လုံးဝပြီးစီးပြီလောဟုမေးလျှင် မပြီးဆုံးသေးပါ၊ အနုစိပ်ရန် များစွာပင် ကျန်ပါသေးသည်၊ အနှစ်မရှိသော ခြောက်သွေ့ပေါ့ပါးသည့် သစ်တို့ကိုအလိုရှိပါသည်ဟု ပြော၏၊ ဗောဓိမင်းသားသည်သစ်တို့ကိုပေး၏၊လက်သမားကဤအချိန်မှစ၍ အလွန်သိမ်မွေ့ နူးညံ့သော အလုပ်ကို လုပ်ရမည် ဖြစ်၍ မည်သူမျှ မသိမမြင်စေချင်ပါ၊ သို့ဖြစ်၍ တစုံတယောက်မျှ ကျွန်ုပ်ထံ မလာရောက်ပါစေနှင့်၊ ကျွန်ုပ်၏မယားသာ ထမင်းလာပို့ပါလိမ့်မည်ဟု လျှောက်တင်၏။

ထိုလက်သမားသည် သားမယားနှင့်တကွ အတွင်း၌ ထိုင်နေလောက်သော ဂဠုန်ငှက်ရုပ်ကို ပြုလုပ်၍ မယားအား အိမ်၌ရှိသော ပစ္စည်းတို့ ရောင်း၍ ရွှေငွေ တို့သာ ယူခဲ့လော့ဟု မှာကြား၏။

ဗောဓိမင်းသားသည် လက်သမားအိမ်၌ အစောင့်အရှောက်များချ ထား၏။ လေယာဉ်ငှက်ရုပ် ပြီးစီးသောအချိန်၌ မယားအား သားသမီး အားလုံးကို ခေါ်ဆောင်စေခဲ့ခါ နံနက်စာ

စားကြပြီး သားမယားကို ငှက်ရုပ်ဝမ်းတွင်း၌ ထိုင်စေပြီး လေသာပြူတင်းမှ ကောင်းကင်သို့ ပျံတက်၍ သွားလေ၏၊ ဂဠုန်ငှက်လေယာဉ်သည်ဟိမဝန္တာ၌ဆင်းသက်ပြီး မြို့သစ်တည်ထောင်၍ ကဋ္ဌဝါဟနဟူသောအမည်ဖြင့် မင်းပြုလေ၏။

**သားသမီးမရနိုင်သော ဗောဓိမင်းသား**

ဗောဓိမင်းသားသည် ပြာသာဒ်ဖွင့်ပွဲ၌ မြတ်စွာဘုရားကို ပင့်ပြီး ရှေးဦးစွာသော လှေကားခုံမှစ၍ ပုဆိုးကို ဖြန့်ခင်း၏၊ ဗောဓိမင်းသားသည် သားသမီးမရသောကြောင့်

"အကယ်၍ငါသည်သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေရသည်ဖြစ်အံ့၊ မြတ်စွာဘုရားသည် ငါ၏ခင်းအပ်သောပုဆိုးကို တက်နင်းပေလတ့်"ဟုအဓိဋ္ဌာန်ပြု၏။

မြတ်စွာဘုရားကြွလာသော် ဗောဓိမင်းသားသည် ရှိခိုး၍ သပိတ်ကိုယူပြီးသော် ပုဆိုးအခင်းပေါ်သို့ နင်းကြွတော်မူပါဟု လျှောက်ကြား၏။ ဘုရားသခင်သည် ကြွဝင်တော်မမူ၊ သုံးကြိမ်တိုင်တိုင် လျှောက်ကြား၏။ ကြွဝင်တော်မမူပဲ အာနန္ဒာမထေရ်ကို ကြည့်တော်မူ၏၊ အာနန္ဒာ မထေရ်လည်း မင်းသားအား ပုဆိုးတို့ကို ဖယ်ရှားစေ၏။

မင်းသားသည် ပုဆိုးတို့ကိုဖယ်ရှားပြီးမှ မြတ်စွာဘုရားသခင်ကို ပြာသာဒ်နန်းတွင်းသို့ပင့်ပြီး ကောင်းစွာစီရင်လုပ်ကျွေးတော်မူပြီးနောက်

"အရှင်မြတ်ဘုရား။ ။ဒကာတော်သည်အရှင်ဘုရားအား သုံးကြိမ်တိုင်တိုင် ကိုးကွယ်ခြင်းသို့ ရောက်ခဲ့ပါပြီ၊ ပထမအကြိမ် ဝယ် ဝမ်း၌တည်ရှိသေးလျက်တကြိမ်၊ သူငယ်အခါကာလ၌ ကိုးကွယ်ခြင်းသို့တကြိမ် သိကြားလိမ္မာခြင်းသို့ရောက်သောအရွယ်၌

ကိုးကွယ်ခြင်းသို့တကြိမ် ရောက်ပါသည်၊ ထိုမျှလောက်မှိုဝဲဆည်း ကပ်သည်ဖြစ်၍ ဒကာတော်၏ ပုဆိုးအခင်းကို အဘယ့်ကြောင့် မနင်းကြွပါသနည်း''ဟု မေးလျှောက်၏။

မြတ်စွာဘုရားသခင်က–

''မင်းသား။ ။အသင်သည် အဓိဋ္ဌာန်ဖြင့်ကြံစည်ဆောက် တည်၍ ပုဆိုးတို့ကို ခင်းအပ်သည် မဟုတ်ကုန်လော''ဟု မေး တော်မူ၏။ မင်းသားက ဟုတ် မှန် ကြောင်း ဝန် ခံ လေ လျှင် ''ထို့ကြောင့်ပင် ငါဘုရားသည်ပုဆိုးအခင်းတို့ကို နင်းကြွတော် မမူခြင်းဖြစ်ပေ၏'' မိန့်တော်မူ၏။

''ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ ။ဒကာ တော်သည် သားကိုရှင်း၊ သမီးကိုရှင်း မရနိုင်ပါအံ့လော''ဟု မေးလျှောက်၏။

''ဩြော် ဟုတ်ပေ၏၊ မရနိုင်ပေ''

''အဘယ်သို့သော အကြောင်းကြောင့်ပါနည်းဘုရား''

မင်းသား၏လျှောက်ထားချက်အရ အတိတ်ကို ဆောင်၍ ဟောကြားတော်မူ၏။

## အတိတ်ဇာတ်

## (လှေပျက်သော လင်မယားဝတ္ထု)

လွန်လေပြီးသောအခါ၌ လူအပေါင်းတို့သည် ကြီးစွာသော လှေဖြင့် သမုဒ္ဒရာသို့ကူးကြ၏၊ လှေသည် သမုဒ္ဒရာ၌ ကွဲပျက်၏၊ လင်မယားနှစ်ယောက်တို့သည် ပျဉ်ချပ်တခုဖြင့်ကျွန်းငယ်တခုသို့ ရောက်ကြ၏၊ အားလုံးသော သူတို့သည် သမုဒ္ဒရာ၏အလယ်၌ပင် သေကြ၏။

ထိုကျွန်းငယ်၌ ငှက်အပေါင်းတို့ရှိကြ၏၊ ထိုသမီး ခင်ပွန်း နှစ်ယောက်တို့သည် ငှက်ဥတို့ကို မီးဖုတ်၍ စားကြ၏၊ အရွယ် သုံးပါးလုံး၌ အကုသိုလ်အတွက် သတိမရပဲစားသောက်ကြ၏။

## သောတာပန်တည်ခြင်း

မြတ်စွာဘုရားသည် မင်းသား၏ ရှေးက မကောင်းမှုကို ပြတော်မူပြီး အကယ်၍ အရွယ်သုံးပါး၌ နှစ်ယောက် အနက် တယောက်ယောက်က သတိတရား ရခဲ့သေးလျှင် မမေ့မလျော့ သောသူကိုစွဲ၍ သားသည်ပင်း၊ သမီးသည်ပင်း ဖြစ်ပေရာ၏။

"မင်းသား။ ။မိမိကိုယ်ကို ချစ်ခင်အပ်သည်ဟုသိ ခဲ့သောသူသည် သုံးပါးသော အရွယ်တို့၌ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်အပ်၏၊ ဤသို့ အရွယ်သုံးပါး လုံး၌ ကောင်းစွာစောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်သည် ရှိသော် တခုသောအရွယ်၌လည်း စောင့်ရှောက်အပ်၏" ဟူ၍ မိန့်တော်မူပြီး–

**(၁၅၇) အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။ တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

(၁၅၇) မိမိကိုယ်ကို ချစ်မြတ်နိုးအပ်သည်ဟူ၍အကယ်၍သိခဲ့ငြားအံ့။ ဤသို့သိသည်ရှိသော် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက် အပ်သည်ကိုပြု၍ မိမိကိုယ်ကို စောင့်ရှောက်၏။အရွယ်သုံးပါး တွင် တပါးပါးသောအရွယ်၌ ပညာရှိသည်သုတ်သင်ပေရာ၏။

ဒေသနာတော်၏အဆုံး၌ ဗောဓိမင်းသားသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ အတ္တဝဂ် ရှေးဦးစွာသော ဗောဓိမင်းသားဝတ္ထု ပြီး၏)

(၁၂) အတ္တဝဂ်

## ၂။ ကိုယ်ကိုယ်တိုင် ဆောက်တည်ပြီးမှ

(ဥပနန္ဒသကျပုတ္တမထေရ် ဝတ္ထု)

မိမိကိုယ်တိုင်သာလျှင်
တရား၌ ရှေးဦးစွာ
ဆောက်တည်ထားပြီးမှ
သူတပါးကို ဆုံးမလျှင်
ပညာရှိဂုဏ်ကို
မညစ်နွမ်းနိုင်ရာ။

(အတ္တာန မေဝ ပထမံ)အစခံသော သုတ္တန်ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ဥပနန္ဒ အမည်ရသော သာကီဝင်မင်းသား ရဟန်းတပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်ဥပနန္ဒသကျပုတ္တ မထေရ်သည် တရားဟော အလွန်ကောင်း၏။သူ၏အလိုနည်းခြင်း၊ အပ္ပိစ္ဆတာတရားကို နာကြားရ၍များစွာသောရဟန်းတို့သည် ဓူတင်တို့ကိုဆောက်တည်ကုန်၏။ ဓူတင်ဆောက်တည်၍ စွန့်လွှတ်သော ပရိက္ခရာတို့ကို ထိုမထေရ်ပင် အကုန်သိမ်းယူ၏။

ဝါဆိုခါနီးလျှင် ဇနပုဒ်သို့သွား၏။ ကျောင်းတိုက်တခုသို့ ရောက်လျှင် ရဟန်းသာမဏေတို့က အရှင်ဥပနန္ဒ၏ တရားဟော ကောင်းခြင်းကိုမြတ်နိုးလှသဖြင့် ဤကျောင်း၌ဝါကပ်တော်မူပါ

ဟု တောင်းပန်၏။ ဝါဆိုသင်္ကန်း အဘယ်မျှလောက်ရတတ်ပါသနည်းဟု မေး ၏။ တထည်စီရတတ်ပါသည်ဟု လျှောက်လျှင် ထိုကျောင်း၌ ဖိနပ်ကိုထား၍ အခြား ကျောင်းတကျောင်းသို့ သွားပြန်၏။

ဒုတိယကျောင်းသို့ သွားရောက်ပြီး ဝါဆိုသင်္ကန်းအဘယ်မျှလောက် ရတတ်သနည်းဟု မေး၍ နှစ်ထည်မျှလောက် ရတတ်ပါသည်ဟုပြောလျှင် ထိုကျောင်း၌ တောင်ဝှေးကိုထား၏။ သုံးခုမြောက်ကျောင်း၌ ရေဗူးကိုထား၏။ လေးခုမြောက်ကျောင်းသို့ ရောက်လျှင် ဝါဆိုသင်္ကန်း လေးထည်ရတတ်ပါသည် ဆိုသဖြင့် ဤကျောင်း၌ ဝါကပ်၏။

အရှင်ဥပနန္ဒ တရားဟော ကောင်း လှ သ ဖြင့် လူ ရ ဟန်း အပေါင်းတို့က များစွာ လှူဒါန်းချီးမြှင့်ကြ၏။ ဝါကျွတ်သော် ပထမ၊ ဒုတိယ၊ တတိယ သုံးကျောင်း၌ ငါ၏ သင်္ကန်းပရိက္ခရာ ထားသဖြင့် ဝါဆိုသင်္ကန်းကို ရထိုက်၏ လာပို့စေသတည်းဟု စေလွှတ် ပြောကြား၍ အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို လှည်းဖြင့် အပြည့်တင်၍ သွားလေ၏။

## ဥပနန္ဒ အဆုံးအဖြတ်.

ကျောင်းတိုက်တခု၌ ရဟန်းငယ်နှစ်ပါးသည် ပုဆိုးဖျင်နှစ်ခုနှင့် ကမ္ဗလာတထည်ကိုရ၍ ကမ္ဗလာကို သူယူမည်၊ ငါယူမည်ဟု ငြင်းခုန်ကြ၏။ ဥပနန္ဒမထေရ် လာသည်ကိုမြင်လျှင် တပည့်တော်တို့အား ခွဲဝေပေးပါဟု ပြောဆိုတောင်းပန်၏။ ဥပနန္ဒက ငါ့စကား တည်စေမည်လောဟု မေး၏။ ရဟန်းငယ်နှစ်ပါးက ဝန်ခံ

ကြလေသော်၊ ဥပနန္ဒသည် ပုဆိုးဖျင်ကို တပါးလျှင်တထည်ကျ ဝေငှ၍ ဤကမ္ဗလာသည် ဓမ္မကထိကတို့နှင့်သာ ထိုက်တန်၏ဟု သာ ပြောဆို၍ ကောင်းမွန်ကြီးကျယ်သော ကမ္ဗလာကို ယူသွား လေ၏။

ရဟန်းငယ်နှစ်ပါးတို့သည် မကျေနပ်၍ ဘုရားထံလျှောက် ထားကြ၏။

မြတ်စွာဘုရားက=

"ချစ်သားရဟန်းတို့။ ။ ဥပနန္ဒသကျပုတ္တသည် ဤ ယခု အခါ၌သာသင်တို့အား နှလုံးမသက်သာအောင် ပြုသည်မဟုတ် သေး၊ ရှေး၌လည်း ပြုခဲ့ဘူးလေပြီ"ဟု အတိတ်ကိုဆောင်တော် မူ၏။

## အတိတ်ဝတ္ထု

## ကြောင်းသားနှင့် ဖျံနှစ်ကောင်

ရှေးလွန်လေပြီးသောအခါ ကမ်းခြေ၌လိုက်၍ ရှာဖွေသော ဖျံတကောင်၊ ရေနက်၌လိုက်၍ရှာဖွေသော ဖျံတကောင် ယင်း ဖျံနှစ်ကောင်ပေါင်း၍ ငါးကြင်းတကောင်ကိုရ၏၊ ခွဲဝေယူကြရာ အမြီးပိုင်းနှင့် ခေါင်းပိုင်းအဝေမတည့်ကြ၍ မြေခွေးတကောင် ကိုမြင်လျှင် ခွဲဝေပေးပါရန် တောင်းပန်၏၊ မြေခွေးသည် ခေါင်းကိုဖြတ်၍ တခုသောနေရာ၌ထား၏၊ အမြီးကိုဖြတ်၍ တခု သောနေရာ၌ထား၏၊ မြစ်ကမ်းခြေက လိုက်ရသော ဖျံသည် အမြီးပိုင်းကိုယူလော့၊ ရေနက်၌လိုက်ရသောဖျံသည်ခေါင်းပိုင်း ကိုယူလော့၊ ဤအလယ်ပိုင်းသည်ကား တရားဆုံးဖြတ်ရသော ငါ့အတွက်ဖြစ်ပေသည်ဟု ပြောဆို၍ယူသွား၏။

"ချစ်သားရဟန်းတို့။ ။ထိုအခါက ဖျံနှစ်ကောင်သည် အသင်ရဟန်းနှစ်ဦးတို့ဖြစ်ကြ၏။ မြေခွေးသည်ယခု ဥပနန္ဒသကျပုတ္တဖြစ်လာ၏"ဟု မိန့်တော်မူပြီး ရဟန်းနှစ်ပါးကို သက်သာရာရစေ၍ ဥပနန္ဒကိုရှုတ်ချကဲ့ရဲ့ပြီး

"ချစ်သားတို့။ ။သူတပါးကို ဆုံးမသောသူ မည်သည် ရှေးဦးစွာ မိမိကိုယ်ကို သင့်တင့်လျောက်ပတ်သော အရာ၌တည်စေအပ်၏"ဟု မိန့်တော်မူပြီး

(၁၅၈) အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထ ညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။ ။

(၁၅၈) မိမိကိုယ့်ကိုယ် သာလျှင် ရှေးဦးစွာ လျောက်ပတ်သော အကျင့်၌သွင်းထားဦးရာ၏။ ထို့နောက်မှ သူတပါးကို ဆုံးမရာ၏။ ပညာရှိသည် မညစ်ညူးစေရာ။

ဒေသနာတော်၏အဆုံး၌ ရဟန်းနှစ်ပါးသည် သောတာပတ္တိဖိုလ်၌ တည်၏။

(ဓမ္မပဒ အတ္တဝဂ် နှစ်ခုမြောက် ဥပနန္ဒသကျပုတ္တ မထေရ် ဝတ္ထုပြီး၏)

(၁၂) အတ္ထဝဂ်

## ၃။ ကိုယ့်ကိုယ်ကို ဆုံးမပြီးမှ

(ပဓာနိကတိဿမထေရ်ဝတ္ထု)

သူတပါးကို ဆုံးမသည့်အတိုင်း
မိမိက ပြုကျင့်ရာ၏၊
မိမိကိုယ်ကို ဦးစွာ ပြင်ပြီးမှ
သူတပါးကို ပြင်ရာ၏။
မိမိသာလျှင်
သူတပါးထက်ပို၍ ဆုံးမခက်၏။

(အတ္တာနမေဝ) အစရှိသော ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ ပဓာနိကတိဿမထေရ်တပါးကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ပဓာနိကတိဿမထေရ်သည် ဘုရားထံ၌ ကမ္မဋ္ဌာန်းကို သင်၍ ရဟန်းငါးရာကို ခေါ်ဆောင်ပြီး တောကျောင်း၌ဝါဆိုကြ၏။

ထိုမထေရ်က

''ငါ့ရှင်တို့။ ။သက်တော်ထင်ရှား မြတ်ဘုရားထံမှ ကမ္မဋ္ဌာန်းကို သင်ယူခဲ့၏။ မမေ့မလျော့ပဲ အားထုတ်ကြကုန်လော့'' ဟု ဆုံးမပြီး မိမိမူကား တိုက်ခန်းသို့ဝင်၍ အိပ်၏။

### တရားထူးမရနိုင်ခြင်း

ရဟန်းတို့သည် ပဌမယာမ်၌ စင်္ကြန်သွား၍ တရားကို အားထုတ်ပြီး မဇ္ဈိမယာမ်၌ ကျောင်းသို့ဝင်ကြ၏။

မထေရ်သည် အိပ်ရာမှနိုး၍ ရဟန်းတို့အထံသို့ သွားပြီး

"အသင်တို့သည် အိပ်ပြီးရင်ပင် အိပ်ကြသည်၊ လာကြ၊ မြန်မြန်ထွက်၍ တရားကို အားထုတ်ကြကုန်လော့" ဟုပြောဆိုပြီး မိမိကမူ ကျောင်းသို့ဝင်၍ အိပ်ပြန်၏။ ရဟန်းတို့သည် ထွက်၍ တရားကို အားထုတ်ပြီး ပစ္ဆိမယာမ်၌ ကျောင်းသို့ဝင်ကြကုန်၏။

မထေရ်သည် အိပ်ရာမှ နိုးပြန်ပြီး ရဟန်းတို့ကို အပြင်သို့ ထွက်ခါ အားထုတ်ပြန်စေ၏၊ မိမိကမူ ဝင်၍အိပ်၏။

ဤသို့ပင် အမြဲပြုနေသဖြင့် ရဟန်းတို့သည်ကမ္မဋ္ဌာန်း၌အာရုံ မရနိုင်ကြကုန်။ ရဟန်းတို့သည် ငါတို့၏ဆရာ အဘယ်မျှတရား ပေါက်လေသနည်းဟု စောင့်၍ ကြည့်ကြကုန်၏။ ဆရာထေရ်၏ အမူအကျင့်ကို ကဲ့ရဲ့ကြကုန်၏။

ဝါကျွတ်သည့်တိုင်အောင် ရဟန်းတပါးမျှတရားထူးကို မရခဲ့ကြ၊ မြတ်စွာဘုရားအထံ သွားရောက် ဖူးမြော်ကြရာ မြတ်စွာဘုရားသခင်က မမေ့မလျော့ပဲ အားထုတ်ကြကုန်၏လော ဟု မေးတော်မူရာ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

ဘုရားသခင်က-

"ချစ်သားတို့။ ။ဤရဟန်းသည် ယခုမှသာအသင်တို့ကို အန္တရာယ်ပြုကြသည် မဟုတ်သေး။ ရှေးအခါ၌ပင် အန္တရာယ် ပြုဘူးသည်သာဖြစ်၏" ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## (အတိတ်ဝတ္ထု)

## (တောသုဿန်က ကြက်)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလတ်သော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ ပညာပြည့်စုံသော ဒိသာပါမောက္ခ ဆရာကြီးအဖြစ် လုလင်ပျို ငါးရာတို့အား အတတ်ပညာကို သင်ကြားပေးနေ၏။ ထိုတပည့်တို့တွင် အချိန်အခါအလိုက် တွန်တတ်သော ကြက်တကောင် ရှိ၏။ ကြက်တွန်သံကိုမှီ၍ အတတ်ပညာကို သင်ကြ၏။

ထိုကြက်သေသဖြင့် ကြက်တကောင်ထပ်မံရှာကြရာ လုလင် တယောက်သည် သင်္ချိုင်း သုဿန်၌ ထင်းခုတ်ရင်း ကြက် တကောင်ကိုဖမ်းခါ လှောင်ချိုင့်၌ မွေးထား၏။ ထိုကြက်ကို ဝယ်ယူ၍ ကြက်သံကိုအမှီပြု၍ စာကျက်ခြင်း၊စာဖတ်ခြင်းတို့ကို ပြုကြ၏။ ထိုကြက်သည် တွန်ရမည့်အချိန်မသိ၍ တွန်ချင်သည့် အချိန် တ၍ တွန်လေရာ ကြက်သံကို အမှီပြု၍ စာဖတ်စာကျက် ကြသူများမှာ အမှားမှားအယွင်းယွင်း ဖြစ်ကြကုန်၏။

ဤကြက်ကြောင့် ငါတို့မှာ အတတ်ပညာ ပြီးဆုံးခြင်း မရ ပေလတံ့ဟုတိုင်ပင်ကြပြီး ကြက်ကိုလည်ညှစ်၍သတ်လိုက်ကြ၏။ ထိုအကြောင်းကို ဒိသာပါမောက္ခ ဆရာကြီးအား ပြောကြား ကြရာ၊ ဆရာက“အမိအဖ စသည့်တို့ထံမှ အဆုံးအမဩဝါဒကို ယူ၍ မကြီးပွားရသည်ဖြစ်သောကြောင့် သေခြင်းသို့ ရောက်ရ ရှာလေသည်”ဟု ပြောဆို၏။

## ဇာတ်တော်ဒေပါင်းခြင်း

ဘုရားသခင်သည် ဤအကာလရဝိကုက္ကုဋ္ဌ ဇာတ်ကို ဟော ကြားတော်မူပြီးနောက် ထိုအခါက အချိန်မဟုတ် မြည်တွန်သော ကြက်သည် ယခု ပဓာနိကတိဿမထေရ် ဖြစ်လာ၏။ ငါးရာသောရဟန်းတို့သည် ပညာသင်လုလင်ပျို ငါးရာဖြစ်ခဲ့၏၊ ဒိသာပါမောက္ခဆရာသည် ငါဘုရားသာတည်းဟုမိန့်တော်မူ၏။

"ချစ်သားတို့။ ။သူတပါးကို ဆုံးမသောသူသည် မိမိကိုယ်ကို ရှေးဦးစွာ ပဲ့ပြင်အပ်၏၊ ဤသို့ ပြုလုပ်၍ ဆုံးမအပ်သည်ရှိသော် မိမိ၏ယဉ်ကျေးခြင်းရှိသည်ဖြစ်၍ ဆုံးမသည် မည်၏"ဟု မိန့်တော်မူပြီး-

(၁၅၉) **အတ္တာနဉ္စေ တထာ ကယိရာ၊ ယထာည**
**မနုသာသတိ။**
**သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ**
**ဒုဒ္ဒမော။ ။**

(၁၅၉) အကြင်သို့သော အကျင့်ဖြင့် တပါးသောသူကို အစဉ် ဆုံးမ၏။ ထိုသို့သော အကျင့်ဖြင့် မိမိကိုယ်ကို သာလျှင် ပြုရာ၏။ ကောင်းစွာပဲ့ပြင်သည်ဖြစ်၍ စင်စစ် ဆုံးမရာ၏၊ သင့်စွ။ မိမိကိုယ်သည်သာလျှင် သူတပါးထက်ပို၍ အဆုံးအမခက်ပေ၏။

ဒေသနာတော်၏ အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

**(ဓမ္မပဒ အတ္တဝဂ် သုံးခုမြောက်ပဓာနိကတိဿမထေရ်ဝတ္ထုပြီး၏)**

# (၁၂) အတ္တဝဂ်

## ၄။ ကိုယ့်ကိုယ်ကိုသာ ကိုးကွယ်ရာ။

(ကုမာရကဿပမယ်တော် မထေရ်မဝတ္ထု)

မိမိသာလျှင်
မိမိ၏ ကိုးကွယ်ရာအစစ်ဖြစ်၏။
မိမိမှတပါး ကိုးကွယ်ရာမရှိ
မိမိကိုယ်ကို
ကောင်းစွာပဲ့ပြင်ခြင်းဖြင့်
ကိုးကွယ်ရာကိုရ၏။

(အတ္တာဟိ အတ္တနော နာထော)ဟောတော်မူသည့် ဒေသနာမှာ ဇေတဝန်ကျောင်း၌ ကုမာရကဿပ၏မိခင်မထေရ်မကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

ရာဇဂြိုဟ်မြို့ကြီး၌ ချမ်းသာကြွယ်ဝသော သဌေးသမီးသည် သိကြား လိမ္မာသော အရွယ်မှစ၍ ရဟန်းအဖြစ်ကို ရပါရန် တောင်းပန်၏၊ မိဖတို့က ခွင့်မပြုပဲ အရွယ်ရောက် လာလျှင် အိမ်ထောင်ချ၏။ထိုအခါ လင်ယောကျ်ားကို အိမ်ဦးနတ်အသွင် ရိုသေစွာလုပ်ကျွေး၏။ မကြာမီသဌေးသမီး၌ ကိုယ်ဝန်တည်၏၊ မိမိ၌ ကိုယ်ဝန်တည်ကြောင်းကိုမသိပဲ လင်ယောကျ်ားကိုရဟန်းပြုရပါမည့် အကြောင်း ခွင့်တောင်း၏၊ လင်ယောကျ်ားသည်

ကြီးစွာသော ပူဇော်သက္ကာရဖြင့် ဘိက္ခုနီမကျောင်း၌ ရဟန်းပြုလေ၏။ ထိုဘိက္ခုနီမကျောင်းသည် အရှင်ဒေဝဒတ်၏ အသင်းအဖွဲ့ဖြစ်၏။

## ကိုယ်ဝန်အတွက်အခက်ကြုံ

နောင်အခါ၌ ဘိက္ခုနီမတို့သည် ကိုယ်ဝန် ရှိသည်ကို သိ၍ အရှင်ဒေဝဒတ်ထံ လျှောက်ထားကြ၏၊ အရှင်ဒေဝဒတ်က ထိုရဟန်းမိန်းမကို လူထွက်စေလော့ဟု ပြောလိုက်၏။

ထိုသဌေးသမီးမိန်းမငယ်က "ငါသည်သီလကျိုးပေါက်ခြင်းမရှိ၊ ငါသည် အရှင်ဒေဝဒတ်ထံ ရဟန်းပြုသည်မဟုတ်၊ ငါ့ကို မြတ်စွာဘုရားထံသာပို့ကြပါ" ဟုပြော၏။

မြတ်စွာဘုရားသည် ထိုမိန်းမငယ်အား လူ့ဘဝကပင် ကိုယ်ဝန်တည်ကြောင်း သိတော်မူသော်လည်း သူတပါး ကဲ့ရဲ့ ရှုတ်ချခြင်း မဖြစ်စေသောငှာ ကောသလမင်းကြီး၊ မဟာအနာထပိဏ် သဌေးကြီး၊စူဠအနာထပိဏ်သဌေးကြီး၊ ဝိသာခါဥပါသိကာမနှင့် အခြား ထင်ရှားသည့် သူတို့ကို ခေါ်စေပြီး ဥပါလိမထေရ်ကို "ချစ်သား ဥပါလိ၊ ပရိသတ်အလယ်၌ ဤရဟန်း မိန်းမငယ်၏ အမှုကို သုတ်သင် ရှင်းလင်းလေလော့" ဟု စေခိုင်းတော်မူ၏။

## ဝိသာခါ၏ရှင်းလင်းချက်

အရှင်ဥပါလိမထေရ်သည် မင်းကြီး၏ ရှေ့တွင် တင်းတိမ် အကာအရံကို ဝန်းရံစေပြီး တင်းတိမ်၏ အတွင်း၌ ဝိသာခါဒါယိကာမက ခြေလက်ချက်ဝန်း အစရှိသည်တို့ကို စစ်ဆေးပြီး လ,ရက်တို့ကိုရေတွက်မှတ်သားလေသော် လူ၏အဖြစ်၌ဤရဟန်းမိန်းမငယ်အား ကိုယ်ဝန်ရသည့်အဖြစ်ကိုသိ၍ ပရိသတ်အလယ်၌ ထိုရဟန်းမိန်းမငယ်၏ စင်ကြယ်သည့်အဖြစ်ကို ဝန်ခံလေ၏။

## ကောသလ မင်းကြီးကမေးစားခြင်း

ထိုရဟန်း မိန်းမငယ်သည် ပဒုမုတ္တရ ဘုရား လက် ထက် ၌ တောင့်တအပ်သော၊ ပတ္တနာမှုရသော၊ ကြီးသော အာနုဘော် ရှိသော သားကို ဖွားမြင်၏၊ ပသေနဒီ ကောသလ မင်းကြီးသည် ဘိက္ခုနီမ ကျောင်းအနီးသို့ ရောက်သွားရာ သူငယ်၏အသံကို ကြား၍ ဘိက္ခုနီမငယ် သားကိုဖွား၏ဟု သိသဖြင့်ကလေးငယ်ကို နန်းတော်သို့ဆောင်ယူပြီးနို့ ထိမ်းလက်၌အပ်၏၊ ကဿပဟူသော အမည်ကိုပေး၍ မင်းသားတို့ အဆောင်အရွက်ကို ပေးသဖြင့် ကုမာရ ကဿပဟု သိကြကုန်၏။

## ကုမာရကဿပ ရဟန်းဘဝ

ထိုမင်းသားငယ်သည် ကစားရာ၌ သူငယ်တို့ကို ပုတ်ခတ်မိ၍ အမိအဖမရှိသော သူငယ်ဟု ပြောဆိုသံကိုကြား၍ မင်းကြီးအား မေး၏၊ မင်းကြီးလည်း လှည့်ပတ် ပြောဆို၏၊ သူငယ် မယုံသည့် အဆုံး "အသင်၏ မိခင်သည် ရဟန်းမိန်းမတည်း" ဟု ပြော၏၊ မင်းသားသည် ထိုစကားကို ကြားခါမျှဖြင့် သံဝေဂရ၍ ရဟန်း ပြုရန် တောင်းပန်၏၊ ကုမာရကဿပ မထေရ်ဟု ထင်ရှား၏။

## သဆယ့်ငါးရပ် ပြဿနာ

ကုမာရကဿပ မထေရ်သည် ဘုရားအထံမှ ကမ္မဋ္ဌာန်းကို သင်ယူပြီး တောသို့ဝင်၍ လုံ့လပြုခါ အားထုတ်ပါသော်လည်း တရားအထူးကိုမရ၊ တဖန်မြတ်စွာဘုရားထံ သွားပြီးကမ္မဋ္ဌာန်းကို အထူး ပြု၍ သင်ယူပြီး အပိုက်တော၌ နေ၏။

ထိုအခါ ကဿပဘုရားရှင် လက်ထက်က အတူတကွ ရဟန်းတရားအားထုတ်၍ အနာဂါမိဖိုလ်သို့ ရောက်ပြီး ဗြဟ္မာ့ဘုံ၌ ဖြစ်နေသော ရဟန်းသည် ဗြဟ္မာ့ဘုံမှ ဆင်းသက်ခဲ့ပြီး တဆယ့်ငါးပါးကုန်သော ပြဿနာတို့ကိုမေးပြီးသောအခါ၊ ဤပြဿနာတို့သည် မြတ်စွာဘုရားမှတပါးဖြေဆိုခြင်းငှာမစွမ်းနိုင်၊ မြတ်စွာဘုရားထံ၌ ဤပြဿနာ၏ အနက်ကို သင်ယူချေလော့ဟု တိုက်တွန်း၏။ ကုမာရကဿပ မထေရ်သည် မြတ်စွာဘုရားထံ မေးလျှောက်၍ဖြေဆိုသည်၏အဆုံး၌အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## မယ်တော်၏မျက်ရည်

ကုမာရကဿပ မထေရ် ထွက်သွားသောနေ့မှစ၍ မယ်တော်ဖြစ်သောမထေရ်မသည်တဆယ့်နှစ်နှစ်တို့ပတ်လုံး ငိုကြွေးတမ်းတ၍ မျက်စိတို့မှ မျက်ရည်တို့သည် အစဉ်မပြတ် တဖေါ်ဘည်း ကျခဲ့ရ၏။

ငိုကြွေးသော မျက်နှာနှင့်ပင် ဆွမ်းခံထွက်ရာ၊ မထေရ်ကို အဝေးမှ လှမ်းမြင်၍ သား-သား-သား ဟု အော်ဟစ်ခါ ပြေးလိုက်ရင်းလဲကျ၏။ လဲရာမှတဖန်ထပြီး အမြီ ပြေးလိုက်၍ သားမထေရ်၏ ခြေကိုဖက်ခါ သား-သား ဟု ဒလစပ် ခေါ်နေ၏။ မထေရ်က ဆင်ခြင်သည်မှာ၊

"ငါ၏မယ်တော်သည် ငါ့ထံမှ သာယာသော စကားကို ရခဲ့လျှင် ပျက်စီးရှာတော့မည်၊ ခက်ထန်စွာပြု၍မယ်တော်နှင့်စကားပြောမှ သင့်တော့မည်" ဟု ကြံ၍ "သင်သည် သာသနာတော်ထမ်း ရဟန်းဖြစ်ပါလျက် ချစ်ခြင်းမျှကို ဖြတ်တောက်ခြင်းငှာ

မစွပ်းနိုင် ပါသလော" ဟု ပြော၏။ ဘိက္ခုနီမသည် ငါ့သား တော်၏ စကားသည် ရက်စက်လေစွဟု စဉ်းစားပြီး "ချစ်သား အဘယ်ကို ဆိုပေသနည်း" ဟု မေး၏။ မထေရ်လည်း ရှေးနည်း အတိုင်းပင် ပြောဆိုသောကြောင့်၊

"အော်-ငါသည် ဤသားအတွက် တဆယ့် နှစ်နှစ်တို့ပတ်လုံး မျက်ရည်ကျခဲ့ရသည်။ ယခုသားငယ်၏ ပြောစကားမှာ ခက်ထန်လှချေ၏။ ဤသားကြောင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကြံ၍ သား၌ချစ်ခြင်းကိုဖြတ်လိုက်လျှင် ထိုနေ့၌ပင်အရဟတ္တ ဖိုလ်သို့ရောက်လေ၏။

## ဘုရားသခင်သာ မကယ်ခဲ့လျှင်

တနေ့သောအခါ တရားသဘင်၌ ရဟန်းတို့က ပြောကြားကြသည်။ ပါရမီ အကြောင်းခံ ပြည့်စုံသော ကုမာရကဿပ မထေရ်နှင့် မယ်တော် ရဟန်းမိန်းမတို့သည် ဒေဝဒတ်ကိုသာ အားထားခဲ့လျှင် ရဟန်းမိန်းမဘဝမှ လူအဖြစ်သို့ ရောက်ပေရာ၏၊ မြတ်စွာဘုရားသခင်သည်ကား ကုမာရကဿပ မထေရ်နှင့် မယ်တော်ရဟန်း မိန်းမတို့၏ ထောက်တည်မှီခိုရာဖြစ်လေသည်၊ သတ္တဝါတို့ကို အစဉ်သနားတော်မူသော မြတ်စွာဘုရားသခင်တို့ မည်သည် အံ့ဖွယ်ရှိလေစွဟု ပြောဆိုနေကြ၏။

မြတ်စွာဘုရားသခင် ကြွဝင်တော်မူလာ၍ မေးတော်မူလျှင်၊ ဤအကြောင်း ဖြစ်ပါသည်ဟု လျှောက်ထား ကြသောအခါ၊ ငါဘုရားသည် ယခုအခါ၌သာမဟုတ်၊ ရှေးကလည်း ထိုသူတို့၏ ထောက်တည်မှီခိုရာ ဖြစ်ခဲ့ဘူးပြီဟုမိန့်တော်မူ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

## အတိတ်ဝတ္ထု

## ( နိဂြောဓ သမင်မင်း )

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုလတ်သော်၊ ဘုရားအလောင်းသည် နိဂြောဓ ရွှေသမင်ဖြစ်လေ၏။ တကိုယ်လုံးသည် ရွှေအဆင်းကဲ့သို့၊ မျက်စိတို့သည် ပတ္တမြားကဲ့သို့၊ ဦးချိုတို့သည် ငွေအဆင်းကဲ့သို့၊ ခံတွင်းသည် ထွေးထွေးနီသော ကမ္ဗလာစုကဲ့သို့၊ လက်ဖျားလက်များ အဆုံးနားတို့၌ ချိတ်ရည်ဖြင့် ချောမွေ့ထားသကဲ့သို့၊အမြီးသည်စာမရီသားမြီးကဲ့သို့၊ ကိုယ်လုံးသည် မြင်းငယ်ပမာဏကဲ့သို့ရှိ၏။ငါးရာသော သမင်တို့ အခြံအရံ ရှိ၏။

ထိုတောအုပ်၏ မနီးမဝေး၌လည်း ရွှေအဆင်း ကဲ့သို့သော ငါးရာသော သမင်အခြံအရံရှိသည့် သာခ သမင်မင်းသည်နေ၏။

### သမင်သားမှ စားလိုသူ

ဗာရာဏသီမင်းသည် သမင်သားမပါလျှင် ပွဲတော်ကို မသုံးဆောင်၊ တိုင်းပြည်အုပ်ချုပ်ရေးကို မလုပ်နိုင်ပဲ၊ တောရွာနေသူတို့ကို စုရုံးစေပြီး သမင်လိုက်၍သာနေ၏။ ထိုသူတို့လည်း အလုပ်ပျက် အကိုင်ပျက် ဖြစ်ကြ၏။

ကြာသော် ပြည်သူတို့သည် တိုင်ပင်၍ သမင်ကို ရှာဖွေရသည့် ကိစ္စ ငြိမ်းစေရန် ဥယျာဉ်တော်၌ သမင်တို့၏ အစာရေစာတို့ကို စီစဉ်ထားပြီး ဥယျာဉ်ခြံတို့ကို လုံခြုံအောင်ပြု၍ လူသူ မြောက်များစွာ စုရုံးပြီး၊ တယူဇနာမျှလောက် အရပ်ကို ဝန်းရံ၍ တောချောက်ပြီးထုတ်ကြရာမှဥယျာဉ်တော်သို့အရောက် သွင်းပြီး

တံခါးတို့ကို မြဲမြံစွာ ပိတ်ထား၏။ နံ့ဂြော့ဓ သမင် မင်းနှင့် အပေါင်းငါးရာ၊ သာခ သမင်မင်းနှင့် အပေါင်း ငါးရာတို့သည် ဥယျာဉ်ထဲ၌ ပိတ်၍ မိကြ၏။

## တနေ့လျှင် သမင်တကောင်

လူတို့သည် ပြည့်ရှင်မင်းထံသို့ဝင်၍ သမင်တို့ကိုဥယျာဉ်တွင်း သွင်းထားပါပြီဟု လျှောက်ကြား၏။ မင်းကြီးသည် ဥယျာဉ်သို့ သွားရောက်ကြည့်ရှုပြီး ရွှေသမင် နှစ်ကောင်ကို ဘေးမဲ့ပေး၍ ကျန်သမင်တို့ကို တနေ့တကောင်ကျ သတ်စေ၏။ သမင်တို့သည် နေ့စဉ်ပစ်ခတ်ခြင်းခံရ၍ ကြောက်လန့်ပြီးနေကြရာမှ မကျန်းမမာ ဖြစ်ခါ အချို့သမင်တို့သည် သေကြကုန်၏။

ထိုအခါ ဘုရားလောင်း သမင်မင်းသည် သာခသမင်မင်းကို ခေါ်ပြီး တိုင်ပင်၏။ နေ့စဉ်မြားဖြင့် ပစ်ခတ်စေခြင်းဖြင့် များစွာသော သမင်တို့ ကြောက်လန့်ပြီး ပျက်စီးကြရသည်။ ဤသို့ မဖြစ်ရအောင် သတ်မည့်အတူတူ တနေ့လျှင် တကောင်ကျ လည်စင်း၍ ပေးကြမည်ဟု တိုင်ပင် ညီညွတ်ကြ၏။

## ကိုယ်ဝန်ဆောင် သမင်မ

ဤသို့အလှည့်ကျ တနေ့လျှင်တကောင်ကျ လည်စင်း၍ ပေးလာခဲ့ရာမှ သာခသမင် အုပ်စု အလှည့်တွင် ကိုယ်ဝန်ဆောင် သမင်မအသတ်ခံရန် အလှည့်ကျလေ၏။ ရင်သွေးငယ်၏ဇောဖြင့် မွေးဖွားပြီးမှ အသတ်ခံပါရစေဟု သာခသမင်မင်းကို တောင်းပန်သော်လည်း သင့်အလှည့်အတွက် အစားထိုးရန် မရှိဟု ငြင်းပယ်လိုက်၏။

ထိုအကြောင်းကို ဘုရားလောင်း နိဂြောဓသမင်မင်းကြားသိလေလျှင် ကိုယ်ဝန်ဆောင်သမင်မ၏ သောကကိုငြိမ်းစေ၍ကိုယ်တိုင်ပင် သွားရောက်ခါ စဉ်းတီတုံး၌ ဦးခေါင်းကို ထား၍လျောင်းအိပ်၏၊စားတော်ကဲသည် ဘေးမဲ့ထားရာ ရွှေသမင်ကိုမသတ်ဝံ့၍ အလျင် အမြန်ပင် မင်းကြီးအား သွားရောက်လျှောက်ကြား၏။ ထိုခဏ၌ မင်းကြီးသည် အလျင်အမြန်ရထားဖြင့် ရောက်လာပြီး ဘုရားလောင်း သမင်မင်းကို ဘေးမဲ့ ပေးထားပါလျက် အဘယ့်ကြောင့် အသတ်ခံရန် လာရောက်ပါသနည်းဟု မေး၏။ ဘုရားလောင်းသမင်မင်းက-

''မြတ်သောမင်းကြီး။ ။ကိုယ်ဝန်ရှိသော သမင်မ တာဝန်ကျ၍ သူ့အလှည့်ကို အခြားသို့ လွှဲပေးပါရန် တောင်းပန်၏။ ငါသည် ထိုသမင်မ၏ အသက်တချောင်းနှင့် နှစ်သက် သေရမည့်ဒုက္ခကို ကယ်လို၏၊ ထိုသမင်မ၏ အသက်ကို သူတပါးအား လွှဲပေးရန်လည်း မစွမ်းနိုင်၊ ငါသည် မိမိ၏အသက်ပေးလှူ၍ သမင်မထံမှ သေခြင်းဒုက္ခကို ယူပြီး ဤသစ်တုံး၌ ခေါင်းအုံး၍ အိပ်လာပေသည်''

မြတ်သောမင်းကြီး။ ။အခြား တပါး တစုံတရာ တွေးတော ယုံမှားခြင်း မရှိပါနှင့်''ဟု ပြော၏။

## သမင်များကို ဘေးမဲ့ပေးခြင်း

မင်းကြီးသည် ရွှေသမင်မင်း၏မေတ္တာကရုဏာတို့ကို ချီးကျူး၍ သမင်အားလုံးကို ဘေးမဲ့ပေးလိုက်၏၊ ရွှေသမင်မင်း၏တရားကြောင့်ပင် မင်းကြီးသည် အခြေလေးချောင်း အခြေနှစ်ချောင်း

ရှိသော သတ္တဝါတို့သာမက ရေ၌ နေသော သတ္တဝါတို့ကိုပါ ဘေးမဲ့ပေး၏၊ ထို့နောက် ရွှေသမင်မင်းက မင်းကြီးအား- ငါးပါးသော သီလတို့၌တည်စေပြီး တရားတော်ကို ဟောကြား၍ နှစ်ရက်သုံးရက်ပတ်လုံး ဥယျာဉ်၌နေပြီး သမင်အပေါင်း ခြံရံလျက် တောသို့ဝင်လေ၏။

ထိုအခါမှစ၍ ဘေးမဲ့ရသော သမင်တို့သည် လူတို့ စိုက်ပျိုးထားသော ကောက်စပါးများကို ဝင်ရောက်စားကြ၏၊ ဘေးမဲ့ရသဖြင့် လူတို့သည် သမင်တို့ကို မသတ်ဖြတ် နိုင်ကြကုန်။ လူအပေါင်းတို့သည် မင်းရင်ပြင်၌ စုဝေးကြပြီး မင်းကြီးအား ထိုအကြောင်းကို ပြောကြား၏။

မင်းကြီးက ငါသည် နိဂြောဓ သမင်မင်းအား ကြည်ညို၍ ဤဆုကို ပေးခဲ့သည်။ ပြည်သူတို့ မနှစ်သက်က မင်းအဖြစ်ကို စွန့်မည်၊ ငါ့ ကတိကို မဖျက်၊ သွားကြလော့ သမင်တို့ကို သတ်ခွင့်မပြုနိုင်ဟု ပြောလိုက်၏။

နိဂြောဓသမင်မင်းသည် ထိုအကြောင်းကို ကြားလျှင် သမင်တို့ကို စည်းဝေးစေပြီး သူတပါးတို့ ကောက်စပါးကို မစားကြရန် ဆုံးမ၏။ လူတို့ကိုလည်း မိမိတို့စပါးခင်းတို့ကို စောင့်ရန်မလို၊ သစ်ရွက် သစ်ခက်များ ထောင်ထား ကြပါလော့ ဟု အကြောင်းကြား၏။

## ဇာတ်တော်ပေါင်းခြင်း

ဘုရားသခင်သည် ကေနိပါတ် ဤနိဂြောဓဇာတ်ကို ဟောတော်မူပြီး။

ချစ်သားတို့။ ။ထိုအခါ သာခသမင်သည် ဒေဝဒတ်ဖြစ်လာ၏၊ ကိုယ်ဝန်နှင့်သမင်မသည် ယခု ဤမထေရ်မဖြစ်လာ၏၊ သားငယ်သမင်သည် ကုမာရကဿပမထေရ်ဖြစ်လာ၏၊နိဂြောဓသမင်မင်းသည် ငါဘုရားဖြစ်လာ၏ဟုဇာတ်တော်ကိုပေါင်း၍-

"ချစ်သားတို့။ ။သူတပါးတွင် နတ်ရွာဂတိ တည်း ဟူသော လဲလျောင်းရာ မဂ်ဖိုလ် တည်းဟူသော လဲလျောင်းရာ ရသည်ကို မိမိရယူခြင်းငှာ မတတ်ကောင်း၊ မိမိ ကိုယ်တိုင်ကျင့်ကြံအားထုတ်မှသာလျှင် မိမိ၏မှီခိုရာဖြစ်၏၊ သူတပါးသည် မည်သို့တတ်နိုင်မည်နည်း" ဟု မိန့်တော်မူပြီး-

(၁၆၀) **အတ္တာဟိ အတ္တနော နာထော**
**ကော ဟိ နာထော ပရော သိယာ။**
**အတ္တနာ ဟိ သုဒန္တေန၊**
**နာထံ လဘတိ ဒုလ္လဘံ။**

(၁၆၀) မိမိကိုယ်သည်သာလျှင် မိမိ၏ ကိုးကွယ်ရာ ဖြစ်၏။ မိမိမှတပါးသောအဘယ်သူသည် မိမိကိုးကွယ်ရာ ဖြစ်ပါအံ့နည်း။ မိမိကိုယ်သည် ကောင်းစွာပဲ့ပြင်ပြီး၍ ရခဲလှစွာသော မဂ်ဖိုလ်တည်းဟူသော ကိုးကွယ်ရာကိုရ၏။

ဒေသနာတော်၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြလေ၏။

(ဓမ္မပဒ အတ္တဝဂ် လေးခုမြောက် ကုမာရကဿပ မယ်တော်ဝတ္ထု ပြီး၏)

(၁၂) အတ္တဝဂ်

# ၅။ ကိုယ့်ကိုယ်ကို ချေဖျက်သူ

(မဟာကာလဥပါသကာဝတ္ထု)

ကျောက်မှဖြစ်သော စိန်သည်
မိမိတည်ရာကျောက်ကို
နှဲချေသကဲ့သို
မိမိမှဖြစ်သော မကောင်းမှုကံသည်
မိမိအား ခွဲချေဖျက်ဆီး၏။

(အတ္တနာ ဟိ ကတံ ပါပံ) အစရှိသော သုတ္တန်တော်ကို ဇေတဝန်ကျောင်း၌ မဟာကာလ သောတာပန် ဒါယကာ တယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

မဟာကာလဥပါသကာသည် ရှစ်ရက်နေ့တွင် ဥပုသ်စောင့်၍ ကျောင်းတော်၌ တညဥ့်လုံး တရားတော်နာကြား၏၊ ထိုည ဝယ် အိမ်တအိမ်၌ သူခိုးတို့ဖောက်ထွင်းခိုးယူရာ အိမ်ရှင်တို့အသံ ကြား၍ လိုက်လေသော် ပစ္စည်းကို စွန့်ပစ်၍ ထွက်ပြေးကြ၏၊ လူအပေါင်းတို့သည် စုရုံး၍ လိုက်ကြ၏၊ ခိုးသူ တယောက်သည် ဘုရားကျောင်းသို့ သွားသောလမ်းသို့ပြေးလာခဲ့၏၊ ညဥ့်အခါက တရားကိုနာကြားပြီး နံနက်စောစော ရေကန်တွင် မျက်နှာသစ် နေသော မဟာကာလဥပါသကာ၏အနီးသို့ ပစ္စည်းထုပ်ကို သူခိုး က ပစ်၍ ထားခဲ့၏။

သူခိုးလိုက်သူတို့သည် ပစ္စည်းထုပ်ကို တွေ့မြင်၍ မဟာကာလ ဥပကာကို ဝိုင်းဝန်း ရိုက်နှက်ကြရာ ထိုနေရာ၌ သေဆုံး၍ စွန့်ပစ်ခဲ့ကြ၏။

နံနက်စောစောသောက်ရေခပ်ကြကုန်သောသာမဏေငယ်တို့သည် မဟာကာလ ဥပသကာ၏ အလောင်းကိုတွေ့မြင်၍မြတ်စွာဘုရားသခင်ကို လျှောက်ကြားကြ၏။ မြတ်စွာဘုရား သခင်က ထိုမဟာကာလ ဥပသကာသည် ရှေး၌ပြုဘူးသော မကောင်းမှုကြောင့် ဤသို့ ဖြစ်ရပေသည်ဟု မိန့်တော်မူသည်၊ ရဟန်းတို့တောင်းပန်၍ အတိတ်ဇာတ်ကိုဟောကြားတော်မူ၏။

## အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် နိုင်ငံတော်အစွန်ဖြစ်သော ရွာ၏တောအုပ်၌ ခိုးသူတို့သည် ရိုက်နှက် ဖျက်ဆီးကုန်၏၊ ဘုရင်သည် တောအုပ်ဝ၌ မင်းချင်း တယောက်ကို ထား၏၊ ထိုသူသည် အခကြေးငွေယူ၍ သွားလိုသူတို့ကို လက်နက်ကိုင် အစောင့်အရှောက်များဖြင့် တောအုပ်တွင်းသို့ အသွားအပြန်လိုက်၍ပို့၏။

## မိန်းချောနှင့် ခရီးသည်

တနေ့သ၌ ယောကျ်ားတယောက်သည် အလွန် လှသော မိမိမယားကို လှည်းယာဉ်သို့ တင်၍ ရောက်လာ၏။ မင်းချင်းယောကျ်ားသည်ထိုမိန်းမကိုမြင်ကတည်းကစွဲလန်း၏။ ခရီးသွားယောကျ်ားက တောအုပ်တဖက်သို့ လိုက်ပို့ ပေးပါဟု ပြော၏။ မင်းချင်းက အချိန်မဟုတ်၍ မပို့နိုင်၊ နံနက်စောစောမှ ပို့ပေး

ပါမည်ဟုပြော၏။ ထိုယောကျ်ားက အချိန် ရှိပါ သေးသည် ပို့ပေးပါဟု ထပ်မံပြောဆို၏။ မင်းချင်းသည် တပည့်အမှုထမ်းတို့အား လှည်းယာဉ်ကိုဆွဲ၍ တံခါးမုခ်၌ နေရာပေးပြီး ညစာကို စီရင်ကျွေးမွေး၏။

## သူ့မယားလိုချင်၍

မင်းချင်းသည် ညအခါ မိမိအိမ်မှ ပတ္တမြားကို လှည်းယာဉ် ကြား၌ ဝှက်ထားပြီး၊ အိမ်သို့သူခိုးဝင်ဟန် သူခိုးလိုက်ဟန်တိုတို ပြု၏။ တပည့်အမှုထမ်းတို့က ပတ္တမြားရတနာ ပျောက်ဆုံးလေပြီဟု ပြောကြ၏။ နောက်တနေ့ နံနက်စောစော ခရီးသွားယောကျ်ားသည်လှည်းယာဉ်ကို မောင်းနှင်၍သွား၏။ ရွာတံခါးနားမှ စောင့်၍ရှာကြသော် လှည်းယာဉ်မှ ပတ္တမြားကို တွေ့၍ ရွာစားထံအပ်ကြ၏။ ရွာစားကအသင်သည်မင်းချင်းယောကျ်ား အိမ်၌ တည်းခိုပြီး ညစာကို စားသောက်၍ ပတ္တမြားကို ခိုးပေသည်ဟု ထိုယောကျ်ားအား မင်းချင်းလက်သို့အပ်၏၊ မင်းချင်းသည် ထိုယောကျ်ားကို ရိုက်နှက်သတ်ဖြတ်ပြီး စွန့်ပစ်စေ၏။

## ရဟန်းများ သောတာပန်တည်ခြင်း

"ချစ်သားရဟန်းတို့။ ။ဤသည်ပင် မဟာကာလဥပါသကာ၏ ရှေး၌ ပြုအပ်သော မကောင်းမှုတည်း၊ ထိုမင်းချင်းသည် စုဒေတသည်ရှိသော်၊ အဝီစိငရဲ၌ ကြာရှည်စွာ ခံစားခဲ့ရ၍ အကျိုးကြွင်း၏အစွမ်းဖြင့် ဘဝတရာတိုင် ထိုနည်းအတူ ရိုက်နှက်ခံရ၍ သေဆုံးခဲ့ရသည်" ဟု မိန့်တော်မူပြီး-

(၁၆၁) အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံ ဝါသ္မမယံ မဏိံ။

(၁၆၁) ကျောက်မှဖြစ်သောစိန်သည် မိရာ ကျောက်ကို ခွဲချေဖျက်ဆီး လေသကဲ့သို့ မိမိသည် ပြုအပ်သော မိမိ၌ဖြစ်သော မိမိကိုယ်လျှင် ဖြစ်ကြောင်းရှိသော မကောင်းမှုသည် ပညာမဲ့သောသူကို ခွဲချေဖျက်ဆီးလေ၏။

ဒေသနာတော်၏ အဆုံး၌ ရောက်လာကြကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

(ဓမ္မပဒငါးခုမြောက်မဟာကာလ ဥပါသကာဝတ္ထုပြီး၏)

(၁၂) အတ္တဝဂ်

# ၆။ မိမိနိုရာကို ဖျက်ဆီးသူ

(အရှင်ဒေဝဒတ်ဝတ္ထု)

သစ်တပင်လုံး လွှမ်းခြုံတတ်သော မာလောနွယ်သည်
မိမိမှီနိုရာသစ်ပင်ကို ဖျက်ဆီးသကဲ့သို
အလွန်ယုတ်မာသော အကျင့်သည်
မိမိမှီနိုရာ ပုဂ္ဂိုလ်အား အလိုရှိတိုင်း ဖျက်ဆီး၏။

(ယဿ အစ္စန္တ ဒုဿီလျံ) အစခံသော ဒေသနာ တော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း တော် ၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

တနေ့သောအခါ၌ ရဟန်းတို့သည် တရားသဘင်ဝယ် အရှင်ဒေဝဒတ်သည် သီလမရှိ၊ ယုတ်မာသော သဘောရှိ၏၊ အဇာတသတ်မင်းကို ဆွဲဆောင်ပြီး ဖခင်အား သတ်စေ၏၊ အဇာတသတ်နှင့်ပေါင်း၍ မြတ်စွာဘုရားသခင်ကို အမျိုးမျိုး သတ်ရန် ကြံခဲ့၏ ဟု ပြောဆိုနေကြ၏။

မြတ်စွာဘုရား ကြွလာသော် အဘယ်စကား ပြောကြားကြသနည်းဟု မေးတော်မူ၍ ဤအကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် "ချစ်သား ရဟန်းတို့ ဒေဝဒတ်သည်ယခုအခါမှသာမဟုတ်၊ ရှေးအခါကလည်း ဤသို့ပင် ကြိမ်ဖန်များ

စွာ ငါဘုရားအား သတ်ရန် အားထုတ်ဘူးသည်ဟု မိန့်တော်မူ၏။ ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

### အဋ္ဌယမုဆိုး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း၊ မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ဆတ်အမျိုး၌ ဖြစ်၏၊ တနေ့၌ ယမနေပင်မှ ယမနေသီးကိုစားပြီး တောသို့လှည့်လည်၏။

ထိုအခါ ရွာတွင်နေသော ငြမ်းကိုဖွဲ့ပြီး သားကောင်တို့ကို သတ်ဖြတ်၍အသားကို ရောင်းချလေ့ရှိသော အဋ္ဌက အမည်ရှိသောမုဆိုးသည်ယမနေပင်၏အရင်း၌ ဘုရားလောင်း၏ခြေရာကို မြင်၍ ယမနေပင်၌ ငြမ်းစင်ဖွဲ့ပြီး ငြမ်းစင်၌ ထိုင်ခါ လှံထမ်း၍ စောင့်နေ၏။

### သတိကောင်းသောဆတ်မင်း

ဘုရားအလောင်းသည် နေရာအရပ်မှ ထွက်ခဲ့၍ ယမနေသီးတို့ကို စားအံ့ဟုလာခဲ့၏၊ သတိရှိသောကြောင့် ယမနေပင်၏ အပြင်ဘက်မှ ရပ်၍စူးစမ်းကြည့်ရှု၏။ မုဆိုးသည် ဘုရားလောင်းဝင်မလာသဖြင့် သစ်ပင်ပေါ်မှ ယမနေ သီးတို့ကိုပစ်၍ ဘုရားလောင်းရှေ့၌ကျစေ၏၊ ဘုရားလောင်းသည် ယမနေသီးကျလာပုံဆန်း၍ သစ်ပင်ပေါ်သို့ အသေအချာကြည့်သော် မုဆိုးကိုမြင်၏၊ မမြင်ယောင်ဆောင်ပြီး–

"အို အချင်းသစ်ပင် ယခင်အခါက အသီးတို့ကို ဖြောင့်မတ်စွာသာကျစေ၏၊ ယနေ့ကားအသင်သည် သစ်ပင်တို့၏ တရားကို ဖောက်ဖျက်၏၊ ဤသို့အသင်သည် ရုက္ခဓမ္မကို စွန့်သောကြောင့် ငါသည်အခြားသစ်ပင်သို့ သွားရောက်၍စားတော့အံ့ဟု ပြောဆိုပြီး ထွက်သွား၏။

ထိုအခါမုဆိုးသည် မြေစင်ပေါ်မှ လှံကိုပစ်လွှတ်ပြီး၊ သွားလေလော့ ယခုအခါ ငါမှားခဲ့သည်ဟု ပြော၏၊ ဘုရားလောင်းသည် ရပ်၍ "အို-အချင်းယောကျ်ား၊ ယခုအသင်သည် တကယ်မှားခဲ့ပေ၏၊ သို့သော် မကောင်းသော ကံတရားတို့သည်ကား အသင့်အားမှားမည် မဟုတ်သည်ပင်တည်း" ဟု ပြောဆို၍ထွက်ပြေး၏။

## သောတာပန်တည်ကြခြင်း

"ချစ်သားရဟန်းတို့။ ။ ဒေဝဒတ်သည် ယခုမှ သာ ငါဘုရားအား သတ်ရန်လုံ့လပြုသည်မဟုတ်သေး၊ ရှေးကလည်းသတ်ရန် လုံ့လ ပြုသော်လည်း မစွမ်းနိုင်ဘဲ ရှိခဲ့ဘူးသည်သာလျှင်တည်း" ဟု ဟောတော်မူပြီး။

"ချစ်သားရဟန်းတို့။ ။ စင်စစ် သီလမရှိသော ပုဂ္ဂိုလ်တို့သည် ဒုဿီလအမှုကို ပြုလုပ်သဖြင့် ဖြစ်သော တဏှာသည်မွှိရာသစ်ပင်ကို ဖျက်ဆီးသော မာလောနွယ်ကဲ့သို့ မှီခိုရာဖြစ်သော ထိုပုဂ္ဂိုလ်အား ဖျက်ဆီးလျက်ရှေ့စသည်တို့၌ ထည့်သွင်းပစ်ချ လိုက်တော့သည်" ဟု မိန့်တော်မူပြီး။

(၁၆၂) ယဿံအစ္စန္တ ဒုဿီလျံ၊
မာလုဝါ သာလမိဝေါတ္ထတံ။
ကရောတိ သော တထတ္တာနံ၊
ယထာ နံ ဣစ္ဆတိ ဒိသော။ ။

(၁၆၂) မာလောနွယ်သည် မှိုခိုရာ သစ်ပင်ကို လဲကျစေသကဲ့သို့ စင်စစ် သီလမရှိသောသူတို့၏အဖြစ်တည်းဟူသော တဏှာသည် အကြင်ပုဂ္ဂိုလ်အား ဖုံးအုပ်၍တည်၏။ ထိုပုဂ္ဂိုလ်ကို သီလမရှိသောသူ၏အဖြစ်သည် အပါယ်လေးပါး၌ ကျစေ၏။ ထိုပုဂ္ဂိုလ်ကို ရန်သူသည် အကြင်သို့သော အခြင်းအရာဖြင့် အလိုရှိ၏။ ထိုသို့သောအခြင်းအရာဖြင့် မိမိကိုယ်ကိုပြု၏။

(ဓမ္မပဒ အတ္တဝဂ် ခြောက်ခုမြောက် အရှင်ဒေဝဒတ်ဝတ္ထုပြီး၏)

ဒေသနာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

(၁၂) အတ္ထဝဂ်

## ၇။ သူတော်ကောင်းနှင့် သူယုတ်မာ

(သံဃာသင်းခွဲရန် အားထုတ်သောဝတ္ထု)

သူတော်ကောင်းသည်
ကောင်းမှုကို ပြုလွယ်၏။
သူယုတ်မာသည်
ကောင်းမှုကိုပြုခဲ၏။
သူယုတ်မာသည်
မကောင်းမှုကို ပြုလွယ်၍
သူမြတ်သည်
မကောင်းမှုကို ပြုခဲ၏။

(အပြစ်ရှိ၍ မိမိအား အကျိုးယုတ်စေသော အမှုကို ပြုရန် လွယ်၏၊ အပြစ်ကင်း၍ မိမိအား အကျိုးဖြစ်စေသော အမှုတို့ကို အလွန်ပြုနိုင်ခဲ၏။)

(သုကရံသာဓုနာ သာဓုံ) အစရှိကုန်သော ဒေသနာတော်ကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာမထေရ်သည် မြို့တွင်းသို့ ဆွမ်းခံဝင်ရာ၌ ဒေဝဒတ်က သံဃာကွဲပြားစေရန်အတွက် မိမိ၏အလိုဆန္ဒကို ပြောကြား၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ သွား၍....

"မြတ်စွာဘုရား။ ။ဒေဝဒတ်သည် ယနေ့က အစပြု၍ မြတ်စွာဘုရားကို ဖယ်၍ရှင်း၊ ရဟန်းအပေါင်းကို ကြဉ်ဖယ်၍ ရှင်း၊ ဥပုသ်ကံကိုရှင်း၊ သံဃကံကိုရှင်း ပြုအံ့ဟု ပြောဆိုပါသည်၊ ဒေဝဒတ်သည် ယနေ့ သံဃာကို သင်ခွဲးလတံ့၊ ဥပုသ်ကိုရှင်း၊ ပဝါရဏာကိုရှင်း ပြုပါလတံ့" ဟု လျှောက်၏။

မြတ်စွာဘုရားသခင်က-

**(၁၆၃) သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိ စ။**
**ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ။**

(၁၆၃) မကောင်းသောအမှု မိမိအား အကျိုးယုတ်စေသော အမှုတို့ကို ပြုရန် လွယ်၏ ကောင်းသော အမှု မိမိအား အကျိုးဖြစ်စေသောအမှုတို့ကိုပြုရန် အခဲယဉ်းဆုံး ဖြစ်၏။

**(ဓမ္မပဒ အတ္ထဝဏ်ခုနစ်ခုမြောက်သံဃာသင်းခွဲရန်အားထုတ်သော ဝတ္ထု ပြီး၏)**

📖 📖 📖 📖

## (၁၂) အတ္တဝဂ်

# ၈-ကိုယ့်ကိုယ်ကိုသတ်ရန်

## (ကာလမထေရ်ဝတ္ထု)

ပညာမဲ့သူသည်
ပူဇော်အထူးကို ခံတော်မူထိုက်သော
အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမကို
ရှုတ်ချ၏။
ဝါးပင်မှ အသီးတို့သည်၊ မိမိတည်ရာ
ဝါးပင်ကို သတ်ရန် သီးလာဘိသကဲ့သို့
မိမိကိုယ်ကိုသတ်ရန်သာ ဖြစ်လာ၏။

(ယောသာသနံ) အစခံသော ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကာလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ မိန်းမတယောက်သည် ကာလမထေရ်ကို မိခင်၏ အရာ၌တည်၍ ပြုစုလုပ်ကျွေး၏၊ အိမ်နီးပါးချင်းတို့က မြတ်စွာဘုရားထံမှ တရားတော်ကို နာကြား၍ ပြန်လာကြပြီး များစွာပင် ချီးမွမ်းထောပနာကြကုန်၏။ ထိုမိန်းမသည် ကာလမထေရ်အား ဘုရားသခင်ကို ဖူးမြင်နာကြားရန် လျှောက်၏။ ကာလမထေရ်က မသွားရန် တားမြစ်၏၊ ထိုမိန်းမက သုံးကြိမ်

တိုင်တိုင် လျှောက်ထား၏။ မထေရ်က တားမြစ်သော်လည်း ထိုမိန်းမသည် မြတ်စွာဘုရားတရားတော်ကို နာကြားလိုသည် သာဖြစ်၏။

ကာလမထေရ်က ထိုမိန်းမသည် မြတ်စွာဘုရားအထံ၌ တရားတော်ကို နာကြားရသော် မြတ်စွာဘုရားအပေါ်၌ ကြည်ညို ပြီး ငါ့အပေါ်၌ ခင်မင်ခြင်း ပျက်လိမ့်မည်ဟု တွေး၍ကြောက် သောကြောင့် တားမြစ်၏။

ထိုမိန်းမသည် တနေ့တွင် စောစောနံနက်စာစားပြီး ဥပုသ် ဆောက်တည်၍ မိမိသမီးအား မထေရ်ကြွလာလျှင် ကောင်းမွန်စွာ လုပ်ကျွေးပါဟု မှာထားခဲ့၍ ကျောင်းတော်သို့ သွား၏။

ကာလမထေရ်ကြွလာလျှင်ဒါယိကာမကြီးသည် ငါ့အပေါ်၌ ကြည်ညိုခြင်းပျက်လေပြီဟု လျှင်မြန်စွာလိုက်သွားရာ မြတ်စွာ ဘုရားထံ၌ တရားနာနေသည်ကို တွေ့ရ၍၊ မြတ်စွာဘုရားအား "အရှင်ဘုရား။ ။ ဤမိန်းမသည် ဉာဏ်နည်းပါးလှပါသည်၊ သိမ်မွေ့သောတရားကို လိုက်နိုင်မည် မဟုတ်ပါ၊ ဒါနကထာ၊ သီလကထာနှင့်သာ သင့်လျော်ပါသည်" ဟု လျှောက်၏။

ဘုရားသခင်သည် ထိုရဟန်း၏ အတွင်းစိတ်ကိုသိ၍-

"အသင်သည် ပညာနည်း၏၊ ယုတ်မာသော အလိုရမက် အယူကို မှီ၍ ဘုရားရှင်၏အဆုံးအမကို တားမြစ် ပိတ်ပင်၏၊ ကိုယ့်ကိုယ်ကို သတ်ရန် သဲ့ာလျှင် လုံ့လ ပြုလေဘိသည်"ဟု မိန့်တော်မူပြီး၍-

**(၁၆၄) ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိံ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ။**

(၁၆၄) ပညာကင်းမဲ့သော အကြင်သူသည် ယုတ်မာသော အယူကို မှီ၍ တရားသဖြင့် အသက်မွေးကုန်သော ပူဇော်အထူးကို ခံထိုက်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမကို တားမြစ်၏။ ထိုသူ၏ မကောင်းသော အယူသည် ဝါးပင်၏ အသီးတို့သည် မိမိတည်းဟူသော ဝါးပင်ကို သတ်ခြင်းငှာလျှင် သီးလာသကဲ့သို့ မိမိတည်းဟူသော ကိုယ်ကိုသတ်ရန်အတွက်သာလျှင် ဖြစ်လာ၏။

ဒေသနာတော်၏ အဆုံး၌ ဥပါသိကာမသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ အတ္တဝဂ် ရှစ်ခုမြောက် ကာလ မထေရ် ဝတ္ထုပြီး၏)

(၁၂) အတ္တဝဂ်

## ၄။ ကိုယ်စင်ကြယ်မှ စင်ကြယ်မည်

(စူဠကာလ ဥပါသကာ ဝတ္ထု)

ကိုယ့် မကောင်းမှုသည်
ကိုယ့်ကိုသာလျှင်
ညစ်နွမ်းစေ၏၊
ကိုယ်က မကောင်းမှု မပြုလျှင်
ကိုယ်သာလျှင် စင်ကြယ်၏၊
တဦးသည် အခြားတဦးအား မစင်ကြယ်စေနိုင်။

(အတ္တနာ ဟိ ကတံ)အစရှိသောဒေသနာတော်ကိုဇေတဝန် ကျောင်းတော်၌ စူဠကာလ ဥပါသကာကို အကြောင်း ပြု၍ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

အထက်က ဆိုခဲ့သော မဟာကာလဥပါသကာ ဝတ္ထုနည်းတူ ပင် သူခိုးတို့သည် ပစ္စည်းကို ခိုးစဉ် အိမ်ရှင်တို့နိုး၍ လိုက်ရာမှ စူဠကာလဥပါသကာသည် ညဉ့်အခါ တရားနာ၍နံနက်စောစော ကျောင်းကထွက်ခဲ့ရာ သူခိုးတို့ပစ္စည်းထုပ်ကိုချခဲ့သဖြင့်စူဠကာလ ကို ဖမ်းဆီးတုပ်နှောင်ကြကုန်၏။

အိုးထိန်းသည် ကျွန်မသည် စူဠကာလဥပါသကာကို မြင်၍ ထိုပစ္စည်းရှင်တို့အား ဤဥပါသကာသည် ဤသို့ပြုမည်မဟုတ်ဟု အထောက်အထားဖြင့် ပြောဆိုသဖြင့် လွှတ်လိုက်ကြကုန်၏။

စူဠကာလသည် ကျောင်းတော်သို့ သွား၍ အိုးထိန်းသည် ကျွန်မကို အမှီပြုခါ အသက်ချမ်းသာရာ ရခဲ့သည့် အကြောင်း လျှောက်ထားလေလျှင် ဘုရားသခင်က-

"ချစ်သား ရဟန်းတို့။ ။စူဠကာလသည် အိုးထိန်းသည် ကျွန်မကို အမှီပြုရ၍ရင်း၊ သံသရာတွင် အကုသိုလ်ကို မပြုလုပ်ခဲ့၍ရင်း၊ အသက်ချမ်းသာရာ ရပေသည်။

သတ္တဝါတို့ မည်သည် မကောင်းမှုကို ပြုလုပ်ခြင်းကြောင့် မိမိပင်လျှင် ငရဲ စသည်တို့၌ ပင်ပန်းစွာ ခံစားရကုန်၏။

"ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းကြောင့် လူနတ်နိဗ္ဗာန်သို့ ရောက်ရကုန်၏။ မိမိပြုလုပ်သော ကောင်းမှုကြောင့် မိမိသည် ပင်လျှင် စင်ကြယ် ကောင်းမြတ်ခြင်း ဖြစ်လေ ရသည်" မိန့်တော်မူပြီး၍-

**(၁၆၅) အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။**
**အတ္တနာ အကတံ ပါပံ။ အတ္တနာဝ ဝိသုဇ္ဈတိ။**
**သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။**

(၁၆၅) မိမိပြုအပ်သော မကောင်းမှုသည် မိမိကိုသာလျှင် ညစ်နွမ်းစေ၏၊ မိမိသည် မကောင်းမှုကို အကယ်၍ မပြုလုပ်သည်ဖြစ်အံ့၊ မိမိကိုယ်သည်သာလျှင် စင်ကြယ်၏၊ စင်ကြယ်သော ကုသိုလ်သည်ရင်း၊ မစင်ကြယ်သော အကုသိုလ်သည်ရင်း မခရာခနှာသည်သာတည်း၊ တပါးသည် တပါးကို မသုတ်သင်နိုင်ရာ။

ဒေသနာတော်၏အဆုံး၌ စူဠကာလမထေရ်သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ အဋ္ဌကထာ ကိုးခုမြောက် စူဠကာလ မထေရ်ဝတ္ထု ပြီး၏)

## (၁၂) အတ္တဝဂ်

## ၁၀။ ကိုယ့်အကျိုးကိုယ်သိသူ

### (အတ္တဒတ္ထ မထေရ် ဝတ္ထု)

**သူတပါးအကျိုးစီးပွားကိုဖြစ်စေ၍**
**မိမိ၏အကျိုးစီးပွားကို**
**အနည်းငယ်မျှ မထိခိုက်စေရာ**
**မိမိအကျိုးအတွက် ကောင်းစွာသိ၍**
**အားထုတ်ရပေမည်။**

(အတ္တ ဒတ္ထံ) အစခံသော သုတ္တန် ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ အတ္တဒတ္ထရဟန်းတော်တပါးကို အကြောင်းပြု၍ဟောကြားတော်မူ၏။

**ဝတ္ထုကြောင်းကား ဤသို့တည်း**

မြတ်စွာဘုရားသခင်က ဤအချိန်မှ လေးလလွန်မြောက်လျှင် ပရိနိဗ္ဗာန် ပြုတော့အံ့ဟု မိန့်တော်မူသည့် အချိန်မှစ၍ ခုနစ်ရာမျှသောပုထုဇဉ် ရဟန်းတို့သည် ထိပ်လန့်တုန်လှုပ်စွာ အချင်းချင်း ခေါင်းချင်းရိုက်ကာ တိုင်ပင်ခါဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။

အတ္တဒတ္ထ မထေရ်သည်ကား ငါသည် မကင်းသော ရာဂရှိသည်ဖြစ်၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ပင်လျှင် အရဟတ္တဖိုလ်ကို ရအောင် အားထုတ်ပေအံ့ဟု ကြံစည်ပြီး တပါးတည်းသာ ရဟန်းတရားကို အားထုတ်၍ နေလေ၏။

အခြားသော ရဟန်းတို့က အတ္တဒတ္ထမထေရ်အား ရဟန်းတို့စည်းဝေးရာသို့ မလာရောက်သဖြင့်မြတ်စွာဘုရားထံခေါ်ဆောင်

သွားပြီး လျှောက်ထားကြ၏။ ဘုရားသခင်က မေးတော်မူလျှင် အရှင်မြတ် သက်တော်ထင်ရှား ရှိတော်မူစဉ်ပင် အရဟတ္တဖိုလ်ကို ရခြင်းငှာ အားထုတ်နေပါသည်ဟုလျှောက်၏။

ဘုရားသခင်ချီးမွမ်းတော်မူခြင်း

မြတ်စွာဘုရားသည် အတ္တဒတ္ထမထေရ်အား ကောင်းချီးပေး တော်မူ၍-

"ချစ်သားရဟန် တို့။ ။ ငါဘုရားအား ချစ်ခင်ကြည်ညို ခြင်းရှိသူသည်အတ္တဒတ္ထမထေရ်နှင့် အလားတူ ကျင့်ပေရာ၏။

ပန်းနံ့သာစသည်ဖြင့် ပူဇော်သော သူတို့သည် ငါဘုရားကို စင်စစ် ပူဇော်ကြသည်မမည်ကုန်။

သင့်လျော် လျောက်ပတ်သော အကျင့်မြတ်ကို မပြတ်အား ထုတ်ခြင်းဖြင့် မိမိ၏အလိုရှိအပ်သော ကိစ္စကို ပြီးစေသောအား ဖြင့် ငါဘုရားကိုမှချပူဇော်သည် မည်ပေ၏" ဟု မိန့်တော်မူပြီး။

(၁၆၆) အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ပဟာပယေ။
အတ္တဒတ္ထံ မဘိညာယ၊ သဒတ္ထ ပသုတော သိယာ။ ။

[၁၆၆] များစွာသော သူတပါး၏ အကျိုးစီးပွားကြောင့် မိမိ၏ အကျိုးစီး ပွါးကို မဆုတ်ယုတ်စေရာ၊ မိမိ၏ အကျိုးစီးပွါးကို ဥာဏ်ဖြင့်သိ၍ ပွါးများစေ သဖြင့် လေ့ကျင့်အပ်သည်ဖြစ်ရာ၏။

ဒေသနာတော်၏ အဆုံး၌ အတ္တဒတ္ထမထေရ်သည်အရဟတ္တ ဖိုလ်၌ တည်လေ၏။

(ဓမ္မပဒအတ္တဝဂ်ဆယ်ခုမြောက် အတ္တဒတ္ထ မထေရ်ဝတ္ထုပြီး၏။)

အတ္တဝဂ်ပြီး၏

# တတိယတွဲနိဂုံး

ခေတ်မီ ဓမ္မပဒ ဝတ္ထုတော်ကြီး "တတိယတွဲ" ကိုဖတ်ရှုပြီး ကြပေပြီ။ နှစ်ခြိုက်ကြမည်ကိုလည်း ယုံကြည်ပါသည်။

ဖတ်ရှုနေစဉ် ကာလအတွင်း၊ အကုသိုလ်စိတ် အားလုံး ကင်းငြိမ်း၍ မနောပီတိ သုခကို ခံစားကြရပေမည်။ တခါတရံတွင် ဘုရားရှင်အားရှင်း၊ တပည့် သာဝကကြီးများအားရှင်း၊ ဟောကြားတော်မူသော တရားတော် အခေပါဒ်ရှင်း၊ ကြည်ညိုစိတ်၊ သဒ္ဓါစိတ်၊ နှစ်ခြိုက်သော ပီတိစိတ်ကလေးများ လျှပ်တပျက် လျှပ်တပျက် ပေါ်ပေါက် လာမိသော တခဏ တခဏ ကလေးများသည် ကုသိုလ်စိတ်များအဖြစ် ပေါင်းစပ် ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

လောကုတ္တရာရေးအတွက် လမ်းစများကိုလည်း တွေ့မြင်လာနိုင်ကြကောင်းပါသည်။

လောကီရေးအတွက်၊ လိုရာ ထုတ်နှုတ် သုံးစွဲနိုင်ရန် အချက်အလက်များလည်း ရရှိနိုင်ကြကောင်းပါသည်။

လူရွယ်-လူလတ်၊ အမျိုးသားကလေး၊ အမျိုးသမီးကလေးများအတွက် ရည်ရွယ်၍ ပထမတွဲ- ဒုတိယတွဲ ဇာတ်အိမ် ဇာတ်လမ်းကို အလေးကဲ၍၊ တရားတော်၏ အနှစ်သာရများကို သိနိုင်ရုံမျှ၊ သုံးဆောင် ခံစားနိုင်ရုံမျှ "အနှစ်ချုပ်" အဖြစ် ဖေါ်ပြခဲ့ပါသည်။ ဓမ္မပဒ ဝတ္ထုတော်ကြီး၏ စာဖတ်ရှိန်သည် ပထမတွဲ-

ဒုတိယတွဲတို့ဖြင့် အရှိန်မြင့်လာပြီဟု ယူဆပါသဖြင့် ယခုတတိယ
တွဲ အလည်ပိုင်းလောက်မှစ၍ "တရားတော် အနှစ်ချုပ်များ"
ကိုအလေးကဲ၍ဖော်ပြလာသလို၊ဝတ္ထုကြောင်းတွင်လည်းအနု
ငယ်အလေးကဲ၍ ဖော်ပြထားသည်ကို သတိပြုမိကြပါလိမ့်မ

တတိယတွဲဖတ်ရှုပြီး စတုတ္ထတွဲနှင့် ပဥ္စမတွဲများကိုပါ ဖ၀.
တော်မူကြပါလေဦးဟု ထပ်မံတိုက်တွန်း လိုပါကြောင်း။

## စတုတ္ထတွဲတွင်

| | | | | |
|---|---|---|---|---|
| ၁၃။ | လောကဝဂ် | လောကကြီးအကြောင်း | ဂါထာ ၁၂၊ | ဝတ္ထု၊ ၉ |
| ၁၄။ | ဗုဒ္ဓဝဂ် | ဘုရားရှင်တရားစု | ဂါထာ ၁၆၊ | ဝတ္ထု၊ ၈ |
| ၁၅။ | သုခဝဂ် | ချမ်းသာခြင်းတရားစု | ဂါထာ ၁၃၊ | ဝတ္ထု၊ ၈ |
| ၁၆။ | ပိယဝဂ် | ချစ်ခြင်းတရားစု | ဂါထာ ၁၂၊ | ဝတ္ထု၊ ၉ |
| ၁၇။ | ကောဓဝဂ် | ဒေါသတရားစု | ဂါထာ ၁၄၊ | ဝတ္ထု၊ ၈ |
| ၁၈။ | မလဝဂ် | အညစ်အကြေးတရားစု | ဂါထာ ၂၁၊ | ဝတ္ထု၊ ၁၂ |
| ၁၉။ | ဓမ္မဋ္ဌဝဂ် | တရားရှိခြင်းတရားစု | ဂါထာ ၁၇၊ | ဝတ္ထု၊ ၁၀ |
| ၂၀။ | မဂ္ဂဝဂ် | လမ်းခရီးတရား | ဂါထာ ၁၇၊ | ဝတ္ထု၊ ၁၀ |
| ၂၁။ | ပကိဏ္ဏကဝဂ် | အထွေထွေတရားစု | ဂါထာ ၁၆၊ | ဝတ္ထု၊ ၉ |
| ၂၂။ | နိရယဝဂ် | ငရဲတရားစု | ဂါထာ ၁၄၊ | ဝတ္ထု၊ ၉ |
| ၂၃။ | နာဂဝဂ် | ဆင်ဥပမာတရားစု | ဂါထာ ၁၄၊ | ဝတ္ထု၊ ၈ |

ဝဂ်ပေါင်း (၁၁) ဝဂ်။ ဒေသနာဂါထာတော်ပေါင်း၁၆၆
ပုဒ်၊ ဝတ္ထုပေါင်း ၁၀၈ ပုဒ်နှင့် အတိတ် ဝတ္ထုများပါ စောင့်
မျှော်ဖတ်ရှုခါ၊ ကုသိုလ်တရားပွားများကြပါကုန်လော့။ ။

လှခင် (ဆန်းညွန့်ဦး)

# ခေတ်မီ 'ဓမ္မပဒ' ဝတ္ထုတော်ကြီး

## တတိယတွဲ

ဘုရားရှင်သည် ၄၅ ဝါတိုင်တိုင် ချွတ်ထိုက်သူတို့အား ဟောကြား ညွှန်ပြ [illegible] မှုခဲ့သော ဒေသနာ ဂါထာတော် အစုစုတို့ကို ရွေးချယ် ကျည်းရာ [illegible] ထားခြင်း ဖြစ်သည်။

## တရားအစု တရားညွှန်ပေါင်း

ဂါထာပေါင်း ၄၂၃ ဂါထာ၊ ဖြစ်ရပ်ဇာတ်ကြောင်း [illegible] ပေါင်း ၃၀၅ [illegible]

## အခြေခံတရား အသိအမှတ်များ

ဒေသနာပေါင်းချုပ်။ ဂါထာတော် အပုဒ်တိုင်းတွင်။ သိလွယ် မြင်လွယ်သော ဥပမာ အသွယ်သွယ်ဖြင့် လောကီ-လောကုတ် အကျိုးစီးပွားများကို ညွှန်းပြထားပြီး ဗုဒ္ဓဘာသာ၏ အခြေခံတရား အသိအမှတ်များဖြင့် ပြည့်လျှမ်းနေသဖြင့်လည်း။ "ကမ္ဘာကျော် ကမ္ဘာ့သိ" ကမ္ဘာ့ဘာသာပေါင်းများစွာ ပြန်ဆိုရသော ဓမ္မပဒ ဖြစ်ပါသည်

## နိဗ္ဗာန်ပေါက် ကျင့်စဉ်များ

ဓမ္မပဒတွင် နိဗ္ဗာန်ပေါက် ကျင့်စဉ်များကို အလွယ်ဆုံး အရှင်းဆုံး ဖြင့် ဘုရားရှင် ကိုယ်တိုင် ညွှန်ပြထား၍ အားကောင်းသောပုဂ္ဂိုလ်သည် "သဒ္ဓါ။ သီလ။ ဝီရိယ" တို့ အစဉ်းစိုက်ရုံမျှဖြင့် ရဟန္တာအဖြစ် ဆိုက်ရောက်သွားကြသော ပုဂ္ဂိုလ်ပေါင်း များစွာ ပတ်သက်၍ အကြောင်းများကို တွေ့မြင် ဖတ်ရှုနိုင်ပေမည်။

## လောကီ အကျိုးစီးပွါး

ဓမ္မပဒသည် ကိုယ်ကျင့်တရား ကောင်းမွန်စေမှု။ ထကြွလုံ့လရှိစေမှု။ မိမိကိုယ်ကို အားကိုးစေမှု။ စိတ်ဓာတ်ကြံ့ခိုင်မှု၊ အကျင့်စာရိတ္တ ကောင်းမွန်စေမှု။ အတွေးအခေါ် တိုးတက်ကောင်းမွန်စေမှု။ သည်းခံနိုင်မှု။ ခွင့်လွှတ်နိုင်မှုတို့ကို ကျင့်သုံးခြင်းဖြင့် လောကီ အကျိုးစီးပွား တိုးတက်ရန် လမ်းညွှန်ချက်များ ပေးထားသည်။

## သောကကင်းဝေးနေနိုင်ရေး

စိတ်ဆင်းရဲတိုင်း၊ ဒုက္ခရောက်တိုင်း၊ ဤကျမ်းကို ဖတ်ပါလျှင် ကေနမှချ စိုးရိမ်ပူပန်ခြင်းပျောက် ချမ်းသာရောက်စေမည်။

## ခေတ်မီ ဓမ္မပဒ

ဤမျှ အဖိုးထိုက် အဖိုးတန် "ဓမ္မစေတီ" ထိုက်သော ဓမ္မပဒကျမ်းကြီးကို မကျဉ်းလွန်း မကျယ်လွန်း။ အတိုလည်းမချုံး။ အင်္ဂလိပ် လိုရင်းကို မပျက်ပျယ်စေဘဲ။ လူတိုင်း အခါတိုင်း ဖတ်ရှုနိုင်ကြစေရန် ခေတ်အရေးအသား အဖိုးနည်းဝန်ပါ စီစဉ်ထားရှိပါသည်။